

ဗုဒ္ဓဝါဒ အနုဝိသာရ

# ဓမ္မပဒ

ဦးဧသိန်ဝင်

**ပုံနှိပ်ခြင်း**

ပထမ အကြိမ်

၁၉၇၀ ခု–မေလ

အုပ်ရေ ၂၀၀၀

**ဘလောက်**

ဘသစ်နှင့် သားများ

**မျက်နှာဖုံးပန်းချီ**

ဦးစံတိုး

**အဖုံးရိုက်**

ချင်းတွင်းပုံနှိပ်တိုက်

**စာအုပ်ချုပ်**

ညွန့်ညွန့်နှင့် မောင်များ

ဦးအုန်းစိန်(မြဲ-၀၃၀၇) ရွှေပြည်စိုး ပုံနှိပ်တိုက်၊ အမှတ် ၅၄-ဇောတိကလမ်း၊ ကျောက်မြောင်း၊ ရန်ကုန် မြို့တွင် ပုံနှိပ်၍ .... ဦးဘိုးဟန်( ၀၁၇၃ ) ယမုနာ စာပေ ဖြန့်ချိရေး၊ ၁၆၅လမ်း ရန်ကုန်မြို့က ဘာသာရေး ဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် (၇၀၀၁/က) အရ ထုတ်ဝေသည်။

# ဗုဒ္ဓဝါဒဒဿနသာရ

# ဓမ္မပဒ

## ဦးသော်ဇင်

နှလုံးလှ စာပေ ဖြန့်ချိရေး
စာတိုက် သေတ္တာ အမှတ် (၈၇)
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး စာတိုက်၊ ရန်ကုန်မြို့။
ဖုန်း—၁၂၉၇၁

# မာတိကာ


| ဝဂ် အမည် | စာမျက်နှာ | ဝဂ်အမည် | စာမျက်နှာ |
|---|---|---|---|
| ၁=ယမကဝဂ် | ၃၅ | ၁၄=ဗုဒ္ဓဝဂ် | ၁၆၇ |
| ၂=အပ္ပမာဒဝဂ် | ၅၇ | ၁၅=သုခဝဂ် | ၁၇၃ |
| ၃=စိတ္တဝဂ် | ၆၉ | ၁၆=ပိယဝဂ် | ၁၇၉ |
| ၄=ပုပ္ဖဝဂ် | ၇၉ | ၁၇=ကောဓဝဂ် | ၁၈၅ |
| ၅=ဗာလဝဂ် | ၈၉ | ၁၈=မလဝဂ် | ၁၉၃ |
| ၆=ပဏ္ဍိတဝဂ် | ၁၀၁ | ၁၉=ဓမ္မဋ္ဌဝဂ် | ၂၀၃ |
| ၇=အရဟန္တဝဂ် | ၁၀၉ | ၂၀=မဂ္ဂဝဂ် | ၂၁၁ |
| ၈=သဟဿ ဝဂ် | ၁၁၇ | ၂၁=ပကိဏ္ဏကဝဂ် | ၂၂၁ |
| ၉=ပါပဝဂ် | ၁၂၇ | ၂၂=နိရယဝဂ် | ၂၂၉ |
| ၁၀=ဒဏ္ဍဝဂ် | ၁၃၇ | ၂၃=နာဂဝဂ် | ၂၃၇ |
| ၁၁=ဇရာဝဂ် | ၁၄၅ | ၂၄=တဏှာဝဂ် | ၂၄၅ |
| ၁၂=အတ္တ ဝဂ် | ၁၅၁ | ၂၅=ဘိက္ခုဝဂ် | ၂၅၉ |
| ၁၃=လောကဝဂ် | ၁၅၇ | ၂၆=ဗြာဟ္မဏဝဂ် | ၂၇၁ |

# ဓမ္မပဒ

နတွာ ဓမ္မပဒဿာဟံ–
သဗ္ဗလောကဿ သတ္ထုနော၊
နိဿယံ သလ္လိခိဿာမိ–
ပဿန္တု ဓမ္မ မာမကာ။

**အဟံ**=ငါသည်

**ဓမ္မပဒဿ**=စရဏတရား တဆယ့်ငါးပါး တည်းဟူသော ခြေတော်မြတ် ရှိတော်မူသော။

**သဗ္ဗလောကဿ**=အလုံးစုံသော လူအပေါင်း၏။ ဝါ–လူနတ်ဗြဟ္မာ သုရာမကျန် တိရစ္ဆာန် မကြွင်း ခပင်းများစွာ သတ္တဝါ အပေါင်း၏။

**သတ္ထုနော**=ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား။

တနည်းကား........

**သဗ္ဗ လောကဿ**=ခပ်သိမ်းသော သတ္တလောကအား။

**ဓမ္မပဒဿ**=လောကုတ္တရာ တရားကို ပေးသနားတော်မူတတ်သော။

**နော**=ငါတို့၏။

**သတ္ထု**=ဆရာဖြစ်တော်မူသော မြတ်စွာဘုရားအား။

**နတွာ–နမာမိ**=ရှိခိုးပါ၏။

**နတွာ**=ရှိခိုးပြီး၍။

**သဗ္ဗလောကဿ**=ခပ်သိမ်းသော သတ္တဝါအပေါင်းကို။

**သတ္ထုနော**= ဆုံးမကြောင်းဖြစ်သော။

**ဝါ–သဗ္ဗလောကဿ**=ခပ်သိမ်းသော သတ္တဝါအပေါင်း၏။

**သတ္ထုမနော**=ဘုရား အရာ၌တည်သော။

**ဓမ္မပဒဿ**=ဓမ္မပဒ ပါဠိတော်မြတ်၏။

**နိဿယံ**=မှီရာ အတ္ထ မြန်မာ့ဘာသာ ပြန်ဆိုရာ ဖြစ်သောကျမ်းကို။

တနည်းကား....

**သဗ္ဗလောကဿ**= ခပ်သိမ်းသော အစီးအပွားကို သိကြောင်း ဖြစ်ထသော။

**သတ္ထု**=ဆုံးမပဲ့ပြင် သွန်သင်ပေတတ် ဆရာမြတ်ကဲ့သို့ ဖြစ်ထသော။

**ဓမ္မပဒဿ**=ဓမ္မပဒ ပါဠိတော်မြတ်၏။

**နော နိဿယံ**–နဝနိဿယံ=အသစ်ဖြစ်သော နိဿယကို။

**သလ္လိခိဿာမိ**= ကောင်းစွာရေးသားပေအံ့၊ ဝါ ဝတ္ထု မသွယ် မိပ္ပာယ်မများ အကျဉ်းအားဖြင့် ရေးသားပေအံ့။

**ဓမ္မ မာမကာ**=တရား ရသာ မြိုက်သုခကို လွန်စွာလေးမြတ်နှစ်သက် တတ်ကုန်သောသူတို့သည်။

**တံ နိဿယံ**=ထိုဓမ္မပဒ နိဿယသစ်ကို။

**ပဿန္တု**=မဂ္ဂဖိအာဒါသ ကြေးမုံမြဝယ်မုခနိမိတ် မျက်နှာရိပ်သို့မမှိတ် ကြည့်ကြလေကုန်လော့။

အဂ္ဂဓမ္မာလင်္ကာရကဝိဓဇ
မဟာဓမ္မရာဇာဓိရာဇဂုရု
**သင်္ဂဇာဆရာတော်**

နိကာယ်ငါးရပ်တို့တွင် ခုဒ္ဒကနိကာယ်အဝင်အပါ ဖြစ်သော **ဓမ္မပဒ** ပါဠိတော်သည် စာအုပ်ပင်ငယ်သော်လည်း လူအမျိုးမျိုးတို့၏ စိတ်သဘော အမျိုးမျိုးကို လိုက်၍ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရား တော်ပေါင်းစုံ ပါရှိသဖြင့်( an anthology of verse )တရားတော် ညွှန့်ပေါင်းကျမ်း ဖြစ်ပေသည်။

ထို**ဓမ္မပဒ**ပါဠိတော်လာ တရားတော်များကို ကြားနာရ သဖြင့် လွတ်လပ်ရေးအစစ်, ငြိမ်းချမ်းရေးအစစ် ဖြစ်သည့် နိဗ္ဗာန်ချမ်းသာကိုရသော လူဦးရေပေါင်း မရေမတွက်နိုင်အောင် များပြားခဲ့လေသည်၊ ၎င်းတရား များကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ကပင် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော်လည်း ၎င်းတရားများကို ကောင်းစွာ နားလည်၍ ကျင့်ကြံနေထိုင်ကြလျှင် ယခုအခါလည်း ကမ္ဘာမှာ စစ်မက် အေးငြိမ်း၍ လူ အပေါင်းတို့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေကြရမည့်ပြင် လွတ်လပ်ရေး အစစ်, ငြိမ်းချမ်းရေးအစစ် ဖြစ်သော နိဗ္ဗာန်ချမ်းသာကို ရမည်ကား မလွဲ တည်း။

ယခုအခါ ကမ္ဘာပေါ်မှာ တဦးအပေါ် တဦးအနိုင်ကျင့်ခြင်း, တဦး ပစ္စည်းဥစ္စာကို တဦးအတင်းလုယူခြင်း, တဦးကို တဦး မနာလိုခြင်း,မုန်းခြင်း, နှိပ်စက်ခြင်း, သတ်ဖြတ်ခြင်း, တပြည်နှင့် တပြည် စစ်တိုက်ခြင်း စသော အပြင်မီး တဟုန်းဟုန်း တောက်လောင် နေခြင်းမှာ လိုချင် တပ်မက်ခြင်း **လောဘ**,အလိုအတိုင်း မရလျှင် မုန်းခြင်း အမျက်ထွက်ခြင်း **ဒေါသ**, တရား မှန်ကို မသိခြင်း **မောဟ** တည်းဟူသော အတွင်းမီးသုံးပါးလျှင် အရင်းခံ

ဖြစ်သဖြင့် ၎င်းအတွင်းမီးမငြိမ်းသမျှ အပြင်မီး မည်သည့်အခါမျှ ငြိမ်းမည် မဟုတ်ချေ။

နိုင်ငံပေါင်းချုပ်အသင်းဖွဲ့စည်းခြင်း, စစ်ပြေငြိမ်းရေး အစည်းအဝေး, ညှိနှိုင်းရေး အစည်းအဝေးစသည်များ ကျင်းပ၍ တပြည်နှင့်တပြည် စစ်မတိုက်တမ်းစာချုပ်, မဟာမိတ်စာချုပ် စသည်ပြုလုပ်ခြင်းမှာ အလွန်ကောင်းသော အလုပ်များ ဖြစ်ကြလေသည်။ သို့ရာတွင် ထိုသို့ပြုလုပ်ကြခြင်းသည် အရင်းခံအတွင်းမီးကို ငြိမ်းအောင် မသတ်ဘဲ အပြင်မီးကိုသာ ငြိမ်းအောင် အားထုတ်သည်နှင့် တူလေသည်။ အမြစ်ပြတ်အောင် မကုဘဲ အပေါ်ယံမျှကိုသာ ဖေါက်ခွဲ၍ လိမ်းဆေး တင်သဖြင့် ပျောက်ကင်းသည် ထင်ရသောအနာသည် မကြာခင် ပြန်ထမည်မှာ မလွဲသကဲ့သို့ ဖြစ်လေသည်။

အပြင်မီးများ အရင်းခံ လောဘ, ဒေါသ, မောဟတည်းဟူသော အတွင်းမီးကို ငြိမ်းစေနိုင်သည်မှာ ဘုရားဟော တရားတော်တည်းဟူသော ရေအေးတခုသာလျှင် ဖြစ်၏။ လူအများ စိတ်ဆင်းရဲဖြစ်ရခြင်း တည်းဟူသော အနာရောဂါကို အမြစ်ပါမကျန် ပျောက်ကင်းစေနိုင်သော ဆေးမှာ ဘုရားဟောတရားတော် တည်းဟူသော ဆေးတခုသာ ရှိ၏။

ထိုတရားရေအေး အမြိုက်ဆေးကို ပေးနိုင်သော **ဓမ္မပဒ** ပါဠိတော်သည် အရှေ့နိုင်ငံ ဗုဒ္ဓဘာသာများအတွက် နေလအသွင် အလွန်ထင်ရှား အတိုင်းမသိ ကျေးဇူးများသည့်ပြင် အနောက်နိုင်ငံ၌လည်း လွန်ခဲ့သော နှစ်ပေါင်း တရာကျော် လောက်ကစ၍ တဖြည်းဖြည်း ထင်ရှားလာပြီးလျှင် ယခုအခါ ဗုဒ္ဓဘာသာကျမ်းစာအုပ်တို့တွင် အထင်အရှားဆုံး, ဗုဒ္ဓဘာသာအတွက် အကျိုးအများဆုံး စာအုပ်တအုပ် ဖြစ်လေသည်။ ထိုသို့ဖြစ်သည့်အတိုင်းလည်း အင်္ဂလိပ်ဘာသာ, ပြင်သစ်ဘာသာ, ဂျပန်ဘာသာများသို့ ပြန်ပြီးကြောင်း သိရပေသည်။

ထို**ဓမ္မပဒ**ပါဠိတော်ကို ဆရာအမျိုးမျိုးတို့ မြန်မာဘာသာ ပြန်ပြီးဖြစ်သော်လည်း ကိုမြန်မာပြန်များမှာ ပါဠိနှင့် မြန်မာ ရောနေသော နိဿယများသာ ဖြစ်၍ လူအများ နားလည်နိုင်ရန် ခဲယဉ်းလေသည်။ ထိုသို့ခဲယဉ်းသည့်အတိုင်း **ဓမ္မပဒဝတ္ထုများ** လောက်သာထင်ရှား၍ **ဘုရားဟောတော်မူရင်း ဂါထာတော် တရားတော်များ၏ အရသာ**ကို လူအများ ခံစားသင့်သလောက် မခံစားရ ဖြစ်လေသည်၊ သို့ဖြစ်၍ ဟောတော်မူရင်း ဂါထာတော် တရားတော်များကို လူအများ အလွယ်တကူ နားလည်ကြစေရန်၎င်း, ထိုသို့နားလည်ကြ၍ ကျင့်ကြံနေထိုင်ကြသဖြင့် တရားအရသာကို ခံစားကြစေရန်

ငင်း၊ ယခုအခါ မြန်မာပြည်မှာ တရားလက်မဲ့ ဖြစ်နေကြသောသူများကို တရားလက်ကိုင် ထားကြဘို့ သတိပေးရန်ငင်း—ဤအကြောင်း အကျိုးကျေးဇူးအမျိုးမျိုးတို့ကို မျှော်ကိုး၍ **ဓမ္မပဒ** အဋ္ဌကထာ ကို မှီငြမ်းထားကာ မြန်မာဘာသာ သက်သက် ပြန်ဆိုအပ်ပေသည်။

အရှင်သေဋ္ဌိလ၏
ဓမ္မပဒ ဘာသာပြန်မှ

(၂)

ဆယ့်ငါးနှစ် အလွန်က ကျွန်ုပ်သည် ရိုမန်ကက်သလစ် ဖြစ်ခဲ့လေသည်။ ယနေ့ ကျွန်ုပ်သည် အနောက်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားရေးကို ထက်သန်လိုလားနေသည့် ဘုရားသားတော် ဗုဒ္ဓဘာသာရဟန်းတော် တပါး ဖြစ်နေပြီ။ **ဓမ္မပဒ** စာအုပ်က ကျွန်ုပ်ကိုပြောင်းလဲပေးလိုက်သည်။ မည်သူမျှ ကျွန်ုပ်ထံသို့မလာ။ မည်သူမျှ ကျွန်ုပ်ထံ ဗုဒ္ဓဘာသာ တရားဟောရန် မရောက်လာ။ **ဓမ္မပဒ** စာအုပ်သည် ကျွန်ုပ်ဘဝကို ပြောင်းလဲပစ်လိုက်ပါသည်။ အကယ်၍ကျွန်ုပ် **ဓမ္မပဒ** စာအုပ်ကို မဖတ်မိလျှင် ကျွန်ုပ်သည် ယနေ့ထက်တိုင် ရိုမန်ကက်သလစ် အဖြစ်နှင့်ပင် ရှိနေဦးမည်။ **ဓမ္မပဒ** ၏ အသွင်ဖြင့် ရှိနေသော ရှင်တော်ဗုဒ္ဓသည် ကျွန်ုပ်၏ဘဝကို ပြောင်းလဲပေးသော ထိပ်တန်းသာသနာပြုဖြစ်လေသည်။ ရှင်တော်ဗုဒ္ဓသည်ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းသွားပြီး ဖြစ်သော်လည်း ရှင်တော်ဗုဒ္ဓ၏ ဓမ္မမှာ အသက်ရှင်လျက်ပင်ရှိနေပြီး အလုပ်လုပ်လျက်ပင် ရှိနေသည်။

ကျွန်ုပ်သည် အီတလီ၌ မွေးဖွားသည်။ အမေရိကန်နယူးရောက်မြို့၌ ကြီးပြင်းသည်။ ပညာသင်ကြားသည်။ ကျွန်ုပ်သည် ဝိဇ္ဇာနှင့်သိပ္ပံ ပညာနှစ်ရပ်လုံးကို သင်ကြားသည်။ သို့ရာတွင် ဓာတုဗေဒပညာကို အထူးဝါယမစိုက်ထုတ်၍ သင်ကြားသည်ဖြစ်၍ ဘီအက်စီ (ဓာတုဗေဒ) ဘွဲ့ကို ရရှိခဲ့သည်။ ကျွန်ုပ်၏ သိပ္ပံပညာအသိသည် ကျွန်ုပ်၏ အမြင်ဟောင်းဖြစ်သည့် ရိုမန်ကက်သလစ် အမြင်နှင့် တိုက်ခိုက်ကြတော့သည်။ ချက်ချင်း သိပ္ပံပညာက အပေါ်စီးရ၍ ရိုမန်ကက်သလစ် ဝါဒက နောက်ဆုတ်သွားသည်။ ကျွန်ုပ်၏ဘာသာတရား

သည် တဖြည်းဖြည်း သိပ္ပံပညာ၏ ဘာသာတရားဖြစ်လာခဲ့သည်။ သို့ရာတွင် ကျွန်ုပ်သည် ယေရှုခရစ်နှင့် စိန့်ဖရန့်စစ်ကိုမူ ကြည်ညိုနေတုန်းပင်ရှိလေသည်။

အမေရိကန်၌ တနေ့တွင် ကျွန်ုပ်သည် စက်ရုံကြီးတခု၏ ဓာတ်ခွဲခန်း၌ ဓာတ်ခွဲသည့်အလုပ်ကို အာရုံစိုက်နေစဉ် မိတ်ဆွေ ဓာတုဗေဒ အရာရှိ တဦးက စာအုပ်ကြီးတအုပ် ကျွန်ုပ်ကိုပေးလေသည်။ ထိုစာအုပ်ထဲ၌ အခြားစာများအပြင် ပါဠိမောက္ခမက်စ်မူလာ ဘာသာပြန်ထားသည့် ဓမ္မပဒနှင့် အဿဃောသ ရေးသော ဗုဒ္ဓဝင်ပါရှိလေ၏။ ကျွန်ုပ်၏ မိတ်ဆွေသည် ထိုစာအုပ်ကိုဖတ်သည်။ သို့ရာတွင်သူသည် ခရစ်ယာန်အဖြစ်က ပြောင်းလဲမသွား။ ကျွန်ုပ်လည်း ထိုစာအုပ်ကို ဖတ်သည်။ ကျွန်ုပ်ကမူ ဗုဒ္ဓဘာသာဖြစ်လာ၏။

ကျွန်ုပ်သည် သိပ္ပံနည်းကျသော ဘာသာရေးတရားကို အစဉ်တစိုက် စုံစမ်းလာခဲ့သည်၊ နောက်ဆုံး၌ ကျွန်ုပ်လိုလားနေသော အရာကိုတွေ့ရလေ၏။ ဗုဒ္ဓဘာသာသည် ကျွန်ုပ်ကြာမြင့်စွာက တောင့်တလာခဲ့သော အရာကို ဖြည့်တင်းပေးလိုက်လေ၏။ ကျွန်ုပ် ဗုဒ္ဓဘာသာဝင်တဦးဖြစ်လာသည်။ ဗုဒ္ဓစာပေ ကျမ်းဂန်အမျိုးမျိုးကို စိတ်အားထက်သန်စွာဖြင့် ဖတ်သည်။ ကျွန်ုပ်သည် ရေငတ်မွတ်နေသည့် သဲကန္တာရ ခရီးသည်နှင့် ပမာတူသည်။ နောက်ဆုံး၌ ကြာမျိုးစုံပေါက်နေသည့် ရေကန်တကန်ကိုတွေ့ရ၍ အေးမြကြည်လင်နေသောရေကို အားပါးတရ သောက်ပစ်လိုက်လေသည်။

ကျွန်ုပ်သည် ဗုဒ္ဓ၏ တရားတော်ကို သက်ဝင်ယုံကြည်သည်။ သို့ဖြစ်၍ လောကကို စွန့်လိုက်၏။ အိန္ဒိယသို့ လာခဲ့၏။ မြန်မာပြည်၌ ရဟန်းပြုလိုက်၏။

ဦးလောကနာထ
ပါရဂူ၏ဆောင်းပါးမှ

## ( ၃ )

ဗုဒ္ဓ သာသနာတော်သည် အင်္ဂါ ၉ ပါး အပြားရှိ၍ ဓမ္မပဒ ပါဠိတော်သည် ဂါထာဟူသော အင်္ဂါ၌ ပါဝင်ပြီးလျှင်ဝဂ်အားဖြင့် ၂၆ ဝဂ်၊ ဂါထာအားဖြင့် ၄၂၃ ဂါထာရှိသည်။

ဓမ္မပဒဟူသော ပါဠိပုဒ်ကို အနက်ပြန်ရာ အကျယ်ဖွင့်ရာတို့၌အောက်ပါအတိုင်း စိတ်ဝင်စားဖွယ်တွေ့ရှိရသည်။

၁။ ပါရမီကျင့်စဉ်, သာသနာ့အခြေခံ, သာသနာ့ မိန့်ခွန်းတော် (ဆရာစောကရစ်သျှနန်၏ အင်္ဂလိပ်ဘာသာပြန်။)

၂။ တရားအဖို့(အံ၊ဋ္ဌ၊၂။၂၂၀။နေတ္တိ၊ဋ္ဌ။၂၅၅။)

၃။ ဈာန် ဝိပဿနာ မဂ် ဖိုလ် နိဗ္ဗာန်ဟူသော တရားအဖို့ (နေတ္တိ၊ ဝိဘာ။၃၂၅။)

၄။ ဗောဓိပက္ခိယတရား ၃၇ ပါးဟု ဆိုအပ်သော တရား အဖို့ (ဓမ္မ၊ဋ္ဌ၊၁။၂၁၂။)

၅။ အကျိုးကို ပြီးစေတတ်သော ခန္ဓာစသည်နှင့် စပ်သော အနဘိဇ္ဈာစသော တရားအဖို့ ၄ ခုတို့တွင် တခုခု(ဓမ္မ၊ဋ္ဌ၊၁။၄၁၇။)

၆။ ဈာန်စသည် အပြားရှိသော တရားကိုရကြောင်း, သိကြောင်းဖြစ်သော နည်းလမ်း (အံ၊ဋီ၊၂။၂၇၇။)

၇။ နိဗ္ဗာန်၏ ခရီးလမ်းကြောင်း(သုတ္တနိ၊ဋ္ဌ။၁။၁၄၇။)

၈။ တရားဟူသောအဖို့, သဘာဝတ္ထအဖို့ (ဓမ္မ၊ဋ္ဌ၊၁၁၂ ပဏ္ဏာမနှင့် ဂန္ထာရမ္ဘဂါထာ။)

၉။ ဉေယျဓမ်တရား ၅ ပါးတို့ကို သိရာသိကြောင်းဖြစ်သော ယင်းတရားတို့၏ အဖို့ရှိသော–ကျမ်း။

၁၀။ မနောပုဗ္ဗင်္ဂမာ ဓမ္မာ စသည်ဖြင့်ဂါထာသီကုံး၍ဟောအပ်သော ပရိယတ္တိဓမ္မကို သိရာသိကြောင်းဖြစ်သော–ယင်းပရိယတ္တိဓမ္မတို့၏အဖို့ရှိသော ကျမ်း(ဓမ္မ၊ဋီ။၇။)

ဤသို့စသည်ဖြင့် အသီးသီးအနက်ပြန်ကြ အကျယ်ဖွင့်ဆို ကြသည်။ သဒ္ဒတ္ထအားဖြင့် အကျဉ်းချုံးသော် နိဗ္ဗာန်၏ခရီးလမ်းကြောင်း,တရားကိုသိရာ သိကြောင်း, တရားအဖို့ဟု အနက်သုံးမျိုးသာလျှင် ရသည်။

သို့ရာတွင် ဈာန် ဝိပဿနာ မဂ်ဖိုလ်တို့နှင့် ပြည့်စုံ စေ၍ နိဗ္ဗာန်သို့ ရောက်စေနိုင်သော ဂါထာညွန့်ပေါင်း, ဒေသနာညွန့်ပေါင်း ပါဠိတော် တရားတော်ဟု အလျော်အားဖြင့် အနက် ပြန်၍ ခေါ်ဆို မည်ဆို လျှင်လည်း ခေါ်ဆိုနိုင်ရာသည်။

ထို့ကြောင့် ယင်းဓမ္မပဒပါဠိတော်လာ တဂါထာမျှကို ကြားနာရခြင်းဖြင့် နိဗ္ဗာန်သို့ရောက်သွားကြသော သတ္တဝါဝေနေယျတို့ကား ဂဏန်းချ၍ မရေတွက်နိုင်လောက်အောင်များလှတော့သည်။

အထူးအားဖြင့် ဣန္ဒိယနိုင်ငံ အသောက မင်းတရားသည် နိဂြောဓ သာမဏေ ရွတ်ဆို ဟောကြားအပ်သော "အပ္ပမာဒေါ အမတပဒံ" အစရှိ သည့်ဓမ္မပဒဂါထာကို ကြားနာရခြင်းကြောင့် မိစ္ဆာအယူကိုစွန့်၍ ဗုဒ္ဓဝါဒ ကိုသက်ဝင်ယုံကြည်ပြီးလျှင် ဗုဒ္ဓဘာသာဝင် ကေရာဇ်ဘုရင်တပါး အဖြစ်ဖြင့် သာသနာပြုခဲ့လေသည်။

မြန်မာနိုင်ငံ အနော်ရထာမင်းစောသည်လည်း ရှင်အရဟံ ရွတ်ဆို ဟောကြားအပ်သော "အပ္ပမာဒေါ အမတပဒံ" အစရှိသည့် ယင်း ဓမ္မပဒဂါထာကိုပင် ကြားနာရခြင်းကြောင့် အရည်းကြီး အယူကိုစွန့်၍ ဗုဒ္ဓ ဝါဒကိုသက်ဝင်ယုံကြည်ပြီးလျှင် ဗုဒ္ဓဘာသာဝင်ကေရာဇ်ဘုရင်တပါးအဖြစ် ဖြင့် သာသနာပြုခဲ့လေသည်။

ဓမ္မပဒ ပါဠိတော်သည် ဗုဒ္ဓသာသနာ၌၎င်း ဗုဒ္ဓဝါဒကို စုံစမ်းလေ့ လာသူ ပညာရှိလောကနှင့် စာပေ လောက၌၎င်း အထင်ရှားဆုံး အပျံ့နှံ့ ဆုံးဖြစ်သည်။

ဓမ္မပဒပါဠိတော်နှင့်စပ်လျဉ်း၍ ဒေါက်တာ ကဿိယပ်စ်အေပရဲရား ခေါ် ပညာရှိတဦးက "ပိဋကတ်သုံးပုံထဲမှ စာတအုပ်ကို အမည် ပြောစမ်းပါ ဆိုလျှင် နှောင့်နှေးခြင်းမရှိ ဓမ္မပဒကို ရွေးချယ် လိမ့်မည်။ အကြောင်းမှာ ကျွန်ုပ်အား ကျေးဇူး အများဆုံး ဖြစ်သောကြောင့်၎င်း, စာပေ လောက၌ တခုတည်းသော အကောင်းဆုံးစာအုပ်ဟု ပြောဖွယ် မလိုသောကြောင့်၎င်း ဖြစ်သည်။ နှစ်ပေါင်း လေးဆယ်ကျော်အတွင်း ကံမကောင်း အကြောင်း မသင့်ခြင်းနှင့် စိတ်နှလုံးပူပန်ဆင်းရဲခြင်း ဖြပ်ပေါ်သည့် အခါတိုင်း၌ သစ္စာ ရှိသော မိတ်ဆွေတယောက်ဖြစ်၍ မပျက်မကွက် ဖြေဖျောက် သက်သာစေ သည်။ မနှိုင်းယှဉ်နိုင်အောင် လှပသောဂါထာတို့သည် အကြံဉာဏ် ပေးရန် အတွက်ဖြစ်စေ, အမျိုးမျိုးသောဆင်းရဲဒုက္ခလျော့ပေါ့သက်သာရန် အတွက် ဖြစ်စေ, ကောင်းသတင်းကျော်စေရန်အတွက်ဖြစ်စေ, ထိုးထွင်း၍ သိမြင်ရန် အတွက်ဖြစ်စေ ဘယ်အခါမှ အချည်းနှီးမဖြစ်၊ တခုခုအတွက် အကျိုးရှိသည် သာဖြစ်သည်"ဟု သီဟိုဠ်သား အရှင် နာရဒ၏ အင်္ဂလိပ်ဘာသာပြန် ဓမ္မပဒ နိဒါန်း၌ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယ အမျိုးသား ဆာရာဓာကရစ်သျှနန်ခေါ် ပညာရှိကြီး တဦးကလည်း "ယခုအခါ ကမ္ဘာတဝှန်းလုံး ခေတ်စားနေသော အရာ တခု ရှိသည်၊ ကမ္ဘာတခုတည်းသာရှိသည်၊ သို့မဟုတ် ကမ္ဘာဟူ၍ လုံးဝ မရှိဟု ကျွန်ုပ်တို့ အသိ အမှတ်ပြုရန် ရောက်ကြပြီ။ တခု တည်းသော ကမ္ဘာကို တည်

ဆောက်ရန် ကြိုးပမ်းမှုသည် ကမ္ဘာသူ ကမ္ဘာသားအချင်းချင်း၊ သူတို့၏ ယဉ်ကျေးမှုအချင်းချင်း တဦးနှင့်တဦး တခုနှင့်တခုနားလည်မှု ဆက်စပ်မှုညီညွတ်မှုကိုလိုသည်။ ကမ္ဘာ့နားလည်မှု၊ ကမ္ဘာ့ဆက်စပ်မှု၊ ကမ္ဘာ့ ညီညွတ်မှုအား အထောက်အပံ့ အကူအညီ အဖြစ်ဖြင့် ဗုဒ္ဓသာသနာပိဋကတ်စာပေ၌ အထင်ရှား အကျော်စောဆုံး တန်ခိုး အရှိန်အဝါအကြီးဆုံးသော ဓမ္မပဒ ဘာသာပြန်ကိုပေးအပ်သည်။ဓမ္မပဒပါဠိတော်၏ ပဓာနအချက်သည်(ဖန်ဆင်းသူကယ်တင်သူ စသော) တန်ခိုးရှင်တို့အကြောင်းကိုတွေးခေါ်‌‌ အောက်မေ့ခြင်းထက် (လောကဝတ်၊ ဖြောင့်မှန်သော အမူအကျင့်၊ သုံးသပ် ဆင်ခြင်မှု၊ ထိုး ထွင်းသိမြင်မှု) သီလ သမာဓိ ပညာ တို့က အရေးကြီးကြောင်း ဖော်ပြခြင်း ဖြစ်သည်။ခေတ်အတွေးအခေါ်စဉ်းစားဉာဏ်တို့နှင့် တိုက်ဆိုင်ဆီလျော်သည်။

စိတ်ကို လုံးဝချုပ်တည်းခြင်းသည် ရှုံးသွပ်ခြင်းကို ဖြစ်စေတတ်သည်။ ယင်းစိတ်ကို အထိန်းမဲ့ လွှတ်ထားလိုက်ခြင်းသည် အပြီးတိုင် ရှုံးသွပ်သွားတဘ်သည်။ (မလျော့ မတင်း စောင်းကြိုးမျှင်း ကဲ့သို့ကျင့်ရမည်၊ အစွန်းနှစ်ဖက်သို့ မကပ်မူ၍ အလယ်လမ်းဖြင့် လိုက်ရမည်) ဟူသော ယင်းဓမ္မပဒပါဠိတော်၏ သင်ပြ ညွှန်ကြားချက်ကို ခေတ် စိတ္တဗေဒပညာက ထောက်ခံသည်။လူမျိုးတိုင်းသည် မိမိတို့ အသီးအသီး ၏ ပြဿနာနှင့်စပ်လျဉ်း၍ ဖတ်ဖွယ် မှတ်သားဖွယ် လိုက်နာကျင့်သုံးဖွယ် ဒွေးကြွယ် ပြည့်စုံလှသော ဓမ္မပဒကဲ့သို့သောကျမ်းစာကို သိသင့် သိထိုက်သိအပ်လှပေသည်" ဟု သူ့ ကိုယ်တိုင်ရေးသားသော အင်္ဂလိပ်ဘာသာပြန် ဓမ္မပဒ၌ ဖော်ပြထားသည်။

ယင်းဓမ္မပဒပါဠိတော်ကို သီဟိုဠ်၊ဟိန္ဒီ၊ လက်တင်၊ အင်္ဂလိပ်၊ ဂျာမနီ၊ ပြင်သစ်၊အီတလီဘာသာ စသည်တို့ဖြင့် ဘာသာပြန်ထားကြသည်။ မကြာမီက တမယ်လ်ဘာသာဖြင့်လည်း ဘာသာပြန်ပြီးပြီဟု သိရသည်။

သံသကရိုက်မှ တရုတ်၊ တရုတ်မှ အင်္ဂလိပ် ဘာသာပြန်ထားသော မြောက်ပိုင်း ဗုဒ္ဓ ဘာသာ ကျမ်းစာတခုသည် ဓမ္မပဒဟု အမည်တွင်၍ ဂါထာ ၅၀၀-ကျော် ရှိပြီးလျှင် ထေရဝါဒ ဓမ္မပဒနှင့် အချို့အချက်တို့၌ ခြားနားသည်ဟု အင်္ဂလိပ်ဘာသာပြန် ဆရာတို့က ဆိုကြသည်။

သံသကရိုက်မှ တိဘက်၊ တိဘက်မှ အင်္ဂလိပ်ဘာသာပြန်ထားသော ဥဒါနဝဂ္ဂခေါ် ကျမ်းတကျမ်းလည်းရှိသည်။ ၎င်းကျမ်းတွင် အချို့မှာ ဓမ္မပဒနှင့်တူ၍ အချို့မှာ ဥဒါနနှင့်တူသည်ဟု အင်္ဂလိပ်ဘာသာပြန် ဆရာတို့ အဆိုအရ သိရပေသည်။

မြန်မာနိုင်ငံ၌လည်း ဓမ္မပဒပါဠိတော်နိဿယ ဓမ္မပဒဝတ္ထုနှင့် ဓမ္မပဒဝတ္ထုတော်ကြီးများသည် ရှေးနှစ်ပေါင်းများစွာက ပေါ်ထွက်ပြီး ရှိခဲ့သည်။

ယခုအခါ ဗုဒ္ဓသာသနာတော်သည် နိုင်ငံတော်ဘာသာ သာသနာ ဖြစ်လာရာ အထက်တွင်ဆိုခဲ့သော သာသနာဘက်ဆိုင်ရာ ကောင်းခြင်းဂုဏ်၊ လောကဘက်ဆိုင်ရာ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံသောကြောင့်၎င်း၊ လူတန်းစားအမျိုးမျိုး လူရွယ်အစားစား သိသင့် သိထိုက်သော အချိန်အခါဖြစ်နေသောကြောင့်၎င်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က ပဋိဝိသောဓက ဩဿာနသောဓကအဖွဲ့ဝင် ဆရာတော်တို့ သုတ်သင် ပြင်ဆင်ထားတော်မူသည့် ခုဒ္ဒကနိကာယ်မြန်မာပြန်မှ ထုတ်နုတ်၍ ပါဠိတော်ကို မူတည်ပြီးလျှင် မြန်မာဘာသာ သက်သက်ဖြင့် ရဟန်း, ရှင်, လူအပေါင်းတို့ လွယ်ကူစွာ ကြည့်ရှုနိုင်ရန် အိတ်ဆောင်သဖွယ် ဓမ္မပဒပါဠိတော်မြန်မာပြန် ဟူသောစာအုပ်ငယ်ကို သီးခြားပုံနှိပ် ဖြန့်ချိလိုက်ရပေသည်။ ဗုဒ္ဓဝါဒကို သိရှိ သိနားလည်လိုသူတို့နှင့် ဈာန်၊ ဝိပဿနာ၊ မဂ်ဖိုလ် နိဗ္ဗာန်ဟူသော တရားအဖို့ကို ရယူလိုသူ အပေါင်းတို့သည် ဤစာအုပ်ကို အမြဲမပြတ် ဖတ်ရှုလေ့လာ ကျင့်ကြံ အားထုတ်နိုင်ကြပါစေသတည်း။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့
ဓမ္မပဒပါဠိတော် မြန်မာပြန်နိဒါန်းမှ

(၄)

အထက်တွင် သင်္ဂဇာဆရာတော် စီရင်သော ဓမ္မပဒ ပါဠိတော်နိ ဿယမှ ပဏာမဂါထာ ပါဌ် အနက်ကို၎င်း၊ကမ္ဘာ့ဗုဒ္ဓသာသနာပြု အရှင်သေဋ္ဌိလ၏ ဓမ္မပဒဘာသာပြန်မှ နိဒါန်းကို၎င်း၊ စာရေးဆရာ ပါရဂူရေးသော အဂ္ဂတလိဘုန်းတော်ကြီး ဦးလောကနာထ၏ ဓမ္မပဒဆိုင်ရာ အခန်းကို၎င်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ထုတ်သည့် ဓမ္မပဒ ပါဠိတော် မြန်မာပြန် နိဒါန်းကို၎င်း ကောက်နုတ်ဖော်ပြခဲ့ပါသည်။ သို့ဖြင့် ဓမ္မပဒနှင့် ပတ်သက်သော သိမှတ်ဖွယ်တို့မှာ ပြည့်စုံနေပါပြီ၊ ဤ ဖော်ပြပါ အကြောင်းအရာတို့မှာ ထေရဝါဒ ပိဋကတ်စာပေမှ ဓမ္မပဒကို ဆိုလိုခြင်းဖြစ်၏။

ထေရဝါဒ ပိဋကတ်စာပေကို သုတ်၊ ဝိနည်း၊ အဘိဓမ္မာဟု ပိဋက အားဖြင့် သုံးမျိုး သုံးစား ခွဲခြား သတ်မှတ်ထားကြ၏။ သုတ်ကို တဖန်နိကာယ် အားဖြင့် ဒီဃ၊ မဇ္ဈိမ၊ သံယုတ္တ၊ အင်္ဂုတ္တရနှင့် ခုဒ္ဒကဟု ငါးမျိုးခွဲဝေပြန်၏။ ဓမ္မပဒသည် ထိုနိကာယ်ငါးရပ်တွင် နောက်ဆုံးဖြစ်သော ခုဒ္ဒက နိကာယ်၌ ပါဝင်၏။ ခုဒ္ဒက နိကာယ်တွင် ၁၅ ကျမ်းရှိရာ ဒုတိယမြောက်ကျမ်းမှာ ဓမ္မပဒ ဖြစ်၏။

ဓမ္မပဒမှာ စကားပြေခေါ် စုဏ္ဏိယ မပါဝင်ပဲ အလုံးစုံ အကုန် ဂါထာတို့ဖြစ်၏။ ဂါထာပေါင်း ၄၂၃ ဂါထာကို ၂၆ ဝဂ်ဖြင့် ခွဲခြားထား၏။ ပါဠိဘာသာဝဂ္ဂကို ဝဂ်ဟု ခေါ်ခြင်းဖြစ်၏၊ အဓိပ္ပါယ်မှာ အပေါင်းအစု အခန်း ကဏ္ဍပင်ဖြစ်၏။ ဤကျမ်းလာ ဂါထာတို့ကို ဝိနည်း ပိဋက၌၎င်း၊ ဒီဃ နိကာယ်၊ မဇ္ဈိမနိကာယ်၊ အင်္ဂုတ္တရနိကာယ် စသည်တို့၌၎င်း၊ တွေ့ရပါသည်။ အချို့ကိုမူကား မဟာဘာရတနှင့် မနုသမိတိ စသော ဗြာဟ္မဏတို့၏ သက္ကတ ဘာသာကျမ်းစာတို့နှင့် သဘာဝအားဖြင့် ဆက်စပ်နေကြသည်။

ထိုမှတပါး မြောက်ပိုင်း ပဟာယာနတို့မှာလည်း ဓမ္မပဒအပည်ရှိသော ကျမ်းစာများ ရှိသေးသည်ဟု ကမ္ဘာ့ဗုဒ္ဓဓမ္မ သုတေသီတို့ ဆိုကြပါသေးသည်၊ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်၏။

၁။ **ပြာကတ ဓမ္မပဒ** = ယင်းကိုဂန္ဓာရီဓမ္မပဒဟုလည်း ခေါ်ကြ၏၊ ယင်းတွင် ဂါထာပေါင်း ခြောက်ရာကျော် ခုနစ်ရာခန့်ရှိလိမ့်မည်ဟု မှန်းဆကြ၏။

၂။ **မိဿက ဓမ္မပဒ** = မိဿက ဟူသည်မှာ ရောနှောခြင်းဖြစ်၏၊ ဤဓမ္မပဒမှာ ပြာကတဘာသာနှင့် သက္ကတဘာသာ ရောနှော နေသော ကြောင့် မိဿက ဓမ္မပဒဟု ခေါ်ကြခြင်းဖြစ်၏။

၃။ **သက္ကတ ဓမ္မပဒ** = ကနိသျှက မင်းလက်ထက်က ပေါ်ထွက်သော ဓမ္မပဒဟု ယူဆကြ၏၊ ဂါထာပေါင်း ၃၇၅ ဂါထာကို ၃၇ ဝဂ်ဖြင့် ခွဲခြားထား၏။

ဤဓမ္မပဒတို့တွင် လူသိအများဆုံးနှင့် အပြည့်စုံဆုံးသော ဓမ္မပဒမှာ ယခုပြန်ဆိုသော ပါဠိဓမ္မပဒဖြစ်၏။ ဤဓမ္မပဒကို ဗုဒ္ဓဝါဒီ ရဟန်းရှင်လူတိုင်း ကျက်မှတ်နိုင်ကြစေရန် အထူးဂရုစိုက်ပြီး စီစဉ်ထားပါသည်။

ပါဠိတော် ဂါထာတို့ကို ဆဋ္ဌသံဂါယနာတင်သောမူမှ ယူပါသည်။ အနက်မြန်မာပြန်တို့ကိုကား သင်္ဂဇာဆရာတော်၏ နိဿယ၊ အရှင်သေဋ္ဌိလ၏

မြန်မာပြန်ဆင့်သံဂါယနာမှ မြန်မာပြန်၊ ဟိန္ဒီဘာသာပြန်၊ အင်္ဂလိပ်ဘာသာပြန် စသည်တို့နှင့် ညှိနှိုင်းပြန်ဆိုပါသည်။

ဝတ္ထုဇာတ်လမ်း အကျဉ်းချုပ်ကိုကား ရှင်မဟာ ဗုဒ္ဓဃောသ ဖွင့်ဆိုသော ဓမ္မပဒ အဋ္ဌကထာနှင့် သင်္ဂဇာဆရာတော်၏ ဓမ္မပဒပါဠိတော် နိဿယကို ညှိနှိုင်းပြီး ဖော်ပြပါသည်။

မိမိ၏ မူလရည်ရွယ်ချက်မှာ ဓမ္မပဒ ဂါထာတိုင်းကိုအခြားထေရဝါဒ ပါဠိတော်တို့နှင့်ရင်း၊ မဟာယာန စာပေတို့နှင့်ရင်း ညှိနှိုင်းဖွင့်ဆိုရန် ဖြစ်ပါသည်။ ယင်းသို့ ဖွင့်ဆိုပါက လွန်စွာ ကျယ်ဝန်းများပြားပြီး စာအုပ်လည်း လွန်စွာကြီးထွားသွားမည်၊ ထို့ပြင် ကြည့်ရှုလေ့လာသူတို့၏ ထိုးထွင်းသိမြင်ရေးကို တားမြစ်သကဲ့သို့ ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့် ဖွင့်ဆိုလိုသော အာသာဆန္ဒကို ယုတ်သိမ်းပစ်လိုက်ပါသည်။ စင်စစ် ကိုယ်တိုင် ထိုးထွင်းသိမြင်ခြင်းသည်သာ အကောင်းဆုံးဖြစ်ပါသည်။ ထိုစဉ်အခါက ထိုးထွင်းသိမြင်သွားသူတို့သည် ဤသို့ ဓမ္မပဒတရားအားလုံးကို သိမ်းကြုံး လေ့လာမှုပြုနိုင်ခွင့် မရှိကြပါ၊ တပုဒ်တဂါထာမျှကိုသာ နာကြားပြီး ထိုးထွင်းသိမြင်သွားကြခြင်းဖြစ်ကြ၏။ တပုဒ်ကို သိမြင်ပါလျှင် အလုံးစုံ အကုန်သိမြင်နိုင်သည်။

ဗုဒ္ဓ ဓမ္မ မှန်သမျှမှာ ရသအားဖြင့် ဝိမုတ္တိရသ တခုတည်းသာရှိ၏။ ဝိမုတ္တိရသဟူသည်မှာ လွတ်မြောက်ကြောင်းဖြစ်၏၊ အဘယ်မှ လွတ်မြောက်ကြောင်းဖြစ်ပါသနည်း၊ အနှောင်အဖွဲ့မှ လွတ်မြောက်ကြောင်းဖြစ်၏။ သတ္တဝါတို့သည် အနှောင်အဖွဲ့ခံနေကြရသည်။ သူတို့ကို ဘယ်သူ နှောင်ဖွဲ့ထားပါသနည်း၊ ဤပြဿနာအတွက် ကဗျာဆရာကြီး တဂိုး၏ ကဗျာတပုဒ်ကို ဖတ်ရှုသင့်ပါသည်။

အို အကျဉ်းသား ပြောကြားပါဘိ၊ သင့်အား ဘယ်သူချုပ်နှောင်ထားပါသနည်း။

အကျဉ်းသားက ဖြေကြားသည်၊ "ကျွန်ုပ်၏ အရှင် ဖြစ်ပါသည်၊

ကျွန်ုပ်သည် ပစ္စည်းဥစ္စာနှင့် အင်အားဗလမှာအားလုံးတို့ထက် သာလွန်ရမည်ဟု စဉ်းစားခဲ့ပါသည်။ မိမိသည်ပင်လျှင် တိုက်ခန်းထဲမှာ ကျွန်ုပ်အရှင်ပိုင်ဆိုင်သော ပစ္စည်း ဥစ္စာတို့ကို ထားပါသည်။အိပ်ချင်လာသောအခါ အရှင်၏ အိပ်ရာပေါ်မှာပင် အိပ်လိုက်ပါသည်။ နိုးလာသော အခါ မိမိ ပင်လျှင် တိုက်ခန်းထဲမှာ အကျဉ်းသားဖြစ်နေသည်ကို တွေ့ရပါသည်"။

"အို...အကျဉ်းသား ပြောကြားပါဦး၊ ဤခိုင်ခံ့သော သံခြေကျဉ်းတို့ကို ဘယ်သူ ပြုလုပ်ပါသနည်း"

အကျဉ်းသားက ဖြေကြားသည်–"ကိုယ်တိုင် ကျွန်ုပ်သည် သာလျှင် ဤခိုင်ခံ့သော သံခြေကျဉ်းတို့ကိုကြိုးစားပြုလုပ်ခဲ့ပါသည်။ မိမိသည်သူတပါး တို့မတုပ နိုင်သော စွမ်းရည်သတ္တိတို့ဖြင့် ကမ္ဘာပေါ်ရှိ စွမ်းရည်သတ္တိ အား လုံးတို့ကို ဤသံခြေကျဉ်းမှာ ချုပ်နှောင်ထားပြီး ကိုယ်တိုင် လွတ်လပ်စွာ နေကာ တလောကလုံးအား မိမိ ကျွန်လုပ်ထားဘို့ ကျွန်ုပ် အိပ်မက်ခဲ့သည်။ ဤအတွက် နေ့ရော, ညဥ့်ရော မနေမနား ကြိုးကြိုး စားစား ပန်းဘဲဖိုမှာ မီးဖုတ်ပြီးထုနှက်ပြုလုပ်ပါသည်။ သို့ရာတွင် သံခြေကျဉ်းဖြစ်သွားသောအခါ ကျွန်ုပ်ကိုယ်တိုင်ပင် ဤခိုင်ခံ့သော သံခြေကျဉ်းမှာ အကျဉ်းသား ဖြစ်နေ သည်ကိုတွေ့ရပါသည်"။

တဂိုး၏ ယင်းကဗျာကို ဤစာအုပ်တွင် ဂါထာအမှတ် ၃၄၅–၃၄၆ တို့နှင့် ပူးတွဲ ဆက်စပ်ပြီး ဖတ်ရှုသင့်ပါသည်။ ထိုတွင် လွန်စွာ ခိုင်မြဲ လှသော အနှောင်အဖွဲ့တို့ကို တွေ့ရပါမည်။ ရှေးအခါက လွတ်မြောက် ကြောင်းကို လွန်စွာ လိုလားသော တပည့် ရဟန်းတပါးသည် သူ၏ ဆရာ့ထံချဉ်းကပ်ပြီး "အရှင်ဘုရား ဆရာအရှင်သည် တပည့်ကို အစဉ်သနားသဖြင့် လွတ်မြောက် အောင် ပြုလုပ်ပေးတော်မူပါ" ဟု လျှောက်ကြား တောင်းပန်၏။

ထိုအခါ ဆရာတော်သည် သူ၏ တပည့်ကို ကြင်နာစွာကြည့်ပြီး– "တပည့် ကောင်းပေစွ၊ သင်သည် အချုပ် အနှောင်ခံနေရသလား" ဟု မေး၏။

"မှန်လှပါ၊ တပည့်တော်မှာ အလွန်ခိုင်မာသော အနှောင်အဖွဲ့ တို့ မလှုပ်နိုင်အောင်ပင် တုပ်နှောင်ခြင်း ခံနေရပါသည်"ဟု လျှောက်ကြား၏။

ဆရာတော်သည် တခဏမျှ တပည့်ကို စိုက်ကြည့်ပြီး–"ငါ၏ တပည့် သင့်ကိုဘယ်သူက နှောင်ဖွဲ့ထားသနည်း" ဟု လေးနက်စွာ မေး၏။

တပည့်သည် အတန်ကြာမျှ စဉ်းစားပြီးလျှင် "အရှင်ဘုရား အခြား ဘယ်သူတစုံတယောက်မျှ နှောင်ဖွဲ့သည် မဟုတ်ပါ" ပြတ်သားစွာ ဖြေဆို ပြီးနောက် ချက်ခြင်း လွတ်မြောက်သွားသော ဟူ၏။

လွတ်မြောက်သွားသည်မှာ မမြန်လွန်းဘူးလား၊ မြန်စွာလွတ်မြောက် သူများလည်းရှိပါသည်။ အလွန်ကြာမြင့်မှ လွတ်မြောက်သူ များလည်း ရှိပါ သည်။ ဤအတွက် ဤစာအုပ်မှ အတ္တဝဂ်ကို လေးလေး နက်နက်ဖတ်ရှုသင့် ပါသည်။ ထို့နောက် အနတ္တလက္ခဏသုတ်ကို လေ့လာပါလျှင် လွတ်မြောက် မှုအတွက် မခက်ဟုထင်ပါသည်။ အတ္တသည် အစစ်အမှန် တကယ် ရှိသော

ပရမတ်တရားမဟုတ်ပါ၊ သို့ရာတွင် သတ္တဝါတို့သည် အထူးသဖြင့် လူတို့သည် ယင်းကို တွယ်တာတပ်မက် နှစ်သက်နေကြသည်။

တခါက တပည့်သည် လွန်စွာကြောက်တတ်သော မမ္မာစရိယ ကိုယ်တော်တပါးနှင့်အတူနေခဲ့ရသည်။ သူသည် သေရမည်ကို လွန်စွာ ကြောက်သည်၊ သူကြောက်သည်မှာ လွန်လွန်း၍ "သေရမှာ သိပ် ကြောက်သလား" ဟု မေး၏။

ထိုအခါ ဆရာက "သဗ္ဗေ ဘာယန္တိ မစ္စုနောလို့ ဘုရာ ဟောအရှိသားဘဲ"ဟု ခပ်ပြတ်ပြတ်နှင့် ခပ်ဆတ်ဆတ်ပင် ဖြေဆို၏။ "သတ္တဝါတိုင်း သေမှာ ကြောက်ထာပေါ့"ဟု ဆိုလိုခြင်းဖြစ်၏။

"တပည့်တော်က ဦးပဥ္စင်းသေခြင်းကို မကြောက်ဘူး၊ ငါသေမှာကို သာကိုသာ ကြောက်နေတယ် ထင်လို့ပါ"။

"တယ်ခက်တဲ့သတ္တဝါဘဲ၊ သေခြင်းကို ဘယ်သူဖြစ်ဖြစ် ကြောက်ကြတာပေါ့"။

"တပည့်တော်သေ့လာမိသမျှတော့ လူတွေဟာ သူများ သေတာထက် ငါသေမှာကို ကြောက်ကြတာ တွေ့ရလို့ပါ"

"အေးပေါ့ကွ အရေးကြီးတာက ငါဘဲပေါ့၊ ပြီးတော့ တခြား လူတွေပေါ့၊ အချုပ်ကတော့ သတ္တဝါတိုင်း သေမှာ ကြောက်ကြတယ်။ သူတပါးတွေလဲ ကြောက်တယ်၊ ငါလဲ ကြောက်တယ်"။

"အဲဒီတော့ သူတပါးကြောက်ထာ မကြောက်ထာကို ထားလိုက်ပါ၊ အရေးကြီးတဲ့ ငါရဲ့ ငါကို စစ်ကြည့်ရအောင်၊ အဲဒီငါဟာ ပညတ်လား.... မရမတ်လား"

"ဒီမေးခွန်းဟာ ဆရာကို စော်ကား ဒါဘဲ"

ထိုအခါ တပည့်သည် မိမိဓမ္မာ စရိယဆရာကို ရှိခိုးပြီး တောင်းပန်လိုက်ရသည်၊ သူ၏ အာဘော်မှာ အမှန်တကယ်မရှိသည့် ငါဟူသောအတ္တကို ဦးစားမပေးရန် ဖြစ်သည်။ ငါဟာ တကယ်မရှိသဖြင့် သူသေမှာကို ဖြင့် မကြောက်ရန် ဖြစ်သည်။ သူဟာတကယ် မဟုတ်၊ သမုတ်ခြင်းမျှသာ ဖြစ်၍ သေမှာကို ကြောက်စရာမလိုဟု ဆိုလိုပါသော်လည်း ဆရာသမားအား ဆက်လက် မလျှောက်ကြားဝံ့ခဲ့။ ထို့ကြောင့်ပင် စာရှုသူတို့အား အတ္တဝါကို ဖတ်ပြီး အနတ္တလက္ခဏာသုတ်ကို လေ့လာရန် အကြံပေးရခြင်း ဖြစ်ပါသည်။ ဤတွင်ကား ယင်းသုတ်အတွက် ပိုမိုလေးနက်စေနိုင်သော ဥပနိသျှဒ်တစောင်ကို တင်ပြပါမည်။

(၂)

✓(ငွေကြေးဖြင့် ကိုယ်၏ ချမ်းသာမှုကို ဝယ်ယူရရှိနိုင်၏၊ သို့ရာတွင် စိတ်၏ ချမ်းသာမှုကိုကား မရနိုင်ပါ၊ယင်းကို လူတိုင်းပင် ရသင့်၏၊ လူသည် အရာအားလုံး တခုတည်း(အဒွေတ)အဖြစ် ဟူသော စေတနာ အခိုက်အတန့် အခြေအနေကို ခံစားရမည်။ ယင်းအခြေအနေသည် အခြင်း ၁ပ်သိမ်း စုံတွဲ (ဒွေတ)တို့မှ အခြားတပါး ဖြစ်၏၊ ထိုအခိုက်အတန့်က သာလျှင် ယုံမှား သံသယ အားလုံးကို ဖယ်ရှားပြီး ငြိမ်းချမ်းရေးအစစ်အမှန်ကို ပေးသည်။ ဤ သင်ကြားချက်ကို ရသေ့ကြီး ယညဝလကျသည် သူ၏ ချစ်ဇနီးမေတ္တေယီကို သင်ကြားပေးခဲ့၏၊ မွန်မြတ်တင့်အပ်သော ဇနီးမောင်နှံ နှစ်ဦး၏ ဆွေးနွေး ချက်သည် လွန်စွာ မွန်မြတ်သော ဂန္ထဝင် စာပေ ဖြစ်ခဲ့၏၊ ဤစကားကို ကျမ်းစာ အများအပြားမှာပင် ထုတ်ဆောင်ကိုးကားကြ၏၊ မူရင်း အပြည့် အစုံကိုမူ ဗရိဟာဒါရဏျကဉပနိသျှဒ်၌ တွေ့နိုင်၏။) ✓

အတိတ်ကိုဆောင်နိုင်သော မဟာရသေ့ကြီး ယညဝလကျ၌ အလုပ် အကျွေး ဇနီးနှစ်ယောက်ရှိ၏၊ ယင်းတို့မှာ မေတ္တေယီနှင့်ကလျာဏီ တို့ဖြစ်၏။ ဤနှစ်ယောက်တို့တွင် မေတ္တေယီသည် အမှန်တရားကို သိလိုသူဖြစ်၏၊သစ္စဝါဒီ ဖြစ်၏။ အမှန်တရားနှင့်စပ်လျဉ်းသော အကြောင်းအရာကိုသာ ပြောဆိုစဉ်း စားသူဖြစ်၏၊ ကလျာဏီကား အိမ်တွင်းမှုကိုသာ စိတ်ဝင်စားသော သာမန် အမျိုးသမီးဖြစ်၏။

ရသေ့ကြီးသည် နှစ်ပေါင်းများစွာတိုင်အောင် အိမ်ထောင်သည် ဘဝနှင့်ကုန်လွန်စေပြီးနောက် ဘဝသစ်ဖန်တည်းတည်ထောင်ရန် ကြံဆောင် ၏။ ယင်းဘဝသစ်မှာ လောကီရေးရာတို့ကို အလုံးစုံ အကုန်စွန့်လွှတ်ပြီး တောထွက်ရန်ဖြစ်၏။

တနေ့တွင် ရသေ့ကြီးသည် မေတ္တေယီကို အပါးသို့ခေါ်ပြီး–"ချစ် ဇနီး ငါသည် ဘဝသံသရာကိုစွန့်လွှတ်ပြီး တောမှာသွားနေချင်ပါသည်၊ ဤအတွက်ရှေးဦးစွာ ရှိသမျှ ပစ္စည်းဥစ္စာတို့ကို သင်တို့နှစ်ဦးအား ခွဲဝေပေး ဘို့ လိုပါသည်"–ဟု ပြောပြ၏။

ထိုအခါ အဇ္ဈတ္တိကဝါဒီဖြစ်သော မေတ္တေယီက–"အရှင်မြတ် အရှင် သည် ပစ္စည်းဥစ္စာတို့ကို ခွဲဝေရန် စဉ်းစားနေပါသလား၊ ဤအတွက်စိုးရိမ် ကြောင့်ကျမှုမပြုပါလင့်၊ အကယ်၍ ဤကမ္ဘာလောကကြီးနှင့် အပြည့်ရွှေငွေ ရတနာတို့ကိုရသည့်တိုင်အောင် ယင်းတို့ဖြင့်ကျွန်ုပ်အား ဘယ်အကျိုးရှိပါ

မည်နည်း။ ထိုဥစ္စာတို့သည် ကျွန်ုပ်အား ဒုက္ခအားလုံးမှ ကယ်တင်ပြီး လွတ်မြောက်ခြင်း မုတ္တိကို ပေးနိုင်ကြပါမည်လား''ဟု ပြန်ကြား၏။

''မပေးနိုင်ပါ ချစ်ဇနီး၊ ဘယ်အခါမျှမပေးနိုင်ပါ၊ အကြင်မျှလောက်ဤဘဝသံသရာ၏ ဘူတိကအရာဝတ္ထုတို့ကို ပြုလုပ်နိုင်၏၊ သင်၏ဘဝသည် ထိုမျှလောက်သာ ချမ်းသာသုခဖြစ်မည်။ ငွေဖြင့် မောက္ခကို ရရောက်ရန် တစုံတရာ မျှော်လင့်ချက်မရှိပါ-''ဟု ရသေ့ကြီးက ဆို၏။

ထိုအခါ မေတ္တေယီက ပြောပြ၏-

''သို့ဖြစ်ပါလျှင် ကျွန်ုပ်သည် ဤပစ္စည်းတို့ကို ဘာလုပ်ရမည်နည်း၊ ယင်းတို့သည် ကျွန်ုပ်အလိုရှိသော အရာကို မပေးနိုင်ကြပါ၊ ကျွန်ုပ်ကားလွတ်မြောက်မှုမောက္ခကို ရယူလိုပါသည်။ ကျွန်ုပ်အား အမြိုက်ပြုလုပ်မည့်အရာကို လိုချင်ပါသည်။ ဤအတွက် ကျွန်ုပ်အရှင့်ထံ တောင်းပန် လိုသည်မှာ အရှင်သည် ကျွန်ုပ်အား သစ္စဝိဇ္ဇာသင်ကြားပေးရန် ဖြစ်ပါသည်။ ယင်းပညာကို အရှင်ကောင်းစွာသိသည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ လောကီဥစ္စာတို့နှင့် ပတ်သက်သော စကားကို ကျွန်ုပ်အားမပြောကြားပါနှင့်။ ကျွန်ုပ်ကား ထိုပညာကိုသာ လိုချင်ပါသည်။ ကြွင်းကျန်သော အရာအားလုံးသည် ကျွန်ုပ်၏အမြင်မှာ အချည်းနှီးတုစ္ဆသာတည်း။ အညစ်အကြေးများ ဖြစ်ကုန်၏။''

မိမိချစ်ဇနီး၏ ဤသစ္စဥာဏ် မွတ်သိပ်နေသည်ကိုတွေ့မြင်ရ၍ ရသေ့မြတ်မှာ လွန်စွာပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ သူသည်မိမိအပါးသို့ ပို၍နီးကပ်စွာ ထိုင်စေပြီး အချစ်ပြည့်လျှံသောအသံဖြင့်-''မေတ္တေယီ သင်သည် ငါ့ကိုလွန်စွာချစ်မြတ်နိုးသူဖြစ်၏။ ငါလွန်စွာနှစ်သက်သော အချက်ကိုပင် သင်မေးပေသည်၊ ငါသိသမျှ သင့်အားသင်ကြားပေးမည်။ ယင်းကိုဂရုစိုက် မှတ်သားပြီး အမြဲပင် ဆင်ခြင်စဉ်းစားပါလေ့-''ဟု ပြောပြ၏။

ငါသည် ဤဘဝသံသရာ၌ ဤသို့မြင်သည်-

လင်ကမယားကိုရှင်း, မယားကလင်ကိုရှင်း နှစ်သက်၏၊ သူတို့တယောက်က အခြားတယောက်ကို လိုလားနှစ်သက်ကြသည်မှာ သူတို့၏လင်မယားတော်စပ်ကြ၍ မဟုတ်ကြပါ။ လင်သည်မိမိမယားကိုရှင်း မယားသည် မိမိလင်ကိုရှင်း မိမိအတွက်ကြောင့်သာလျှင် ချစ်ကြသည်မဟုတ်ပါ။ သူတို့သည် တယောက်က အခြားတယောက်ကို ချစ်ကြသည်မှာ သူတို့သည် တယောက်က အခြားတယောက်၌ မိမိကိုယ်ကိုမြင်သောကြောင့် ဖြစ်၏။ သူတို့သည် တယောက်က အခြားတယောက်ကိုနှစ်သက်နေကြ၏။ အကြောင်းကား သူတို့အတွင်းမှ တယောက်ယောက်သည် မိမိကိုသူတပါးနှင့် မကွဲပြား

ဟု ယူဆသောကြောင့်ဖြစ်၏၊ ဤအချစ်သည် မိမိကိုယ်ကြောင့်သာဖြစ်၏။ မိမိမှကွဲပြားသော အခြားသူကြောင့် မဖြစ်ပါ။

ငါတို့သည် မိမိသားသမီးကို ချစ်ကြသည်မှာ သား-သမီးများဖြစ်ရ၍မဟုတ်၊ သူတို့သည် ကလေးများဖြစ်၍လည်းမဟုတ်၊ ငါတို့၏ကလေးများဖြစ်၍လည်းမဟုတ်၊ စင်စစ်မှာ ထိုတွင်ငါတို့သည် မိမိကိုယ်ကို မြင်သောကြောင့် ဖြစ်၏။

ပစ္စည်း-ဥစ္စာ, ကျွဲ-နွားနှင့် အခြား ငါတို့အနီးအနားမှာရှိသော သက်ရှိသတ္တဝါတို့ကို ငါတို့သည်သက်သက် လေးစားမြတ်နိုးခြင်း မရှိကြပါ၊ စင်စစ်မှာ ငါတို့သည် ထိုတွင်မိမိပြန့်နှံ့နေသည်ကို တွေ့မြင်ရ၍ဖြစ်သည်၊ သို့မဟုတ် ထိုတွင်၎င်း, ယင်းတို့အားဖြင့်၎င်း ငါတို့သည် မိမိကိုရယူသောကြောင့် ဖြစ်သည်။

ငါတို့သည်မိမိနတ်ဒေဝတာတို့နှင့်လူတို့ကိုလိုလားကြသည်မှာသူတို့ကို လေးစားကြ၍မဟုတ်ပါ၊ စင်စစ်မှာ သူတို့၏အကူအညီဖြင့်၎င်း၊ သူတို့အားဖြင့်၎င်း ငါတို့သည်မိမိကိုယ်ကို၎င်း၊ အာတမာ၏ဉာဏ်ကို၎င်း ရရန်မျှော်လင့်နေကြသောကြောင့်ဖြစ်၏။

ထို့ပြင်ငါတို့သည် မိမိတို့၏ ဝေဒတို့ကိုလည်း လေးစားမြတ်နိုးစွာ သရဇ္ဈာယ်ကြသည်၊ သို့ရာတွင် သတိပြုရန်အချက်မှာ ယင်းတို့အတွက်မဟုတ်ပါ၊ ယင်းတို့ကိုငါတို့မြတ်နိုးသည်မှာ ယင်းတို့သည်ငါတို့၏ အာတမာဉာဏ်ကို ပြုလုပ်ပေးလိမ့်မည်ဟု ယုံကြည်သောကြောင့်ဖြစ်၏။ ဤအာတမာဉာဏ်ကို ရှာဖွေရာမှာလည်း ငါတို့သည်ပစ္စည်းဝတ္ထုအားလုံးကို တပ်မက်တွယ်တာနေကြ၏။ ဤပစ္စည်းဝတ္ထုတို့ကို လိုလားခြင်း၏မှန်ကန်သော ရည်ရွယ်ချက်မှာ ငါတို့၏အတွင်းကအာတမာကိုမြတ်နိုးခြင်း,ယင်း၏အတွင်းပိုင်း သို့မဟုတ် ကိုယ်တိုင်ကို သိလိုခြင်းဖြစ်သည်။

ထိုအတွင်း အာတမာတခုတည်းကိုသာကြည့်ရန်, ကြားရန်နှင့် စဉ်းစားတွေးတောရန် သင့်လျော်လျောက်ပတ်၏၊ အိုချစ်အပ်သော မေတ္တေယီ ထိုကြီးကျယ်မြင့်မြတ်သော အာတမာကိုမြင်ပြီး, ကြားပြီး,စဉ်းစားပြီးပါလျှင် အသိဉာဏ်အားလုံးကို သိပြီဟု ယူဆပါလော့၊ ယင်း အာတမာဉာဏ်သည် အခြားသော ဉာဏ်အားလုံးတို့ကို နောက်မှာချန်ထားခဲ့၏၊ ယင်းအာတမာသည်အားလုံးတွင် ရှေ့ဖြစ်၍ အားလုံးတွင် နောက်ဖြစ်သောအရာဝတ္ထုဖြစ်၏။



၁၁၈၄၄
သာသနာရေးဦးစီးဌာန
စာကြည့်တိုက်

မြင်တွေ့ရသည်လည်းဖြစ်သော မမြင်တွေ့ရသည်လည်းဖြစ်သော အရာအား လုံးသည် အာတမာသာလျှင်ဖြစ်၏။ အာတမာကိုသိပါလျှင် အလုံးစုံအကုန် သိ၏။

ဒိုးပတ်ကိုတီးသောအခါ ယင်း၏အသံလှိုင်းကို ငါတို့ဖမ်းမယူနိုင်ကြ ပါ၊ သို့ရာတွင်ကိုယ်တိုင်ဒိုးပတ်ကို ယူသောအခါ ယင်း၏အသံပေါ်မှာငါတို့ ကြီးစိုးလွှမ်းမိုးကြသည်။ဤသို့ဆိုလျှင် စောင်း သို့မဟုတ်တယောမှ အသံများ စွာ ထွက်ပေါ်လာကြသည်။ သို့ရာတွင်ယင်းတို့ကို ပိတ်ပင်၍မရပါ၊ သို့ရာ တွင် ဝိုင်းဖွဲ့ပြီးသံစဉ်အတိုင်း တီးမှုတ်ကြသောအခါ အသံတို့ကိုစိတ်ကြိုက် ဖန်တီးပြီး ရသ ဖော်နိုင်ကြသည်။ ဤအတူ ဤရောင်စုံကမ္ဘာ၏ဥာဏ်ကို ထိုတွင်ပြန့်နှံ့နေသော အာတမာကိုသိမြင်မှသာ ရမည်။

ထင်းစိုကို မီးထဲထည့်လိုက်ပါလျှင် မီးခိုးများ အရပ်လေးမျက်နှာပြန့် နှံ့သွားသကဲ့သို့ ကြီးကျယ်မြင့်မြတ်သော အာတမာ မှုတ်ထုတ်လိုက်သော ကြောင့် ဝေဒ,ပုရာဏ်နှင့် ဣတိဟာသ (သမိုင်း)တို့ အပြင်ထွက်လာ ကြ၏။ သိပ္ပံဝေါ် ကလာ,သုတ္တန်နှင့် ကိုယ်တိုင်ပြီးမြောက်သော အကြောင်း အရာများ ထွက်ပေါ်လာပြီး အဖိုးထိုက်တန်သော ဖွင့်ဆိုချက်တို့ ဖြစ်သွား ကြသည်။

မြေကြီး၏ ဘဏ္ဍာတိုက်မှာ ရေအားလုံးတို့၏ တည်ရာ သမုဒ္ဒရာဖြစ်၏။ ရေအားလုံးသည် ထိုသို့စီးဝင်ကြ၏။ ထို့အတူတွေ့ထိမှု ဖဿဟူသမျှသည် ငါတို့၏ အကြည်ပသာဒမှတဆင့် ဖြစ်ကြသည်။ နှာခေါင်းဖြင့် အနံ့ကိုနမ်း သည်။ မျက်စိဖြင့် ရုပ်သွင်ကိုကြည့်သည်။ နားဖြင့်အသံကိုကြားသည်။ ဗုဒ္ဓိဖြင့် အာရုံကိုတွေးသည်။ ဤသို့လျှင် အားလုံးတို့၏ တခုတည်းသောဘဏ္ဍာတိုက်မှာ သို့မဟုတ်နောက်ဆုံး ဗိမာန်မှာ အာတမာဖြစ်သည်။ ယင်း၏ဘက်သို့ နောက် ဆုံးငြိမ်းချမ်းရေးအတွက် အရာအားလုံးပြေးသွားနေကြ၏။ ဥာဏ်အားလုံး သည်အာတမာကြောင့်ဖြစ်၍ အာတမာသည်သာလျှင် စွမ်းအင်သတ္တိအားလုံး ကိုသိသည်။

အာတမာသည် မိမိကိုယ်တိုင်မှာပင် ပြည့်စုံသည်။ သူ့အား အတွင်း အပြင်တစုံတရာမရှိ၊ ယင်းသည်မိမိဘာသာမိမိမျှော်လင့်ပြီးကိုယ်တိုင် တောက် ပသော စေတနာဖြစ်၏။

အချို့က "လူသေလျှင် လူ၏အာတမာလည်း သေသွားပြီးသူ၏ ကိုယ်ပိုင်စေတနာလည်းပျောက်ကွယ်သွားသည်"ဟုပြောကြသည်။

ဤအတွင်းမှာ မေတ္တေယီသည် အလွန်နှစ်သက်စွာဖြင့် "အိုအရှင် ကျွန်ုပ်သည် ဤလျှို့ဝှက်ချက်ကိုလွန်စွာသိချင်လှပါသည်။ အရှင်သည် အစဉ် သနားသဖြင့် ကျွန်ုပ်အား အလင်းရောင်ပေးပြီးလျှင် အမိုက်မှောင်ကို ပယ် ဖျောက်စေချင်ပါသည်"ဟုကြားဖြတ်၍တောင်းဆို၏။

ထို့နောက်ရသေ့မြတ်ကဆက်လက်ရှင်းပြ၏-

အိုချစ်အပ်သောမေတ္တေယီ ငါသည်သင့်ကိုမဟုတ်မမှန် လုပ်ကြံစကား တို့ကိုပြောကြားနေသည်မဟုတ်ပါ။ အာတမာသည်ပျက်စီးခြင်းမရှိပါ၊ ယင်း သည်ဓမွေးဖွားခြင်း၊ သေခြင်းအနှောင်အဖွဲ့မှ လွတ်မြောက်သည်။ ယင်းသည် မိမိဘာသာရှင်သန်နေသည်။ အကြောင်းကား အာတမာသည် တခုတည်း ဖြစ်၍ယင်းကိုခွဲခြမ်းစိတ်ဖြာ၍မရပါ၊ထို့ကြောင့်လူတယောက်သို့မဟုတ် သက် ရှိသတ္တဝါတကောင်ခန္ဓာကိုယ်မှ လွတ်သွားပါလျှင် ထိုခန္ဓာကိုယ်၏အနှောင် အဖွဲ့သည် ဤအပေါ်မှာကပ်ငြိခြင်းမရှိပါ။ယင်းသည်တဖန်တကိုယ်တည်းဖြစ် သွားသည်။

ဒွေတ၏အဓိပ္ပာယ်မှာနှစ်ခုစုံတွဲဖြစ်သည်။ထိုတွင်တယောက်က အခြား တယောက်ကိုမြင်ခြင်း, ကြားခြင်း, စကား ပြောခြင်း, စဉ်းစား တွေးတော ခြင်းတို့ဖြစ်နိုင်တယ်၊ သို့ရာတွင် တကိုယ်တော် ဖြစ်သောအခါထိုတွင် ဤကဲ့သို့ ဘယ်မှာဖြစ်နိုင်ပါမည်နည်း၊ အာတမာမှာ တကိုယ်တော်ဖြစ်၍ ယင်းကိုမခွဲ ခြားနိုင်ပါ၊ တစုံတယောက်မျှမရှိပါလျှင် ဘယ်သူက ဘယ်သူ့ကိုမြင်၍ ဘယ် သူက ဘယ်သူ့ကိုကြားမည်နည်း၊ ဘယ်နည်း ဘယ်ပုံလက်ဖြင့်တို့ထိမည်နည်း။ တခုတည်းသောတူညီခြင်း တခုတည်းသာ ရှိရာမှာ ဘယ်သူကဘယ်သူ့ကိုသိ မြင်မှတ်သားမည်နည်း။ ဤသို့လျှင် တခုတည်းပြန့်နေသည်။ နှစ်ခုမဟုတ်ပါ။ ယင်းသည် မသေသော အာတမာဖြစ်၍ မသိနိုင်ပါ၊ သူသည် အားလုံးကိုသိ သောကြောင့် ငါတို့သည်သူ့ကိုဘယ်သို့သိနိုင်မည်နည်း။

ရသေ့ကြီး ယညဝလကျသည် တောမထွက်မီ သူ၏ဇနီးမေတ္တေယီ အား အာတမာနှင့်စပ်လျဉ်းသော ဤဉာဏ်ကိုပေးခဲ့လေသည်။

(အာတမာ၏ အနက်တို့မှာ (၁) ဇီဝ (၂)စိတ္တ (၃) မန(၄)ဗုဒ္ဓိ (၅) အဟင်္ကာရ (၆)ပြဟ္မ (၇)ဒေဟ=သရီရ(၈)သူရိယ(၉)အဂ္ဂိ (၁၀) ဝါယု(၁၁)သဘာဝ စသည်တို့ဖြစ်ကုန်၏။)

အရှင်သည် ကျွန်ုပ်အား
အကြွင်းမရှိ စီရင်ပေးပါသည်။
ယင်းသည် အရှင်၏ စမွယ်ခြင်း ဖြစ်ပါသည်။
အရှင်သည်ဤပျက်စီးလေ့ရှိသောခွက်ကို
အကြိမ်ကြိမ် ဆေးကြောပြီးလျှင်
ဘဖန် အသစ် အသစ်ဖြစ်သော အသက်ဖြင့်
ဖြည့်စွက်လို့ ပေးခဲ့ပါသည်။

ဤပလွေကို ယူဆောင်၍ အရှင်သည်
များစွာသော တောတောင်မြစ်များကို
ဖြတ်ကျော်ကာ လှည့်လည်ပြီးလျှင်
အမြဲပင် အသစ်အသစ်ဖြစ်သော သံစဉ်
တပ်မက်ဖွယ် အလျဉ်ကို မှုတ်ပါသည်။

အရှင်၏ အမြိုက်အတွေးအထိဖြင့်
ကျွန်ုပ်၏ အသဲနှလုံးသည်
အလွန်အကြူးနှစ်သက်ရွှင်မြူးကာ
အပိုင်းအခြားမရှိ ဖြစ်သွားပြီး
လည်ချောင်းမှ ပြောမပြနိုင်သော စကား
ပွင့်ထွက်သွားပါသည်။

နေ့ရော–ညဥ့်ပါ မရေ-မတွက်နိုင်သော
အရှင်၏ ကျေးဇူး ဥပကာရသည်။
ကျွန်ုပ်အား လက်တဆုတ်စာမျှ ရပါသည်၊
တခေတ်–တခေတ် ဆက်လျက်ပေးနေသည်မှာ
ယခုတိုင်အောင်ပင် ဖြစ်ပါသော်လည်း
တဖန်လည်း နေရာလပ်လျက်ရှိပါသည်။

ရှေးဟောင်း ဥပနိသျှဒ်တို့တွင် ဖွင့်ဆိုသောအာတမာကို စာဆိုတော်ကြီးတဂိုးက ခေတ်သစ်နည်းစံနစ်ဖြင့် ဖော်ကျူးခြင်းဖြစ်၏။ သို့ဖြင့်လည်းအာတမာ၏ ဘာဘာဝကို မှန်းဆနိုင်ပါလိမ့်မည်။

ဤဓမ္မပဒတွင်မြောင်းတူးနေသူကို တွေ့မြင်သဖြင့်ရင်း, မြှားဖြောင့်နေသူကိုတွေ့မြင်သဖြင့်ရင်း တရားသဘောကိုထိုးထွင်းသိမြင်သွားသည်။ ထို့အတူပင်ပြာဟ္မဏဝါဒီတို့၏ သွန်သင်ချက်ကို ကြားရသဖြင့်လည်းတိုက်ဆိုင်သူသည် တရားကိုထိုးထွင်းသိမြင်နိုင်ပါသည်။ အရေးကြီးသည်မှာ တရား သိမြင်ရေးပင်ဖြစ်၏၊ ဤတွင်တရားဟူသည်မှာ အမှန်တရားဖြစ်၏၊အမှန်တရားဟူသည်မှာ မမှားသောတရားဖြစ်၏။ မမှားသည်မှာ ဘယ်အခါမျှမမှားခြင်းဖြစ်၏၊ ယင်းကိုပရမတ်ဟုခေါ်၏။

လောက၌ ပညတ်တရားတို့လည်း မှန်ပါသည်။ သို့ရာတွင်ယင်းတို့သည် အမြဲအစဉ်ထာဝရ မမှန်ပါ၊အခိုက်–အတန့်အခြေအနေအားဖြင့်သာ ယာယီမှန်သည်။ အမြဲမမှန်ပါ၊ တနည်းဆိုရသော် အချင်းချင်း အပြန် အလှန်ထောက်ပြီး ခေတ္တခဏမှန်ခြင်းဖြစ်၏။ ဥပမာ လက်ညှိုးသည် လက်သန်းကိုထောက်၍ရှည်ပြီး လက်လက်နှင့် ယှဉ်သောအခါ တိုသွားသကဲ့သို့ ပင်တည်း။ ထို့အတူကုသိုလ်သည် အကုသိုလ်ကိုထောက်ပြီးကောင်းရ၍ အကုသိုလ်သည် ကုသိုလ်ကိုထောက်ပြီးဆိုးရခြင်းဖြစ်၏၊ယင်းသို့သောစုံတွဲတရားတို့သည်အဟုတ်တကယ်မှန်သော တရားတို့မဟုတ်ပါ၊ အခိုက်အတန့် အားဖြင့်သာ မှန်သည်၊ အချင်းချင်း အပြန်အလှန်ထောက်ပြီးခေတ္တခဏသာမှန်သည်။ အမြဲ မမှန်ပါ၊ အမြဲမှန်သောတရားမှာ ပရမတ်တရားဖြစ်၏။

ဤပရမတ်တရားကို သက်ရှိ သတ္တဝါတို့ထံမှရင်း, သက်မဲ့ ဖြစ်သော အရာဝတ္ထုတို့မှရင်း, အယူဝါဒတူသူထံမှရင်း အယူဝါဒ မတူသူတို့ ထံမှရင်း, လူသားတို့ ထံမှရင်း,တိရစ္ဆာန်တို့မှရင်း, မြေမှရင်း, ရေမှရင် ,နေမှရင်း ရယူနိုင်ပါသည်။ အိမ်သာတက်ယင်း ပိုးလောက်တို့ကို တွေ့မြင်ရမှရင်း, ခြေဆေးရာမှရင်း, မင်္ဂဖိုလ်ရောက်သွားသော အထောက် အထားများရှိပါသည်။ ဤဓမ္မပဒတွင် ဤသို့သော အကြောင်းအရာ အချက်အလက်တို့ကို တွေ့နိုင် ပါသည်။ ဆိုလိုသည်မှာအမှန်တရားကို ဘယ်မှာဖြစ်စေ, ဘယ်သူ့ဆီက ဖြစ်စေ မြတ်နိုးစွာယူရန်ဖြစ်၏၊ ဤအကြောင်းကိုလည်း ဥပနိသျှဒ် တစောင်ကိုပင် ထုတ်ဆောင် ကိုးကားချင်ပါသည်၊ အကြောင်းကား စာရှုသူတို့ဗဟုသုတဖြစ်စေလို၍ ဖြစ်ပါသည်။ ဤအတွက် ငယ်စဉ်က ရခဲ့ဘူးသော စာတပိုဒ်ကို သတိရမိသည်–

ပူဇော်သကာ၊ငဲ့စေပါ၍
ဤစာဆိုမှ
ငါ့ကိုလူများ၊ကြည်ညိုပွားအံ့၊
ပျိုထွားအရွယ်၊သင့်ရှိငယ်က
ဆန်းကြယ်အထူး၊ဂုဏ်ကျေးဇူးကို
ထိမ်မြူးမနေ၊ဖော်ထုတ်ပေမှ
ညာကြွေလွှံ့ကြား၊ကျော်ထင်ရှားအံ့၊
နှစ်ပါးဤသို့၊မကြံမျှို့တည့်း။

( ၆ )

(လှည်းသမား၏အမည်မှာ ‘ရေကဝါ’ ဖြစ်၏။ ရေကဝါ လှည်းသမား၏ ကထာကို ဆန္ဒောဂျ ဥပနိသျှဒ်၌ တွေ့ရ၏၊ ယင်း၏ အယူ အဆသည် ယူနန် ဒဿနိက ဆရာကြီး ‘ဒါယိုဂျေနိစ်’ ၏ အတွေးအမြင်နှင့် ခပ်ဆင်ဆင်တူ၏၊ ယူနန် ဒဿနိက ဆရာကြီး ဒါယိုဂျေနိစ် သည် ရာဂကင်းစင်သော ဝိရာဂီ တယောက်ဖြစ်၏။ တရံသောအခါ ယူနန် ဘုရင်သည် ဒါယိုဂျေနိစ်နှင့် တွေ့ဆုံရန် ရောက်လာ၏၊ အချိန်မှာ ဆောင်းတွင်းအခါဖြစ်၏။ ထိုအခါ ဆရာကြီးသည် ကိုယ်တပိုင်းကို ရေစည်းတွင် နှစ်ထားပြီး ကိုယ်တပိုင်းကို နေပူခံထား၏။ ဘုရင်သည် သူ၏အပါး၌ ရပ်လိုက်သောအခါ ဘုရင်၏အရိပ်သည် ဆရာကြီး၏ အပေါ်သို့ ကျရောက်သွား၏၊ ဆရာကြီးသည် သူ၏အပေါ် ကျရောက်လာသော အရိပ်ကို ဘယ်သူ ဘယ်ဝါ၏ အရိပ်ဖြစ်သည်ကို လုံးဝ ဂရုမစိုက်ဘဲ “ဟေ့ နေရောင်ကိုမကွယ်နှင့် တခြားသွားရပ်” ဟု မောင်းမဲ လိုက်သောဟူ၏။ ရေကဝါနှင့်ဒါယိုဂျေနိစ် နှစ်ဦးလုံးပင် အင်အားနှင့် ပညာဥစ္စာကြောင့် လူတို့အဆင့်အကန်း မြင့်သည်ဟု ယူဆခဲ့ကြ၏၊ သူတို့၏အတွင်းက ပေါင်းသုံသော ချမ်းသာနှင့် အပြင်အပက ဆင်းရဲခြင်းတို့ကို တွေ့မြင်ရသောအခါ ကြီးကျယ်သော ဘုရင်ကြီးများပင် မနာလိုဝန်တိုကြ၏၊ ရေကဝါ၏ အဆိုမှာ “နာမ်ပိုင်းဆိုင်ရာ အသိဉာဏ်မရှိဘဲ ပေးကမ်းလှူဒါန်းခြင်းဖြင့် မုန်ကန်သော ချမ်းသာသုခသို့ မရောက်နိုင်၊ ဒေဝီ

ဒေဝတာအားလုံးသည် နာမ်ပိုင်းဆိုင်ရာ စွမ်းပကားဖြင့်သာ ဖြစ်ပေါ်လာကြ၏” ဟူသတည်း။ သို့အတွက် ယင်းသည် လွန်စွာ အရေးကြီးလှပါသည်။)

လွန်လေပြီးသောအခါ ဇနသုတိ အမည်ရှိသော မင်းတပါးရှိခဲ့ဘူး၏။ ထိုမင်းသည် မဟာ ဝရိသ ပြည့်ရှင်ဘုရင်ဖြစ်၏၊ ထိုမင်းကို မင်းကောင်းမင်းမြတ်အဖြစ် ယူဆကြ၏၊ ပြည်သူတို့၏ အကျိုးစီးပွားကို ရှက်ဆောင်၏။ မင်းကျင့်တရားနှင့် လျော်စွာအုပ်ချုပ်၏။ အထူးသဖြင့် ပေးကမ်း လှူဒါန်းရာ၌ ကျော်ကြားထင်ရှား၏။ သင့်လျော်သောနေရာတို့တွင် ဓမ္မသာလာအများအပြား ဆောက်လုပ်ထား၏။ သူ၏ဂုဏ်သတင်းများသည် ထိုစဉ်အခါက လူတို့၏ နှုတ်ဖျားတွင် ခေတ်စားနေခဲ့၏။

တနေ့ ညနေချမ်းအခါဖြစ်၏။

ထိုဘုရင်မင်းမြတ်သည် တနေ့လုံး မင်းမှုကိစ္စတို့ကို ဆောင်ရွက်ပြီး နန်းတော်၏လသာဆောင်သို့ထွက်ကာ အပန်းဖြေနားနေ၏၊ သူသည် လသာဆောင်တွင် လှည်းလျှောင်းပြီး ကောင်းကင်ဆီသို့ လှမ်းမျှော် ကြည့်ရှုနေ၏၊ သူ၏ ဦးခေါင်းတည့်တည့်ဆီသို့ ဟင်္သာမောင်နှံ ပျံသန်းလာပြီး အချင်းချင်း စကားပြောလာကြ၏၊ ယင်းတို့ပြောဆိုသောစကားကို ဘုရင်ဇနသုတိကြားသိရ၏။

ဟင်္သာဖိုက ဟင်္သာမအား ပြောပြ၏။

“သင် အဘယ်မျှမိုက်ကန်းသနည်း၊ ဘုရင်ဇနသုတိ၏ ရှေ့တော်မှာ အဘယ်မျှသော တန်ခိုးရှိန်စော် အာနုဘော်တို့ တောက်ပနေသည်ကို သင် မမြင်ယောင်တကား၊ အထူးသတိထားပါဘိ။ မထိမဲ့မြင် ပြုမိပါလျှင် သူ၏ တန်ခိုးအရှိန်အဝါတို့ဖြင့် လောင်ကျွမ်းသွားလိမ့်မည်။ သင်သိထားသင့်သည်မှာ ယခုအခါ ပေကမ်းလှူဒါန်းမှုတွင် ဤမင်းနှင့်တူသော မင်းတစုံတယောက်မျှမရှိပါ”။

ဟင်္သာမက ရယ်မောပြီး ပြန်ကြား၏–

“ဤမျှဖြင့် သင်သည် ကျွန်ုပ်ကို အဘယ်ကြောင့် ချိမ်းချောက်ပါသနည်း။ ကျွန်ုပ်တို့သည် ကောင်းကင်၌ ကျက်စားသူများ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလောကနှင့် ပတ်သက်သော အချက်အလက်တို့ကို အခြားသူတို့ထက် ပိုပြီးသိကြသည်။ စင်စစ် ဤဘုရင်၏ ကုသိုလ်ကောင်းမှုသည် လှည်းသမား ရေကဝါထက် အဘယ်မျှသာလွန်ပါသလဲ၊ဘုရင်သည် နာမည်ကြီးဘို့အတွက် အရှုးထပြီး ကုသိုလ်ကောင်းမှု ပေးလှူခြင်းအမှုတို့ကို ပြုလုပ်နေခြင်းဖြစ်၏။ အခါမလတ် မပြတ်ပေးလှူနေသော်လည်း သူ

သည် ငြိမ်းချမ်းမှုကို မရပါ။ သူသည် မိမိအား ချီးကျူးခြင်းနောက်သို့ အပြေးအလွှားလိုက်နေ၏။ ရေကာဝါသည်ကား ထိုဘုရင်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ဖက်ဖြစ်သည်။ ရေကာဝါသည် မိမိနေရာမှာ အေးအေးကလေး ထိုင်နေပြီး ထက်ဝန်းကျင်မှ ကုသိုလ်ကောင်းမှုများကို သူ၏ထံသို့ ဆွဲယူနေသည်၊ ဥပမာ–ရေကန်ကြီး၌ ပတ်ဝန်းကျင်ကုန်းမြင့်မှ စီးဆင်းလာသော ရေများ စုပေါင်းထားသလိုပင် ဖြစ်သည်။ သူသည် ငြိမ်းချမ်းစွာဖြင့် မိမိ အလုပ်ကို လုပ်ဆောင်နေ၏။ နောက်တနေ့အတွက် တစုံတရာ စဉ်းစားခြင်း မရှိပါ"။

ဤသို့ပြောကြားပြီး ငှက်မောင်နှံ နှစ်ဦး ပြန်သွားကြပြီးနောက် ကမ္ဘာမြေပေါ်မှာ အမှောင်ထုလွှမ်းမိုးသွား၏။ သို့ရာတွင် မင်းကြီးသည် ကောင်းကင်မှ ပြောကြားသွားသောစကား ကြားသိရသည့် အတွက် စိတ်မချမ်းမသာ ဖြစ်နေ၏။ သူသည် ရေကာဝါနှင့် စပ်လျဉ်း၍ စိတ်တွင်းမှာပင် "ငါသည် ဤ ပြီးမြောက် ပေါက်ရောက်သော သူမြတ်ကို တွေ့အောင် ရှာဖွေသင့်သည်။ ထိုသူမြတ်သည် ဘဝသံသရာ၌ ငြိမ်းချမ်းနေသူဖြစ်၏" ဟု စဉ်းစားနေ၏။ မင်းကြီးသည် ဤသို့ စဉ်းစားဆုံးဖြတ်ပြီးနောက် အိပ်စက်၏။ နောက်တနေ့မနက်သို့ ရောက်သောအခါ ရေကာဝါကို ဤသို့ အမြန်ဆုံး ရောက်လာနိုင်မည့် နည်းလမ်းကို ရှာဖွေ၏။

နံနက်မိုးသောက် အလင်းသို့ရောက်သောအခါ အနွှီးတော်တို့သည် နေ့စဉ်လုပ်ဆောင်မြဲအတိုင်း ဘုရင်စက်ရာမှ ထရန်အတွက် သူ၏ ဘုန်းတော် ဘွဲ့တေးဂီတတို့ကို သီကျူးတီးမှုတ်ကြ၏။ သို့ရာတွင် ထိုနေ့မှာ ဘုရင်မင်းမြတ်၏ စိတ်၌ ဤဘုန်းတော်ဘွဲ့တို့ဖြင့် တစုံတရာ ကြည်နူးနှစ်သက် အလေးအနက် မဖြစ်ခဲ့ပါ။ ကမ္ဘာပေါ်၌သူ့ ထက်ကြီးကျယ် မြင့်မြတ်သူရှိသည်။ ထိုသူ့ ကိုသာ ချီးကျူး ပူဇော်ထိုက်သည်ဟု သူသိနေ၏။

အနွှီးတော်တို့က သီကျူးကြ၏–

အို သနားကျင်နာတတ်သော ဘုရင်မင်းမြတ်
အို စွမ်းရည်သတ္တိရှိသော ဘုရင်မင်းမြတ်
ယခုအခါ စက်ရာမှ ထတော်မူရန် အချိန်တန်ပါပြီ။
အချင်မြဲသည် အရာမကသော လက်တို့ဖြင့်
မပြက် မလက် ပေးလှူပြီးလျှင်
လူတို့၏ တည်ရာကို ပေးခဲ့ပါသည်။

နံနက်မိုးသောက် အလင်းသို့ ရောက်ပါပြီ။
စက်ရာမှ ထတော်မူပါလော့။
ကမ္ဘာအရပ်ရပ်မှ အလှူခံတို့ရောက်လာကြပြီး
သူတို့သည် အရှင်၏ အလှူလမ်းကို
မျှော်မှန်းတောင့်တ စောင့်မျှော်နေကြပါသည်။

ယနေ့မှာမူကား ဘုရင်မင်းမြတ်သည် အန္တီးတော်တို့အား ဤတေးဂီတတို့ကို ဆက်မဆိုရန် ပိတ်ပင်တားမြစ်ပြီး "ဤဘုန်းတော်ဘွဲ့တို့ကို သီကျူးပြီး အချည်းနှီး အချိန် ဖြုန်းရမည့် အခါမဟုတ်ပါ၊ လူတယောက်သည် ငါ့ထက်သာလွန်သည်။ အဆုတရာလောက် သာကောင်းသာလိမ့်မည်။ ငါတို့၏ နိုင်ငံတော် အနှံ့အပြား သူ့ကို သွားရှာကြရမည်။ ငါသည် ဤသူမြတ်နှင့် မတွေ့ရသမျှ ငါ့အား ပျော်ရွှင်မှုရလိမ့်မည် မဟုတ်ပါ" ဟု ချိုသာစွာပင် ပြောပြ၏။

မင်းမှုထမ်းတို့သည် အရှင်သခင်၏ ဤစကားကို ကြားရသောအခါ လွန်စွာပင် အံ့သြသွားကြ၏။ သူတို့သည် ဘုရင်၏ အမိန့်အတိုင်းပင် ထိုထူးဆန်းသော လှည်းသမား ရေကာဝါကို ရှာဖွေရန်အတွက် ထွက်သွားကြ၏။ သူ့ကိုဘုရင်မင်းမြတ်က "သူမြတ်" ဟု ခေါ်၏၊ မင်းမှုထမ်းတို့တွင် အချို့သည် ရက်အနည်းငယ် အတွင်းမှာ ပြန်လာပြီး ရေကာဝါ၏ သတင်းအစအနကိုမျှ မရကြောင်း လျှောက်ကြားကြ၏၊ သို့ရာတွင်ဘုရင်မင်းမြတ်သည်သူတို့အား အမှန်တရားသိမြင်သော သူတို့စုဝေးနေထိုင်ရာ အရပ်တို့၌ သွားရှာရန် တဖန်စေလွှတ်လိုက် ပြန်၏။

ဘုရင်မင်းမြတ်၏ စိတ်ဓာတ်သည် ထိုအမှန်တရားသိသူနှင့် ကင်း၍ ချမ်းသာပျော်ရွှင်လိမ့်မည်မဟုတ်ဟု ကောင်းစွာ သိကြ၍ မင်းမှုထမ်းတို့သည် ထိုသူ့ကို မရ ရအောင် ရှာဖွေရန်အတွက်ထွက်သွားကြ၏။ သူတို့သည် မဟာဝရိသ နိုင်ငံတော်၏ မြို့ ရွာ အရပ်ရပ်ကိုမလစ်-မလပ်ရအောင် တနေရာပြီးတနေရာ ပိုက်စိတ်တိုက် ရှာဖွေကြ၏။ သို့ဖြင့် ရွာတရွာ၌ လွန်စွာ ရိုးသားဖြောင့်မတ် တည်ငြိမ်သော လှည်းသမားတယောက်ကို တွေ့ရ၏၊ ယင်းသည် ထိုရေကာဝါ ဖြစ်၏။

သူ၏ မျက်နှာမှာ ငြိမ်းချမ်း၍ မျက်လုံးတို့မှာ သနားကြင်နာခြင်းဖြင့် ဝင်းလက်နေ၏။ သူသည်မိမိတဲကုပ်၏ အနီးက လှည်းအောက်၌ ငြိမ်သက်စွာ ထိုင်နေ၏။

မင်းမှုထမ်းတို့သည် အတန်ကြာသည့် တိုင်အောင် ·တအံ့ တသြ ကြည့်ရှုငေးမောနေကြပြီးလျှင် "ငါတို့၏ ဘုရင် မင်းမြတ်သည် အဘယ်မျှ မိုက်မဲပါ သနည်း၊ ဤအချည်းနှီး လူကို မိမိထက် ကြီးမြတ်သည်ဟု ယူဆ၏' စင်စစ် ဘုရင် မင်းမြတ် ဦးနှောက်ချောက်ခြင်းသာ ဖြစ်မည်" ဟု ဝေဖန်ကြ၏။ သို့ရာတွင် သူတို့သည်ဘုရင်၏ အမိန့်မှ တပါး အခြားဘယ်သို့ ပြုလုပ်နိုင်ပါမည်နည်း၊ သူတို့သည် လှည်းသမားကို စိတ်ပျက်ပျက်နှင့် အတန်ကြာကြည့်နေပြီးနောက် ဘုရင်မင်းမြတ်ထံ ပြန်ကာ မိမိတို့ တွေ့မြင် ခဲ့သမျှအကြောင်းစုံ အကုန် ပြန်ကြားလျှောက်ထားကြ၏။ အမှုထမ်းများ မည်သို့ပင်မြင်ကြစေကာမူ ဘုရင်မင်းမြတ်သည် လှည်းအောက်တွင် ထိုင်နေသူ၏ တန်ဖိုးကို ကောင်းစွာသိ၏။

ဘုရင်မင်းမြတ်သည် ကြီးကျယ်မြင့်မြတ်သော သူတော်စင်တို့နှင့်တွေ့ဆုံရန်သွားသော အခါ ပူဇော်ဖွယ် ပစ္စည်း ဥစ္စာ ရွှေ ငွေ ရတနာတို့ကိုယူဆောင်သွားလေ့ရှိ၏။ ထိုအခါမှာ သူ၏ ပေးလှူမှုမှာ ပိုမိုပြီး ထင်ရှားသွား၏။ ယခုအခါ ရေကဝါနှင့် တွေ့ဆုံရန်အသွားတွင်လည်း ထို့အတူပင်ပူဇော်ဖွယ်တို့ကို သူနှင့်အတူ ယူဆောင်သွား၏။ ယင်းတို့မှာ ရှေးကထက် ပိုမို များပြား၏။ အကြောင်းကား ထိုလှည်းသမားမှာ ပိုပြီး ထင်ရှား၍ စိတ်ဝင်စားဖွယ် ကောင်းသောကြောင့် ဖြစ်၏။

ယူဆောင် သွားသော ဘုရင် မင်းမြတ် ပူဇော်ဖွယ်တို့မှာ နုပျိုသော နို့စား နွားမ အကောင် ခြောက်ရာမှာ နွားငယ်များလည်းပါဝင်၏။ မြင်းကသော ရထားများနှင့် ရထားပေါ်တွင်လည်း ပစ္စည်း ဥစ္စာ အများ အပြားနှင့် ရွှေ ငွေ ရတနာတို့လည်းပါဝင်၏၊ သူဌေးတယောက်ဟု ခေါ်လောက်အောင် ပြည့်စုံသော ပစ္စည်းဥစ္စာတို့ပင် ဖြစ်၏။

ရေကဝါ လှည်းသမားသည် သူ၏ ထံမှောက်သို့ ကြီးကျယ် ခမ်းနားစွာ ဘုရင်မင်းမြတ် ရောက်လာသည်ကို အံ့သြခြင်းလည်းမရှိ၊ ခရီးဦးကြိုဆိုမှုလည်း မပြု၊ တည်ငြိမ်စွာပင် နေ၏။ ဘုရင်မင်းမြတ်သည် သူ့ကို ပဏာမပြုပြီး ရှိခိုးကာ ရပ်လျက် ဤပူဇော်ဖွယ် ပစ္စည်းများကို လက်ခံရန်နှင့်အမှန်တရား ညွှန်ပြရန် တောင်းပန်၏။

ထိုအခါ ရေကဝါက "ဘုရင်မင်းမြတ် အရှင်သည် ဤအဖိုးတန်ပစ္စည်းများကို အချည်းနှီး ဖြုန်းတီးပစ်နေသည်။ ဤဥစ္စာတို့သည် အဘယ်နည်း၊ အမှန်တရားကို ကေရာဇ်မင်းတရာ၏ စည်းစိမ် ဥစ္စာတို့ကို ပေးသော်လည်း မရနိုင်ပါ။သဘာဝတရား၏ အသိဥာဏ်ကိုပစ္စည်းဥစ္စာနှင့် ရောင်းဝယ်

ဖလှယ်၍ မရနိုင်ပါ။ အရှင်ယူဆောင်လာသော ဤပစ္စည်းဥစ္စာတို့သည် ကျွန်ုပ်အတွက် တစုံ တရာ အသုံးမဝင်ပါ”ဟု ပြတ်သားစွာ ပြောပြ၏။

ဤသို့ ပြောသောစကားကို ကြားရသောအခါ ဘုရင်မှာ အတော်ပင်စိတ်ထိခိုက်သွား၏။ ကမ္ဘာပေါ်တွင် ဤသို့သော ပူဇော် သကာ ငြင်းပယ်သူ ဘယ်မှာ ရှိမည်နည်း၊ သို့ရာတွင် လှည်းသမား ရေကဝါကား တစုံတရာမက်မောတွယ်တာခြင်း အလျဉ်းမရှိဘဲ ခါးသီးစွာပင် ငြင်းပယ်လိုက်၏။ထို့အတွက် ဘုရင်မင်းမြတ်သည် လှည်းသမားကို ပိုမိုလေးစားမြတ်နိုးသွား၏။ လှည်းသမားသည် သူ၏ အပူဇော်ကိုလည်း လက်မခံ၊ အမှန် တရားကိုလည်း မညွှန်ကြားသဖြင့် စိတ်ပျက်စွာ နန်းတော်သို့ ပြန်ခဲ့၏၊ လှည်းသမားသူတော်စင်ကား ဘုရင်အား အမှန်တရား၏ လမ်းစ ညွှန်ပြလိုက်ပြီဟု ယူဆ၏။

ဘုရင်သည် အလှူရေစက်လက်နှင့်မကွာ လှူဒါန်း နေသူ ဖြစ်၏။ ထိုသို့ပေးလှူခြင်းကို ဂုဏ်ယူလေ့ရှိ၏။ ယခု လှည်းသမား ရေကဝါ၏ထံမှ ပြန်လာသောအခါ အစဉ်အလာအတိုင်းဝတ်မပျက်စေရန်သာ ပေးလှူရသည်။ စိတ်ပါလက်ပါမရှိလှတော့ပါ၊ လောက၌ ဓမ္မတရားဟူသည် ပေးကမ်းလှူဒါန်းခြင်းဟု သူယူဆ၏၊ယင်းကို ကုသိုလ်ကောင်းမှုဟု ယုံကြည်၏။ သို့ရာတွင် ရေကဝါက “အဖိုးတန် ပစ္စည်းများကို အချည်းနှီးဖြုန်းပစ် နေသည်”ဟု ဆို၏။ သို့ဖြစ်ပါလျှင် ငါသည် လောက၌ ဘယ်သို့ နေရပါမည်နည်းဟု ပူလောင်ကာ စိတ်မချမ်းမသာ ဖြစ်နေ၏။ ရေကဝါ၏အထံသို့ ရောက်ပါလျှင်သန္တိသုခ အပြည့်အဝရသည်ဟု သူကြားဘူး၏။ သို့ရာတွင် သူ့မှာ ထိုမှပြန်ခဲ့မှ ပိုဆိုးနေ၏၊ ထို့ကြောင့် သူသည် ရေကဝါ၏ ထံသို့ နောက်တခါသွားပြန်၏။

ဤအခါ ရေကဝါသည် ဘုရင်မင်းမြတ်အား စိတ်နှင့်ပတ်သက်သော သင်ကြားချက်ပေးရန် သင့်တော်ပြီဖြစ်ကြောင်း သိမြင်၍ ရင်းနှီးစွာပင်ခရီးဦးကြိုဆို၏။ ဘုရင်လည်း အလွန်ရွှင်လမ်း ဝမ်းမြောက်စွာ ရေကဝါကို သင့်လျော်သော တနေရာသို့ ခေါ်ဆောင်သွား၏။ ထိုတွင် သူတို့နှစ်ဦးစိတ်နှင့် ပတ်သက်သော အချက်အလက်တို့ကို လေးလေးနက်နက် ရင်းနှီးစွာ ဆွေးနွေးကြ၏။

ဘုရင်က “အိုပညာရှိ လူတို့သည် များစွာသော ဒေဝီ–ဒေဝတာတို့ကို ပူဇော်ကြပါသည်။ အဘယ်မျှသော သူတို့သည် လေနတ်ကိုရင်း, မီး

နှတ်ကိုင်၊ သက်ရှိသွေးအင်သတ္တိတို့ကိုင်း ကိုးကွယ်ကြပါသည်။ ယင်းတို့၏ ပူဇော်ခြင်း ကိုးကွယ်ခြင်းတို့မှာ မှန်ကန်ပါသလော" ဟု မေး၏။

"အို မင်းမြတ်စိတ်သည်သာလျှင် အားလုံး တို့ကို ဖန်တီး၍ ယင်းတို့ကိုလည်း စောင့်ရှောက်သည်။ ထိုစိတ်သည် ဘယ်အရာကိုမျှလည်း စားသုံးသည် မဟုတ်ပါ။ ထို့ပြင် ယင်းသည် ဘယ်အရာကိုမျှလည်း အလိုမရှိပါ။ သူအလိုရှိသော အရာကို ကိုယ်တိုင်ပင် ပြီးမြောက်ပါသည်။ ကမ္ဘာပေါ်ရှိ အရာဝတ္ထုအားလုံးတို့သည် စိတ်နှင့်ဆက်သွယ်နေကြပါသည်။ အားလုံးသည် သူ၏သက်နက်ဖြစ်၍ သူ၏အလိုအတိုင်းပင် လှုပ်ရှားနေကြခြင်းဖြစ်သည်။"ဟု ရေကဝါက ရှင်းပြ၏။

"အို ပညာရှိ ထိုသို့ဖြစ်ပါလျှင်ကျွန်ုပ်တို့သည် ဘယ်သူ့ကိုမျှ ပေးလှူပူဇော်မှု မပြုရပြီလော၊ ကိုးကွယ်ဆည်းကပ်မှုတို့ကို စွန့်လွှတ်ရမည်လော"ဟု ဘုရင်က မေးပြန်၏။

"အို ဘုရင်မင်းမြတ် သင်သည် အစွမ်းရှိသလောက် ပေးကမ်းလှူဒါန်းပါ။ သို့ရာတွင် ငါကား လောကတွင် ပေးကမ်းလှူဒါန်းခြင်း၌ မေ့လျော်သူဟု မာန်မာန မဘက်ကြပါနှင့်။ ယဉ်ကျေးသိမ်မွေ့စွာ ပေးကမ်းလှူဒါန်းပါ။ သို့ရာတွင် ထိုအလှူမှာ ငါဟူသော အတ္တမရှိပါစေနှင့်၊ လက်ကို ဖြန့်ပြီး ပေးလှူပါ၊ သို့ရာတွင် ထင်ရှားကျော်ကြားရန် ရည်ရွယ်ချက်မထားပါနှင့်။ အချုပ်အားဖြင့် ပေးကမ်းလှူဒါန်းရာမှာ ယင်းသည် ငါ့ဥစ္စာဖြစ်သည် ဟု သဘောမထားဘဲ ယင်းတို့ကို ပေးလှူရန်အတွက်သာ ထားခြင်းဖြစ်သည် ဟု လျစ်လျူရှုရပါမည်" ဟု ရေကဝါက ရှင်းပြ၏။

"အို ပညာရှိ ဘယ်အရာကို အမှန်တရားဟု တထစ်ချအားဖြင့် မှတ်သားထားရပါမည်နည်း"။

"အို ဘုရင်မင်းမြတ် အမှန်တရားမှာ စိတ်ဖြစ်ကြောင်း ကျွန်ုပ်ပြောခဲ့ပါပြီ။ ယင်းသည် ဟဒယ ဝတ္ထုမှာနေသည်။ ကြည်လင်တောက်ပအေးမြသည်။ အားလုံးကို ဖန်တည်း စောင့်ရှောက်သည်။ ဤအမှန်တရားကိုတွေ့မြင်သူသည် အလင်းရောင်ရ၍ မည်သည့်ပစ္စည်း ဝတ္ထုကိုမျှ တပ်မက်တွယ်တာမှု မပြုတော့ပါ။ သူ၏ရှေ့တွင် ပစ္စည်းဝတ္ထုအားလုံးတို့သည် သာမညသာ ဖြစ်ကြပါသည်။"

ဘုရင်မင်းမြတ်သည် ရေကဝါ၏ ဖြေဆိုချက်ကို လွန်စွာနှစ်သက်သဖြင့် ကောင်းချီးနုမော်သာဓုခေါ်၏။ ထို့နောက် သူသည် ရေကဝါအား ရွေးကထက် ပိုမိုများပြားသော ပစ္စည်းဥစ္စာတို့ဖြင့် ပူဇော်ပြီးလျှင် သူ၏

ပင်တိုင်စံ သမီးကညာနှင့်လည်း ထိမ်းမြားပေး၏။ ဤအခါမှာ ရေကာဝါ သည် ဤပစ္စည်းတို့ကို မငြင်းပယ်တော့ချေ။ အကြောင်းကား ဘုရင်သည် အမှန်တရားကို သိမြင်သွားသောကြောင့်ဖြစ်၏။

ဤမှနောက်တွင်ကား ထိုရွာသည် ထိုလှည်းသမား သူတော်စင်၏ အမည်ကိုအစွဲပြု၍'ရေကာဝါ ပဏ္ဏ' ဟူသော အမည်ဖြင့် ထင်ရှားလေသတည်း။

ဤအတူပင် အမှန်တရားကို ဘယ်ကဖြစ်စေ, ဘယ်သူ့ထံမှဖြစ်စေ ရယူရန်ဖြစ်ပါသည်။ စင်စစ် ဤ ဓမ္မပဒတရားတို့သည် အမှန်တရား ရရှိရေး အတွက်တို့ပင်ဖြစ်သည်။ ဓမ္မပဒသည် ဟိန္ဒူဘာသာ၌ လွန်စွာထင်ရှားသော ဘဂဝဒ်ဂီတာနှင့် ခပ်ဆင်ဆင်တူ၏။ဂီတာသည်ဟိန္ဒီဝါဒ၏ အနှစ်သာရဖြစ်သ ကဲ့သို့ ဓမ္မပဒသည် ဗုဒ္ဓဝါဒ၏ အနှစ်သာရဖြစ်၏။ဂီတာမှာဂါထာနှင့်တူသော သီလောက သက်သက်ဖြစ်သကဲ့သို့ ဓမ္မပဒမှာလည်း သီလောကနှင့်တူသော ဂါထာသက်သက်တို့ဖြစ်၏။ ဂီတာမှာ သီလောကပေါင်း ၇၀၀ ကို အခန်း ၁၈–ခုဖြင့် ဝေဖန်ထား၍ ဓမ္မပဒမှာ ၄၂၃–ဂါထာကို ၂၆– ဝဂ်ဖြင့် ခွဲခြားထား၏။ အိန္ဒိယ ယဉ်ကျေးမှုကို လေ့လာကြသော ကမ္ဘာ့သုတေသီတို့ သည် ဂီတာနှင့် ဓမ္မပဒကို တွဲဖက်လေ့လာကြသည်။ ထို့အတူ မြန်မာတို့ လည်း လေ့လာသင့်လှပါသည်။သို့အတွက် စာရေးသူသည် 'ကမ္ဘာ့တန်ဆာ' အမည်ရှိသော စာအုပ်၌ ဂီတာကို ဤသို့နှင့်နှင့် ပြန်ဆိုပြီး ဖော်ပြထားပါ သည်။ အကယ်၍ ဤဘာသာနှစ်ရပ်ကို ဆက်စပ်ပြီး ကောင်းစွာ သဘော ပေါက်ပါလျှင် မည်သည့် အရာမျှ မဆန့်ကျင်ဘဲ သမာဝါဒီဖြစ်ကာ ငြိမ်း ချမ်းစွာ နေနိုင်လိမ့်မည်။ စာရေးသူ၏ ပဓာန ရည်ရွယ်ချက်မှာ အမှန်တရား ကို ကိုယ်တိုင် ထိုးထွင်းသိမြင်ပြီး ငြိမ်းချမ်းကြစေရန်ပင် ဖြစ်ပါသည်။

ပညာရှင်တို့အား တောင်းပန်အပ်ပါသည်။ ဓမ္မပဒ ဂါထာတို့ကို ဘာသာပြန်ဆိုရာမှာ မူလဂါထာ ပါဠိတော်နှင့် အနက်မြန်မာပြန်ဆိုချက်ကို လွယ်ကူစွာတိုက်ဆိုင်မိစေရန်ရည်သန်ပြီး ပါဠိတော်ပုဒ်အချို့ကို တိုက်ရိုက်ပြန် ဆိုခဲ့ပါသည်။ ယင်းသည် အစင်အလာ ပြန်ဆိုချက်နှင့် အသင့်အတင့် ကွဲလွဲ ကောင်း ကွဲလွဲပါမည်။ ဤအတွက် ခွင့်လွှတ်ရန် ဖြစ်ပါသည်။ စင်စစ် အဋ္ဌ ကထာ, ဋီကာ ဆရာတို့ ဖွင့်ဆိုချက် အတိုင်း မဖွင့်ဆိုဘဲ သဒ္ဒါနက်အတိုင်း ပြန်ဆိုခြင်းသာဖြစ်ပါသည်။ အကြောင်းကား စာရှုသူတို့ကိုယ်တိုင် ကြံတွေး စေလို၍ပင် ဖြစ်ပါသည်။



# ၁-ယမကဝဂ်

## ၁–စက္ခုပါလ

မနော ပုဗ္ဗင်္ဂမာဓမ္မာ၊မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိဝါ ကရောတိဝါ၊
တတောနံ ဒုက္ခမန္ဝေတိ၊ စက္ကံ ဝ ဝဟတော ပဒံ ။၁။

တရားတို့သည်စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင် အကြီးအမှူးရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ ပြစ်မှားလိုသောစိတ်ဖြင့် အကယ်၍ ပြောဆိုသော်၎င်း၊ ပြုလုပ်သော်၎င်း၊ ကြံစည်သော်၎င်း ထို့ကြောင့် လှည်းဘီးသည် ဝန်ဆောင်နွား၏ ခြေရာသို့ အစဉ်လိုက် သကဲ့သို့ ထိုသူ့သို့ဆင်းရဲသည် အစဉ်လိုက်၏။၁။

မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ နေတော်မူသောအခါစက္ခုပါလ အမည်ရှိသောရဟန်းသည် စင်္ကြံသွားရာတွင် ပိုးပရန်ကောင်များကို နင်းမိ၍ ပိုးကောင်တို့ သေကျေပျက်စီးကုန်၏။ ပိုးကောင်များသေကြသည်ကို တပါးသောရဟန်းတို့တွေ့မြင်ကြလျှင် စက္ခုပါလအားကဲ့ရဲ့ပြစ်တင်

ပြီး ဘုရားရှင်ထံသွားပြီး "အရှင်ဘုရား စက္ခုပါလထေရ် စင်္ကြံသွားရာတွင် ပိုးကောင်များသေကျေပျက်စီးကြပါသည်"ဟုလျှောက်ကြ၏။

ထိုအခါမြတ်စွာဘုရားက "ရဟန်းတို့ စက္ခုပါလ ပိုးကောင်များသေကျေပျက်စီးအောင်ပြုသည်ကို သင်တို့ မြင်ကြကုန်သလော"ဟုမေး၏။

"အရှင်ဘုရား ကိုယ်တိုင်ကား မမြင်ကြပါ၊ သေနေသော ပိုးကောင်များကိုသာ စင်္ကြံတလျှောက်၌တွေ့မြင်ကြရပါသည်"ဟု လျှောက်ကြ၏။

"ရဟန်းတို့ သင်တို့သည် စက္ခုပါလ ပိုးကောင်များ နင်းသတ်သည်ကို မမြင်ကြသကဲ့သို့ပင် စက္ခုပါလသည်လည်း ပိုးကောင်တို့ကို မမြင်ရှာပါ။ စင်စစ်ရဟန္တာပုဂ္ဂိုလ်တို့သည် သေစေလိုသော စေတနာမရှိကြပါ။"

"အရှင်ဘုရား စက္ခုပါလထေရ်သည် ရဟန္တာဖြစ်ပါလျက် အဘယ်ကြောင့်မျက်မမြင် ဒုက္ခိတဖြစ်ရပါသနည်း။"

"ရဟန်းတို့ စက္ခုပါလကို ရှေးကပြုခဲ့ဘူးသော မကောင်းမှုအကုသိုလ်ကံအစဉ်လိုက်ခြင်းဖြစ်သည်"ဟုဖော်ပြပါတရားကိုဟောကြားတော်မူ၏။

---

## ၂–မဋ္ဌကုဏ္ဍလီ

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ သုခ မန္ဝေတိ၊ ဆာယာဝ အနပါယိနီ။ ၂။

တရားတို့သည်စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင်အကြီးအမှူးရှိကုန်၏။စိတ်ဖြင့်ပြီးကုန်၏။သန့်ရှင်းကြည်လင်သောစိတ်ဖြင့်အကယ်၍ ပြောဆိုသော်ငြားလည်း၊ ပြုလုပ်သော်ငြား၊ ကြံစည်သော်ငြား ထို့ကြောင့် အရိပ်သည် အစဉ်လိုက်သကဲ့သို့ ထိုသူသို့ ချမ်းသာသည်အစဉ်လိုက်၏။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေတော်မူသောအခါ မဋ္ဌကုဏ္ဍလီအမည်ရှိသော သူဌေးသားသည် တစုံတရာ အလှူဒါန စသော ကုသိုလ်ကောင်းမှုမပြုပါ။ သို့ရာတွင်သေခါနီးကာလ၌ ဆွမ်းခံကြွတော်မူသောဘုရားသခင်ကိုဖူးမြင်၍ကြည်ညိုကာမျှဖြင့် တာဝတိံသာနတ်ပြည်သို့ရောက်သွား၏။ မဋ္ဌကုဏ္ဍလီနတ်အဖြစ်သို့ ရောက်သောအခါ ရွှေဗိမာန် နတ်သမီး အခြံအရံနှင့်တကွ မြတ်စွာဘုရားထံမှောက် ရောက်လာပြီး မိမိ နတ်ပြည်သို့ ရောက်ရခြင်းအကြောင်းကိုလျှောက်ကြား၏။

ထိုအခါ အဖသူဌေးကြီးက မြတ်စွာဘုရားအား "အရှင် ဂေါတမ သင်တို့ကိုကြည်ညိုကာမျှဖြင့် နတ်ပြည်သို့ရောက်နိုင်ပါသလော"ဟုမေး၏။

"ဒါယကာ သူဌေး ရတနာ သုံးပါးကို ဖြူစင်သော စေတနာဖြင့် ကြည်ညိုမြတ်နိုးသူတို့ နတ်ပြည်သို့ရောက်သွားသော အရေအတွက်ကိုရေတွက်၍မပြနိုင်ပါ၊ စိတ်စေတနာ ဖြူစင် သန့်ရှင်းသော မည်သူမဆို ကောင်းမြတ်သောအကျိုးဖလကို အမှန်မုချရနိုင်၏"ဟု ကုသိုလ်ကံ၏ သဘော တရားကို ဟောကြားတော်မူခြင်းဖြစ်၏။

ဓမ္မကို တရားဟုခေါ်ကြ၏။ သို့ရာတွင်ဆရာမြတ်တို့ကဤတွင် ဓမ္မသဒ္ဒါသည် ခန္ဓာငါးပါးအနက်မှ နာမ်ခန္ဓာလေးပါး၌ဖြစ်၏ဟုဖွင့်ဆိုကြ၏။ ခန္ဓာငါးပါးမှာ (၁) ရူပက္ခန္ဓာ (၂)ဝေဒနာက္ခန္ဓာ (၃)သညာက္ခန္ဓာ (၄)သင်္ခါရက္ခန္ဓာ (၅) ဝိညာဏက္ခန္ဓာတို့ဖြစ်ကုန်၏။ ဤတွင် ရူပက္ခန္ဓာမှာ ရုပ်ခန္ဓာဖြစ်၍ကြွင်းသောခန္ဓာလေးပါးမှာ နာမ်ခန္ဓာတို့ဖြစ်ကုန်၏။

တရားကိုယ်မှာ ရုပ်(၂၈)ပါးသည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာ စေတသိက်သည် ဝေဒနာက္ခန္ဓာမည်၏။ သညာ စေတသိက်သည် သညာက္ခန္ဓာမည်၏။ ဝေဒနာ, သညာမှ တပါးသော စေတသိက် (၅၀) သည် သင်္ခါရက္ခန္ဓာမည်၏။ စိတ်(၈၉)ပါးသည် ဝိညာဏက္ခန္ဓာမည်၏။

သင်္ဂဇာဆရာတော်က "ဓမ္မာ=ဝေဒနာစသော စေတသိက် တရားတို့သည်။ မနောပုဗ္ဗင်္ဂမာ=ဝိညာဏက္ခန္ဓာသာလျှင်ပြဋ္ဌာန်းခြင်းရှိကုန်၏။ မနောသေဋ္ဌာ=စိတ်သာလျှင်အမြတ်အကြီးရှိကုန်၏။ မနောမယာ=စိတ်ဖြင့် ပြီးကုန်၏"ဟုပြန်ဆို၏။

ဤတရားနှစ်ပုဒ်တွင် အရေးကြီးသော အချက်မှာ စိတ်ကောင်း မရှိခြင်း၏ အပြစ်နှင့် စိတ်ကောင်းရှိခြင်း၏အကျိုးပင်ဖြစ်၏။ ထို့နှင့် ပတ်သက်၍ အင်္ဂုတ္တရပါဠိတော် အဒန္တဝဂ်၌ မြတ်စွာဘုရားဟောကြားချက်ကိုဆက်စပ်ပြီး နာကြားသင့်ပါသည်။

ရဟန်းတို့ မဆုံးမအပ်သောဤစိတ်သည် များစွာအကျိုး မဲ့ခြင်းငှာ ဖြစ်သကဲ့သို့ ဤအတူအကျိုးမဲ့ခြင်းငှာ ဖြစ်သော အခြားတခုသော တရားကိုမျှလည်းငါမမြင်။ ရဟန်းတို့ မဆုံးမအပ်သောစိတ်သည် များစွာအကျိုးမဲ့ခြင်းငှာဖြစ်၏။

ရဟန်းတို့ ဆုံးမအပ်သောဤစိတ်သည် များစွာအကျိုးရှိခြင်းငှာဖြစ်သကဲ့သို့ ဤအတူ များစွာအကျိုးရှိခြင်းငှာဖြစ်သော အခြားတခုသောတရား

ကိုမျှလည်း ငါမမြင်။ ရဟန်းတို့ ဆုံးမအပ်သော စိတ်သည်များစွာ အကျိုးရှိခြင်းငှါဖြစ်၏။

ထို့နောက် မြတ်စွာဘုရားသည် မလုံခြုံစေအပ်သော စိတ်နှင့်လုံခြုံစေအပ်သောစိတ်ကို၎င်း, မစောင့်ရှောက်အပ်သောစိတ်နှင့်စောင့်ရှောက် အပ်သောစိတ်ကို၎င်း, မဆို့ပိတ်အပ်သောစိတ်နှင့် ဆို့ပိတ်အပ်သော စိတ်ကို၎င်း, ထိုအတူပင်ခွဲခြားပြီးဟောကြားတော်မူ၏။

မြတ်စွာဘုရားသည် အင်္ဂုတ္တရပါဠိတော် ပဏိဟိတ အစ္ဆဝဂ်၌ စိတ်၏သဘာဝနှင့်ယင်း၏ ညစ်ညူးကြောင်း စင်ကြယ်ကြောင်း တို့ကို ဆက်လက်ဟောကြားတော်မူ၏။

ရဟန်းတို့ ဤစိတ်သည်လျင်မြန်စွာပြောင်းလဲသကဲ့သို့ ဤအတူလျင်မြန်စွာပြောင်းလဲသော အခြားတခုသောတရားကိုမျှလည်း ငါမမြင်။ ရဟန်းတို့ စိတ်သည်အလွန်လျင်မြန်စွာ ပြောင်းလဲ၏။ဥပမာပြရန်မလွယ်။

ရဟန်းတို့ ဤစိတ်သည် ပြိုးပြိုးပြက်တောက်ပ၏၊ထိုစိတ်သည်ပင် ဧည့်သည်သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့ကြောင့်ညစ်ညူးရ၏။

ရဟန်းတို့ ဤစိတ်သည်ပြိုးပြိုးပြက်တောက်ပ၏။ ထိုစိတ်သည်ပင် ဧည့်သည်သဖွယ်ဖြစ်ကုန်သော ညစ်ညူးကြောင်း ကိလေသာတို့မှ ကင်းလွတ်၏။

စိတ်ညစ်ညူးကြောင်းတို့မှာ (သူတပါးစည်းစိမ်ကို) ရှေးရှုကြံစည်ခြင်း အဘိဇ္ဈာ, မသင့် လျော်ရာ၌ လိုချင်တပ်မက်ခြင်း ဝိသမလောဘ, သူတပါးပျက်စီးစေလိုခြင်း ဗျာပါဒ, အမျက်ထွက်ခြင်း ကောဓ, ရန်ငြိုးဖွဲ့ခြင်း ဥပနာဟ, ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း မက္ခ, ဂုဏ်ပြိုင်ခြင်း ပဠာသ, ငြူစူခြင်းဣဿာ, ဝန်တိုခြင်း မစ္ဆရိယ,လှည့်ပတ်ခြင်း မာယာ, စဉ်းလဲခြင်း သာဌေယျ, စိတ်ခက်ထန်ခြင်း ထမ္ဘ, ချူတ်ချယ်ခြင်း သာရမ္ဘ,မောက် မော်ခြင်း မာန, အလွန်မောက်မော်ခြင်း အတိမာန, မာန်ယစ်ခြင်း မဒ,သတိမေ့လျော့ခြင်း ပမာဒတို့ဖြစ်ကုန်၏။ ဤအကြောင်းကို မူလပဏ္ဏာသ ပါဠိတော်ဝတ္ထသုတ်၌အကျယ်တွေ့နိုင်ပါသည်။

---

၃–တိယ

အက္ကောစ္ဆိမံ အဝဓိမံ၊ အဇိနိမံ အဟာသိမေ၊
ယေစတံ ဥပနယှန္တိ၊ ဝေရံ တေသံ န သမ္မတိ၊၃။

ဤသူသည် ငါ့ကိုဆဲရေးဘူးပြီ၊ ငါ့ကိုညှဉ်းဆဲဘူးပြီ၊ ငါ့ကိုအောင်နိုင်ဘူးပြီ၊ငါ့ဥစ္စာကို ဆောင်ယူဘူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးဖွဲ့ကုန်၏။ ထိုသူတို့အား ရန်သည်မငြိမ်းအေးနိုင် ၊၃။

အက္ကောစ္ဆိ မံ အဝဓိ မံ၊ အဇိနိ မံ အဟာသိမေ၊
ယေစတံ နုပနယှန္တိ၊ ဝေရံ တေသူပ သမ္မတိ၊၄။

ဤသူသည် ငါ့ကိုဆဲရေးဘူးပြီ၊ ငါ့ကိုညှင်းဆဲဘူးပြီ၊ ငါ့ကိုအောင်နိုင်ဘူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဘူးပြီဟု ထိုသူ့အပေါ်၌ ရန်ငြိုးမဖွဲ့ကုန်၊ ထိုသူတို့အား ရန်သည်အေးငြိမ်းနိုင်၏၊၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အသက်အရွယ်ကြီးမှ ရဟန်းပြုသော ဘထွေးတော်၏သား တိဿအမည်ရှိသောရဟန်းသည် စားကောင်းသောက်ဖွယ်တို့ကို စာ သောက်ပြီး အစည်းအဝေးခန်းမဆောင်တွင် အိပ်ကာနေလေ့ရှိ၏၊ ဘုရားဖူးလာသော အာဂန္တုရဟန်းတို့သည် ထိုရဟန်းကို မထေရ်ကြီးဟု ထင်မှတ်၍ အရိုအသေ, ဝတ်ကြီး–ဝတ်ငယ်ပြုရန် ဝါကိုမေးကြ၏။ သို့ရာတွင် ထိုရဟန်းသည် အဖြေမပေးဘဲ မသိမသာပင် အရိုအသေပြုခြင်း, ဝတ်ကြီးဝတ်ငယ်ပြုခြင်းတို့ကို ခံယူနေ၏၊ ထိုအခါ အကြောင်းကိုသိသော ရဟန်းတပါးက–"ငါ့ရှင်သင်သည် မိမိပမာဏကိုမသိ၊ မိမိထက် သိက္ခာဝါကြီးသော ရဟန်းတို့ကိုတွေ့မြင်ပါလျက် အဘယ်ကြောင့်ခရီးဦး ကြိုဆိုခြင်း, အရိုအသေပြုခြင်းတို့ကို မပြုသနည်း–"ဟုသွန်သင်ဆုံးမ၏။

ထိုအခါ တိဿရဟန်းသည် ခတ္တိယမင်းမျိုးတို့၏ မာန်တက်ကာ ဒေါသဖြင့် မြတ်စွာဘုရားထံသွားပြီး ထိုသွန်သင်ဆုံးမခြင်းတို့ကို အပြစ်အဖြစ်လျှောက်ကြား၏၊ မြတ်စွာဘုရားသည် ထိုရဟန်းကိုပါခေါ်၍ မျက်နှာစုံညီစစ်ဆေးပြီး တိဿရဟန်းကိုဆုံးမရန် ဟောကြားတော်မူခြင်းဖြစ်၏။

---

## ၄–ကာဠယက္ခိနီ

နဟိဝေရေန ဝေရာနိ၊ သမ္မန္တီဓ ကုဒါစနံ၊
အဝေရေနစ သမ္မန္တိ၊ ဧသဓမ္မော သနန္တနော၊၅။

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ရန်တို့သည် ဘယ်အခါမျှ မငြိမ်းနိုင်ကုန်၊ ရန်တုံ့မမူခြင်းဖြင့်သာလျှင် ရန်ငြိမ်းနိုင်ကုန်၏။ ဤသည်ကား အစဉ်အလာသဘောတရား တည်း၊ ၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အမျိုးသမီးတဦး၏ ကလေးကို ကာဠီအမည်ရှိသော ဘီလူးမက သတ်ရန်လိုက်ရာ မြတ်စွာဘုရားနှင့်တွေ့၍ မသတ်လိုက်ရချေ။ မြတ်စွာဘုရားသည် ကလေးအမေနှင့် ဘီလူးမကိုခေါ်ပြီး သူတို့၏အတိတ်ကဖြစ်စဉ်ကို ရှင်းပြတော်မူ၏။

ရှေးအခါက အမြုံမသည် သားသည်အမေ၏ကလေးကိုသတ်ခဲ့ဘူး၏။

တဖန်သားသည်အမေသည် ကြောင်ဖြစ်၍ အမြုံမက ကြက်ဖြစ်လေရာ ကြက်မ၏သားကို ကြောင်ကသတ်၏။

တဖန်ကြက်မက ကျားသစ်ဖြစ်၍ ကြောင်က သမင်မ ဖြစ်လေရာ သမင်မ၏သားကို ကျားသစ်က သတ်၏။

ယခုအခါကျားသစ်မသည် သားသည်အမေဖြစ်၍ သမင်မက ဘီလူးမ ဖြစ် လာခြင်း ဖြစ်၏။

မြတ်စွာဘုရားသည် ဤသို့လျှင် သူတို့၏အတိတ်ဘဝဖြစ်စဉ်ကို ရှင်းပြပြီး ဘီလူးမအား–"သင်သည်အဘယ်ကြောင့် ဤအမှုကိုပြုရန် ကြိုးစားဘိသနည်း၊ အကယ်၍ငါနှင့်သာ မတွေ့ပါလျှင် ရှေးအခါက မြွေနှင့်မြွေပါကဲ့သို့ရင်း, ဝက်ဝံနှင့် ကြို့ပင်နတ်ကဲ့သို့ရင်း, ကျီးနှင့်ခင်ပုတ်ငှက်ကဲ့သို့ရင်း–ကမ္ဘာ့ရန်သူများ ဖြစ်သွားတော့မည်–"ဟု မိန့်ကြားပြီး ဤရန်ပြေ–မာန်ပြေတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၅–ကောသမ္ဗက

ပရေစ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ၊
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ၊၆။

ဤလောက၌ လူမိုက်တို့သည် ငါတို့သေကြလိမ့်မည်ဟု မသိကြကုန်။ ထို့ကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် မငြိမ်းနိုင်ကုန်၊ ဤလောက၌ ပညာရှိသူတို့သည် ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထို့ကြောင့်ခိုက်ရန် ငြင်းခုံမှုတို့ ပြေငြိမ်းနိုင်ကုန်၏၊၆။

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူသောအခါ ကောသမ္ဗီပြည်သား ရဟန်းတို့သည် ဂိုဏ်းနှစ်ဂိုဏ်းကွဲနေ၏။ တဂိုဏ်းမှာ ဓမ္မကထိကခေါင်းဆောင်သော ဂိုဏ်းဖြစ်၍ နောက်တဂိုဏ်းမှာ ဝိနည်းဓိုရ်ခေါင်းဆောင်သောဂိုဏ်းဖြစ်၏။ တနေ့တွင် ဓမ္မကထိက ပုဂ္ဂိုလ်ကုဋိ (အိမ်သာ) တက်ရာတွင် ရေကိုအသုံးပြုပြီး ရေခွက်တွင် ရေအနည်းငယ်ချန်ထား၍ ဝိနည်းဓိုရ်ပုဂ္ဂိုလ်ကအပြစ်နှင့်စွပ်စွဲရာမှ အစပြုပြီး အခြင်းများကြရာ မြတ်စွာဘုရားကိုယ်တိုင် စေ့စပ်၍မရအောင် ဖြစ်နေကြ၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အများနှင့်နေရခြင်းကို ငြီးငွေ့တော်မူသဖြင့် ကိုယ်တော်တပါးတည်း ပါလိလေယျတောသို့ သွား၍နေတော်မူ၏။ ဝါကျွတ်၍ မြတ်စွာဘုရား ပြန်ကြွလာသောအခါ ရဟန်းများသည် မိမိတို့အချင်းချင်း ကွဲပြားခြင်းကို နောင်တကြီးစွာရပြီးမြတ်စွာဘုရားထံသွားကြပြီးတောင်းပန်ကြသောကြောင့် သူတို့အား ဤတရားကို ဟောကြားခြင်းဖြစ်၏။

ဤဝတ္ထုသုံးပုဒ်မှ ဂါထာ၄-ပုဒ်၏ ပဓာနအချက်မှာ ရန်ငြိုးဖွဲ့ခြင်း, ရန်တုံ့မူခြင်း, ငြင်းခုံခြင်းတို့ကြောင့် ရန်မငြိမ်းဘဲရန်ငြိုးမဖွဲ့, ရန်တုံ့မမူ,မငြင်းခုံမှ ရန်ငြိမ်းမည့်အကြောင်းပင် ဖြစ်၏။ ဤအချက်နှင့်စပ်လျဉ်း၍ အောက်ပါ ဝိသုဒ္ဓိမဂ် ပြဟ္မဝိဟာရနိဒ္ဒေသ၌ ဖွင့်ဆိုချက်ကို ကောင်းစွာမှတ်သားပြီး အေးငြိမ်းစွာ နေထိုင်နိုင်ပါသည်-

အမျက်ထွက်သူကို တုန့်ပြန်၍ အမျက်ထွက်သူသည် ရှေးဦးစွာအမျက်ထွက်သူထက် ယုတ်မာ၏။ မိမိအား အမျက်ထွက်သူကို တဖန်ပြန်၍ အမျက်မထွက်သူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်သည်မည်၏။

အမျက်ဒေါသ ခြောင်းခြောင်းထနေသော သူတပါးကိုသိမြင်သတိရှိ၍ အမျက်ဒေါသကို ငြိမ်းစေသူသည် မိမိသူတပါး နှစ်ဦးသားတို့၏ အကျိုးစီးပွားကို ကျင့်ဆောင်သည်မည်၏။

ရန်သူသည် ဆင်းရဲစေခြင်းငှာ တတ်နိုင်ကောင်းသော သင်၏ကိုယ်၌ ဆင်းရဲမှုကို အကယ်၍ပြုငြားအံ့၊ သင်သည် အဘယ်ကြောင့် ထိုရန်သူ၏ အရာမဟုတ်သော မိမိစိတ်ဆင်းရဲခြင်းကို ပြုလိုပါသနည်း။

အိုပညာရှိ သူတပါးတို့က-"ယုတ်မာသောပြစ်မှားမှုကို ငါ့အားပြုလေပြီ-"ဟု သင်အမျက်ထွက်၏။ သင်သည်ထိုသူပြုသည်နှင့်တူသော ယုတ်မာသောပြစ်မှားမှုကို အဘယ်ကြောင့် ပြုလိုပါသနည်း။

အို ပညာရှိ သူစိမ်း ပြင်ပဖြစ်သော ရန်သူတစုံတယောက်က သင့်ကို အမျက်ထွက်စေလိုသောကြောင့် မနှစ်သက်ဖွယ်ကို အကယ်၍ပြုအံ့၊ သင်သည် ငါ့ကိုပြုလေပြီဟု အမျက်ထွက်သဖြင့် အဘယ်ကြောင့် ထိုသူ၏ အလိုဆန္ဒကို ပြည့်စေပါသနည်း။

အို သူတော်ကောင်း အမျက်ထွက်သော သင်သည် ရန်သူ ဆင်းရဲရောက်ခြင်းကို ပြုနိုင်ကောင်း ပြုနိုင်မည်။ မပြုနိုင်ဘဲဖြစ်မည်။ သို့ရာတွင် ကိုယ်တိုင်မှုကား ယခုပင် အမျက်ထွက်ခြင်း ဆင်းရဲခြင်းဖြင့် နှိပ်စက်ခံနေရလေပြီ။

ထို့ပြင် ပရမတ်တို့၏ တည်နေနိုင်သော ကာလသည် ခဏလေးမျှသာဖြစ်သောကြောင့် သင့်အား မနှစ်သက်ဖွယ်ပြုသူ၏ ခန္ဓာတို့ ချုပ်ကုန်ပြီ၊ ယခု ထိုရန်သူ၏ သန္တာန်၌ အဘယ်ခန္ဓာအား သင်အမျက်ထွက်သနည်း။

## ၆–မဟာကာဠ

သုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု အသံဝုတံ၊
ဘောဇနမှိ စာမတ္တညုံ၊ ကုသီတံ ဟီနဝီရိယံ၊
တံဝေ ပသဟတိ မာရော၊ ဝါတော ရုက္ခံဝ ဒုဗ္ဗလံ၊၇။

တင့်တယ်၏ဟု အဖန်ဖန်ရှု၍နေသော ဣန္ဒြေတို့၌ မစောင့်စည်းပဲ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိမူ၍ ဝီရိယ ယုတ်လျော့ ပျင်းရိသူကို လေပြင်းသည် အားနည်းသော သစ်ပင်ကို နှိပ်စက်ညှဉ်းဆဲဘိသကဲ့သို့ မာရ်သည် စင်စစ် နှိပ်စက်နိုင်၏၊၇။

အသုဘာနုပဿိံ ဝိဟရန္တံ၊ ဣန္ဒြိယေသု သုသံဝုတံ၊
ဘောဇနမှိ စ မတ္တညုံ၊ သဒ္ဓံ အာရဒ္ဓဝီရိယံ၊
တံဝေ နပ္ပသဟတိ မာရော၊ ဝါတော သေလံဝ ပဗ္ဗတံ၊ ၈။

မတင့်တယ်ဟု အဖန်ဖန်ရှု၍နေသော ဣန္ဒြေတို့၌ ကောင်းစွာ စောင့်စည်းလျက် ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ၍ သဒ္ဓါတရားရှိသဖြင့် ထက်သန်သော လုံ့လရှိသူကို လေမုန်တိုင်းသည် ကျောက်တောင်ကို မနှိပ်စက်မညှဉ်းဆဲနိုင်သကဲ့သို့ မာရ်သည် စင်စစ်မနှိပ်စက်နိုင်၊ ၈။

မြတ်ဗုဒ္ဓဘုရား သေတဗျမြို့ သိံပါသတော၌ နေတော်မူသောအခါ သေတဗျမြို့သား ဖြစ်ကြသည့် စူဠကာဠနှင့် မဟာကာဠတို့ ရဟန်းပြုကြ၏။ တနေ့တွင် စူဠကာဠ၏ ရှေး လူဖြစ်စဉ်အခါက မယားသည် ဘုရားအမှူးရှိသော သံဃာကို ဆွမ်းပင့်ကျွေးပြီးလျှင် စူဠကာဠကို ဆွဲငင် ဖမ်းဆီးလျက် လူထွက်စေ၏။ မဟာကာဠ ရှေးလူဖြစ်စဉ် အခါက မယားသည်လည်း ဘုရား အမှူးရှိသော သံဃာကို ဆွမ်းပင့်ကျွေးပြန်၏။ မြတ်ဗုဒ္ဓဘုရားလည်းသံဃာနှင့် အတူတကွ ကြွ၍ ဆွမ်းဘုဉ်းပေးပြီးလျှင် မဟာကာဠကို ဆွမ်းအနုမောဒနာ တရားဟောကြားရန် ထားခဲ့၏။ ကျောင်းသို့ရောက်သောအခါ ရဟန်းတို့က မဟာကာဠအတွက် စိုးရိမ်ကြ၍ ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၇-ဒေဝဒတ္တ

အနိက္ကသာဝေါ ကာသာဝံ-
ယော ဝတ္ထံ ပရိဒဟိဿတိ၊
အပေတော ဒမသစ္စေန-
န သော ကာသာဝ မရဟတိ၊ ၉။

ကိလေသာကို ဆုံးမခြင်းကင်း၍ မှန်စွာပြောဆိုခြင်းမရှိသော ကိလေသာ ဖန်ရည်မကင်းပဲလျက် ဖန်ရည်ဆိုးအဝတ်ကို ဝတ်သူသည် ဖန်ရည်ဆိုးအဝတ် နှင့် မထိုက်တန်၊ ၉။

ယော စ ဝန္တကသာဝဿ-
သီလေသု သုသမာဟိတော၊
ဥပေတော ဒမသစ္စေန-
သ ဝေ ကာသာဝ မရဟတိ၊ ၁၀။

ကိလေသာတို့ကိုဆုံးမလျက် မှန်စွာ ပြောဆိုခြင်းရှိသောကိလေသာဖန်ရည် ကို ထွေးအန်ပြီး၍ သီလတို့၌ ကောင်းစွာစောင့်ထိန်းသူသာလျှင် ဖန်ရည်ဆိုး အဝတ်နှင့်ထိုက်တန်၏၊ ၁၀။

မြတ်ဗုဒ္ဓဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ် ရဟန်းသည် မိမိနှင့်မထိုက်တန်သော အသပြာတထောင်တန် သင်္ကန်းကို

ဝတ်ရုံ၍ ရာဇဂြိုဟ်တွင် လှည့်၍နေ၍ ရဟန်းတို့က "အရှင်ဘုရား ရှင်ဒေဝဒတ်သည်ရှင်သာရိပုတြာ၊ ရှင်မဟာမောဂ္ဂလာန်တို့ကဲ့သို့ သောအဂ္ဂသာဝကတို့နှင့်သာ ထိုက်တန်သော သင်္ကန်းကို ဝတ်ရုံကာလှည့်လည်နေပါသည်။ ဤသင်္ကန်းသည် သူနှင့်မထိုက်တန်ပါ" ဟု လျှောက်ကြ၏။

ထိုအခါ မြတ်စွာဘုရားက- "ရဟန်းတို့ ဒေဝဒတ်သည် ရှေးအခါမုဆိုးဖြစ်စဉ်ကလည်း ဤသို့လျှင် မိမိနှင့် မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံကာ ရှင်ပစ္စေကဗုဒ္ဓါတို့အား ကြည်ညိုသော ဆင်တို့ကို လှည့်ပတ်ပြီး သတ်ခဲ့ဘူးသည်" ဟု အတိတ်ကိုဆောင်ကာ ဤတရားကို ဟောကြားတော်မူ၏။

ဤဝတ္ထုနှစ်ခုမှ ဂါထာလေးပုဒ်တို့၏အချုပ်မှာ ဣန္ဒြေတို့၌ မစောင့်စည်းသော အပြစ်နှင့် စောင့်စည်းသော ဂုဏ်ကျေးဇူးပင် ဖြစ်၏။ ဣန္ဒြေတို့၌ လုံခြုံပါလျှင် ထိုမှတပါးသော စားသောက်ဖွယ်တို့၌ အတိုင်းအရှည် မသိခြင်း၊ ပြင်းရိခြင်း၊ မဟုတ်မမှန်ပြောဆိုခြင်း အစရှိသည်တို့ ဖြစ်နိုင်ဖွယ်မရှိပါ။ ဣန္ဒြေမှာ မျက်စိ, နား, နှာခေါင်း, လျှာ, ကိုယ်, စိတ်, ဟူ၍ခြောက်ခုရှိ၏။ ဤခြောက်ခုကို ပိုင်ပိုင်နိုင်နိုင် စောင့်စည်းနိုင်ပါလျှင် ဘယ်သို့သော မကောင်းမှုမျှ ဖြစ်ခွင့်ရနိုင်မည်မဟုတ်ပါ။

ဣန္ဒြေစောင့်စည်းခြင်းနှင့် စပ်လျဉ်းသောနည်းလမ်းမှာ ရှင်ဗာဟိယအား မြတ်စွာဘုရား ဟောကြားသော ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဖြစ်၏။ မြင်လျှင် မြင်ကာမျှ, ကြားလျှင် ကြားကာမျှ, တွေ့ထိလျှင် တွေ့ထိကာမျှထက် မလွန်စေမူ၍ ကျင့်သူသည် ဣန္ဒြေတို့ကို ကောင်းစွာ အောင်မြင်ပြီး အထွတ်အထိပ်သို့ ရောက်နိုင်၏။ ဤနည်းလမ်းကို ဗုဒ္ဓဘာသာ မြန်မာများ အသိများကြပါသည်။ ထို့ကြောင့် ဤတွင် ဘဂဝဒ်ဂီတာ အခန်းနှစ်ခန်းမှ ဣန္ဒြေစောင့်စည်းကို ကောက်နုတ်ဖော်ပြပါမည်။

အို အဇ္ဇုန အကြင်သူသည် စိတ်၌တည်ရှိသော ကာမဂုဏ်အလုံးစုံတို့ကို ကောင်းစွာစွန့်လွှတ်၍ မိမိဘာသာ ရောင့်ရဲနေသောအခါ ထိုသူကို တည်ကြည်သော ပညာရှိဟု ခေါ်ဆိုကြ၏။

ဒုက္ခရောက်သော အခါ၌လည်း ပင်ပန်းခြင်းမရှိ။ သုခဖြစ်သောအခါ၌လည်း ကပ်ငြိတွယ်တာခြင်းမရှိ။ ရာဂ, ဘယနှင့် ကောဓ ကင်းကွာသောမုနိကို တည်ကြည်သော ပညာရှိဟု ခေါ်ဆိုကြ၏။

တဏှာလုံးဝ ကင်းကွာ၍ ထိုထိုကောင်း-မကောင်း အရာဝတ္ထုတို့ကို ရပါသော်လည်း ကြိုက်-မကြိုက် မဖြစ်သူကို တည်ကြည်သော ပညာရှိဟု ခေါ်ဆိုကြ၏။

ထို့ပြင် လိပ်သည် အဖက်ဖက်မှ မိမိအင်္ဂါတို့ကို လုံခြုံစွာ သိမ်းဆည်းသကဲ့သို့ ထို့အတူ အာရုံတို့မှ ဣန္ဒြေတို့ကို လုံခြုံစွာ သိမ်းဆည်းသူကို တည်ကြည်သော ပညာရှိဟု ခေါ်ဆိုကြ၏။

ဣန္ဒြေတို့ဖြင့် အာရုံကိုမယူကြပါလျှင် အာရုံ ချုပ်ငြိမ်း သော်လည်း သူ့တွင်ရှိသော ရသ ကျန်ရှိနေသေးသည်။ ယင်းသည်ကား ပရမာ တမာကို မျက်မှောက်ပြုလေမှ ကုန်ခမ်းမည်။

အို အဇ္ဇုန ဣန္ဒြေတို့ကို ဆုံးမရန် ကြိုးစားသော ပညာရှိ၏ စိတ်ကို သော်လည်း အင်အားကောင်းသော ဣန္ဒြေတို့ ဗလက္ကာရ အနိုင်အထက် ပြုခြင်းဖြင့် စိတ်အလိုကျ ဆွဲဆောင်သွားကြ၏။

ဤအတွက်ဣန္ဒြေတို့ကို အလို၌ကောင်းစွာထားသောငါ့အား ကိုးစားယုံကြည်၍ တည်ကြည်စွာနေရမည်။ အကြောင်းကား ဣန္ဒြေတို့ကိုအလို၌ထားသူ၏ အသိဉာဏ်သည် တည်ကြည်၏။

အာရုံတို့ကိုစဉ်းစားသူအား ထိုအာရုံတို့၌ တွယ်တာကပ်ငြိ၏။ ကပ်ငြိခြင်းကြောင့် လောဘဖြစ်၏။ လောဘ၏ ဆန့်ကျင်ဖက်ကြောင့် ဒေါသဖြစ်၏။

ဒေါသကြောင့်အလွန်တွေဝေသော မောဟဖြစ်၏။ မောဟကြောင့် သတိချွတ်ယွင်း၏။ သတိချွတ်ယွင်းသောကြောင့် အသိဉာဏ်ပျက်စီး၏။ အသိဉာဏ်ပျက်စီးခြင်းကြောင့် မိမိတည်ရာမှ လျှောကျ၏။

သို့ရာတွင် စိတ်ကို မိမိအလိုအတိုင်းထားသူသည် ရာဂ၊ ဒေါသကင်းသောဣန္ဒြေတို့ဖြင့် အာရုံတို့၌ လှည့်လည်ကျက်စား၍ စိတ်၏ ကြည်လင်ခြင်းကိုရ၏။

စိတ်ကြည်လင်သောအခါ ဒုက္ခခပ်သိမ်းလွှတ်ငြိမ်း၍ ထိုကမှ ယောဂီ၏ အသိဉာဏ်သည် ဆောလျင်စွာ အဖက်ဖက်မှ ခွါထွက်ပြီး တခုတည်းသော ပရမာတမာ၌သာ ကောင်းစွာ တည်သွား၏။

---

## ဂ–သာရိပုတ္တ

အသာရေ သာရမတိနော–
သာရေ စာသာရ ဒဿိနော၊
တေ သာရံ နာဓိဂစ္ဆန္တိ–
မိစ္ဆာသင်္ကပ္ပ ဂေါစရာ၊ ၁၁။

အနှစ်မရှိသော တရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်၏။အနှစ်ရှိသော တရား၌မူကား အနှစ်မရှိဟုအယူရှိကြကုန်၏။ ထိုသူတို့သည် မှားသောကြံစည်မှုလျှင် အာရုံရှိကြကုန်၍ အနှစ်ရှိသောတရားကိုမသိ နိုင်ကြကုန်၊ ၁၁။

သာရဉ္စ သာရတော ဉတွာ–
အသာရဉ္စ အသာရတော၊
တေ သာရံ အဓိဂစ္ဆန္တိ–
သမ္မာ သင်္ကပ္ပ ဂေါစရာ၊ ၁၂။

အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍, အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြ ကုန်သောကြောင့် ထိုသူတို့သည် မှန်သော ကြံစည်မှုလျှင် အာရုံရှိကုန်၍ အနှစ်ရှိသော တရားကို ရနိုင်ကြကုန်၏၊ ၁၂။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်း၌ နေတော်မူသောအခါ ဥပတိဿနှင့် ကောလိတ အမည်ရှိသော လုလင် နှစ်ယောက်တို့သည် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်သော ရှင်အဿဇိထံမှ တရား နာကြားရန် ယောဂတာပန်ဖြစ်ပြီးမှ ဘုရားရှင်ထံသို့လာ၍ ရဟန်းပြုကြ၏။ အဂ္ဂသာဝက အဖြစ်ကို ရကုန်၍ ရှင်သာရိပုတြာ၊ ရှင်မဟာမောဂ္ဂလာန်ဟု ထင်ရှား ကုန်၏။

ကနေ့တွင်ရှင်သာရိပုတြာသည် မြတ်စွာ ဘုရားအား "အရှင်ဘုရား ကျွန်ုပ်တို့ဆရာဟောင်းဖြစ်သော သိဉ္စည်း ပရိဗိုဇ်ကို အရှင်ဘုရားထံ ခေါ်ပါ သော်လည်း 'မလိုက်ပါ၊အိုးစရည်းကြီးပြုလုပ်ပြီးလျှက် အိုးငယ် ခွက်ငယ်ဝယ် သောက်ခွက်ငယ်မလုပ်နိုင်' ဟုပြောပါသည်" ဟုလျှောက်၏။

ထိုအခါမြတ်စွာဘုရားက "ရဟန်းတို့ သိဉ္စည်းသည် အနှစ်မဲ့ကို အနှစ်ရှိဟုငင်း၊ အနှစ်ရှိကို အနှစ်မဲ့ဟုငင်းယူဆနေ၏။ သင်တို့ကား အနှစ်ရှိ–မရှိကိုသိသဖြင့် အကာကိုပစ်ပြီး အနှစ်ကိုယူကုန်၏" ဟုမိန့်ကြားကာ ဟောကြားတော်မူခြင်းဖြစ်၏။

ဤအနှစ်ရှိသောတရားကို အချုပ်အားဖြင့် ရှင်အဿဇိက ရှင်သာရိပုတြာအလောင်း ဥပတိဿအား ဟောကြားသောတရားကိုပင်ပြန်လည် ထုတ်ဆောင်ပါလျှင်သင့် တော်လိမ့်မည်ထင်ပါသည်။

"အကြင်တရားတို့သည် အကြောင်းကြောင့်ဖြစ်ကုန်၏။ ထိုတရားတို့၏ အကြောင်းကိုင်၎င်း၊ ထိုအကြောင်း တရားတို့၏ ချုပ်ခြင်းကို၎င်း, ချုပ်ခြင်း၏ အကြောင်းကို၎င်း တထာဂတဟောကြားပါသည်။ မဟာသမဏသည် ဤသို့ အယူရှိပါသည်။"

ဤတရားသည် ဓမ္မစကြာ သို့မဟုတ် သစ္စာလေးပါး၏ အကျဉ်းချုပ်ဖြစ်သည်။ ရှင်အဿဇိသည် သစ္စာလေးပါး အရိယာတရားကို မိမိဟောကြားတတ်သည့်အတိုင်းဟောကြားခြင်းဖြစ်၏။ ကောင်းစွာစဉ်းစားပါလျှင်အရိယာ သစ္စာလေးပါးကိုတွေ့ရပါမည်။

အကြောင်းကြောင့်ဖြစ်သောတရားမှာ ဒုက္ခအရိယာသစ္စာဖြစ်သည်။ ထိုတရားတို့၏ အကြောင်းမှာ ဒုက္ခသမုဒယ အရိယာ သစ္စာဖြစ်သည်။ ထို အကြောင်းတရားတို့၏ ချုပ်ခြင်းမှာ ဒုက္ခနိရောဓ အရိယာသစ္စာဖြစ်၏။ ချုပ်ခြင်း၏ အကြောင်းမှာ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ အရိယာသစ္စာဖြစ်၏။ ဤသည်ပင်လျှင် အနှစ်ရှိသော တရားအချုပ်ဖြစ်၏။

---

## ၉-နန္ဒ

ယထာ အဂါရံ ဒုစ္ဆန္နံ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ၊
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ၊ ၁၃။

အိမ်ကိုမကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကိုကောင်းစွာမပွားမ-မထုံသည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏၊ ၁၃။

ယထာ အဂါရံ သုဆန္နံ ဝုဋ္ဌိ န သမတိဝိဇ္ဈတိ၊
ဧဝံ သုဘာဝိတံ စိတ္တံ ရာဂေါ န သမတိ ဝိဇ္ဈတိ၊ ၁၄။

အိမ်ကိုကောင်းစွာမိုးအပ်သည်ရှိသော် မိုးရေသည်မဖောက်နိုင် သကဲ့သို့ စိတ်ကို ကောင်းစွာ ပွားထုံအပ်သည်ရှိသော် ရာဂသည် မဖောက် ဝင်နိုင်၊ ၁၄။

မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ရောက်သောအခါ အဘိသိက်မင်္ဂလာ, အိမ်တက်မင်္ဂလာ, ထိမ်းမြားမင်္ဂလာပြုမည်ရှိသော ညီတော်နန္ဒကို

သပိတ်ထမ်းခိုင်းကာ ခေါ်ဆောင်ခဲ့၏။ ကျောင်းသို့ ရောက်လျှင် ရဟန်းပြု ပေး၏။ ဘုရားရှင်သာဝတ္ထိသို့ ကြွတော်မူသောအခါ ရွှေနန်းတော်ပြတင်းက ဇနပဒကလျာဏီ မှာကြားလိုက်သော စကားကြောင့် သာသနာ၌ ငြိုးငွေ့ သောညီတော်နန္ဒကိုအထူးထူးသော အကြောင်းဥပါယ်တို့ဖြင့်ဆုံးမ၍ ရဟန္တာ အဖြစ်သို့ရောက်စေတော်မူ၏။

တပါးသော ရဟန်းတို့က "ငါ့ရှင်နန္ဒ ငြိုးငွေ့သလား"ဟု မေးသည် ရှိသော် "မငြိုးငွေ့ပါ"ဟုဆို၏၊ ရှင်နန္ဒ သာသနာ၌ မငြိုးငွေ့ ဟုဆိုသည်ကို ရဟန်းတို့မယုံကြည်ကြပါ။ထို့ကြောင့် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြားကြလေရာ မြတ်စွာဘုရားက "ရဟန်းတို့ရှေးအခါ သူ၏ကိုယ် သည်အမိုးမလုံသောအိမ်နှင့်တူ၍ ယခုမူ အမိုးလုံသောအိမ်နှင့် တူလေပြီ" ဟု မိန့်ကြားပြီးဓမ္မတရား ဟောကြားတော်မူခြင်းဖြစ်၏။

ဤ ရှင်နန္ဒနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားဟောကြားသော တရား အချုပ်မှာ စိတ်ကို ကောင်းစွာ မပွါးထုံခြင်းနှင့် ကောင်းစွာပွါးထုံခြင်းဖြစ်၏။ ပွါးထုံခြင်းဟူသည်မှာ စိတ်ကိုလေ့ကျင့်ခြင်းဖြစ်၏။ စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ ယင်းကို မကောင်းမှု၌ မမွေ့လျော်စေရန် လေ့ကျင့် ပေးရမည်။ မကောင်းမှုတွင် ကျက်စားနေရာမှ ကောင်းမှုတွင် ကျက်စား အောင် ကျင့်ပေးရမည်။ မကောင်းမှုကို မတွေ့မကြုံဘဲ ကောင်းမှုကို တွေ့ ကြုံခြင်းပင်တည်း။ အကောင်းဆုံး အမြင့်ဆုံးအဆင့်မှာ ထိုကောင်းမှုကိုလည်း မတွေ့မကြုံခြင်းပင်ဖြစ်၏။ သို့ဖြင့် ကောင်း-မကောင်း အစွန်းနှစ်ဖက်မှ လွတ်မြောက်သွားမည်။ရှင်နန္ဒသည် ဤ ကောင်း မကောင်း သို့မဟုတ် ချမ်းသာ ဆင်းရဲဟူသော အစွန်းနှစ်ဖက်မှ လွတ်မြောက်၍ ရဟန္တာအဖြစ်သို့ ရောက် ခြင်းဖြစ်၏။

ကောင်း-မကောင်းမှာ လွတ်မြောက်သောတရားများ မဟုတ်ကြပါ။ အချင်းချင်း အပြန်အလှန် မှီတွဲထောက်ထားနေသော စုံတွဲတရားဖြစ်၏။ မကောင်းကို ထောက်၍သာ အကောင်းဟုပြောရပြီး, အကောင်းကိုထောက် ၍သာ မကောင်းဟု ပြောရခြင်းဖြစ်သည်။ စင်စစ် တပါးနှင့်တပါး ထူးမခြား လှပါ။ လကျာ်ဖနှင်းနှင့် လက်ဝဲစွန်းပင်ဖြစ်၏။ ယင်းကို မည်သည့်ဖက်ကမြတ် သည် မည်သည့်ဖက်ကယုတ်သည်ဟု မိမိအမြင့်ကနေပြီး သမုတ်နေကြခြင်း ဖြစ်၏။ အကယ်၍ အကောင်းမရှိလျှင် မကောင်းရှိပါဦးမည်လော။ ထို့ အတူ မကောင်းမရှိလျှင်လည်း အကောင်းဟူ၍ ရှိနိုင်ပါဦးမည်လော။ ယင်းသို့ လျှင် အချင်းချင်း အပြန်အလှန် ထောက်ထား ၎င်္ဂကွက် နေရခြင်းကိုပင်

မလွတ်လပ်သော သံသရာဟု ခေါ်ခြင်းဖြစ်၏။ လွတ်မြောက်ခြင်းဆိုသည်မှာ ထိုကောင်း–မကောင်း ရွေးချယ်မှု မရှိခြင်းပင်တည်း။

---

## ၁၀–စုန္ဒသူကရိက

ဣဓ သောစတိ ပေစ္စ သောစတိ–
ပါပကာရီ ဥဘတ္ထ သောစတိ။
သော သောစတိ သော ဝိဟညတိ–
ဒိသွာ ကမ္မ ကိလိဋ္ဌ မတ္တနော။ ၁၅။

မကောင်းမှုပြုသူသည် ဤဘဝ၌လည်း စိုးရိမ်ရ၏။ တမလွန်ဘဝ၌လည်း စိုးရိမ်ရ၏။ ပစ္စုပ္ပန်–တမလွန် နှစ်တန်သော ဘဝတို့၌လည်း စိုးရိမ်ရ၏။ ထိုသူသည် မိမိညစ်နွမ်း သောကံကို သိမြင်၍ စိုးရိမ်ပင်ပန်းရ၏။ ၁၅။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ စုန္ဒအမည်ရှိသော ဝက်ထိုးသမားသည် ၅၅–နှစ်ပတ်လုံး ဝက်တို့ကို သတ်၍ သေခါနီးသောကာလ၌ ဝက်ကဲ့သို့ အော်၍ ဆင်းရဲကြီးစွာ ရောက်နေ၏။ ခုနစ်ရက်တိုင်မျှ အမြဲမပြတ် ဝက်အော်သံကိုကြားရ၍ ရဟန်းတို့က မြတ်စွာဘုရားအား "အရှင်ဘုရား စုန္ဒသည် အဘယ်မျှ ကြီးကျယ်ခမ်းနားသော မင်္ဂလာအခမ်းအနား ပြုလုပ်နေသည်မသိပါ။ သူ၏အိမ်မှ ဝက်အော်သံ အစဉ်မပြတ်ကြားနေရပါသည်။သူ့တွင် မေတ္တာ, ကရုဏာ အနည်းငယ်မျှ မရှိပါ" ဟု လျှောက်ကြားကြ၏။

ထိုအခါမြတ်စွာဘုရားက "ရဟန်းတို့ ယခုအခါ စုန္ဒသည်ဝက်မသတ်နိုင်တော့ပါ။ သူပြုခဲ့သော မကောင်းမှု အကုသိုလ်သည် သူ့ကို ပြန်ပြီးသတ်နေခြင်း ဖြစ်၏။ ထို့ကြောင့် သူသည် မခံမရပ်နိုင်ဖြစ်ကာ ဝက်ကဲ့သို့ အော်နေရခြင်း ဖြစ်၏။ စင်စစ် မကောင်းမှုသည် ဘယ်အခါမျှ ကောင်းကျိုးမပေးနိုင်ပါ" ဟု မိန့်ကြားပြီးလျှင် ဤတရားကို ရဟန်းတို့အား ဟောကြားခြင်း ဖြစ်၏။

## ၁၁–ဓမ္မိကဥပါသက

ဣဓ မောဒတိ ပေစ္စ မောဒတိ–
ကတပုညော ဥဘယတ္ထ မောဒတိ။
သော မောဒတိ သော ပမောဒတိ–
ဒိသွာ ကမ္မ ဝိသုဒ္ဓိ မတ္တနော။ ၁၆။

ကောင်းမှု ပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်–တမလွန် နှစ်တန်သော ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သော ကံကို သိမြင်ရ၍ ဝမ်းမြောက်ရ–အလွန်ဝမ်းမြောက်ရ၏။ ၁၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဓမ္မိက အမည်ရှိသော သီတင်းသည်သည် ဒါန သီလ စသော ကုသိုလ်ကောင်းမှုတို့ကို အခါကာလအားလျော်စွာ ပြုလုပ်နေ၏။ သို့ဖြင့် သေခါနီးကာလသို့ ရောက်သောအခါ ရဟန်းတို့ကို ပင့်ဖိတ်၍ မဟာသတိပဋ္ဌာန သုတ္တန် ဒေသနာကို နာကြား၏။ တရားမဆုံးမီ နတ်ပြည်မှ နတ်များ ရထားနှင့် ဆိုက်ရောက်လာပြီး ထိုသီတင်းသည်အား သူ့ထက်ငါ အလုအယက်ခေါ်ကြ၏။ထိုအခါ သီတင်းသည်သည် နာကြားနေသောတရား မဆုံးသေးသဖြင့် "ခေတ္တခဏ ဆိုင်းကြပါဦး" ဟု နတ်တို့အား လက်ပြ၍ တားမြစ်၏။ ရဟန်းတို့သည်ကား မိမိတို့ကို တားမြစ်သည်ဟုထင်၍ သုတ္တန်ရွတ်ဆိုခြင်းကိုဖြတ်ကာ ကျောင်းသို့ ပြန်သွားပြီး မြတ်စွာဘုရားအား–"အရှင်ဘုရား တရားကို လွန်စွာ လိုလားနှစ်သက်သော ဓမ္မိကဥပါသကာသည် သေခါနီးကာလတွင် စိတ်ဖောက်ပြန်ပြီး သုတ္တန်ရွတ်ဆိုခြင်းကို တားမြစ်ပါသည်" ဟု လျှောက်ကြားကြ၏။

ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ဓမ္မိက ဥပါသကာသည် သင်တို့အား တားမြစ်သည်မဟုတ်။ နတ်တို့အား တားမြစ်ခြင်းဖြစ်သည်" ဟု ကုသိုလ်၏ အကျိုးအာနိသင်ကို ဟောကြားတော်မူခြင်းဖြစ်၏။

## ၁၂-ဒေဝ ဒတ္တ

ဣဓ တပ္ပတိ ပေစ္စ တပ္ပတိ-
ပါပကာရီ ဥဘယတ္ထ တပ္ပတိ။
ပါပံ မေ ကတန္တိ တပ္ပတိ-
ဘိယျော တပ္ပတိ ဒုဂ္ဂတိံ ဂတော။၁၇။

မကောင်းမှုပြုသူသည် ဤဘဝ၌လည်း ပူပန်ရရ၏။ တမလွန်ဘဝ၌လည်း ပူပန်ရ၏။ ပစ္စုပ္ပန်-တမလွန်နှစ်တန်သော ဘဝတို့၌လည်း ပူပန်ရ၏။ ငါသည် မကောင်းမှုပြုမိပြီဟု ပူပန်ရ၏။ ဒုဂ္ဂတိဘဝသို့ရောက်ပါမူကား အလွန်ပူပန်ရ၏။ ၁၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်သည် အဇာတသတ်နှင့် ပူးပေါင်း၍ ဘုရားရှင်ကိုသတ်ရန် လေးသမားတို့ကို စေလွှတ်ခြင်း, ဂိဇ္ဈကုဋ်တောင်ပေါ်မှ ကျောက်တုံးလှိမ့်၍ ခြေမ၌ သွေးစိမ်းတည်အောင်ပြုခြင်း, နာဠာဂီရိဆင်ကို လွှတ်ခြင်း, သံဃာကို သင်းခွဲခြင်း ပြုပြီးလျှင် ကိုးလပတ်လုံး ရောဂါရောက်၍ သေခါနီးကာလမှ ဘုရားကို ဖူးမြင်လိုသည်ဟု ထမ်းစင်စီး၍လာရာ ဇေတဝန်ကျောင်း ရေကန်ဝယ် ရေချိုးရန်အတွက် ထမ်းစင်မှဆင်း၏။ ထမ်းစင်ပေါ်မှ မြေကြီးပေါ်သို့ချောက်လျှင် ဒေဝဒတ်ကို မြေကြီးခွဲ၍ မျို၏။

ဤအကြောင်းကို ရဟန်းတို့တွေ့မြင်ကြ၍ မြတ်စွာဘုရားအားလျှောက်ကြားကြ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား "ရဟန်းတို့ ရဟန်းဖြစ်စေ, လူဖြစ်စေ မေ့မေ့လျော့လျော့နှင့် နေပါက ပူပန်ရမည်သာတည်း" ဟု မိန့်ကြားပြီးလျှင် မကောင်းမှု အကုသိုလ်၏ သဘောကို ဟောကြားတော်မူခြင်းဖြစ်၏။

## ၁၃–သုမနဒေဝီ

ဣဓ နန္ဒတိ ပေစ္စ နန္ဒတိ–
တကပုညော ဥဘယတ္ထ နန္ဒတိ၊
ပုညံ မေ ကတန္တိ နန္ဒတိ–
ဘိယျော နန္ဒတိ သုဂ္ဂတိံ ဂတော၊ ၁၈။

ကောင်းမှုပြုသူသည် ဤဘဝ၌လည်း နှစ်သက်ရ၏။ တမလွန်ဘဝ၌လည်းနှစ်သက်ရ၏။ ပစ္စုပ္ပန်–တမလွန် နှစ်တန်သော ဘဝတို့၌လည်းနှစ်သက်ရ၏။ ငါသည် ကောင်းမှုကို ပြုအပ်ပြီဟု နှစ်သက်ရ၏။ သုဂတိ ဘဝသို့ရောက်ပါမူကား အလွန်နှစ်သက်ရ၏။ ၁၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် သမီးငယ် သုမနဒေဝီ သေဆုံးခါနီး၌ "အမယ် သုမနာ" ခေါ်လိုက်လျှင် "မောင်ငယ် အဘယ်ကြောင့် ခေါ်သနည်း" ဟု ဆို၏။ "ယောင်ယမ်းသလော" ဟု မေးလျှင် "မောင်ငယ် ငါမယောင်ယမ်း" ဟု ဆို၍ သေဆုံးသွား၏။

သူဌေးကြီးသည် စိတ်နှလုံး ထိခိုက်ကာ မြတ်စွာ ဘုရားထံ သွားပြီး ဤအကြောင်းကို လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက "သူဌေးကြီး သင်ကား သောတာပန်သာတည်း။ သမီးသည် သကဒါဂါမ် ဖြစ်၍ မဂ်-ဖိုလ်အားဖြင့် သင့်ထက်ကြီးသောကြောင့် သင့်ကို မောင်ငယ်ဟု ခေါ်ခြင်းဖြစ်သည်။ ယောင်ယမ်းသည် မဟုတ်"ဟု မိန့်ကြားတော်မူပြီးလျှင် ကုသိုလ်၏ သဘောကို ဟောကြားတော်မူခြင်းဖြစ်၏။

ဤဝတ္ထုလေးခုနှင့် ဂါထာလေးပုဒ်မှာ အတွဲနှစ်တွဲ သို့မဟုတ် အစုံနှစ်စုံသာ ဖြစ်၏။ ဝက်ထိုးသမားနှင့် ဓမ္မိကဥပါသကာမှာ တတွဲတစုံဖြစ်၍ ဒေဝဒတ်နှင့် သုမနဒေဝီသည် တတွဲတစုံဖြစ်၏။ အပြန်အလှန် ယမကတရားတို့ကို သူ့အစုံနှင့်သူ တွဲဖက်လေ့လာမှ ရှင်းလင်းစွာ သဘောပေါက်နိုင်သည်။

မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီ ပါဠိတော်၌ ရှေးဦးစွာ တရားကို သုံးပါးခွဲခြားပြီးဟောကြားတော်မူ၏။ယင်းသုံးပါးမှာ ကုသိုလ်တရား,အကုသိုလ်

တရားနှင့် အဗျာကတာ တရားတို့ဖြစ်၏။ ထိုတွင် ကုသိုလ်တရားမှာ အပြစ်မရှိ ကောင်းကျိုးပေးခြင်းသဘော လက္ခဏာဖြစ်၏။ အကုသိုလ်တရားမှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးခြင်းသဘောလက္ခဏာဖြစ်၏။ အဗျာကတာကား အကောင်း အဆိုးအဖြစ်နှင့် မပြောကြား, တပါးသော အဖြစ်နှင့် ပြောကြားရသော သဘောတရားဖြစ်၏။

ထိုတွင် ကုသိုလ်နှင့် အကုသိုလ်မှာ ပညတ်တရား, လောကီတရားဖြစ်၏၊ အဗျာကတာကား ပရမတ်တရား, လောကီထက် လွန်မြတ်သော တရားဖြစ်၏၊ မြတ်စွာဘုရားသည် အကြောင်းအားလျော်စွာ တခါတရံ ပညတ်တရား လောကီတရားကို ဟောကြားတော်မူ၍ တခါတရံ ပရမတ် တရား လောကုတ္တရာ တရားကို ဟောကြားတော်မူ၏။ ဤ ဝတ္ထု လေးခုတွင် ဟောကြားတော်မူသော တရားနှစ်စုံမှာ ကုသိုလ်–အကုသိုလ်နှင့် စပ်လျဉ်းသော ပညတ်တရား, လောကီတရားတို့ဖြစ်၏။

သတ္တဝါတို့သည် ပညတ်နယ်အတွင်းမှာ လောကအကိုက် နေထိုင်ကြ၏၊ ထိုတွင် အကောင်းအဆိုးဟု နှစ်မျိုးသတ်မှတ်ကြရာဝယ် ပကောင်းနှင့် စာလျှင် အကောင်းသည် သင့်တော်၏။ “အကောက်ထဲမှာ အဖြောင့်ရှာ ခပ်ကွေးကွေးဟာ တော်ပါသေးရဲ့” ဟု ဆိုသကဲ့သို့ အကုသိုလ်နှင့် စာလျှင် ကုသိုလ်ကတော်သေး၍ ထိုတရားနှစ်ပါး၏ သဘာဝဖြစ်တတ်သော အကျိုးအပြစ်ကို စိစစ်ဝေဖန်ပြီး ဟောကြားတော်မူ၏။ မြတ်စွာဘုရား ချီးမွမ်းတော်မူသော တရားမှာ ကုသိုလ်လည်းမဟုတ်,အကုသိုလ်လည်းမဟုတ်သော အဗျာကတာ တရားဖြစ်၏။

အဗျာကတာသည် ကိုယ်ကျိုးစွန့်သော တရားဖြစ်၏။ ကုသိုလ်နှင့် အကုသိုလ်မှာ အသီးသီး သက်ဆိုင်ရာ အကျိုးများ ရှိကြသည်။ အဗျာကတာမှာကား အကျိုးမရှိပါ။ အကျိုးမရှိသောကြောင့်ပင် အဗျာကတာဟု ခေါ်ခြင်းဖြစ်၏။ ကိုယ်ကျိုးကို စွန့်လွှတ်မှ အဗျာကာ ဖြစ်မည်။ အကျိုးကို မျှော်ကိုးနေပါလျှင် ကုသိုလ်သော်၎င်း,အကုသိုလ်သော်၎င်း,ဖြစ်မည်။အဗျာကတာ မဖြစ်ပါ။ အဗျာကတာဖြစ်မှသာလျှင် ပရမတ်ဖြစ်မည်။လောကုတ္တရာဖြစ်မည်။ လွတ်မြောက်မည်။ လောက၌ အနှောင်အဖွဲ့ဟူသည်မှာ အခြားမဟုတ်။ကိုကျိုးပင်ဖြစ်၏။ကိုယ်ကျိုးကပင် ကိုယ့်ကို နှောင်ဖွဲ့ထား၏။ ကိုယ်ကျိုး စွန့်လိုက်သည်နှင့်တပြိုင်နက် အနှောင်အဖွဲ့မှ လွတ်မြောက်သွားလိမ့်မည်။ ဤအခါမှာ စိုးရိမ်ဖွယ်ရာလည်းမရှိတော့၍ ဝမ်းမြောက်ဖွယ်ရာလည်းမရှိတော့ပါ။ ပူပန်ခြင်းလည်း မရှိတော့၍ နှစ်သက်ခြင်းလည်း မရှိတော့ပါ။

## ၁၄-ဒွေ သဟာယက

ဗဟုမ္ပိ စေ သံဟိတ ဘာသမာနော-
န တက္ကရော ဟောတိ နရော ပမတ္တော၊
ဂေါပေါဝ ဂါဝေါ ဂဏယံ ပရေသံ-
န ဘာဂဝါ သာမညဿ ဟောတိ။ ၁၉။

နွားရှင်တို့အား နွားတို့ကို ရေတွက် အပ်နှင်းလိုက်ရသောနွားကျောင်းသားသည် နွားနို့အရသာကို မခံစားရသကဲ့သို့ အကျိုးစီးပွါးနှင့် စပ်သောတရားစကားကို များစွာ ပြောဟောနေသော်လည်း မေ့လျော့ပေါ့ဆနေသူသည် ပြုထိုက်သည်ကို ပြုသည်မမည်။ မဂ်-ဖိုလ် အရသာကို မခံစားရ။၁၉။

အပ္ပမ္ပိ စေ သံဟိတ ဘာသမာနော-
ဓမ္မဿ ဟောတိ အနုဓမ္မစာရီ၊
ရာဂဉ္စ ဒေါသဉ္စ ပဟာယ မောဟံ-
သမ္မပ္ပဇာနော သုဝိမုတ္တ စိတ္တော၊
အနုပါဒိယာနော ဣဓ ဝါ ဟုရံ ဝါ-
သ ဘာဂဝါ သာမညဿ ဟောတိ။ ၂၀။

အကျိုးစီးပွားနှင့်စပ်သောစကားကို အနည်းငယ်မျှပင် ပြောဟောနေပါသော်လည်း တရားအားလျော်သော အကျင့်ကို ကျင့်လေ့ရှိသူဖြစ်ပါလျှင် ရာဂ, ဒေါသ, မောဟကို ပယ်ပြီးလျှင် အများအားဖြင့် ကောင်းစွာသိသည်ဖြစ်၍ စိတ်လွတ်မြောက်သည်ဖြစ်လျက် ဤလောက၌ရှင်း, တမလွန်လောက၌ရှင်း စွဲလမ်းမှု မရှိတော့ပြီ။ ထိုသူသည်သာ မဂ်-ဖိုလ် အရသာကို ခံစားရ၏။ ၂၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ စာပေကျမ်းဂန် တတ်ကျွမ်းသော ဓမ္မာစရိယ ရဟန်းတပါးသည် မိတ်ဆွေဖြစ်သော ဝိပဿနာရဟန်းကို စာပေကျမ်းဂန်နှင့် ပတ်သက်၍ လေးနက်သောအချက်အလက်ကိုမေးပြီး နှိပ်စက်မည်ရှိသည်တွင် ဘုရားရှင်ကြွတော်မူလာပြီး ဓမ္မာ

စရိယရဟန်းအား မဂ်လေးပါးနှင့် စပ်လျဉ်းသော သဘောတရားတို့ကို မေး၏။ ထိုရဟန်း မဖြေနိုင်သောအခါ ဝိပဿနာရဟန်းအား မေး၏။ ဝိပဿနာရဟန်းကား မိမိအဖန်တလဲလဲကျက်စားရာဖြစ်သဖြင့် လျင်မြန်စွာပင် လွယ်လွယ်ကူကူ ဖြေဆို၏။ ထိုအခါ မြတ်စွာဘုရားသည် ဝိပဿနာရဟန်းအား ကောင်းချီးနုမော်သာဓုခေါ်ပြီး ဤတရားကို ဟောကြားတော်မူလေ၏။

ဗုဒ္ဓသာသနာသည် သုံးချောင်းထောက်ပေါ်မှာတည်နေ၏။ ယင်းတို့မှာ ပရိယတ္တိ–ဟူသောစာပေ ပိဋကတ်, ပဋိပတ္တိဟူသော အကျင့်သိက္ခာနှင့် ပဋိဝေဓ ဟူသော ထိုးတွင်းသိမြင်ခြင်းဖြစ်သည်။ ဤသုံးခုတွင်တစုံတခု ချွတ်ယွင်းပါလျှင် ဤသာသနာကောင်းစွာ တည်နိုင်မည်မဟုတ်ပါ၊ အကယ်၍ မိမိမှာ ချွတ်ယွင်းပါလျှင် မိမိမှာ ထိုသာသနာ ကောင်းစွာမတည်ပါ။ ထို့ကြောင့် သာသနာကောင်းစွာ တည်နိုင်စေရန်ဤထောက်ကြီး သုံးချောင်းကောင်းစွာ တောင့်တင်းဘို့လိုပါသည်။ စာပေကျမ်းဂန်ကောင်းစွာ တတ်ကျွမ်းရပါမည်။ အကျင့်သီလလည်း ဖြူစင်သန့်ရှင်းရပါမည်။ ယင်းတို့၏အနှစ်သာရကို ထိုးထွင်းသိမြင်ရပါမည်။

စာပေ ပရိယတ္တိမရှိပါလျှင် ဘယ်သို့လျှင် မှန်သောအကျင့်နှင့် ထိုးထွင်း သိမြင်ခြင်း ဖြစ်နိုင်ပါမည်နည်း။ စင်စစ် စာပေရှိသောကြောင့်သာလျှင် အကျင့်မှန်၍ အမှန်ကိုထိုးထွင်းသိမြင်ခြင်း ဖြစ်၏။ သို့ရာတွင်စာပေကိုသာ တဖွာဖွာ ရေရွတ်ပြောဟောနေပြီး အကျင့်မရှိပါသော် အမှန်ကိုဘယ်သို့လျှင် ထိုးတွင်းသိမြင်ပါမည်နည်း။ ယခုအခါ ဗုဒ္ဓဝါဒ မဟာယာနဂိုဏ်းမှ ပညာရှိအချို့သည် ‘ကဌဉပနိသျှဒ်’ စကားကို ကိုးကားပြီး အမှန်တရားသိမြင်ရေးအတွက် စာပေပရိယတ္တိမလိုဟု ဆိုနေကြ၏။ ဤစကားသည် လူတယောက်သို့မဟုတ် လူတစုအတွက် ဖြစ်ဘူးချင် ဖြစ်ဘူးမည်။ အစဉ်အဆက်နှင့် အများအတွက်ကား စာပေသည်ပဓာနမျိုးစေ့ သို့မဟုတ် အမွေအနှစ်ဖြစ်၏။ စာပေမရှိလျှင် နောက်နှောင်းလူတို့ ဘယ်သို့လျှင် အမွေဆက်ခံနိုင်ပါမည်နည်း။ ကဌဉပနိသျှဒ် ထိုစကားမှာ ဤသို့ပါတည်း–

“ဤသို့(အာတမာကို) မျက်မှောက်ပြုခြင်းမှာ လူ့အသဲနှလုံးအတွင်းမှ ဆုံးဖြတ်ချက်၏ သန့်ရှင်းစင်ကြယ်ခြင်းနှင့် သဘောတရား၏ မှန်ကန်ခြင်းမှာသာ ဖြစ်နိုင်သည်။ ယင်းသည် ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဖြင့်၎င်း, ပညာအပြည့်အစုံစုပုံ၍တွေးတောကြံစည်ခြင်းဖြင့်၎င်း မဖြစ်နိုင်ပါ။ မျက်မှောက်ပြု

နိုင်သည်မှာအတွင်း၌ရှိသော အာတမာကိုတွေ့မြင်ရန် လွန်စွာ အရေးကြီးနေ စိတ်ကိုမကောင်းမှုတို့မှ မျက်နှာလွှဲ၍ မိမိကိုမိမိအလို၌ထားလျက် လောကီအာရုံတို့၌ အညီအမျှထားသူသာလျှင် ဖြစ်နိုင်လေသည်။

စင်စစ် ဤဥပနိသျှဒ်စကားသည် မြတ်စွာဘုရား ဓမ္မာစရိယ ရဟန်းအား ဟောကြားသောတရားနှင့် မခြားလှပါ။ ဝေဒကို ရွတ်ဖတ်သရဇ္ဈာယ်နေရုံနှင့် ပညာဘွဲ့အများကြီးတတ်မြောက်နေရုံနှင့် အာတမာကိုမတွေ့မြင်နိုင်။ တကယ်တွေ့ချင်ပြီး တကယ်ကျင့်မှတွေ့နိုင်သည်။ ထို့အတူပင် ကျွန်ုပ်တို့သည် ပိဋကတ်သုံးပုံကို အာဂုံဆောင်နေရုံနှင့် ဓမ္မာစရိယဖြစ်ရုံဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို မတွေ့မြင်နိုင်ပါ။ မျက်မှောက်မပြုနိုင်ပါ။ တကယ်တွေ့ချင်၍ တကယ်ကျင့်မှသာ တွေ့မြင်မည်ဖြစ်သည်။ သို့ဖြင့် စာပေကိုမလိုဟု မဆိုလိုပါ၊ စာပေတွင် ယင်းကျင့်စဉ်နှင့် ထိုးတွင်းသိမြင်ပုံတို့ကို အမျိုးမျိုးအဖုံဖုံ ပြည့်စုံစွာ ဖွင့်ဆိုထား၏။ ထို့ကြောင့် ကျွန်ုပ်တို့ကျင့်ဆောင်နိုင်ပြီး ထိုးထွင်းသိမြင်ခွင့် ရကြလေသည်။

ရှေ့ဦးစွာသော ယမကဝဂ်ပြီး၏။

# ၂-အပ္ပမာဒဝဂ်

## ၁–သာမာဝတီ

အပ္ပမာဒေါ အမတံပဒံ၊ ပမာဒေါ မစ္စုနော ပဒံ၊
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ ။၂၁၊

မမေ့မလျော့ခြင်းသည်။ မသေခြင်း၏ အကြောင်းတည်း၊ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သူတို့သည် သေသည် မမည်ကုန်၊ မေ့လျော့သူတို့သည် သေသည်မည်ကုန်၏၊ ၂၁။

ဧတံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ၊
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ ။၂၂။

မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ထူးခြားကြောင်းကို သိ၍ မမေ့မလျော့သော သတိတရား၌ ရွှင်လန်းဝမ်းမြောက်ကုန်လျက် အရိယာတို့ ကျက်စားရာ၌ မွေ့လျော်ကြကုန်၏၊ ၂၂။

တေ စျာယိနော သာတတိကာ၊ နိစ္စံဒဠှ ပရက္ကမာ၊
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ၊ ၂၃။

ထိုပညာရှိတို့သည် စျာန်ဝင်စားကုန်ပြီးလျှင် အမြဲမပြတ်လုံ့လပြု ကုန်၍ မတွန့်မဆုတ် အားထုတ်ကုန်လျက် ယောဂ၏ကုန်ရာ အတုမရှိမြတ် သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏၊ ၂၃။

မြတ်စွာဘုရား ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ နေတော်မူ သောအခါ မာဂဏ္ဍီသတ်၍ သာမာဝတီ အမှူးရှိသော မောင်းမငါးရာတို့ သေကြ၏။ ထို့ကြောင့်ဥတေနမင်းသည် မာဂဏ္ဍီနှင့်တကွ သူ၏ဆွေမျိုးများ စွာကို သတ်ပစ်၏။ ထိုအကြောင်းကို ရဟန်းတို့ပြောဆိုကြလေရာ မြတ်စွာ ဘုရားသည် ရဟန်းတို့အား မမေ့လျော့ပါလျှင် မသေနိုင်သော တရားကို ဟောကြားတော်မူ၏။

ဤဂါထာသုံးပုဒ်၏ လိုရင်းအချုပ်မှာ မသေခြင်းနှင့် သေခြင်းဖြစ်၏။ လောကတွင်မသေခြင်းလည်းရှိသည်။ သေခြင်းလည်းရှိသည်။ ထို့ကြောင့်ပင် မသေသူလည်းရှိသည်။ သေသူလည်းရှိသည်။ မမေ့လျော့သူသည် မသေမူ၍ မမေ့လျော့သူသည်သေ၏။ ဘယ်အရာကိုမမေ့လျော့ရမည်နည်း။ မသေခြင်း ကိုမမေ့လျော့ရပါ။ ယင်းကိုအမြဲသတိရှိနေပါလျှင် မသေနိုင်ပါ။

မသေခြင်းကို ပါဠိလို 'အမတ-'ဟုခေါ်၏။ ယင်းကိုမြန်မာတို့က သက္ကတအသံနောက်လိုက်ပြီး 'အမြိုက်-'ဟုလည်း ခေါ်ကြ၏။ အမြိုက်ရေစင် ကောက်သုံးရပါလျှင် မအို-မသေ အမြဲနေရသည်ဟု အဆိုရှိ၏။ ထို့ကြောင့် ယင်းကို အမတ-အမြိုက် နိဗ္ဗာန်ဟု ခေါ်ဆိုကြခြင်းဖြစ်၏။ ဤအမတတည်း ဟူသော အမြိုက်နိဗ္ဗာန်ကို မမေ့လျော့ဘဲ သတိရှိနေလျှင် မသေတော့ပါ။

သို့ဖြစ်လျှင် ယင်းအမြိုက်နိဗ္ဗာန်သည် အဘယ်မှာနည်း-

အင်္ဂုတ္တရ ပါဠိတော်တွင်-"ဤစိတ်ဝိညာဏ်ရှိသည့် တလံမျှလောက် သော ခန္ဓာကိုယ် အတွင်းမှာသာ လောကသည်ရင်း, လောက၏ဖြစ်ကြောင်း သည်ရင်း, လောက၏ချုပ်ခြင်းသည်ရင်း, လောက၏ချုပ်ခြင်းသို့ ရောက် ကြောင်း လမ်းစဉ်သည်ရင်းရှိ၏ဟု ငါပညာပ်၏-"ဟု မြတ်စွာဘုရားဟော ကြားတော်မူ၏။ သို့ဖြင့် မသေသောအမြိုက်နိဗ္ဗာန်သည် ကိုယ်ခန္ဓာအတွင်း မှာပင် ရှိနေကြောင်းသိနိုင်ပါသည်။ လောက၏ချုပ်ခြင်းမှာ အမတနိဗ္ဗာန်

ကို ဆိုလို၏။ ဤမသေခြင်းသဘောတရားကို ဆက်စပ်လေ့လာကြပါရန် ကဌ ဥပနိသျှဒ်၏ အဆိုအမိန့်ကို ကောက်နှုတ်ဖော်ပြပါဦးမည်-

"အသဲနှလုံး၏ အနှောင်အဖွဲ့တို့ပြေပြီးသူသည် လောကီအာရုံတို့ကို တွတ်တာကပ်ငြိခြင်းတို့မှ ကင်းရှင်းသောအခါ ထိုသူသည် အမြိုက်သဘော တရားကိုရ၏။

အတွင်း၌ တည်ရှိသော အာတမာသည် ငါတို့၏အသဲနှလုံး လျှို့ဝှက် လိုဏ်ဂူထဲ၌နေ၏။ ကြိမ်ပင်သည် မိမိအရွက်တို့ဖြင့် ဖုံးလွှမ်းနေသကဲ့သို့ ယင်း သည် ထို့အတူ ဖုံးလွှမ်းနေ၏။ ကျွန်ုပ်တို့ဉာဏ်နှင့်အတူ လောကီအာရုံ ကာမ ဂုဏ်တို့ကို တွယ်တာတပ်မက်ခြင်းတို့မှ လွတ်မြောက်၍ ရောနှောနေရာမှ သန့် ရှင်းခြင်းကို သီးခြားခွဲထုတ်ကာ ထိုဖုံးလွှမ်းခြင်းမှ ဖယ်ရှားရမည်။ အတွင်း၌ တည်ရှိသော အာတမာသည် သန့်ရှင်းစင်ကြယ်၏။ အမြိုက်ဖြစ်၏။

လက်မလောက် အတိုင်းအရှည်ရှိသော အာတမာသည် လူတို့၏ ဟဒ ယဝတ္ထု၌ အမြဲတည်နေ၏။ ယင်းကိုဉာဏ်ဖြင့် ကိုယ်ကာယ၏ ဖုံးကွယ်နေ ခြင်းမှ ခွဲခြားရမည်။ ကြိမ်ကိုသူ၏အရွက်တို့ဖြင့် ဖုံးကွယ်နေရာမှ ဖယ်ရှားပေး သကဲ့သို့တည်း။ ယင်းသည်စင်ကြယ်ပြီး သေခြင်းကင်း၏။"

ဤကား ဟိန္ဒူတို့၏ ဗြာဟ္မဏဝါဒမှ မသေသောအမြိုက်တရားဖြစ်၏။ ယင်းကို မမေ့မလျော့ဘဲ အစဉ်သတိရှိစေရန် အဘယ်ပုံကျင့်သုံးကြရမည်ကို အပြည့်အစုံ ဖော်ပြထားပါသည်။ သို့ဖြင့်မသေခြင်းနှစ်ရပ်ကို ဆက်စပ်ပြီး အခြားအချက်အလက်တို့ဖြင့် ဆက်လက်ကြံဆကြပါကုန်။

---

## ၂-ကုမ္ဘ ဃောသက

ဥဋ္ဌာနဝတော သတီမတော-
သုစိကမ္မဿ နိသမ္မ ကာရိနော၊
သညတဿ ဓမ္မဇီဝိနော-
အပ္ပမတ္တဿ ယသော ဘိဝဍ္ဎတိ၊၂၄။

ထကြွလုံ့လရှိသူ သတိရှိသူ စင်ကြယ်သော ကံရှိသူ စူးစမ်း၍ ပြုလေ့ ရှိသူ(ဣန္ဒြေကို) စောင့်စည်းသူ တရားသဖြင့် အသက်မွေးသူ မမေ့လျော့သူ အား အခြံအရံ အကျော်အစောတိုးပွား၏၊၂၄။

မြတ်စွာသူရား ဝေဠုဝန်ကျောင်း၌ နေတော်မူသော အခါဗိမ္ဗိသာရ မင်းကြီးသည် ဘုရားရှင်ထံသို့လာ၍ လျှောက်ကြား၏။

"ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ရှေးအခါက ယဉ်း အနာတိုက်၍သေသော ရာဇဂြိုဟ် သူဌေး၏သား ကုမ္ဘဃော်သကလုလင်သည် မိဖတို့၏ အမွေ အနှစ် မြှုပ်ထားအပ်သော ဥစ္စာ ကုဋေလေးဆယ်ရှိလျက်မိမိ သူဌေးသား၏အဖြစ်ကို မသိစေဘဲ မထောင်မလွှား နှိမ်းပါးသော အသွင်ဖြင့် ကြာမြင့်စွာ နေခဲ့ပါသည်၊ ယခုမှ ဥပါယ်တမျဉ်ဖြင့် သိအောင်ပြု၍ သူဌေး အရာပေးရပါသည်။"

ထိုအခါမြတ်စွာဘုရားသည် လူတို့၏ ကြီးပွားချမ်းသာရေး တရားကို ဟောကြားတော်မူ၏။

မိမိအဘယ်မျှကြီးပွားချမ်းသာမည်ကို လက္ခဏာ,ဗေဒင်,စုန်း,ကဝေ, တစ္ဆေ, သရဲ,မှော်ဆရာ, နတ်ကတော်တို့ထံမှာ မေးနေဖွယ်မရှိပါ၊ ဤတရား ခုနစ်ပါးတို့ကို တစ်မှခုနစ်အထိ အစဉ်လိုက်ဂဏန်းရေးကာ မေးခွန်းပြုလုပ်ပြီး မှန်ကန်စွာဖြေဆိုပါ၊ ထိုအဖြေမှထွက်ပေါ်လာသော အမှတ်ဖြင့် မိမိဘဝကို မှန်စွာ သိနိုင်ပါသည်။

(၁) ငါသည် ထကြွလုံ့လရှိသူဖြစ်သလော၊၁၀။
(၂) ငါသည် သတိရှိသူဖြစ်သလော၊၁၀။
(၃) ငါသည် စင်ကြယ်သော ကံသုံးပါး ရှိသူ ဖြစ် သလော၊၁၀။
(၄) ငါသည်စူးစမ်း၍ပြုလေ့ရှိသူဖြစ်သလော၊ ၁၀။
(၅) ငါသည် ဣန္ဒြေစောင့်စည်းသူဖြစ်သလော၊၁၀။
(၆) ငါသည်တရားသဖြင့် အသက်မွေးသူဖြစ်သလော၊၁၀။
(၇) ငါသည်မမေ့လျော့သူဖြစ်သလော၊၁၀။

အကယ်၍အမှတ်ခုနစ်ဆယ် အပြည့်ရပါလျှင် ကုဋေခုနစ်ဆယ်ကြွယ်ဝ သောရွှေသူဌေးကြီးဖြစ်မည်၊ မြေကိုလက်ဖြင့်ပုတ်ခတ်ပါလျှင် မလွဲနိုင်သကဲ့သို့ မချွတ်မယွင်း သူဌေးဖြစ်မည်၊ အောင်ရမှတ်ရပါလျှင် သာမန်မျှသာ ဖြစ်မည်၊ အောင်မှတ် မရပါလျှင်ကား သူဌေးဖြစ် စာမေးပွဲမှာ ကျဆုံးသူ ဖြစ်မည်။

## ၃-စူဠပန္ထက

ဥဋ္ဌာနေ နပ္ပမာဒေန၊ သံယမေန ဒမေနစ၊
ဒီပံ ကယိရာထ မေဓာဝီ၊ ယံဩဃော နာဘိကီရတိ၊ ၂၂။

ထကြွလုံ့လနှင့်ငင်း, မမေ့မလျော့ခြင်းနှင့်ငင်း, စောင့်စည်းခြင်းနှင့်ငင်း,(ဣန္ဒြေကို)ဆုံးမခြင်းနှင့် ငင်းပြည့်စုံသောပညာရှိသည် ကျွန်းကို ပြုလုပ်ရာ၏။ ယင်းကျွန်းကို ရေယဉ်သည် မဖျက်ဆီးနိုင်ပြီ၊ ၂၅။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်စူဠပန်သည်လေးပါဒရှိသော တဂါထာကို လေးလတိုင်မျှ သင်ကြား သော်လည်း မရနိုင်ဘဲရှိ၏။ ထို့ကြောင့်သူသည် သာသနာတော်မှထွက်ခွါသွားမည်ပြုသောအခါ ဘုရားရှင်သည်သူ့အား"ရဇောဟရဏ"ကမ္မဋ္ဌာန်းကို သင်ကြားပေး၏၊ သူသည် ထိုကမ္မဋ္ဌာန်းကိုစီးဖြန်းလေရာ တခဏခြင်း အဘိညာဏ် ပဋိသမ္ဘိဒါ သမာပတ်နှင့် ပြည့်စုံသော ပိဋကတ် သုံးပုံဆောင် ရဟန္တာအဖြစ်သို့ ရောက်သွား၏။ ထိုအကြောင်းကို ရဟန်းတို့ ချီးကျူးအံ့ဩကြသောကြောင့်မြတ်စွာဘုရားသည် ရဟန္တာ ဖြစ်ကြောင်း နည်း လမ်း ကောင်းကို ဟော ကြား တော်မူ၏။

ဤတရားကား လောကုတ္တရာကြီးပွါး ချမ်းသာရေးတရားဖြစ်၏။ ဤအတွက်အင်္ဂါမှာ ထကြွလုံ့လနှင့်ပြည့်စုံခြင်းစသော အင်္ဂါလေးပါးသာရှိ၏။ သို့ရာတွင် ထိုသူသည်ပညာရှိဘို့လိုသည်။ ဤတွင်ပညာရှိကား ရှင်စူဠပန်ကဲ့သို့ ထိုးထွင်း သိမြင်တတ်သော ပညာရှိဖြစ်၏။ စာပေ ပရိယတ်ကို ရွတ် ဖတ် သရဇ္ဈာယ်တတ်သော ပညာရှိမျိုးမဟုတ်ပါ။ ရှင်စူဠပန်ကဲ့သို့သော ထိုးထွင်း သိမြင်တတ်သော ပညာရှိသည် အဆိုပါ အင်္ဂါလေးရပ်နှင့် ပြည့်စုံသည်ဖြစ်၍ ကျွန်းကိုပြုလုပ်ရမည်။ဤတွင်ကျွန်းဟူသည်မှာ အရဟတ္တဖိုလ်ကို ဆိုလို၏။ ဘဝသံသရာတည်းဟူသော သမုဒ္ဒရာမှာ မှီခိုရန် အတွက် အရဲဟတ္တဖိုလ် ကျွန်းကို ပြုလုပ်ရမည်ဖြစ်၏။ ဤရှင်စူဠပန်ဝတ္ထုနှင့်စပ်လျဉ်း၍ ဥပနိသျှဒ်မှသင်ခန်းစာကို မှတ်သားသင့်ပါသည်။

"ယုံမှားသံသယပိုက်ကွန်မှ လွတ်မြောက်ရန်အတွက် ဉာဏ်ရှိရုံ သက်သက်ဖြင့် မလုံလောက်ပါ။ ယုံကြည်မှုသဒ္ဓါနှင့် ဘဝဆုံးမသွန်သင်မှု အမှန်ပင်လိုအပ်ပါသည်။ ယုံမှားသကၤာသည် အဝိဇ္ဇာကြောင့်ဤမျှ ဖြစ်သည်မဟုတ်ပါ။ ယင်းသည် တွယ်တာ တပ်မက်ခြင်းတို့ကြောင့် ဖြစ်၏။ ဉာဏ်သည် တွယ်တာ တပ်မက်မှုမရှိခြင်းကြောင့်ဖြစ်၏။ ပညာကြီးသောကြောင့်မဟုတ်ပါ။ ယင်းသည် မုချ သင်ခန်းစာဖြစ်၏။"

---

## ၄–ဗာလ နက္ခတ္တ

ပမာဒ မနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ၊
အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ၊ ၂၆။

ပညာမဲ့သောသူမိုက်တို့သည် မေ့လျော့မှု ကိုအားထုတ်ကြ၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့ စောင့်ရှောက်၏၊ ၂၆။

မာ ပမာဒ မနုယုဉ္ဇေထ၊ မာ ကာမရတိ သန္ထဝံ၊
အပ္ပမတ္တော ဟိ ဈာယန္တော၊ ပပ္ပောတိ ဝိပုလံ သုခံ၊ ၂၇။

ထို့ကြောင့် သင်တို့သည် မေ့လျော့မှုကိုအားမထုတ်ကုန်လင့်၊ ကာမတို့၌မွေ့လျော်မှုနှင့် အကျွမ်းဝင်မှုကို အားမထုတ်ကုန်လင့်၊ အဘယ့်ကြောင့်နည်းဟူမူ မမေ့မလျော့ ဈာန်ဝင်စားသူသည် ပြန့်ပြောသော ချမ်းသာသို့ရောက်နိုင်သောကြောင့်တည်း၊ ၂၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါသာဝတ္ထိမြို့၌ ခုနစ်ရက်ပတ်လုံး ဗလနက္ခတ်ပွဲသဘင် ခံရာတွင် သူမိုက်တို့၏ အမူအရာအပြောအဆိုကြောင့် သူတော်ကောင်းတို့ အိမ်တွင်းမှမထွက်ဝံ့ကုန်။ မြတ်စွာဘုရားနှင့် ရဟန်း သံဃာတို့ကိုလည်း မြို့တွင်းသို့ဆွမ်းခံမဝင်ရန်လျှောက်ကြားပြီး ကျောင်းမှာပင် ဆွမ်းပန်းကိစ္စ စီရင်ပေးကြ၏။ ခုနစ်ရက်လွန်မှ ဘုရားရှင်ကိုပင့်၍ ဆွမ်းကပ်ပြီးလျှင် ဤအကြောင်းကို လျှောက်ကြ၍ ထိုတရားဟောကြားခြင်းဖြစ်၏။

## ၇–မဟာကဿပ

ပမာဒံ အပ္ပမာဒေန-
ယဒါ နုဒတိ ပဏ္ဍိတော၊
ပညာ ပါသာဒ မာရုယှ-
အသောကော သောကိနိံ ပဇံ၊
ပဗ္ဗတဋ္ဌောဝ ဘူမဋ္ဌေ
ဓီရော ဗာလေ အဝေက္ခတိ၊ ၂၈။

ပညာရှိသည် မေ့လျော့မှုကို မမေ့မလျော့မှုဖြင့်ပယ်ဖျောက်၏။စိုး ရိမ်မှုကင်းသူသည် ပညာပြာသာဒ်သို့တက်၍စိုးရိမ်မှုရှိသော သတ္တဝါ အပေါင်းကိုကြည့်ရှု၏။ တောင်ထိပ်၌တည်သူသည် မြေပြင်၌ တည်နေသူတို့ကိုကြည့်ရှုသကဲ့သို့ ပညာရှိသည် သူမိုက်တို့ကိုကြည့်ရှု၏၊ ၂၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည်ပိပ္ပလိဂူ၌သီတင်းသုံးနေ၏။ ထိုအခါသူသည် သတ္တဝါတို့၏ မွေးဖွားခြင်း သေခြင်းသဘောတရားကို ဆင်ခြင်စဉ်းစား၏။ မည်သို့ပင် စဉ်းစားသော်လည်း သူ၏ဉာဏ်တွင် မထင် မြင်နိုင်ဘဲ ဖြစ်နေ၍ မြတ်စွာ ဘုရားက "ကဿပ သတ္တဝါတို့၏ မွေးဖွားခြင်း၊ သေခြင်း အပိုင်းအခြားကို သိရန်မှာ သင်၏အရာမဟုတ်။မမေ့မလျော့ခြင်းသာသင်၏အရာဖြစ်သည်"ဟု မိန့်ကြားပြီး ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၈–ဒွေ သဟာယက

အပ္ပမတ္တော ပမတ္တေသု
သုတ္တေသု ဗဟုဇာဂရော၊
အဗလဿံဝ သီဃဿော
ဟိတွာ ယာတိ သုမေဓသော၊ ၂၉။

လျင်မြန်သော မြင်းသည် ခွန်အားနည်းသော မြင်းကို ချန်ထား၍ သွားသကဲ့သို့ မေ့လျော့သူတို့တွင်မမေ့မလျော့သော ပညာရှိသည် ချန်ထား၍

သွား၏။ နိုးကြားခြင်း မရှိသူ တို့တွင် နိုးကြား သူသည် စွန့်ထား၍ သွား၏၊ ၂၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင် ထံမှ ကမ္မဋ္ဌာန်းကိုသင်ယူ၍ တောကျောင်းသို့ ဝင်သော သူငယ်ချင်းရဟန်း နှစ်ယောက်တို့တွင် တယောက်ကား ကာမဏေယ်တို့နှင့် ရယ်မောပြောဆို လျက် မေ့မေ့လျော့လျော့နေ၏။ တယောက်ကားမမေ့မလျော့အားထုတ်၍ ရဟန္တာ အဖြစ်သို့ ရောက်သွား၏။ ထိုရဟန်း နှစ်ယောက်တို့သည် သီတင်း ဝါလကျွတ်၍ ဘုရားရှင်ထံမှောက်သို့ ရောက်ကြသော် မြတ်စွာ ဘုရားသည် မေ့လျော့သော ရဟန်းကိုကဲ့ရဲ့ပြီးလျှင် ဤတရားကို ဟောကြားတော်မူခြင်း ဖြစ်၏။

---

## ၇–မာဃ

အပ္ပမာဒေန မဃဝါ၊ ဒေဝါနံ သေဋ္ဌတံ ဂတော၊
အပ္ပမာဒံ ပသံသန္တိ၊ ပမာဒေါ ဂရဟိတော သဒါ၊ ၃၀။

မာဃလုလင်သည် မမေ့မလျော့ ခြင်းကြောင့် နတ်တို့၏ အထွတ် အထိပ်သို့ ရောက်၏။ မမေ့ မလျော့ခြင်းကို ချီးမွမ်းကုန်၏။ မေ့လျော့ ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏၊ ၃၀။

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူသော အခါ မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသည် သိကြားမင်း ဖြစ်ရခြင်း အကြောင်းကို မေးလျှောက်၏။ ထိုအခါ ဘုရားရှင်သည် "(၁) မိဖကို လုပ်ကျွေးခြင်း၊ (၂) ကြီးသူတို့ကို အရိုအသေပြုခြင်း၊ (၃) ပြေပြစ်သော စကားကို ဆိုခြင်း၊ (၄) ဂုံးတိုက်သော စကားကို ပယ်ခြင်း၊ (၅) မှန် သော စကားကိုဆိုခြင်း၊ (၆) ဝန်တိုကင်းခြင်း၊ (၇) အမျက် ဒေါသကို နှိပ်နင်းခြင်း" ဤသိကြားမင်း ကျင့်ဝတ် ခုနစ်ပါးကို ဖြေဆိုပြီး ဟောကြား သော တရားဖြစ်၏။

## ၈–အညတရ

အပ္ပမာဒ ရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ၊
သံယောဇနံ အဏုံထူလံ၊ ဍဟံ အဂ္ဂိဝ ဂစ္ဆတိ၊ ၃၁။

မီးသည် ကြီးငယ် မရှောင် လောင်စာ ဟူသမျှကို လောင်ကျွမ်း သကဲ့သို့ မမေ့မလျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် သံယောဇဉ် အကြီး အငယ်ဟူသမျှကို လောင်ကျွမ်း စေ လျက် သွား၏။ ၃၁။

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသော အခါ ရဟန်း တယောက်သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူ၍ တောသို့ဝင်ပြီး စီးဖြန်း ပါသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်သောကြောင့် ဘုရားရှင် ထံသို့ ပြန်လာ၏။

လမ်းတွင် တောမီးလောင်သည်ကို မြင်၍ "ဤမီးသည် လောင်စာ တို့ကို လောင်ကျွမ်း စေ သကဲ့သို့ အရဟတ္တမဂ် သည် သံယောဇဉ်တို့ကို လောင်ကျွမ်းစေလိမ့်မည်" ဟု ဆင်ခြင်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ထိုရဟန်း၏ စိတ်အကြံကို သိတော်မူ၍ နည်းလမ်းညွှန်ကြား၍ ဟောတော် မူခြင်း ဖြစ်၏။

---

## ၉–နိဂမဝါသိ တိဿ

အပ္ပမာဒ ရတော ဘိက္ခု၊ ပမာဒေ ဘယဒဿိ ဝါ၊
အဘဗ္ဗော ပရိဟာနာယ၊ နိဗ္ဗာနဿေဝ သန္တိကေ၊ ၃၂။

မမေ့မလျော့မှု၌ မွေ့လျော်၍ မေ့လျော့မှု၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် ဆုတ်နစ်ရန် မထိုက်။ နိဗ္ဗာန်၏ အနီး၌သာလျှင် ဖြစ်၏။ ၃၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ တိဿ အမည်ရှိသော ရဟန်းသည် ပသေနဒီ ကောသလမင်း, အနာထပိဏ် သူဌေး စသူတို့အများအပြား အလှူဒါန ပြုသော်လည်း တကြိမ်တခါမျှ သာဝတ္ထိမြို့သို့ မလာပါ၊ ဆွေမျိုးများရှိရာ နိဂုံးမှာသာနေ၏။ ထို့ကြောင့် သူ့ကို နိဂမ တိဿ ဟုခေါ်ကြ၏။ ယင်းသို့လျှင် ဆွေမျိုးတို့ရွာ၌ ရသမျှနှင့် ရောင့်ရဲနေသော နိဂမဝါသီ တိဿကို အကြောင်းပြု၍ ဘုရားရှင်သည် ဤတရားကို ဟောကြားခြင်းဖြစ်၏။

ဤအပ္ပမာဒဝဂ်တခုလုံး၏ အနှစ်သာရမှာ မမေ့မလျော့ခြင်း သတိ ရှိရန် အတွက်ပင် ဖြစ်၏။ သတိသည် ဗုဒ္ဓသာသနာ၏ အစ–အလယ်–အဆုံး သုံးပါးလုံး၏ အချုပ်–အချာ ဖြစ်၏။ သိဒ္ဓတ္ထမင်းသား ဘုရား အဖြစ်သို့ ရောက်သည်မှာ သတိပင် ဖြစ်၏။ ဤအကြောင်းကို လွယ်ကူစွာ ကြည့်ရှု နေကြစေရန် ဇိနတ္ထပကာသနီကျမ်းမှ ထုတ်နုတ် ဖော်ပြပါမည်။

"ဘုရားလောင်းသည်လည်းယင်းသို့ ဒုက္ကရစရိယာ အကျင့်ကိုခြောက် နှစ်တိုင်အောင် ကျင့်တော်မူပြီးမှ ငြိုငြင်စွာသော ဤအကျင့်ဖြင့် ဘုရား အဖြစ်သို့ မရောက်နိုင်ရာ၊ သတ္တဝါတို့၏ မေ့တာလည်း သဒ္ဓါလွန်လျှင် ကွန့် သည်။ ပညာလွန်လျှင် ဆွံ့သည်။ ဝီရိယလွန်လျှင် ပြန့်သည်။သမာဓိ လွန် လျှင် တွန့်သည်။ သတိသာလျှင် လွန်သည်မရှိ၊ လိုဘိသည်သာ ဖြစ်သည်။ ထို့ ကြောင့် ယခု ငါသည် အာဟာရကို မျှစေလျက် ကိုယ်လက် ဖြည့်တင်း၍ သဒ္ဓါနှင့် ပညာ၊ဝီရိယနှင့်သမာဓိကို မျှစေတော့အံ့ဟု ကြံလျက် ထိုထို မြို့ ရွာသို့ ချဉ်းကပ်၍ ခံအပ်သော ဆွမ်းကို ဘုဉ်းပေးတော်မူ၏"။

သဒ္ဓါ,ပညာ, ဝီရိယ,သမာဓိတို့မှာ သူ့နေရာနှင့်သူလွန်စွာကြီးကျယ် မြင့်မြတ်သောတရားများ ဖြစ်ကြ၏။ သို့ရာတွင် ယင်းတို့၏ ခေါင်ချုပ်မှာ သတိ ဖြစ်၏။ ယင်းတို့သည် သတိနှင့် ယှဉ်မှသာလျှင် ထွန်းလင်းတောက်ပနိုင် ကြ၏။ သတိမပါလျှင် တဖက်စွန်းသို့ ရောက်သွား နိုင်ကြ၏။ သတိပါမှ သာလျှင် တန်ဖိုးရှိပြီးအကျိုးပြုနိုင်ကြ၏။ သို့မဟုတ်ပါက ပေါက်လွတ် ပဲစား, နွားသိုး ကြိုးပြတ် ဆိုသလို ဖြစ်ကုန်ကြမည်။

ထိုမှတပါးမြတ်စွာ ဘုရား၏ နောက်ဆုံး စကားသည်လည်း သတိပင် ဖြစ်၏။ ဘုရားရှင်သည် ပရိနိဗ္ဗာန် ဝင်စံ ကာနီးမှာ "ရဟန်းတို့ သင်တို့အား ယခုမှာကြားခဲ့အံ့၊ ပြုပြင်ရသော သင်္ခါရ တရားတို့သည် ပျက်စီးခြင်းသဘော ရှိကုန်၏။ မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြ ကုန် လော့"ဟု မိန့်ကြားသွား၏။

မြတ်စွာဘုရားသည် သတိတရားနှင့် ဘုရားဖြစ်လာပြီး သတ္တဝါတို့အားသတိတရားကိုပင် အမျိုးမျိုးအဖုံဖုံတန်ဆာဆင်ပြီးဟောကြားတော်မူ၏။ နောက်ဆုံးပရိနိဗ္ဗာန်ဝင်စံမည့်ဆဲဆဲမှာလည်း သတိကို သတိထားရန် သတိပေးသွားတော်မူ၏။ သို့ဖြင့် သတိ၏အရေးကြီးပုံကို သိနိုင်၏။ သို့ရာတွင် သတိချည်းသက်သက်ကား တန်ဖိုးမရှိပါ။ အခြားတရားတို့နှင့် တွဲဖက်ရန် သက်သက်သာဖြစ်၏။ ဘုရားရှင်သည် ကသိဘာရဒွါဇအား "ပုဏ္ဏား ငါ၏သဒ္ဓါသည် မျိုးစေ့မည်၏။ ငါ၏အကျင့်သည် မိုးရေမည်၏။ ငါ၏ပညာသည် ထမ်းပိုးထွန်တုံးမည်၏။ ငါ၏ဟိရိသည် တွန်သံမည်၏။ ငါ၏စိတ်သည် ကြိုးမည်၏။ ငါ၏သတိသည် တွန်သွား နှင်တံမည်၏" ဟု ဟောကြားတော်မူ၏။ နှင်တံသည် ကျွဲနွား စသည်တို့ကို မောင်းနှင်ရန်ဖြစ်သကဲ့သို့ သတိသည်လည်း သဒ္ဓါ, ဝီရိယ စသည်တို့ကို မောင်းနှင်ရန်ဖြစ်၏။

ကန်တော်မင်းကျောင်း ဆရာတော်ကလည်းသတိကို"လောဘဟူသည် ဆင်ရိုင်းစွ။ ပညာဟူသည်ချွန်းထောက်မ။ သဒ္ဓါဟူသည် ချွန်းရှည်ပြ။ သတိဟူသည် လွန်ကြိုးတွေ့။ ဒိဋ္ဌိဟူသည် တွင်းတွင်ချ။ ယဉ်လျှင် နိဗ္ဗာန" ဟု စပ်ဆိုပါသည်။

ကံသာ ဥစ္စာ ဓန ဖြစ်ချေသည်။
ဥာဏ်မှာ ဟုတ်ရာသမျှ ဖြစ်ချေသည်။
ကံရှိမှ တတ်သည်၊ ဥာဏ်ရှိမှမြတ်သည်။
ကံနှိုးဆော်မှ ထင်ပေါ်သည်။
ဥာဏ်နှိုးဆော်မှ မြင်မြော်သည်။
ကံပင်ရှိသော်လည်း ဝီရိယချွတ်တတ်သည်။
ဥာဏ်ပင်ရှိသော်လည်း သတိလွတ်တတ်သည်။
ကံပင်ရှိသော်လည်း ဝီရိယကူရမည်။
ဥာဏ်ပင်ရှိသော်လည်း သတိက မူရမည်။

ကျည်းကန်ရှင်ကြီး၏ ဖွဲ့ဆိုချက်ဖြစ်၏။ ဆိုလိုသည်မှာ သတိသည် သူ့ချည်းသက်သက် တန်ဖိုးမရှိဘဲ သတိပြုစရာ အချက်အလက်တို့ကို လေးနက်စေခြင်းဖြစ်၏။ မြတ်စွာဘုရား၏ နောက်ဆုံးသတိပေးစကား၌ သတိထားရမည်မှာ သင်္ခါရ တရားတို့၏ ပျက်စီးခြင်းသဘောပင်ဖြစ်၏။အကယ်၍ ဤသဘောတရားကို သတိထားနေပါလျှင် ယင်းတို့နှင့် စပ်လျဉ်း၍ အဘယ်မှာလျှင်

ဝမ်းသာ ဝမ်းနဲ့ ဆင်းရဲ ချမ်းသာ ဖြစ်စရာရှိပါတော့မည်နည်း။ အကြောင်းကား ယင်းတို့၏ ပျက်စီးခြင်းသဘောကို သတိရှိနေသောကြောင့်ဖြစ်၏။

သင်္ခါရဟူသည် ပြုပြင်ရသော တရားဖြစ်၏။ ယင်းတရားသည် ပျက်စီးခြင်းသဘောရှိ၏ဟု သတိထားနေရုံဖြင့်ကား အကျိုးရှိလှမည်မဟုတ်ပါ။သေဆေးကို သေဆေးမှန်းသိလျှင် ရှောင်ကြဉ်သကဲ့သို့ ဤပျက်စီးခြင်းသဘောရှိသော သင်္ခါရတရားတို့ကို ရှောင်ရှားရပါမည်။ စွန့်လွှတ်ရပါမည်။ သင်္ခါရစွန့်လွှတ်ခြင်းကို အသင်္ခတ ဟုခေါ်၏။ ကျွန်ုပ်တို့သည် ပြုပြင်၍ သင်္ခါရဖြစ်ရာ မပြုပြင်လျှင် အလိုအလျောက်ပင် အသင်္ခတဖြစ်မည်။ လုပ်၍ဖြစ်သည်။ မလုပ်လျှင် မဖြစ်နိုင်ပါ။ မလုပ်၍ မဖြစ်သောသဘောမှာ ပျက်စီးဖွယ်ရာ ဘယ်မှာ ရှိပါတော့မည်နည်း။ ယင်းသည်ကား နိဗ္ဗာန်ပင်တည်း။

နှစ်ခုမြောက် အပ္ပမာဒဝဂ်ပြီး၏။

၁-မေဃိယ

ဖန္ဒနံ စပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ၊
ဥဇုံ ကရောတိ မေဓာဝီ၊ ဥသုကာရောဝ တေဇနံ။ ၃၃။

လေးသမားသည် မြှားကို ဖြောင့်အောင်ပြုသကဲ့သို့ ပညာရှိသည် တုန်လှုပ်၍ လျှပ်ပေါ လော်လည်ခြင်းသဘောရှိသော စောင့်ထိန်းရန် တားမြစ်ရန် ခက်ခဲသော စိတ်ကို ဖြောင့်အောင်ပြုရာ၏။ ၃၃။

ဝါရိဇောဝ ထလေ ခိတ္တော—
ဩကမော ကတ ဥဗ္ဘတော၊
ပရိ ဖန္ဒတိဒံ စိတ္တံ—
မာရဓေယျံ ပဟာတဝေ။ ၃၄။

ရေတည်းဟူသော မှီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ် တုန်လှုပ်သကဲ့သို့ ကိလေသာ မာရ်၏ ကိုယ်တွင်းရန်ကို ပယ်လှန်ထုတ်ဆောင်ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏။ ၃၄။

မြတ်စွာဘုရား စာလိယတောင်၌ နေတော်မူသောအခါ ရှင်မေဃိယ သည် ထိုတောင်အနီး သရက်တော၌ ကမ္မဋ္ဌာန်းအလုပ် အားထုတ်နေ၏။ သူသည် စိတ်ကို ကမ္မဋ္ဌာန်းအာရုံ၌ ကြိုးစား၍ တင်သော်လည်း ကမ္မဋ္ဌာန်း အာရုံတွင် မနေပါ။ တခါတရံ ကာမအာရုံသို့ ရောက်သွား၍ တခါတရံ ဒေါသနှင့်ယှဉ်၏။ တခါတရံ သူတပါး ပျက်စီးကြောင်းကို စဉ်းစားလျက် တခါတရံ ညှဉ်းဆဲရေးကို တွေး၏။ ဤဝိတက်တို့ကို ကြိုးစား၍ ဖယ်ခွါသော် လည်း မရနိုင်သဖြင့် ထ၍ပြန်ခဲ့ရာ မြတ်စွာဘုရားခေါ်၍ ဤတရားကို ဟော ကြားခြင်းဖြစ်၏။

---

## ၂-အညတရ

ဒုန္နိဂ္ဂဟဿ လဟုနော၊ ယတ္ထ ကာမ နိပါတိနော၊
စိတ္တဿ ဒမထော သာဓု၊ စိတ္တံ ဒန္တံ သုခါဝဟံ။၃၅။

နှိမ်နင်းရန် ခဲယဉ်း၍ လျင်မြန်သည့် သဘောရှိသော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ယဉ်ကျေးသောစိတ်သည် ချမ်းသာကို ဆောင်တတ်။၏၃၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်း တပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူ၍ သာဝတ္ထိမြို့၏ ကျေးလက် မာတိကာ အမည်ရှိသော ရွာသို့ ကမ္မဋ္ဌာန်းစီးဖြန်းရန် သွား၏။ ထိုရွာ၌ ရွာသူကြီး၏အမေဖြစ်သော အနာဂါမိဒါယိကာမကြီးသည် ထိုရဟန်း၏အလို ဆန္ဒကိုသိ၍ တောင့်တကြံစည်တိုင်းသော ရသာ ချိုချဉ် ဘောဇဉ် ခဲဖွယ်တို့ကို ပို့စေ၏။ ကိုယ်တိုင်လာမှ ကောင်းလေစွဟု ကြံလျှင် ကိုယ်တိုင်လာ၏။ တခါ သော် ရဟန်းသည် ဤသို့ကြံ၏–

"ဤဒါယိကာမကြီးသည် ကြံသမျှသော ငါ၏စိတ်ကိုသိ၏။မတင့်တယ် မလျောက်ပတ်သည်ကို ကြံမိသည်ရှိသော် ခိုးထုပ် ခိုးထည်နှင့် ပုန်းကွယ်ရာမရှိ ဖမ်းမိသော ခိုးသူကဲ့သို့ ရှက်အိုးကြီး ကွဲရာသည်" ဟု ကြောက်ရွံ့ စိုးရိမ် သောကြောင့် မြတ်စွာဘုရား၏ အထံသို့ ထွက်ပြေးခဲ့၍ ထိုအကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ထိုရဟန်းကို ဆုံးမရန်ဟောကြားသောတရား ဖြစ်၏။

## ၃–အညတရ ဥက္ကဏ္ဌိတ

သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမ နိပါတိနံ၊
စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ ၊၃၆။

အလွန်မြင်နိုင်ခဲသော အလွန်သိမ်မွေ့သော အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ စောင့်ရှောက်ကာကွယ်ထားသောစိတ်သည် ချမ်းသာကို ရွက်ဆောင်တတ်၏၊၃၆။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ သာဝတ္ထိမြို့၌ သူဌေးသားတယောက်သည် သာသနာတော်၌ ရဟန်းပြု၍ ဆရာဥပဇ္ဈာယ်တို့ ပြောဟောအပ်သောသုတ် အဘိဓမ္မာ၌လာသော ကျင့်ရေးကျင့်ရာအခန်း, ဝိနည်း၌လာသော ကျင့်ရေးကျင့်ရာ ကျင့်ခန်းများစွာကို ကြားလျှင်“သာသနာတော်၌ ပြုဖွယ်ကိစ္စများပြား၏။ နေနိုင်စရာမရှိ။ လူထွက်အံ့”ဟု ကြံ၍ ဘုရားရှင်ကိုလျှောက်၏။

ထိုအခါ ဘုရားရှင်က “ရဟန်း သို့ဖြစ်လျှင် တခုတည်းသော အကျင့်ကို ကျင့်ဆောင်နိုင်မည်လော”ဟု ဆို၏။

“အရှင်ဘုရား တခုတည်းကိုကား ကောင်းစွာကျင့်နိုင်ပါမည်။ အဘယ်အကျင့်ပါနည်း”ဟု မေးလျှောက်၏။

“သင်၏ စိတ်တခုတည်းကိုသာ လုံခြုံအောင်စောင့်လော့”ဟု မိန့်ကြားတော်မူပြီးလျှင် ထိုရဟန်းအား ဟောကြားသော တရားဖြစ်၏။

---

## ၄–သံဃရက္ခိတ ဘာဂိနေယျ

ဒူရင်္ဂမံ ဧကစရံ၊ အသရီရံ ဂုဟာသယံ၊
ယေ စိတ္တံ သံယမိဿန္တိ၊ မောက္ခန္တိ မာရဗန္ဓနာ ၊၃၇။

အဝေးသို့ သွားတတ်သော တဦးတည်းကျက်စားသော ကိုယ်ကောင်အထည်မရှိသော လိုဏ်ဂူ၌ မှီသောစိတ်ကို စောင့်စည်းကြသူတို့သည် မာရ်အန္ဓောင်အဖွဲ့မှ လွတ်ကြလိမ့်မည် ။၃၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သံဃရက္ခိတအမည်ရှိသော ပဥ္စင်းငယ်တပါးသည် ဆရာ ဥပဇ္ဈာယ်ကို ယပ်ခတ်၍နေစဉ်တွင် လူစိတ်ကူးသည်ဖြစ်၍ ဤသို့ကြံ၏-

"ငါသည် သင်္ကန်းလျှော်ဖျင် ပုဆိုးကိုရောင်း၍ ဆိတ်မဝယ်မည်။ ဆိတ်မကမွေးသော ဆိတ်ငယ်ကို ရောင်းချ၍ ဥစ္စာစုအံ့။ မယားတယောက်ရှာအံ့၊ သားရလျှင် သား-မယားနှင့်တကွ လှည်းယာဉ်စီး၍ ဆရာ့ထံကန်တော့လာ၏။ လမ်း၌ သားငယ်လှည်းပေါ်မှကျ၍ မယားကိုစိတ်ဆိုးပြီး နှင်တံဖြင့်ရိုက်၏" ဟု အရိုက်တွင် ဆရာ၏ဦးခေါင်းကို ယပ်ဖြင့်ခတ်မိ၏။ ဆရာသည် ထိုအကြောင်းကို ဘုရားရှင်အား လျှောက်၍ ဟောတော်မူသော တရားဖြစ်၏။

---

## ၃—စိတ္တဝဂ္ဂ

အနဝဋ္ဌိတစိတ္တဿ၊ သဒ္ဓမ္မံ အဝိဇာနတော၊
ပရိပ္လဝ ပသာဒဿ၊ ပညာ န ပရိပူရတိ ။၃၈။

မတည်တံ့သည့် စိတ်ရှိသော သူတော်ကောင်းတရားကို မသိသောပေါလောပေါ်သော ယုံကြည်မှုရှိသူအား ပညာမပြည့်စုံ ။၃၈။

အနဝဿုတ စိတ္တဿ၊ အနန္ဝာဟတ စေတသော၊
ပုည ပါပ ပဟီနဿ၊ နတ္ထိ ဇာဂရတော ဘယံ ။၃၉။

မစိုစွတ်သော စိတ်ရှိသော ထိခိုက်သည့် စိတ်မရှိသော ကောင်းမှု-မကောင်းမှုကို ပယ်ပြီးသော နိုးကြားသော ပုဂ္ဂိုလ်အား ဘေးမရှိ ။၃၉။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ စိတ်အလိုအားဖြင့် ခုနစ်ကြိမ်တိုင်တိုင် လူထွက်၍ ရဟန်းပြုသော စိတ္တဟတ္ထ ရဟန်းသည် နောက်ဆုံးရဟန်းပြုရာတွင် "အနိစ္စံ ဒုက္ခံ" ဟု ရေရွတ်လျက် ရဟန္တာအဖြစ်သို့ရောက်၍ သာသနာတော်၌ မငြိုးငွေ၊ ပျော်မွေ့သောအကြောင်းကို ရဟန်းတို့အားပြော၏။ ရဟန်းတို့သည် ထိုရဟန်း၏ စကားကိုမယုံကြည်သဖြင့် ဘုရားရှင်အားလျှောက်ကြသည်တွင် ဟောကြားသော တရားဖြစ်၏။

ဒုတိယဂါထာ၌ မစိုစွတ်သောမှာ ရာဂမရှိကိုဆိုလို၏။ ထိခိုက်သည့်စိတ်မရှိသောမှာ ဒေါသမရှိခြင်းကိုဆို၏။ ကောင်းမှု-မကောင်းမှုကို ပယ်ခြင်းမှာအကျိုးကို မမျှော်ခြင်းဝါ-ကိုယ်ကျိုးစွန့်ခြင်းဖြစ်၏။ သူသည်ဘယ်အမှုကိစ္စမျိုးကိုမျှ မပြုသည်မဟုတ်၊ လုပ်သင့်လုပ်ထိုက်သော အမှုကိစ္စတို့ကို ပြုလုပ်၏။ သို့ရာတွင် ထိုအလုပ်မှ ထွက်ပေါ်လာမည့် အကျိုးကျေးဇူးကို မမျှော်လင့်ခြင်းပင်တည်း။ ဤသို့ အကျိုးကျေးဇူးကို မတောင့်တခြင်းကိုပင် ကောင်းမှု-မကောင်းမှုကို ပယ်သည်မည်၏။

---

## ၆-ပဉ္စသတ ဘိက္ခု

ကုမ္ဘူပမံ ကာယမိမံ ဝိဒိတွာ-
နဂရူပမံ စိတ္တမိမံ ဌပေတွာ၊
ယောဓေထ မာရံ ပညာဝုဓေန-
ဇိတဉ္စ ရက္ခေ အနိဝေသနော သိယာ ၊၄၀။

ဤခန္ဓာကိုယ်ကို အိုးနှင့်တူ၏ဟု သိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဥာဏ်၌ သက်ဝင်လျက် ပညာလက်နက်ဖြင့် မာရ်ကို တိုက်ခိုက်ရာ၏။ အောင်မြင်ခြင်းကိုလည်း ကပ်ငြိတွယ်တာခြင်းမရှိပဲ စောင့်ရှောက်ထားရာ၏ ၊၄၀။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းသင်ယူ၍ မဟာဝါသရွာ၏ အနီးဖြစ်သော တောအုပ်ကြီးသို့ သွားကုန်သော ရဟန်းငါးရာတို့သည် ရုက္ခစိုးနတ်တို့ အထူးထူးသော ကြောက်မက်ဖွယ်ကိုပြလျက် ခြောက်လှန့်ကုန်သောကြောင့် ဘုရားရှင်ထံသို့ ပြန်ခဲ့ကြ

၏။ ထိုအခါမြတ်စွာဘုရားသည် ဘေးဆီးရန်ကာ အလို့ငှာ မေတ္တာသုတ်ပရိတ်တော်ကို ဟောတော်မူ၍ ထိုတောအုပ်သို့ပင် ပြန်လွှတ်လိုက်၏။ ရဟန်းတို့သည် ပရိတ်ရွတ်၍ ဘေးရန်ကင်းကာ စိတ်ငြိမ်စွာဖြင့် ဝိပဿနာ ရှုနိုင်ကြသောကြောင့် မြတ်စွာဘုရားဟောကြားတော်မူခြင်း ဖြစ်၏။

မာရ-မာရ် ဟူသည်မှာ ကုသိုလ်ကောင်းမှုကို သတ်ဖြတ်ဖျက်ဆီးတတ်သော ကုသိုလ်ကောင်းမှု၏ ရန်သူ အကုသိုလ်မကောင်းမှု ဖြစ်၏။

ဤတရား၌ "အောင်မြင်ခြင်းကိုလည်း ကပ်ငြိတွယ်တာခြင်းမရှိပဲ" ဟူလောစကားကို မှတ်သားသင့်ပါသည်။

---

## ၇-ပူတိဂတ္တတိဿ

အစိရံ ဝတ ယံ ကာယော၊ ပထဝိံ အဓိသေဿတိ၊
ဆုဒ္ဓေါ အပေတ ဝိညာဏော၊ နိရတ္ထံ ဝ ကလိင်္ဂရံ။ ၄၁။

ဤခန္ဓာကိုယ်သည် ဝိညာဏ်ကင်းခဲ့သော် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မကြာမီလျှင်မြေပေါ်၌ အိပ်ရမည်တကား၊ ၄၁။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ တိဿအမည်ရှိသော ရဟန်းမှာ တကိုယ်လုံး အနာဖူးရရှူးပေါက်၍ သွေးပြည်လိမ်းကျံ့နံစော်ညှီပုပ် စက်ဆုပ်ဖွယ်ဖြစ်နေ၏။ တနေ့မနက်တွင် ဘုရားရှင်သည် ထိုရဟန်းကို တွေ့မြင်၍ ကိုယ်တော်တိုင် ရေနွေးကျိုပြီး ဆေးကြော သုတ်သင်ပေး၏။ ထိုအခါ တိဿသည် အတော်အတန် ပေါ့ပေါ့ပါးပါးဖြစ်သွားပြီး တည်ကြည်သောစိတ်ဖြင့် အိပ်ရာတွင် လှဲလျောင်းနေရာ ဘုရားရှင်သည် ခေါင်းရင်း၌ရပ်ကာ ဟောကြားခြင်းဖြစ်၏။

---

## ၈-နန္ဒ ဂေါပါလက

ဒိသော ဒိသံ ယံတံ ကယိရာ၊ ဝေရီ ဝါ ပန ဝေရိနံ၊
မိစ္ဆာ ပဏိဟိတံ စိတ္တံ၊ ပါပိယော နံ တတော ကရေ။ ၄၂။

ခိုးသူတယောက်သည် ခိုးသူတယောက်ကိုမြင်သော် ပျက်စီးအောင်ပြုရာ၏။ ရန်သူတယောက်သည် ရန်သူတယောက်ကိုမြင်သော် ပျက်စီးအောင်

ပြုရာ၏။ မကောင်းသဖြင့် ထားအပ်သော စိတ်သည်ကား ထိုစိတ်ရှိသူကို ထိုထက်ပင် ယုတ်ညံ့အောင် ပြုနိုင်၏။၄၂။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ နွားကျောင်းသား နန္ဒသည် ဘုရားအမှူးရှိသော သံဃာကိုပင့်ပြီး ခုနစ်ရက်ပတ်လုံး နို့ဆွမ်း, ထောပတ်ဆွမ်း, နို့မှုံ့ စသည်တို့ဖြင့် လုပ်ကျွေးပူဇော်၏။ ခုနစ်ရက်မြောက်သောနေ့တွင် ဘုရားရှင် ကိုယ်တိုင် အနုမောဒနာ တရား ဟောကြားလေရာ ဒေသနာအဆုံးတွင် နန္ဒသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွား၏။ မြတ်စွာဘုရား ပြန်ကြွသောအခါ နန္ဒသည် သပိတ်ထမ်း၍ လိုက်ပို့၏။ အပြန်တွင် ရန်သူမုဆိုးသတ်၍ သေရခြင်းကို အကြောင်းပြု၍ဟောကြားခြင်းဖြစ်၏။

---

## ၉–သောရေယျ

န တံ မာတာ ပိတာ ကယိရာ–
အညေ ဝါပိ စ ဉာတကာ၊
သမ္မာ ပဏိဟိတံ စိတ္တံ–
သေယျသော နံ တတော ကရေ။၄၃။

ထိုချမ်းသာကို အမိအဖသည် မပြုနိုင်။ တပါးသော ဆွေမျိုးတို့သည်လည်း မပြုနိုင်။ ထိုချမ်းသာကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် ထိုသူတို့ထက် တဆင့်ထက်တဆင့် မြင့်အောင် ပြုစွမ်းနိုင်၏။၄၃။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရှင်မဟာကစ္စည်းကို ပြစ်မှားမိသော သောရေယျ သူဌေးသားသည် ထိုခဏ၌ပင် မိန်းမဖြစ်၍ သားနှစ်ယောက် မွေးဖွားပြီးကာမှ အရှင်မြတ်ကိုကန်တော့၍ ယောကျ်ား

ဖြစ်ပြန်သော် အရှင်၏ထံ၌ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်သွား၏။ ထိုအခါ ရဟန်းတို့က "ယောကျ်ားဖြစ်စဉ်ကရသည့် သားနှစ်ယောက်နှင့် မာတုဂါမဖြစ်မှ ရသော သားနှစ်ယောက်တို့တွင် အဘယ်သားတို့ကို သာ၍ ချစ်သနည်း"ဟုမေးကြ၏။ထိုအခါ ရှင်သောရေယျက"သားလေးယောက်လုံး ကိုပင် ချစ်ခြင်းမရှိ" ဟု ဖြေဆို၏။ ထိုအဖြေကို ရဟန်းတို့ မယုံကြည်၍ ဘုရားရှင်အား လျှောက်ကြရာတွင် ဟောကြားသော တရားဖြစ်၏။

ဤ စိတ္တဝဂ်နှင့် ပတ်သက်၍ အချုပ်အားဖြင့် သိမှတ်ဖွယ်မှာ စိတ်ဖြစ်၏။ စိတ်ဟူသည်မှာ အာရုံကို သိတတ်သောကြောင့် စိတ်မည်၏။ ထူးခြားစွာ သိခြင်းပင်တည်း။ သိခြင်းမှာ မှန်သည်ဖြစ်စေ, မှားသည်ဖြစ်စေ မှတ်မိရုံသိသော သညာသိနှင့် ဟုတ်တိုင်းမှန်စွာ ထိုးထွင်း၍သိသော ပညာသိတို့မှ ထူးခြားစွာ သိခြင်းဖြစ်၏။ ယင်းအသိကို ဝိညာဏ်သိဟုခေါ်၏။

"ရဟန်းတို့ အကြင်သဘောတရားသည် ထူး၍သိတတ်၏။ထို့ကြောင့် စင်စစ် ယင်းသဘောတရားကို ဝိညာဏ်ဟု ဆိုအပ်၏။" ဟု မြတ်စွာဘုရား ဟောကြားတော်၏။

ပဋိစ္စ သမုပ္ပါဒ် ဒီပနီတွင် "ကြည့်ရှုဖွယ် နှစ်သက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန် အရုပ်အရည်တို့ကိုလည်း ခတ်ဆေးတို့သည်သာထင်အောင် ပြုနိုင်ကုန်၏။ကြည်လှသော ရေပကတိနှင့် ဝိညာဏ်တူ၏။ ဆိုနီး - ဟင်္သပြဒါး စသော ဆေးတို့နှင့် စေတသိက် နာမ်တရားစုသည် တူ၏။ ကားပေါင်၌ကျက် သောအထည်နှင့်အာရုံခြောက်ပါးသည် တူ၏။အာရုံခြောက်ပါးကိုရှာမှု ယူမှု ရမှုသည်ကား ဝိညာဏ်၏ ကိစ္စတည်း။ ဝိညာဏ်ရှာ၍ ယူ၍ ရသောအခါ တွေ့ ထိမှု, ခံစားမှု, ကောင်းအောင်ပြုမှု မကောင်းအောင် ပြုမှု စသည်ကား စေတသိက်တို့၏ ကိစ္စပေတည်း" ဟု ခွဲခြားရှင်းပြထား၏။

သံယုတ် ပါဠိတော်၌ စိတ်၏ ဆန်းကြယ်ပုံတို့ကို ဤသို့ ဟောကြား ထားပါသည်–

"လောကကို စိတ်သည် ဆောင်အပ်၏။ စိတ်သည်ဆွဲငင်၏။စိတ်ဟုဆို အပ်သော တခုသော တရား၏ အလိုသို့ အလုံးစုံပင် အစဉ်လိုက်ကြရ၏။

ရဟန်းတို့ သင်တို့သည် လှည့်လည်ပြသော ပန်းချီကားကို မြင်ဘူး ကြသလော။

ရဟန်းတို့ ဆန်းကြယ်လှစွာသော ထိုပန်းချီကားကိုလည်း စိတ်ဖြင့်သာလျှင် ကြံစည်အပ်၏။

ရဟန်းတို့ ဆန်းကြယ်လှစွာသော ထိုပန်းချီကားထက် စိတ်သည်သာလျှင် လွန်စွာ ဆန်းကြယ်၏။

ရဟန်းတို့ ဆန်းကြယ်လှသော တိရစ္ဆာန်များစွာရှိ၏။ ထိုတိရစ္ဆာန်တို့ထက်ဆန်းကြယ်သော အမျိုးကိုငါမမြင်ဘူး။ ရဟန်းတို့ ထိုတိရစ္ဆာန်သတ္တဝါတို့ကိုလည်း စိတ်ဖြင့်သာလျှင် ဆန်းကြယ်အောင် ပြုအပ်၏။ ရဟန်းတို့ ထိုသတ္တဝါမျိုးထက်လည်း စိတ်ကသာလျှင် လွန်စွာဆန်းကြယ်၏။”

သုံးခုမြောက် စိတ္တဝဂ်ပြီး၏။



# ၄-ပုပ္ဖဝဂ်

## ၁-ပဌသတဘိက္ခု

ကောဣမံ ပထဝိံ ဝိစေဿတိ-
ယမလောကဉ္စ ဣမံ သဒေဝကံ၊
ကော ဓမ္မပဒံ သုဒေသိတံ-
ကုသလော ပုပ္ဖမိဝ ပစေဿတိ။ ၄၄။

ဤမြေကြီးကိုဝင်း, ယမ လောကကိုဝင်း, နတ်နှင့်တကွ ဤလောကကိုဝင်း အဘယ်သူ ရွေးချယ် စီစစ်နိုင်အံ့နည်း။ ကျွမ်းကျင်လိမ္မာသော ပန်းသည် သည် ပန်းကိုရွေးချယ် စီစစ်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုကို အဘယ်သူ ရွေးချယ် စီစစ်နိုင်အံ့နည်း။ ၄၄။

သေခေါ ပထဝိံ ဝိစေဿတိ-
ယမ လောကဉ္စ ဣမံ သဒေဝကံ၊
သေခေါ ဓမ္မပဒံ သုဒေသိတံ-
ကုသလော ပုပ္ဖမိဝ ပစေဿတိ။ ၄၅။

ဤမြေကြီးကိုဝင်း, ယမ လောကကိုဝင်း, နတ်နှင့်တကွ ဤလောကကိုဝင်း-သေက္ခ ပုဂ္ဂိုလ်သည် ရွေးချယ်စီစစ်နိုင်မည်။ ကျွမ်းကျင်လိမ္မာသော ပန်းသည် သည် ပန်းကို ရွေးချယ်စီစစ်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုကို သေက္ခပုဂ္ဂိုလ်သည် ရွေးချယ်စီစစ်နိုင်မည်။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်းငါးရာတို့သည် အစည်းအဝေးခန်းမ၌ စည်းဝေး၍ ဤမည်သောဌာန၌ မြေကောင်းသည်, ညီညွတ်သည် စသဖြင့် မြေကြီးအကြောင်းကို ပြောဆိုနေကြ၏။ ဤအတွင်းမှာ မြတ်စွာဘုရားကြွလာပြီး "ရဟန်းတို့ သင်တို့သည် ယခုအခါ အဘယ်သို့သောစကားကို ဆွေးနွေးနေကြသနည်း"ဟုမေးတော်မူ၏။ထိုအခါ ရဟန်းတို့က "မြေကြီးအကြောင်းကို ပြောဆိုနေကြပါသည် " ဟု လျှောက်ကြား၍ ဤတရားကို ဟောကြားခြင်းဖြစ်၏။

မြတ်စွာဘုရား ဟောကြားတော်မူသော တရား၌ ပထဝီမှာ အတ္တဘောတည်း ဟူသောမြေကြီးဖြစ်၏။ဤခန္ဓာကိုယ်ကိုမြေကြီးနှင့်တင်စားဟောကြားခြင်းဖြစ်၏။ လယ်ယာလုပ်သောမြေကြီးကို ဆွေးနွေးကြမည့် အစား ဤခန္ဓာကိုယ်ကို ဆွေးနွေးကြရမည်ဟု ဆိုလိုခြင်းဖြစ်၏။

ယမလောကမှာ ငရဲပြည်ဖြစ်၏။ ငရဲပြည်ကိုအစိုးရသောမင်းမှာ ယမဖြစ်၏။ရေစကြာတွင် "ငရဲသနင်း ယမမင်းအားရှင်း"ဟုဆိုကြ၏။

---

## ၂–မရီစိကမ္မဋ္ဌာနိက ဘိက္ခု

ဖေဏူပမံ ကာယမိမံ ဝိဒိတွာ–
မရီစိဓမ္မံ အဘိသမ္ဗုဓာနော၊
ဆေတွာန မာရဿ ပပုပ္ဖကာနိ
အဒဿနံ မစ္စုရာဇဿ ဂစ္ဆေ၊၄၆။

ဤခန္ဓာကိုယ်ကို ရေမြှုပ်နှင့်တူသည်ဟုသိ၍ တံလျှပ်သဘော ရှိသည်ဟုထိုးထွင်း၍ သိလျက် မာရ်နတ်၏ ပန်းခိုင်သဖွယ်ဖြစ်သော ဝဋ်သုံးပါးတို့ကို ဖြတ်ပြီးလျှင် သေမင်း မမြင်ရာသို့ သွားရာ၏၊၄၆။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရဟန်း တပါးသည်မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်း သင်ယူပြီးလျှင် တောသို့သွားကာ စီးဖြန်း၏။ကြိုးစားစီးဖြန်းပါသော်လည်း တရားမတွေ့နိုင်သဖြင့် ဘုရားရှင်အား လျှောက်ကြားရန်ပြန်လာ၏။ လမ်းခရီးအကြားအစိရဝတီမြစ်သို့ရောက်သောအခါရေအဟုန်ကျိတ်ချေသဖြင့် ထလာသောရေမြှုပ်တို့ ဖြစ်လိုက် ပျက်လိုက်ဖြစ်နေကြ၏။ယင်းတို့ကိုတွေ့မြင်ရသောအခါ "ဤခန္ဓာကိုယ်လည်း ဤနည်း

တူစွာဖြစ်ပြီး ပျက်လိမ့်မည်”ဟု ဆက်စပ် တွေးတောနေစဉ် ဘုရားရှင်ဟော ကြားခြင်းဖြစ်၏။

---

## ၃ ဝိဋူဋဘ

ပုပ္ဖါနိ ဟေဝ ပစိနန္တံ။ဗျာသတ္တ မနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စုအာဒါယ ဂစ္ဆတိ၊၄၇။

ပန်းတို့ကိုကောင်းနိုးရာရာဆွတ်ခူးသူကဲ့သို့ ကာမဂုဏ်တို့ကိုလွန်စွာကပ်ငြိသည့်စိတ်ရှိသူကိုကြီးစွာသောရေ အယဉ်သည် အိပ်ပျော်နေသောရွာကိုလွှမ်းမိုးတိုက်ယူသွားသကဲ့သို့သေမင်းသည် သိမ်းယူသွား၏၊၄၇။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသော အခါ ဝါသဘခတ္တိယာ မိဘုရားမှမွေးသော ပသေနဒီ ကောသလမင်းကြီး၏သား ဝိဋူဋဘသည် ကပိလဝတ်ပြည်မှ သာကီဝင် မင်းအပေါင်းတို့ကိုသတ်၏။ သတ်ပြီး၍ အပြန်တွင် အစိရဝတီမြစ်နား၌ စစ်သည်ဗိုလ်ပါများနှင့်တကွ တပ်ချ၍ အိပ်နေ၏။ထိုစဉ်တွင် ရုတ်တရက်မြစ်ရေတက်လာပြီးရေအယဉ်ဖြင့်စစ်သည်ဗိုလ်ပါနှင့်အတူတကွ ဝိဋူဋဘမင်းလည်းမျောပါသွား၏။ထိုအကြောင်းရပ်ဟန်းများ လျှောက်ကြား၍ ဟောကြားခြင်းဖြစ်၏။

---

## ၄—ပတိပူဇိက ကုမာရီ

ပုပ္ဖါနိ ဟေဝ ပစိနန္တံ၊ဗျာသတ္တ မနသံ နရံ
အတိတ္တညေဝ ကာမေသု၊အန္တကော ကုရုတေဝသံ၊ ၄၈။

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသူကဲ့သို့ ကာမဂုဏ်တို့ကို လွန်စွာ ကပ်ငြိသည့်စိတ်ရှိသော ကာမဂုဏ်တို့၌ မရောင့်ရဲနိုင်သူကို သေမင်းသည် မိမိ အလိုအတိုင်းပြု၏၊ ၄၈။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါတာဝတိံသာ၌ ဥယျာဉ်သို့ဝင်၍ပန်းခူးနေသော နတ်သမီးတယောက်သည်စုတေ၍ သာဝတ္ထိ ပြည်၌ အမျိုးသမီးဖြစ်၏။ သားလေးယောက်ရမှသေလွန်သော်တာဝတိံသာ ဝယ်ရှေးဖြစ်မြဲပန်းဥယျာဉ်၌နတ်သမီးဖြစ်ပြန်၏။ ထိုအခါခင်ပွန်းဖြစ်သော မာလာဘာရီနတ်သားက "နံနက်ခင်းကသင့်ကိုမမြင်၊အဘယ်သို့သွားသနည်း" ဟုမေး၏။ ထိုအခါနတ်သမီးကစုတေ၍ လူဖြစ်ပြီးတဖန်နတ်ဖြစ်လာကြောင်း ကိုပြောပြ၏။ ထိုနတ်သမီးသည် လင်ကို ပူဇော်သောကြောင့် ပတိပူဇိကာ အမည်ရ၏။ ဘုရားရှင်သည် ဤအကြောင်းကို ရဟန်းတို့အား ဟောကြားပြီး တရားညွှန်ပြခြင်းဖြစ်၏။

---

## ၅-မစ္ဆရိယ သေဋ္ဌိ

ယထာပိ ဘမရော ပုပ္ဖံ၊ ဝဏ္ဏ ဂန္ဓ မဟေဌယံ၊
ပလေတိ ရသ မာဒါယ၊ဧဝံ ဂါမေ မုနီစရေ၊၄၉။

ပျားပိတုန်းသည် ပန်းပွင့် ကိုင်း၊ အဆင်း- အနံ့ ကိုင်း၊ မပျက် စီးစေပဲ ပန်းဝတ်ရည်ကိုသာ စုတ်ယူပျံသွားသကဲ့သို့ ရှင်ရဟန်းသည် ပန်း တည်းဟူသောသဒ္ဓါတရားနှင့် အဆင်း အနံ့ဟူသောစည်းစိမ်ဥစ္စာကို မပျက် စီးစေပဲကျင့်ရာ၏၊၄၉။

မြတ်စွာဘုရား သာဝတ္ထိပြည်၌နေတော်မူစဉ်အခါ ရာဇဂြိုဟ်ပြည်၏ အနီး သက္ကရနိဂုံး၌ သူတပါးတို့အားပေးရအံ့သည်ကို နှမြောလှသောကြောင့် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်ထက်သို့တက်၍မိမိတို့သာ မယားကိုမုံ့ကြော်စေ သော မစ္ဆရိယ သူဌေးကို မစ္ဆေရပျောက်အောင် သဒ္ဓါတရားပေါက်အောင်

ဟောကြားဆုံးမ၍ ဘုရားရှင်ထံယူဆောင်လာခဲ့သော ရှင်မဟာမောဂ္ဂလန်၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၆—ပါဝေယျ အာဇီဝက

န ပရေသံ ဝိလောမာနိ၊ န ပရေသံ ကတာကတံ၊
အတ္တနောဝ အဝေက္ခေယျ၊ ကတာနိ အကတာနိစ၊ ၅၀။

သူတပါးတို့၏ မလျော်သော အပြစ်အနာအဆာတို့ကို မကြည့်ရှုရာ။ သူတပါးတို့၏ ပြုမပြုကို မကြည့်ရှုရာ၊ မိမိ ပြု မပြု ကိုသာလျှင် ကြည့်ရှုရာ၏၊ ၅၀။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ သူကြွယ်မ တယောက်သည် ဘုရားရှင်ကိုအိမ်သို့ပင့်၍ တရားတော်ကို နာယူ၏။ ထိုအခါ သူကြွယ်မသားပြု၍ကျွေးမွေးပြုစုထားသော ပါဝေယျ မည်သောအာဇီဝက တက္ကတွန်းသည် မစ္ဆေရနှိပ်စက်၍ သည်းမခံနိုင်၍ ဘုရားရှင်ကိုငှင်း၊ သူကြွယ်မကိုငှင်း ဆဲရေး၏။ ဘုရားရှင်သည်ထိုသူကြွယ်မ နှလုံးမသာခြင်းကိုသိ၍ ပျောက်ငြိမ်းစေရန် ဟောကြားသောတရားဖြစ်၏။

## ၇—ဆတ္တပါဏိ ဥပါသက

ယထာပိ ရုစိရံ ပုပ္ဖံ-
ဝဏ္ဏဝန္တံ အဂန္ဓကံ၊
ဧဝံ သုဘာသိတာ ဝါစာ-
အဖလာ ဟောတိ အကုဗ္ဗတော၊ ၅၁။

အဆင်းသာရှိ၍ အနံ့မရှိသော တင့်တယ်လှပသောပန်းသည်ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို မဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြား အပ်သော စကားသည် မလိုက်နာ မကျင့်သုံးသူအား အကျိုးကို မဆောင်နိုင်၊ ၅၁။

ယထာပိ ရုစိရံ ပုပ္ဖံ
ဝဏ္ဏဝန္တံ သဂန္ဓကံ၊
ဧဝံ သုဘာသိတာ ဝါစာ
သဖလာ ဟောတိ ကုဗ္ဗတော၊ ၅၂။

အဆင်း အနံ့ ပြည့်စုံ၍ တင့်တယ်လှပသောပန်းသည် ပန်ဆင်သူအား အနံ့တည်းဟူသော အကျိုးကို ဆောင်နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သောစကားသည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏၊ ၅၂။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဆတ္တပါဏိ အမည်ရှိသော ဥပါသကာသည် ပညာရှိ၏၊ တရားကိုသိ၏။ ပိဋကတ်သုံးပုံကို ဆောင်၏။ ယဉ်ကျေးသိမ်မွေ့၏။ ပသေနဒီ ကောသလမင်းကြီးသည် မိဘုရားမောင်းမတို့အား စာပေ သင်ကြားပေးရန် သူ့ကိုခေါ်၏။ သို့ရာတွင် မင်းအိမ်ဝယ်လူသားတို့ အနေဖြင့် အန္တရာယ်များလှ၍ လက်မခံချေ။ သူ၏ အကြံပေးချက်အရ မင်းကြီးသည် ရှင်အာနန္ဒာအားတောင်းပန်ပြီး မိဘုရားများစာသင်ကြားရန် စီစဉ်ပေး၏။ ရှင်အာနန္ဒာ၏ထံ၌ မလ္လိကာမိဘုရားသည်ရိုသေ လေးစားစွာ ပညာသင်ကြား၍ ဝါသဘခတ္တိယာမိဘုရားကား မရိုမသေ မလေးမစားပညာသင်ကြား၏။ မြတ်စွာ ဘုရားသည် ထိုမိဘုရားနှစ်ယောက် ပညာသင်ကြားပုံကို အကြောင်းပြု၍ ဤတရားကိုဟောကြား၏။

---

## ၈–ဝိသာခါ

ယထာပိ ပုပ္ဖရာသိမှာ၊ ကယိရာ မာလာဂုဏေ ဗဟူ၊
ဧဝံ ဇာတေန မစ္စေန၊ ကတ္တဗ္ဗံ ကုသလံ ဗဟုံ၊ ၅၃။

ပန်းအစုအပုံကြင်းမှ များစွာသောပန်းကုံးတို့ကို သီကုံးပြုလုပ်ရာသကဲ့သို့ ဖြစ်ပေါ်လာသော သတ္တဝါသည် ဥစ္စာ–သဒ္ဓါတည်းဟူသော ပန်းအစုအပုံအကြွင်းမှ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုရာ၏၊ ၅၃။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ဝိသာခါသည် ၂၇-ကုဋေသောဥစ္စာတို့ဖြင့် ပုဗ္ဗာရုံကျောင်းကြီးဆောက်၍ ဘုရားအမှူးရှိသော သံဃာအား လှူဒါန်းပူဇော်၏။ ကျောင်းလှူတပ်ပူဇော်ပွဲကြီး ပြုလုပ်ပြီးသောအခါ ဝိသာခါသည် သားသမီးမြေးမြစ်တို့ခြံရံလျက် ဝမ်းမြောက်စွာ ဥဒါန်းကျူးလေလျှင် ရဟန်းတို့က ဘုရားရှင်အား "အရှင်ဘုရား ကျွန်ုပ်တို့သည် ဝိသာခါ၏ သီချင်းသံကို တခါမျှ မကြားဘူးကြပါ၊ ယနေ့သူအဘယ်ကြောင့် သီချင်းဆိုပါသနည်း"ဟု မေးလျှောက်ကြ၏။ ထိုအခါ မြတ်စွာဘုရားက "ရဟန်းတို့ ငါ၏သမီး သီချင်းမဆိုပါ။ သူမျှော်လင့်တောင့်တခဲ့သမျှ ယနေ့ပြည့်စုံ၍ ဥဒါန်းကျူးခြင်းဖြစ်သည်"ဟု မိန့်ကြားတော်မူပြီးလျှင် ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

### ၉-အာနန္ဒ ပဉှာ

န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ၊
န စန္ဒနံ တဂရ မလ္လိကာဝါ၊
သတဉ္စ ဂန္ဓော ပဋိဝါတမေတိ၊
သဗ္ဗာဒိသာ သပ္ပုရိသော ပဝါယတိ ၊၅၄။

ပန်းအနံ့သည် လေညာသို့မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စပယ်ကြက်ရုံးပန်းအနံ့သည်လည်း လေညာသို့မသွား၊ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပြန့်နှံ့ကြိုင်လှိုင်၏၊၅၄။

စန္ဒနံ တဂရံ ဝါပိ၊ ဥပ္ပလံ အထ ဝဿိကီ၊
ဧတေသံ ဂန္ဓဇာတာနံ၊ သီလ ဂန္ဓော အနုတ္တရော ၊၅၅။

စန္ဒကူးအနံ့သည်၎င်း၊ တောင်ဇလပ်ပန်း အနံ့သည်၎င်း၊ ကြာညိုပန်းအနံ့သည်၎င်း၊ မုလေးပန်းအနံ့သည်၎င်း ရှိ၏။ ထိုပန်းအနံ့အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိ မြတ်၏၊၅၅။

မြတ်စွာဘုရား သာဝတ္ထိပြည်၌ နေတော်မူသောအခါ ရှင်အာနန္ဒာသည် ညချမ်းအခါ ဆိတ်ငြိမ်ရာ၌နေလျက် "ဘုရားရှင်သည် အမြစ်နံ့သာ, အနှစ်နံ့သာနှင့် အပွင့်နံ့သာဟူ၍ မွန်မြတ်သောအနံ့သုံးမျိုးကို ဟောကြားတော်မူ၏။ ထိုနံ့သာတို့သည် လေစုန်မှာ မွှေးရနံ့ သင်းပြန့်ကုန်၏။ လေကို ဆန်၍ သင်းပြန့်ခြင်းမရှိကြ။ လေကိုဆန်၍ မွှေးပြန့်သင်းကြိုင် ရနံ့လှိုင်သော ပန်းနံ့သာရှိသလော" ဟု စဉ်းစားပြီးလျှင် ထိုအကြောင်းကို ဘုရားရှင်ထံ သွားပြီး လျှောက်ကြား၏။ ရှင်အာနန္ဒာ၏ ယင်းပြဿနာနှင့် စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်း ဖြစ်၏။

---

## ၁၀–မဟာကဿပ

အပ္ပမတ္တော အယံ ဂန္ဓော၊ ယာယံ တဂရစန္ဒနီ၊
ယော စ သီလဝတံ ဂန္ဓော၊ ဝါတိ ဒေဝေသု ဥတ္တမော။၅၆။

တောင်ဇလပ်ပန်း, စန္ဒကူးပန်းတို့၏ အနံ့သည် အနည်းငယ်မျှသာ ဖြစ်၏။ ဤသီလရှိသူတို့၏ အနံ့သည်သာ ထူးကဲ လွန်မြတ်သည်ဖြစ်၍ နတ်ပြည် တိုင်၌ လှိုင်၏။၅၆။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်၌ နိရောဓ သမာပတ် ဝင်စားနေ၏။ သမာပတ်မှ ထသောအခါ ဆင်းရဲသူတို့အားချီးမြှောက်မစသောအားဖြင့်ထိုသူ တို့ထံဆွမ်း ခံအံ့ဟု ရာဇဂြိုဟ်သို့ ရှေးရှုလာ၏။ ထိုအခါသိကြားမင်းသည် ဆင်းရဲသား ယက်ကန်းသည်အိုယောင်ဆောင်၍ ဆွမ်းလှူကာ ကြွေးကြော်သွား၏။ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးသွားသော သိကြားမင်း၏အသံကို ကြားရ၍ ဟောကြားသောတရားဖြစ်၏။

---

## ၁၁–ဂေါဓိက

တေသံ သမ္ပန္နသီလာနံ၊ အပ္ပမာဒဝိဟာရိနံ၊
သမ္မဒညာ ဝိမုတ္တာနံ၊ မာရော မဂ္ဂံ နဝိန္ဒတိ။၅၇။

သီလနှင့် ပြည့်စုံကုန်သော မမေ့မလျော့ နေလေ့ရှိကုန်သော ကောင်း စွာသိ၍ ကိလေသာမှ လွတ်မြောက်သော ထိုသူတို့၏ သွားရာလမ်းကြောင်း ကို မာရ်နတ်သည် မတွေ့မမြင်နိုင် ၊၅၇။

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ နေတော်မူသောအခါ ရှင်ဂေါဓိက သည် ဣသိ ဂိလိတောင်၌ ဝိပဿနာအလုပ်ကို မဆုတ်မနစ် ကြိုးစားအား ထုတ်နေ၏။ မမေ့မလျော့သော လုံ့လဝီရိယကြောင့် စိတ်လွတ်မြောက်ခြင်း စေတော ဝိမုတ္တိကို တွေ့ထိလျက် မြုံနေသော ရောဂါကြောင့် မကြာခဏ ပြန်ပြီး လျောကျ၏။ ထိုအကြောင်းကို မာရ်နတ်သိသဖြင့် တနေရာမှ အကဲ ခတ် ကြည့်ရှုနေ၏။ သို့ဖြင့်ရှင်ဂေါဓိက ပရိနိဗ္ဗာန် ဝင်စံလေရာ မာရ်နတ်သည် သူ၏လားရာဂတိကိုလိုက်၍ရှာ၏။ ထိုအခါ မြတ်စွာဘုရားသည် မာရ်နတ်ကို ခေါ်၍ ဟောကြားခြင်းဖြစ်၏။

## ၁၂–ဂရဟဒိန္န

ယထာ သင်္ကာရဓာနသ္မိံ၊ ဥဇ္ဈိတသ္မိံ မဟာပထေ၊
ပဒုမံ တတ္ထ ဇာယေထ၊ သုစိဂန္ဓံ မနောရမံ ၊၅၈။

လမ်းမကြီး၌ စွန့်ပစ်ထားသော အမှိုက်ပုံ၌ မွှေးရနံ့သင်းပြန့်ကြိုင်လှိုင် သော ပဒုမာကြာပန်း ပေါက်သကဲ့သို့–၅၈–

ဧဝံ သင်္ကာရဘူတေသု၊ အန္ဓဘူတေ ပုထုဇ္ဇနေ၊
အတိ ရောစတိ ပညာယ၊ သမ္မာသမ္ဗုဒ္ဓ သာဝကော ၊၅၉။

အမှိုက်ပုံသဖွယ်ဖြစ်သော သတ္တဝါတို့အလယ်၌နေသည့် မြတ်စွာဘုရား ၏တပည့်သည် အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့်လွန်၍ တင့် တယ်၏ ၊၅၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တက္ကတွန်း တပည့်ဖြစ်သော ဂရဟ ဒိန္နသည် ဟုတ်မာသောအကြံဖြင့် ဘုရားရှင်ကို သံဃာနှင့်တကွ ဆွမ်းဖိတ်၏။ ထိုသူသည် ကျယ်စွာသောတွင်း၌ ရှားမီးစုဖြင့် ပြည့်စေလျက် တွင်းပေါ်၌ ပျဉ်ခင်းပြီး နေရာပြင်ထား၏။ ရဟန်းငါးရာနှင့် တကွ ဘုရားရှင်ကြွတော်မူလျှင် မီးကျီးစုမှ လှည်းဘီးမျှရှိသော ပဒုမာကြာ ပွင့် ငါးရာတို့ပွင့်ကုန်၏။ ဘုရားရှင်သည် သံဃာနှင့်တကွ ပဒုမာကြာပွင့်ပေါ် ၌ စမ္ပာယ်နေ၏။ ဂရဟဒိန္နသည် ဤအံ့ဖွယ်သရဲကိုမြင်လျှင် အထိတ်တလန့် ဖြစ်ကာ ဘုရားရှင်ကို ဝန်ချတောင်းပန်ပြီး ရိုသေစွာ ဆွမ်းလုပ်ကျွေး၏။ ထို အခါ မြတ်စွာဘုရားသည် ဆွမ်းအနုမောဒနာပြုခြင်းငှာ ဟောကြားသော တရားဖြစ်၏။

လေးခုမြောက် ပုပ္ဖဝဂ်ပြီး၏။

# ၅-ဗာလဝဂ်

## ၁-အညတရ ပုရိသ

ဒီဃာ ဇာဂရတော ရတ္တိ၊ ဒီဃံ သန္တဿ ယောဇနံ၊
ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ၊ ၆၀။

အိပ်မပျော်နိုးနေသူအား ညဉ့်တာရှည်လျား၏။ ခရီးပန်းသူအား ယူဇနာ ခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသော သူမိုက်အား သံသရာရှည်၏၊ ၆၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီကောသလ မင်းကြီးသည် သူတပါးမယား၌ တပ်မက်သည်ဖြစ်၍ လင်ကို ခေါ်ပြီး တယူဇနာဝေးကွာသော အရပ်၌ ကုမုဒြာကြာနှင့် အရုဏဝတီ မြေကို ယူဆောင်ရန် စေခိုင်းလိုက်၏။ မင်းကြီးသည် ညဉ့်အခါ ရာဂစိတ်ဖြင့် အိပ်လေသော် တရေးနိုး၌ "ဒု-သ-န-သော"ဟူသော အသံကြီး လေးခွန်းကိုကြား၍ အထိတ်တလန့် ဖြစ်ကာ အိပ်မပျော်တော့ဘဲ မိုးသောက်လျှင် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး "အရှင်ဘုရား အိပ်၍ မပျော်သော သူအား ညဉ့်တာရှည်လှပါသည်"ဟု လျှောက်ကြား၏။ ထိုအခါ မင်းကြီး စေခိုင်းလိုက်သူသည် ရောက်လာ၍ "အရှင်ဘုရား ခရီးပန်းသူအား တယူဇနာခရီး

သည် ရှည်လှပါသည်" ဟု လျှောက်ကြား၏။ ဘုရားရှင်သည် ထိုသူတို့ကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူ၏။

ဤတွင် 'သံသရာ'ဟူသည်မှာ ခန္ဓာ, အာယတန, ဓာတ်တို့အစဉ်မပြတ်ဖြစ်နေသော မိမိကိုယ်ခန္ဓာပင်ဖြစ်၏။ ဤရုပ်—နာမ် ဖြစ်သော ကိုယ်ကိုပင် သံသရာဟု ခေါ်ခြင်း ဖြစ်၏။

---

## ၂— မဟာကဿပ သဒ္ဓိဝိဟာရိက

စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသ မတ္တနော၊
ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိဗာလေ သဟာယတာ၊ ၆၁။

သူမိုက်၌ တရားကျင့်ရန် အဆွေခင်ပွန်းအဖြစ် မရှိ၍ တရားကျင့်သူသည် မိမိထက်သာလွန်သူ၊ မိမိနှင့်တူသူမျှကို မရနိုင်ပါမူ တယောက်တည်းကျင့်ခြင်းကိုသာလျှင် မြဲမြံစွာ ပြုကျင့်ရာ၏၊ ၆၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် ပိပ္ပလိလိုဏ်၌ သီတင်းသုံးနေ၏။ အရှင်၏ တပည့်တဦးသည် အရှင်၏အဆုံးအမကို မနာယူဘဲ ရန်ငြိုးဖွဲ့လျက် အရှင်ဆွမ်းခံထွက်ခိုက်တွင် သင်္ခမ်းကျောင်းကို မီးရှို့ပြီး ထွက်သွား၏၊ ထိုအကြောင်းကို ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ကြသောကြောင့် ဟောကြားခြင်း ဖြစ်၏။

---

## ၃— အာနန္ဒသေဋ္ဌိ

ပုတ္တာမတ္ထိ ဓနံ မတ္ထိ—
ဣတိ ဗာလော ဝိဟညတိ၊
အတ္တာ ဟိ အတ္တနော နတ္ထိ—
ကုတော ပုတ္တာ ကုတော ဓနံ၊ ၆၂။

လူမိုက်သည် ငါ့အား သားသမီးတို့ရှိကုန်၏။ ဥစ္စာဓနတို့လည်းရှိကုန်၏ဟု ဆင်းရဲပင်ပန်းရ၏။ စင်စစ် မိမိအား အပ္ပာသည်လည်း မရှိပါဘဲလျက် အဘယ်မှာ သား—သမီး ရှိအံ့နည်း၊ အဘယ် မှာလျှင် ဓနဥစ္စာ ရှိပါအံ့နည်း၊ ၆၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိပြည်၌ ကုဋေရှစ်ဆယ်ကြွယ်သော အာနန္ဒသူဌေးသည် အလွန် ဝန်တိုသည်ဖြစ်၍ မိမိလည်း မစားမလုံးရက်၊ သူတပါးတို့အားလည်းမပေးရက်၊ မူလသိရိမည်သော မိမိသားကိုလည်း "ငါကဲ့သို့ နှမြောစုံမက်ရမည်"ဟု ဆုံးမ သွန်သင်ထား၏။ ထိုသူဌေး ကွယ်လွန်သော အခါ ဒွန်း စဏ္ဍား မျိုး၌ ဖြစ်၏။ အရွယ်ရောက်သော အခါ ခွက်လက်စွဲ၍ တောင်းရန် လှည့်လည်သော် ဘုရားရှင်မြင်၍ မူလသိရိ သူဌေးကို ခေါ်ပြီး "ဤသူသည်အာနန္ဒ သူဌေးဝင်စားသူဖြစ်သည်"ဟုပြောပြ၏။ သူဌေးကမယုံကြည်သဖြင့် သူတောင်းစားသည် ရှေးအခါက မိမိမြေ၌ မြှုပ်ထားခဲ့သော ရွှေအိုး ငါးလုံး တို့ကို ထုတ်ဖော်၍ပေး၏။ ဘုရားရှင်သည် ဤသူဌေး သားအဖကို အကြောင်းပြု၍ ဤတရားကို ဟောကြားတော်မူ၏။

ဤတွင် "စင်စစ်မိမိအားအတ္တပင် မရှိပါဘဲလျက်" ဟူသော စကားကိုစဉ်းစားသင့်ပါသည်။ အတ္တဟူသည် ငါဟူသော မိမိဖြစ်၏။ ကျွန်ုပ်တို့မှာ ငါဟူသော မိမိသည် လက်ဆုပ်--လက်ကိုင် ပြနိုင်လောက်အောင်ပင် ထင်ရှားရှိနေကြသည်။ သို့ပါလျက် ယင်းကို မရှိဘူးဟု အဘယ်ကြောင့် ဟောကြားပါသနည်း။ ဝေါဟာရ ပညတ်အားဖြင့်ကား ငါဟူသော ယင်း အတ္တမှာ ထင်ရှားရှိနေပါသည်။ စင်စစ် ပရမတ်မှာ ယင်းအတ္တမရှိပါ၊ ရုပ်ထဲမှာလည်း ငါ မရှိပါ၊ နာမ်ထဲမှာလည်း ငါမရှိပါ၊ တကယ်ရှိသည်မှာ ရုပ်—နာမ် သာဖြစ်၏။ ရုပ်—နာမ်ကိုပင် ငါဟု ထင်မှားနေကြခြင်းဖြစ်၏။ လူတို့ကို ခြောက်နေသည်မှာ ငါ ဟူသော အတ္တပင်ဖြစ်၏။ ငါနာမှာငါသေမှာကို ကြောက်နေကြသည်။ စင်စစ် ငါကား မအို—မနာ—မသေပါ၊ အကြောင်းကား ငါ မရှိသောကြောင့် ဖြစ်သည်။ မရှိတာကို အရှိလုပ်ပြီး အချည်းနှီးကြောက်နေကြခြင်းဖြစ်၏။ တစ်တီတူးငှက်သည် မိုးပြိုကျမှာကြောက်၍ ခြေတို့ကို မိုးမြှော်ပြီး အိပ်သည်ဟုဆိုကြ၏။သို့ရာတွင်လူတို့ကား မိုးပြိုမှာကို မစိုးရိမ်ကြပါ၊ အကြောင်းကား မိုးမရှိကြောင်း ကောင်းစွာ သိ၍ဖြစ်၏။ ထို့အတူ ငါ မရှိပါ၊ ငါမှ မရှိပါဘဲလျက် ငါ၏ သား—သမီးဥစ္စာဘယ်မှာ ရှိမည်နည်း။

## ၄—ဂဏ္ဌိ ဘေဒက စောရ

ယော ဗာလော မညတိ ဗာလျံ—
ပဏ္ဍိတော ဝါပိ တေန သော၊
ဗာလော စ ပဏ္ဍိတ မာနီ—
သ ဝေ ဗာလောတိ ဝုစ္စတိ၊ ၆၃။

မိုက်သောသူသည် မိမိမိုက်သည့် အဖြစ်ကို သိ၏။ ထို့ကြောင့် ပညာရှိဖြစ်နိုင်သေး၏။ မိုက်သောသူသည် ငါပညာရှိ၏ဟု မိမိကိုယ်ကို ထင်မှတ်နေပါလျှင် ထိုသူ့ကို စင်စစ် သူမိုက်ဟု ဆိုထိုက်၏၊ ၆၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥစ္စာထုပ်ကို ဖြေတတ်သော ခိုးသူ နှစ်ယောက်တို့သည်တရားလာနာသူတို့နှင့်ရောနှော၍ ကျောင်းသို့လာကြ၏။ ခိုးသူတယောက်သည် တရားတော်ကို နာကြားရ၍ သောတာပန် အဖြစ် ရောက်သွား၏။ တယောက်ကား သူတပါးတို့၏ ဥစ္စာထုပ်ကိုဖြေ၍ ခိုးနေ၏။ အိမ်သို့ပြန်ကြသည်ရှိသော် ခိုးယူခဲ့သူက "သင်ကား မိုက်သောကြောင့် တရားနာနေ၍ ဘာမျှမရ၊ ငါကားများစွာရခဲ့သည်" ဟု ပြောပြ၏။ သောတာပန် ခိုးသူသည် ဤအကြောင်းကို ဘုရား ရှင်အား လျှောက်ကြား၍ ဟောတော်မူခြင်းဖြစ်၏။

"သုတပညာ၊ နည်းတုံပါလျက်၊ ဝါစာနှုတ်ကောင်း၊ တထောင်းထောင်းနှင့်၊ ဒေါင်းမယှဉ်ကာ၊ ကျီးနက်လှသို့၊ ဗာလလူဝါ၊ ဉာဏ်မဲ့ ရာဝယ်၊ ငါသာပဏ္ဍိ၊ ပညာယှဉ်ဟု၊ မိုးရှိစိတ်က၊ မြင့်တတ်စွတည့်၊ ဗာလ ဟူသော၊ လူ့ငှက်ပျောကား၊ နှုတ်ပြောမျှသာ၊နှစ်မပါဘူး၊ ပညာမဲ့ကင်း၊ လူ့အဖျင်းတို့၊ အဖျင်းဖျင်းသာ၊ ပညာရှိသူ လူတို့မူလည်း၊ လူပညာချင်း၊ ပေါင်းသင်းကြစွာ၊ ဓာတ်တိုင်းသာရှင့်"

မဃဒေဝ(၂၁၇)

---

## ၅—ဥဒါယိ

ယာဝ ဇီဝမ္ပိ စေ ဗာလော၊ ပဏ္ဍိတံ ပယိရုပါသတိ၊
န သော ဓမ္မံ ဝိဇာနာတိ၊ ဒဗ္ဗိ သူပရသံ ယထာ။ ၆၄။

ယောက်မသည် ဟင်း၏ အရသာကို မသိသကဲ့သို့ လူမိုက်သည် အသက်ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်စေကာမူ တရားကို မသိနိုင်။၆၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥဒါယီ ရဟန်းသည် တရားသဘင်သို့သွားပြီး တရားဟော ဓမ္မကထိကတို့ထိုင်သော နေရာ၌ ထိုင်လေ့ရှိ၏။ အာဂန္တုရဟန်းတို့သည် ထိုဥဒါယီကို ဗဟုသုတရှိသော ပညာရှိပုဂ္ဂိုလ်ဟု ယူဆကြ၍ ခန္ဓာ - အာယတန စသည်တို့နှင့် စပ်လျဉ်းသော ပြဿနာမေးကြ၏။ ဥဒါယီကား ဘာမျှမသိချေ။ ထိုအခါ အာဂန္တုရဟန်း တို့က "သူဘယ်သူနည်း၊ မြတ်စွာဘုရားအနားမှာနေလျက် ခန္ဓာ အာတနကို မျှ မသိ၊ အဘယ်ကြောင့် တရားဟောပလ္လင်ပေါ်တက်နေသနည်း" ဟု ဆို ကြ၏။ ဤအကြောင်းကို မြတ်စွာဘုရား သိတော်မူလေရာ ဥဒါယီကိုခေါ်၍ ဟောကြားခြင်းဖြစ်၏။

---

## ၆ - တိံသပါဝေယျကဘိက္ခု

မုဟုတ္တမပိ စေ ဝိညူ၊ ပဏ္ဍိတံ ပယိရုပါသတိ၊
ခိပ္ပံ ဓမ္မံ ဝိဇာနာတိ၊ ဇိဝှါ သူပရသံ ယထာ။၆၅။

လျှာသည် ဟင်း၏ အရသာကို သိသကဲ့သို့ သိကြားလိမ္မာသူသည် တခဏမျှ ပညာရှိကို ဆည်းကပ်ရသော်လည်း တရားကို လျင်မြန်စွာ သိနိုင် ၏။၆၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပါဝေယျ တိုင်းသား ရဟန်းသုံးဆယ်တို့သည် ရှိကြ၏။ ထိုသူတို့သည် ဘုရားရှင် ကပ္ပါ သိကတော၌ နေစဉ်အခါက မင်းသားများအဖြစ်ဖြင့် မိန်းမ တယောက် ပျောက်၍ လိုက်ရှာကြ၏။ တနေရာ၌ မြတ်စွာဘုရားနှင့် တွေ့ကြုံကာ တရား နာရသဖြင့် ကိုယ့်ကိုယ်ကို ပြန်ရှာကြ၍ သောတာပန်များဖြစ်ကာ ရဟန်းပြု ကြ၏။ ထိုနောက် အနမတဂ္ဂသုတ်ကို နာကြားရသဖြင့် ရဟန္တာ အဆင့်သို့ ရောက်သွားကြ၏။ ရဟန်းများက ဤရဟန်းတို့သည် လျင်မြန်စွာ တရားသိ ကုန်၏ဟု ချီးမွမ်းပြောဆိုကြခြင်းနှင့် စပ်လျဉ်း၍ ဟောကြားသော တရား ဖြစ်၏။

## ၇—သုပ္ပဗုဒ္ဓ ကုဋ္ဌိ

စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ၊
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။၆၆။

စပ်ရှားခံခက်သော အကျိုးရှိသည့် မကောင်းမှု အကုသိုလ်ကံကို ပြုကုန်သော ပညာမဲ့ကုန်သော သူမိုက်တို့သည် မိမိသည်ပင် ရန်သူကဲ့သို့ ဖြစ်၍ လှည့်လည် ရကုန်၏။၆၆။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ပရိသတ်စွန်ကနေပြီး တရားနာရသော သုပ္ပဗုဒ္ဓ လူနူသည် သောတပန်ဖြစ်၍ မိမိရသောဂုဏ်ကို မြတ်စွာဘုရားထံသွား၍ လျှောက်၏။ ထိုအခါ ရဟန်းတို့က "အရှင်ဘုရား သုပ္ပဗုဒ္ဓသည် မဂ်၏ ဥပနိဿယရှိသည်ဖြစ်လျက် အဘယ်ကြောင့် ကုဋ္ဌနူနာ ဖြစ်ရပါသနည်း"ဟုမေးလျှောက်ကြ၏။မြတ်စွာဘုရားက "ရဟန်းတို့ သုပ္ပဗုဒ္ဓသည် လွန်လေပြီးသောအခါ ပစ္စေက ဗုဒ္ဓါကို တံတွေးဖြင့် ထွေး၍ ပြစ်မှားခဲ့ဘူးသောကြောင့် ဤ ရွံရှာစက်ဆုတ်ဖွယ်သော ရောဂါကပ်ရောက်ရခြင်းဖြစ်သည်" ဟု ဖြေဆိုပြီး ဤတရားကို ဟောကြားခြင်းဖြစ်လေသည်။

---

## ၈—ကဿက ဥပါသက

န တံ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ အနုတပ္ပတိ၊
ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိသေဝတိ။၆၇။

အကြင် ကံကို ပြုလုပ်ခြင်းကြောင့် နောင်တတတဖန်ပူပန်ရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း။ မျက်ရည်စက်လက် ငိုကြွေးလျက် အကြင်ကံ၏ အကျိုးကို ခံစားရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် မကောင်း။၆၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ခိုးသူတို့သည် သာဝတ္ထိမြို့တွင်း၌ ဥစ္စာ ပစ္စည်းကိုခိုး၍ အသွားတွင် တခုသောလယ်၏ အနီး၌ ဥစ္စာထောင်ထုပ်ကျ၍ ကျန်ရစ်ခဲ့၏။ လယ်ထွန်ယောကျ်ားတယောက်

လည်း ထိုလယ်ကို မိုးမလင်းမီကပင် သွား၍ ထွန်၏။ ဘုရားရှင်သည် လယ်ထွန်ရာသို့ ကြွသွား၍ ရှင်အာနန္ဒာအား ဥစ္စာထုပ်ကို ညွှန်ပြ၍ ကျောင်းသို့ ပြန်ခဲ့၏။ ဥစ္စာရှင်တို့ ခြေရာခံ၍လိုက်လာသော် ဥစ္စာထုပ်ကိုတွေ့၍ လယ်ထွန်ယောကျ်ားကိုဖမ်းပြီး မင်းအိမ်သို့ပို့၏။ မင်းအိမ်၌စစ်ဆေးသော် ဘုရားရှင်ကို သက်သေပြုသောကြောင့် မသတ်ဝံ့ဘဲ ကျောင်းသို့သွားပြီး မေးလျှောက်ကြ၏။ ထိုအခါ ဘုရားရှင်သည် သက်သေအရာ၌တည်၍ ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၉—သုမန မာလာကာရ

တဉ္စ ကမ္မံ ကတံ သာဓု၊ ယံ ကတွာ နာနုတပ္ပတိ၊
ယဿ ပတီတော သုမနော၊ ဝိပါကံ ပဋိသေဝတိ။ ၆၈။

အကြင်ကံကို ပြုလုပ်ခြင်းကြောင့် နောင်တဖန် မပူပန်ရ၊ ထိုကံမျိုးကို ပြုလုပ်ခြင်းသည်သာ ကောင်း၏။ နှစ်သက် ဝမ်းမြောက်လျက် အကြင်ကံ၏အကျိုးကို ခံစားရ၏။ ထိုကံမျိုးကို လုပ်ခြင်းသည် ကောင်း၏။ ၆၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗိမ္ဗိသာရမင်းကို ပန်းဆက်ရသော သုမနပန်းသည်သည် ပန်းဆက်ရန် နန်းတော်သို့ အလာတွင် ဆွမ်းခံကြွလာသော ဘုရားရှင်ကို ဖူးမြင်ရ၍ အလွန်ကြည်ညိုရကား အလုံးစုံသော ပန်းတို့ဖြင့် ပူဇော်၏။ ပူဇော်သမျှသော ပန်းတို့သည် ဘုရားရှင်အပေါ်၌ ဗိတာန်ကြက်သကဲ့သို့ ဖြစ်၍ လူအများထွက်၍ အအံ့တသြနှင့် ငေးမောကြည့်ရှုကြ၏။ သုမနပန်းသည်အား လက်ဆောင်များပေးကြ၏။ ဗိမ္ဗိသာရမင်းကြီးလည်း ဤအံ့ဖွယ်သရဲကိုမြင်၍ ဆုလာဘ်များစွာပေး၏။ ထို့ကြောင့် ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၁၀—ဥပ္ပလ ဝဏ္ဏာ

မဓုံ ဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ၊
ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။ ၆၉။

မိုက်သော သူသည် အကြင်ရွေ့လောက် မကောင်းမှု သည်အကျိုးမပေးသေး။ ထိုရွေ့လောက် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏။ အကြင် အခါ၌ ကား မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါဆင်းရဲသို့ရောက်ရ၏။ ၆၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥပ္ပလဝဏ်ထေရီသည် အန္ဓဝန်တော၌ သီတင်းသုံးနေ၏။ ထိုအခါက ဘိက္ခုနီများတော၌နေခြင်းကို တားမြစ်ပိတ်ပင်ခြင်းမရှိသေးချေ။ ဥပ္ပလဝဏ်ထေရီ ဆွမ်းခံသွားနေစဉ် သူ၏ဦးရီးသား နန္ဒလုလင်သည် သင်္ခမ်းကျောင်းအတွင်းဝင်ကာ ပုန်းကွယ်နေ၏။ ဆွမ်းခံမှပြန်လာသောအခါ ထေရီကို အဓမ္မ ဖျက်ဆီး၏။ သူ၏ ယုတ်မာမှုကို မြေကြီးသည် သည်းမခံနိုင်သကဲ့သို့ ထက်ခြမ်းခွဲကာ သူ့အား ဆွဲချသွား၏။ ဤအကြောင်း မြတ်စွာဘုရား ကြားလေသော အခါ မကောင်းမှု ပြုကျင့်ခြင်း၏ သဘောကို ဟောကြားခြင်းဖြစ်၏။

---

## ၁၁—ဇမ္ဗုက

မာသေ မာသေ ကုသဂ္ဂေန—
ဗာလော ဘုဉ္ဇေယျ ဘောဇနံ၊
န သော သင်္ခါတ ဓမ္မာနံ—
ကလံ အဂ္ဃတိ သောဠသိံ ၊ ၇၀။

မိုက်သောသူသည် လစဉ်လတိုင်း သမန်းမြက်ဖျားဖြင့် ဘောဇဉ်ကို စားစေကာမူ ထိုသူသည် တရားသိပြီးသူ၏ တဆ့ခြောက်စိတ်စိတ်၍ တစိတ်မျှ အဖိုးမထိုက် ၊ ၇၀။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဇမ္ဗုက တက္ကတွန်းသည် ခြေတဖက်ကိုမြှောက်လျက် ခံတွင်းကိုကောင်းကင်သို့ဟကာ တဆယ့်ငါးနှစ်ပတ်လုံး တရားကျင့်နေ၏။ လူတို့သည်သူတော်ကောင်းထင်မှတ်၍ လစဉ်မပြတ်ထောပတ်, ပျား,ဆီစသော အမြိန် အရသာတို့ဖြင့် ပူဇော်ကြ

၏။ ထိုအခါ ဇမ္ဗုကသည် ပူဇော်ဖွယ်တို့ကို သမန်းမြက်ဖျားဖြင့်ကော်၍ လျှာဖျားခွံတင်ပြီး''သွားကြလော့၊ အကျိုးဖြစ်လောက်ပါပြီ''ဆို၍ လွှတ်လိုက်၏။ ထို့နောက်ဘုရားရှင်သည် ဇမ္ဗုက၏ အထံသို့ ကြွသွားတော်မူကာ ဆုံးမ သွန်သင်ပြီးလျှင် ရဟန်းပြုပေးကာ ဟောကြားသော တရားဖြစ်၏။

---

## ၁၂—အဟိ ပေတ

နှ ဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ
ဍဟန္တံ ဗာလ မန္ဓေတိ၊ ဘသ္မစ္ဆန္နောဝပါဝကော ၊၇၁။

ညှစ်ပြီးစ နို့ရည်သည် ပြကတေ့ သဘောမှ ရုတ်တရက် မပြောင်းလဲ သကဲ့သို့ ပြုစဖြစ်သော မကောင်းမှုသည် အကျိုးမပေးသေး၊ ပြာဖုံးသော မီးခဲကဲ့သို့ သူမိုက်ကို လောင်ကျွမ်းစေလျက် အစဉ်လိုက်၏ ၊ ၇၁။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ပဇ္ဇေ က ဗုဒ္ဓါ၏ သခ်မ်းကျောင်းကို မီးရှို့ဖျက်ခဲ့ဘူးသောကြောင့် အဝီစိငရဲ၌ ကြာ မြင့်စွာခံရပြီး၍ ဂိဇ္ဈကုဋ်တောင်၌ ၂၅—ယူဇနာရှိသော အတ္တဘောဖြင့် မီးတ ထိန်ထိန်တောက်လောင်လျက် ဆင်းရဲခံနေရသော မြွေပြိတ္တာကို ရှင်မဟာ မောဂ္ဂလာန် မြင်ခဲ့၍ ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုမြွေပြိတ္တာကို အကြောင်းပြု၍ ဟောကြား ခြင်းဖြစ်၏။

---

## ၁၃—သဋ္ဌိကူဋ ပေတ

ယာဝဒေ၀ အနတ္ထာယ၊ ဉတ္တံ ဗာလဿ ဇာယတိ၊
ဟန္တိ ဗာလဿ သုက္ကံသံ၊ မုဒ္ဓမဿ ဝိပါတယံ ၊၇၂။

သူမိုက်၏ အတတ်ပညာသည် သူမိုက်အားအကျိုးမဲ့ရန် အတွက်သာ ဖြစ်၏။ ကုသိုလ် အဖို့အစုကိုဖျက်ဆီး၏။ ပညာဦးထိပ်ကို ပြတ်ကျစေတတ် ၏၊၇၂။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ကျောက်ခဲပစ် အတတ်ကိုတတ်သူ တယောက်သည် ရှင်ပစ္စေက ဗုဒ္ဓါကို ကျောက်ခဲဖြင့် ပစ်ခတ်၍ သတ်ခဲ့ဘူးသောကြောင့် ကာလရှည်စွာ အဝီစိငရဲ၌ခံရပြီးမှ ဝိပါက်ကြွင်းဖြင့် ဂိဇ္ဈကုဋ်တောင်၌ ရဲရဲတောက်သော သံတူအလုံးပေါင်း ခြောက်သောင်းတို့သည် မပြတ်ဦးခေါင်းကို ထုနှက်ခြင်းခံရသော သဋ္ဌိ ကူဋ ပြိတ္တာကို ရှင်မဟာမောဂ္ဂလာန် တွေ့မြင်ခဲ့၏။ အရှင်သည် ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ကြား၍ ဟောကြားခြင်းဖြစ်၏။

---

## ၁၄—စိတ္တ ဂဟပတိ

အသန္တံ ဘာဝန မိစ္ဆေယျ၊ ပုရေက္ခာရဉ္စ ဘိက္ခုသု။
အာဝါသေသု စ ဣဿရိယံ၊ ပူဇံ ပရကုလေသုစ ၊၇၃။

မလိမ္မာသော ရဟန်းသည် ရဟန်းတို့၏အလယ်၌ မိမိတွင် ထင်ရှားမရှိသော ဂုဏ်ဖြင့် ချီးမွမ်းခြင်းကိုငှင်း, ခြံရံလျက်မိမိအား ရှေ့ဆောင်ပြုခြင်းကိုငှင်း, ကျောင်းအိပ်ရာနေရာတို့၌ အစိုးရခြင်းကိုငှင်း, ဆွေမျိုးမဟုတ်သော ဒါယကာတို့၏ ပူဇော်ခြင်းကိုငှင်း အလိုရှိ၏၊၇၃။

မမေဝ ကတ မညန္တု၊ ဂိဟီ ပဗ္ဗဇိတာ ဥဘော၊
မမေဝါတိဝသာ အဿု၊ ကိစ္စာ ကိစ္စေသု ကိသ္မိံစိ၊
ဣတိ ဗာလဿ သင်္ကပ္ပေါ၊ ဣစ္ဆာ မာနောစ ဝဍ္ဍတိ ၊၇၄။

ငါ့ကြောင့်သာ အမှုကြီးငယ်တို့ ပြီးစီးကုန်၏ဟု လူရှင်ရဟန်းနှစ်ဦးတို့ မှတ်ထင်စေကုန်သတည်း။ တစုံတခု အမှုကြီးငယ်တို့၌ ငါ့အလိုသို့ လိုက်ကြစေကုန်သတည်းဟု ရဟန်းမိုက်တို့အား အကြံအစည် အလိုရမ္မက် မာန်မာနသည် တိုးပွား၏၊၇၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မစ္ဆိကာသဏ္ဍမြို့၌နေသော သုဓမ္မ မည်သော ရဟန်းသည် ရှင်သာရိပုတြာ, ရှင်မဟာမောဂ္ဂလာန်တို့ကို စိတ္တသူကြွယ်ပင့်၍ ဆွမ်းကျွေးရာတွင် မစ္ဆေရဖြင့် သည်း

မခံနိုင်သောကြောင့် သူကြွယ်ကိုဆဲရေး၏။ ထိုအကြောင်းကို ဘုရားရှင် သိလေသော် သုမနအား သူကြွယ်ထံ ကန်တော့ဝန်ချတောင်းပန်ရန် အမိန့်ပေးပြီး ဟောကြားခြင်း ဖြစ်၏။

---

## ၁၅-ဝနဝါသီ တိဿ

အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာန ဂါမိနီ၊
ဧဝ မေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော၊
သက္ကာရံ နာဘိနန္ဒေယျ၊ ဝိဝေက မနုဗြူဟယေ၊၇၅။

လာဘ်ရကြောင်းအကျင့်သည် တမျိုးတခြားတည်း။နိဗ္ဗာန်ရကြောင်း အကျင့်သည် တမျိုးတခြားတည်း။ ဤသို့ ဤအကျင့် နှစ်မျိုးနှစ်စားကို ခွဲခြားသိ၍ မြတ်စွာဘုရား၏ တပည့်သားရဟန်းသည် လာဘ်ပူဇော် သကာကို မနှစ်သက်ရာ၊ တကိုယ်တည်းနေခြင်းကိုသာ တိုးပွားစေရာ၏၊၇၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ခုနစ်နှစ် အရွယ်မျှရှိသော တိဿသာမဏေသည် သင်္ကန်းတထောင်, ဆွမ်းတထောင်, ကမ္ဗလာတထောင်တို့ကိုရ၏။ ဤသို့ရသော လာဘ် ပူဇော်သကာကိုစွန့်၍ မိဖ ဆွေမျိုးတို့နေရာ သာဝတ္ထိမှ ယူဇနာ တရာ့ရှစ်ဆယ်ကွာသော တောရွာ၌ သွားနေ၏။ သာမဏေငယ်သည် ထိုတောရွာ၌ ပြောင်း, ပဲ, လူး, ဆပ်—ရသမျှ အာဟာရကို မှီဝဲလျက်နေ၏။ ယင်းသို့နေခြင်းကို ရဟန်းတို့ ချီးမွမ်းကြရာတွင် ဟောကြားသော တရားဖြစ်၏။

ငါးခုမြောက် ဗာလဝဂ်ပြီး၏။



# ၆-ပဏ္ဍိတဝဂ်

## ၁–ရာဓ

နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ၊
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ၊
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော၊၇၆။

အပြစ်ဖော်ပြ နှိပ်ချဆုံးမလေ့ရှိသော ထိုသို့သဘောရှိသော ပညာရှိကို မြှုပ်ထားသောရွှေအိုး ပြောကြားလာသူကဲ့သို့ ယူဆ၍ ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို ဆည်းကပ်သူအား မြတ်၏။ မယုတ်ညံ့ ၊၇၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိမြို့၌ ဆင်းရဲနွမ်းပါးသည့် ရာဓ အမည်ရှိသော ပုဏ္ဏားသည် ရှင်ပြုလိုကြောင်း ရဟန်းတို့ထံ တောင်းပန်၏။ သို့ရာတွင်ရဟန်းတို့သည် အိုမင်းမစွမ်းဖြစ်နေသောကြောင့် ဘယ်သူမျှ ရှင်ပြုမပေးကြကုန်။ ရှင်သာရိပုတြာကား ဆွမ်းတယောက်မ လောင်းလှူဘူးသော ကျေးဇူးကိုထောက်၍ ရှင်ပြုပေး၏။ ရာဓသည် ရှင်ရဟန်းအဖြစ်သို့ ရောက်သောအခါ ရှင်သာရိပုတြာ၏ ဆုံးမဩဝါဒ

ကို ကောင်းစွာနာယူ၍ နှစ်ရက်သုံးရက်ဖြင့် အရဟတ္တဖိုလ်သို့ ရောက်သွား၏။ ဤအကြောင်းကိုရဟန်းတို့ ချီးမွမ်းကြရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၂-အဿဇိ ပုနဗ္ဗသုက

ဩဝဒေယျာ နုသာသေယျ-
အသဗ္ဘာ စ နိဝါရယေ၊
သတံ ဟိ သော ပိယော ဟောတိ-
အသတံ ဟောတိ အပိယော၊၇၇။

ဆုံးမရာ၏။ ကြိုတင်ဆုံးမရာ၏။ မကောင်းသော အပြုအမူတို့မှလည်း တားမြစ်ရာ၏။ထိုသူကို သူတော်ကောင်းတို့ ချစ်ခင်နှစ်သက်အပ်၏။ မသူတော်တို့ ကား မချစ်မနှစ်သက်ပေ၊၇၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကီဋာဂိရိဇနပုဒ်၌ အဿဇိနှင့် ပုနဗ္ဗသုက ရဟန်းတို့သည် အခြံအရံ ရဟန်း များနှင့်တကွ ပန်းပင်စိုက်ပျိုးခြင်းအစရှိသော သိမ်ဖျင်းသော အမူတို့ကို ပြုခြင်းဖြင့် အသက်မွေးနေထိုင်ကြ၏။ထို့ကြောင့်ရဟန် ကောင်းတို့သည်မနေနိုင်ကြကုန်။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူလျှင် ရှင်သာရိပုတြာနှင့်ရှင်မောဂ္ဂလာန်ကိုခေါ်၍ "သင်တို့၏သဒ္ဓိဝိဟာရိက အန္တေဝါသိက တပည့်တို့ကို ဆုံးမချေကုန်လော့"ဟုစေလွှတ်၍ ဤတရားကိုဟောကြား၏။

---

## ၃-ဆန္န

န ဘဇေ ပါပကေ မိတ္တေ၊န ဘဇေ ပုရိသာဓမေ၊
ဘဇေထ မိတ္တေ ကလျာဏေ၊ဘဇေထ ပုရိသုတ္တမေ၊၇၈။

ယုတ်မာသော မိတ်ဆွေတို့ကို မဆည်းကပ်ရာ၊ ယုတ်မာ သူတို့ကို မဆည်းကပ်ရာ၊ မိတ်ဆွေကောင်းတို့ကိုဆည်းကပ်ရာ၏။ သူမြတ်တို့ကို ဆည်းကပ်ရာ၏၊၇၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ဆန္နသည် "ကပိလဝတ်နန်းတော်မှ သန်းခေါင်ကျော်ကာလတွင် ကဏ္ဍကမြင်းနှင့် ကျွန်ရင်း ဆန်နှင့်တကွ တောထွက်ကြသည့်အခါ သာရိပုတြာလည်းမရှိ၊ မောဂ္ဂလာန်လည်းမသိ၊ ယခုဘုရားဖြစ်မှ ငါ့သာရိပုတြာ၊ ငါ့မောဂ္ဂလာန် တကားဟုပြောဆိုသူများကြသည်" စသည်ဖြင့် အဂ္ဂသာဝကတို့ကိုဆဲရေး၏။ ထိုအကြောင်းကို ဘုရားရှင်ကြားသိသောအခါ ရှင်ဆန္နကိုခေါ်၍ ဆုံးမပြီး ဟောကြားသောတရားဖြစ်၏။

---

## ၄–မဟာကပ္ပိန

ဓမ္မပီတိ သုခံ သေတိ၊ဝိပ္ပသန္နေန စေတသာ၊
အရိယပ္ပဝေဒိတေဓမ္မေ၊သဒါရမတိ ပဏ္ဍိတော၊၇၉။

တရားအမြိုက်ရေကို သောက်ရသူသည် အထူးသန့်ရှင်းကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာနေရ၏။ ပညာရှိသည် အခါခပ်သိမ်း အရိယာသူတော်ကောင်းတို့ ဟောကြားသောတရား၌ မွေ့လျော်၏။၇၉။

မြတ်စွာ ဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကုက္ကုဋ္ဌဝတီပြည့်ရှင် ဘုရင် မဟာကပ္ပိနသည် အမတ်တထောင်နှင့်တကွ ရဟန်းပြု၏။မဟာကပ္ပိနသည် ရဟန္တာအဆင့်သို့ရောက်သောအခါ "အဟောသုခံ အဟောသုခံ–သြော်ချမ်းသာစွ သြော်ချမ်းသာစွ"ဟုမကြာခဏဥဒါန်းကျူးလေ့ရှိ၏။ ထိုအခါရဟန်းတို့က မဟာကပ္ပိနသည် ပြည်စည်းစိမ်ကိုအောက်မေ့၍ ယင်းသို့ ဥဒါန်းကျူးခြင်းဖြစ်လိမ့်မည်ဟု ယူဆကြ၍ ဘုရားရှင်အားတင်လျှောက်ကြခြင်းကြောင့် ဤတရားကိုဟောကြားခြင်းဖြစ်၏။

## ၅—ပဏ္ဍိတ

ဥဒကံ ဟိ နယန္တိ နေတ္တိကာ
ဥသုကာရာ နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ—
အတ္တာနံ ဒမယန္တိ ပဏ္ဍိတာ၊၈၀။

မြောင်းတူး သမားတို့သည် ရေကိုဆောင်ယူကုန်၏။ လေးသမားတို့သည်မြားကိုဖြောင့်ကုန်၏။ သစ်ရွေသမားတို့သည် သစ်ကိုရွေကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကိုဆုံးမကုန်၏။၈၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာ၏တပည့်ခုနစ်နှစ်အရွယ်မျှသာရှိသေးသောပဏ္ဍိတသာမဏေသည်ဆရာနှင့်အဘူတကွ ဆွမ်းခံသွား၏။လမ်းတွင်လယ်သမားတို့ရေမြောင်းသွယ်လျက် ရေကိုအလိုရှိရာသို့ ယူကြခြင်းကိုငင်း။ လေးသမားတို့သည်မြားကို ဖြောင့်နေကြခြင်းကိုငင်း။ လက်သမားတို့သည် သစ်သားကို ဖြောင့်အောင် ရွေနေကြခြင်းကိုငင်းတွေ့မြင်ကြရ၏။ သာမဏေငယ်သည် ယင်းတို့ကိုတွေ့မြင်ရ၍စိတ်ကို ဘာဝနာသို့ဆောင်လျက် ကမ္မဋ္ဌာန်းအားထုတ်လေသော် ရဟန္တာအဖြစ်သို့ရောက်သွား၏။ ဘုရားရှင်သည် ဤအကြောင်းသိမြင်၍ ဤတရားကိုဟောကြားတော်မူ၏။

---

## ၆—လကုဏ္ဍက ဘဒ္ဒိယ

သေလော ယထာ ဧကဃနော၊ဝါတေန နသမီရတိ၊
ဧဝံ နိန္ဒာ ပသံသာသု၊န နသမိဉ္ဇန္တိ ပဏ္ဍိတာ။၈၁။

တခဲနက်ဖြစ်သော ကျောက်တောင်သည် လာသော လေကြောင့်မတုန်လှုပ်သကဲ့သို့ပညာရှိတို့သည် ချီးမွမ်းခြင်း ကဲ့ရဲ့ခြင်း တို့ကြောင့် မတုန်လှုပ်ကုန်၊၈၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေတော်မူသောအခါ ရဟန်းငယ် သာမဏေငယ်တို့သည် ရှင်လကုဏ္ဍက ဘဒ္ဒိယ၏ ဦးခေါင်း, နရွက်ကို ကိုင်လျက်"ငါတို့ဖထွေးသည် သာသနာတော်၌ မွေ့လျော်၏လော" စသည်ဖြင့် ကျီစယ်ကြ၏။ သို့ရာတွင် အရှင်ကား အမျက်မထွက်ဘဲ ဆိတ်ဆိတ်နေ၏။ ဤအကြောင်းကို ဘုရားရှင်သိမြင်တော်မူ၍ အရှင်၏ရဟန္တာအဖြစ်ကိုသိစေရန် ဟောကြားသောတရားဖြစ်၏။

---

## ၇—ကာဏ မာတာ

ယထာပိ ရဟဒေါ ဂမ္ဘီရော—
ဝိပ္ပသန္နော အနာဝိလော၊
ဧဝံ ဓမ္မာနိ သုတွာန—
ဝိပ္ပသီဒန္တိ ပဏ္ဍိတာ၊ ၈၂။

နက်လှစွာသော သမုဒ္ဒရာသည်နောက်ကျုခြင်းမရှိ အထူးကြည်လင်သကဲ့သို့ ပညာရှိတို့သည်မြတ်စွာဘုရားဟောကြားသောတရားတို့ကို ကြားနာရ၍အထူးပင်ကြည်လင်ကုန်၏၊ ၈၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကာဏာအမည်ရှိသော သတို့သမီးသည် ခင်ပွန်းသည်၏ အိမ်သို့ပြန်ရန် မုန့်ကြော်၏။ သောတာပန် ဖြစ်သော အမိသည် အိမ်ရှေ့၌ ရပ်လာသော ရဟန်းတို့အား မုန့်ကိုယူ၍လောင်းလှူ၏။ ယင်းသို့ ဤအိမ်မှမုန့်လှူသောသတင်းကို ကြားသိရသောအခါ အခြားရဟန်းတို့လည်းလာ၍ရပ်ကြ၏။ အမိသည်ရပ်လာသမျှသော ရဟန်းတို့အား စေ့ငအောင်လောင်းလှူ၏။ သို့ဖြင့် သတို့သမီး ကာဏာသည်လင့်အိမ်သို့ မပြန်ဖြစ်သဖြင့် ရဟန်းတို့ကိုငြိုးစူ၏။ ထိုအခါမြတ်စွာ ဘုရားသည် ထိုသတို့သမီးကိုဆုံးမ၍သောတာပန်အဖြစ်သို့ရောက်စေ၏။ ယခုအခါ အမျိုးသမီးသည် ရှေးကကဲ့သို့ မငြိုးစူတော့ကြောင်းကို ဟောကြားတော်မူခြင်းဖြစ်၏။

## ၇—ပဥ္စသတ ဘိက္ခု

သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တိ-
န ကာမ ကာမာ လပယန္တိ သန္တော၊
သုခေန ဖုဋ္ဌာ အထဝါ ဒုခေန-
န ဥစ္စာဝစံ ပဏ္ဍိတာ ဒဿယန္တိ။ ၇၃။

သူတော်ကောင်းတို့သည် သဘောတရားအားလုံးတို့၌စင်စစ်စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမတို့ကိုအလိုရှိကုန်သည်ဖြစ်၍ မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့်တွေ့ကြုံစေကာမူ ဝမ်းမြောက်ခြင်းနှလုံးမသာခြင်းသဘောကို မဖော်ပြကုန်၊ ၇၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေတော်မူသောအခါ ရဟန်းတို့သည် စားကြွင်းစား ငါးရာတို့နှင့်စပ်လျဉ်း၍ "စားကြွင်းစားတို့သည် ဝေရဥ္စမြို့မှာ ဝါဆိုသောအခါ တုန်းက မမြူးတူးကြကုန်။ ယခုသာဝတ္ထိသို့ရောက်သောအခါ မြူးတူးပျော်ပါးပြေးလွှားဟစ်အော်ကုန်၏။ ရဟန်းတို့ကားအထူးမရှိ၊ ပြကတေ့အတိုင်းပင်နေကြကုန်၏"ဟု ဝေဖန်ကြ၏။ ထိုအခါ မြတ်စွာဘုရားက ရဟန်းတို့အား သူတော်ကောင်းတို့ သဘောထားကို ဟောကြားခြင်းဖြစ်၏။

---

## ၉ ဓမ္မိက

န အတ္တဟေတု န ပရဿ ဟေတု—
န ပုတ္တ မိစ္ဆေ န ဓနံ န ရဋ္ဌံ၊
န ဣစ္ဆေယျ အဓမ္မေန သမိဒ္ဓိ မတ္တနော—
သ သီလဝါ ပညဝါ ဓမ္မိကော သိယာ။ ၇၄။

ပညာရှိမည်သည် မိမိအတွက်ဖြစ်စေ, သူတပါးအတွက်ဖြစ်စေ, မကောင်းမှုကိုမပြု။ မကောင်းမှုဖြင့် သားသမီး, ဥစ္စာ, တိုင်းပြည်ကို အလိုမရှိရာ၊ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ၊ ထိုသို့ သဘောရှိသူမျိုးသည် သီလရှိသူ, ပညာရှိသူ, တရားရှိသူဖြစ်၏။ ၇၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဓမ္မိက အမည်ရှိသော ဥပါသကာသည် သာသနာတော်၌ ရှေးဦးစွာ ကိုယ်တိုင် ရဟန်းပြု၏။ မိမိရဟန္တာအဖြစ်သို့ ရောက်သောအခါ သား–မယားတို့ကို လည်း ရဟန်းပြုစေ၍ အရဟတ္တဖိုလ်သို့ ရောက်စေကုန်၏။ တရားသဘင်၌ ထိုသူ၏အကြောင်းကို ရဟန်းတို့ ချီးမွမ်းပြောဆိုကြ၍ ဟောကြားသော တရားဖြစ်၏။

---

## ၁၀—ဓမ္မဿဝန

အပ္ပကာ တေ မနုဿေသု၊ ယေ ဇနာ ပါရဂါမိနော၊
အထာယံ ဣတရာ ပဇာ၊ တီရမေဝါ နုဓာဝတိ။ ၈၅။

လူအပေါင်းတို့တွင် ထိုမှာဖက်ကမ်းသို့ ကူးမြောက်သောသူ နည်းပါး ကုန်၏။ တဖက်ကမ်းသို့ ရောက်သူမှတပါး ကြွင်းသောလူများသည် ဤမှာ ဖက်ကမ်း၌သာလျှင် ခေါက်တုံ့ခေါက်ပြန် ပြေးသွားနေကြ၏။ ၈၅။

ယေ စ ခေါ သမ္မဒက္ခာတေ၊ ဓမ္မေ ဓမ္မာနုဝတ္တိနော၊
တေ ဇနာ ပါရမေဿန္တိ၊ မစ္စုဓေယျံ သုဒုတ္တရံ။ ၈၆။

ကောင်းစွာ ဟောကြားသောတရားတို့ကို တရားအားလျော်စွာ ကျင့် ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာကို (ကူးမြောက် ၍) တဖက်ကမ်းသို့ ရောက်ကြလိမ့်မည်။ ၈၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တရားနာ လာကြကုန်သူတို့တွင် အချို့သော သူတို့သည် ကာမဂုဏ်၌ မွေ့လျော်လို သောကြောင့် အိမ်သို့ပြန်ကြ၏။ အချို့သောသူတို့သည် ထိန–မိဒ္ဓဖြင့် ငိုက် မျဉ်းကုန်၏။ ရဟန်းတို့သည် ဤအကြောင်းကို မြတ်စွာဘုရားအား လျှောက် ကြား၍ ဟောကြားသောတရားဖြစ်၏။

## ၁၁—ပဥ္စသတ အာဂန္တုက ဘိက္ခု

ကဏှံ ဓမ္မံ ဝိပ္ပဟာယ၊ သုက္ကံ ဘာဝေထ ပဏ္ဍိတော၊
ဩကာ အနောကမာဂမ္မ၊ ဝိဝေကေ ယတ္ထ ဒူရမံ။ ၈၇။

ပညာရှိသည် မည်းညစ်သော တရားကို ပယ်စွန့်၍ တဏှာတည်းဟူသော တည်ရာမှ တဏှာကင်းရာကို အာရုံပြု၍ ဖြူစင်သော တရားကို ပွားရာ၏။ ၈၇။

တတြာဘိရတိ မိစ္ဆေယျ၊ ဟိတွာ ကာမေ အကိဉ္စနော၊
ပရိယောဒပေယျ အတ္တာနံ၊ စိတ္တက္လေသေဟိ ပဏ္ဍိတော။ ၈၈။

ပညာရှိသည် ကာမတို့ကိုစွန့်၍ စိုးရိမ်ခြင်းမရှိပဲ မွေ့လျော်နိုင်ခဲသော ဆိတ်ငြိမ်ရာ၌ အလွန်မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်ညစ်ညူးကြောင်းတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

ယေသံ သမ္ဗောဓိယင်္ဂေသု၊ သမ္မာ စိတ္တံ သုဘာဝိတံ၊
အာဒါန ပဋိနိဿဂ္ဂေ၊ အနုပါဒါယ ယေ ရတာ၊
ခီဏာသဝါ ဇုတိမန္တော၊ တေ လောကေ ပရိနိဗ္ဗုတာ။ ၈၉။

အကြင်သူတို့သည် ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာပွားများအပ်၏။ မစွဲလမ်းမူ၍ ဥပါဒါန်ကို စွန့်လွှတ်ရာ၌ မွေ့လျော်ကုန်၏။ လောက၌ အာသဝေါ ကုန်ပြီးသော တန်ခိုးကြီးကုန်သောထိုသူတို့သည်ငြိမ်းကုန်၏။ ၈၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ကို ဖူးတွေ့ရန် လာကြကုန်သော ကောသလတိုင်းသား အာဂန္တု ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

ခြောက်ခုမြောက် ပဏ္ဍိတဝဂ်ပြီး၏။

# ၇- အရဟန္တဝဂ်

## ၁–ဇီဝကပဉှာ

ဂတဒ္ဓိနော ဝိသောကဿ၊ ဝိပ္ပမုတ္တဿ သဗ္ဗဓိ၊
သဗ္ဗဂန္ထပ္ပဟီနဿ၊ ပရိဠာဟော န ဝိဇ္ဇတိ။ ၉၀။

စိုးရိမ်ခြင်းကင်းသော တရားအားလုံးတို့မှ လွတ်မြောက်သော အထုံးအဖွဲ့အားလုံးကို ပယ်ပြီးသော သံသရာခရီး သွားပြီးသူအား ပူပန်မှု တော့ချေ။ ၉၀။

မြတ်စွာဘုရား ဇီဝက သရက်ဥယျာဉ်၌ နေတော်မူသောအခါ ဒေဝဒတ် ကျောက်တုံးလှိမ့်ချသောကြောင့် ခြေမှာ သွေးစိမ်းတည်၍အနာ ယဉ်းနေ၏။ ထိုအခါ ဇီဝကသည် ခွဲစိတ်ကုသပေးပြီး "ကိုယ်တော် ပင်ပန်းခြင်းဖြစ်လေသလော" ဟု လျှောက်၏။ မြတ်စွာဘုရားက "ဇီဝက တထာဂတသည် ဗောဓိမဏ္ဍိုင်ကပင် အပူခပ်သိမ်း ကင်းငြိမ်းပြီး ဖြစ်သည်" ဟု မိန့်ကြားပြီး ဟောကြားသော တရားဖြစ်၏။

## ၂—မဟာကဿပ

ဥယျုဉ္ဇန္တိ သတီမန္တော၊ န နိကေတေ ရမန္တိ တေ၊
ဟံသာဝ ပလ္လလံ ဟိတွာ၊ ဩကမောကံ ဇဟန္တိ တေ။ ၉၁။

သတိရှိသူတို့သည် လုံ့လပြုကုန်၏။ ထိုသူတို့သည် တည်ရာ ကာမဂုဏ်၌ မမွေ့လျော်ကုန်။ ဟင်္သာတို့သည် ရွံ့ညွန်အိုင်ကို စွန့်ခွာလျက်သွားသကဲ့သို့ မှီရာ တဏှာဟူသမျှကို စွန့်သွားကုန်၏။ ၉၁။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပသည် မိမိသပိတ်သင်္ကန်း အစရှိသော ပရိက္ခရာတို့ကို ရိုသေစွာ သုံးစွဲပြီး ကောင်းမွန်စွာသိုမှီး သိမ်းဆည်းထားလေ့ရှိ၏။ ယင်းကိုရဟန်းတို့ကအရှင့်အား သပိတ်သင်္ကန်းစသော ပရိက္ခရာတို့၌ တွယ်တာ တပ်မက်သည်ဟု ထင်ကြ၏။ ထိုအကြောင်းကို ဘုရားရှင် သိတော်မူ၍ ဟောကြားသော တရားဖြစ်၏။

---

## ၃—ဗေလဋ္ဌသီသ

ယေသံ သန္နိစယော နတ္ထိ-
ယေ ပရိညာတ ဘောဇနာ၊
သုညတော အနိမိတ္တောစ—
ဝိမောက္ခော ယေသံ ဂေါစရော၊
အာကာသေဝ သကုန္တာနံ—
ဂတိ တေသံ ဒုရန္နယာ၊ ၉၂။

အကြွင်သူတို့အား သိုမှီး သိမ်းဆည်း ခြင်းမရှိ၊ အကြွင် သူတို့သည် ပရိညာဖြင့်ပိုင်းခြားလျက် ခံဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်၏။ ကင်းဆိတ်လျက်နိမိတ်မရှိသောနိဗ္ဗာန်သည် အကြွင်သူတို့၏ ကျက်စားရာ အာရုံဖြစ်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကိုမမြင်နိုင်သကဲ့သို့ ထိုသူတို့၏ သွားရာကို မသိနိုင်ကုန်၊ ၉၂။

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ ရှင်ဗေလဋ္ဌသီသသည် တကြိမ်ဆွမ်းခံ၍ ဆွမ်းစားပြီးသော်ကြွင်းကျန်သောဆွမ်းတို့ကို သိမ်းလျက် ဖလသမာပတ်ဝင်စား၏။ သမာပတ်မှ ထသောအခါ ထိုဆွမ်းခြောက်ကိုစား၍ သမာပတ်ကိုပင် ပြန်ပြီးဝင်စား၏။ စား:ဖွယ် လုံ၀ မရှိမှ တဖန်ဆွမ်းခံပြန်၍ ရှေးအတူပင်စားကြွင်းတို့ကို သိမ်းပြီး ဖလသမာပတ် စင်စား၏။ဤအကြောင်းကိုရဟန်းတို့လျှောက်ကြား၍ အစားအစာသိမ်းပထားရန် သိက္ခာပုဒ် ပညတ်ပြီး ဟောကြားသောတရားဖြစ်၏။

ပရိညာမှာ (၁)ဉာတ ပရိညာ (သဘာ၀နှင့်တကွနာမ်-ရုပ်ကိုသိမြင်သောဉာဏ် (၂)တီရဏပရိညာ (နာမ်-ရုပ်တို့၏ အနတ္တသဘောကို သိမြင်ဆုံးဖြတ်နိုင်သောဉာဏ်)နှင့် (၃)ပဟာန ပရိညာ (သိမြင်ဆုံးဖြတ်ပြီးနောက်တဏှာ,မာန,ဒိဋ္ဌိကင်း၍အလင်းသို့ရောက်သောဉာဏ်)ဟု သုံးပါးအပြားရှိ၏။

---

## ၄—အနုရုဒ္ဓ

ယဿာသဝါ ပရိက္ခီဏာ—
အာဟာရေစ အနိဿိတော၊
သုညတော အနိမိတ္တောစ-
ဝိမောက္ခော ယဿ ဂေါစရော၊
အာကာသေဝ သကုန္တာနံ—
ပဒံ တဿ ဒုရန္နယံ၊၉၃။

အကြင်သူတို့အား အာသဝေါ ကုန်ခမ်း၏။ အစာအဟာရ၌လည်း စွဲမှီခြင်းမရှိ။ ကင်းဆိတ်လျက် နိမိတ်မရှိသော နိဗ္ဗာန်သည် အကြင် သူတို့၏ ကျက်စားရာ အာရုံဖြစ်၏။ကောင်းကင်၌ ငှက်တို့၏ခြေရာကို မသိနိုင်သကဲ့သို့ ထိုသူတို့၏ခြေရာကိုမသိနိုင်၊၉၃။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဇာလိနီ အမည်ရှိသော နတ်သမီးသည် ရှင်အနုရုဒ္ဓါကို ရည်မှတ်၍ နတ်ပုဆိုးကို ပံသုကူ

ပစ်၏။ ယင်းကိုသက်နှုန်းချုပ်သောအခါမှာလည်း မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာငါးရာတို့အလို့ငှာ ဆွမ်းခဲဖွယ် စသည်တို့ကို မိမိတန်ခိုးဖြင့် ပြည့်စုံစွာ စီမံပေး၏။ ယင်းသို့ နတ်သမီးစောင်မသည်ကို မသိသော ရဟန်းတို့သည် ရှင်အနုရုဒ္ဓါအား "ပမာဏကို မသိဘဲ အလုပ်အကြွေးဒါယကာတို့ ပြောဘိသည်"ဟု ကဲ့ရဲ့ကြ၏။ ထို့ကြောင့်မြတ်စွာဘုရားသည် ရဟန္တာ၏သဘာဝကို သိကြစေရန် ဟောကြားသော တရားဖြစ်၏။

---

## ၅-မဟာကစ္စာယန

ယဿိန္ဒြိယာနိ သမထင်္ဂတာနိ—
အဿာ ယထာ သာရထိနာ သုဒန္တာ၊
ပဟီနမာနဿ အနာသဝဿ-
ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော၊၉၄။

ရထားထိန်း ကောင်းစွာဆုံးမပြီးသော မြင်းတို့သည် ငြိမ်သက်တည်ကြည်ကုန်သကဲ့သို့ အကြင်သူ၏ ဣန္ဒြေတို့သည် ငြိမ်သက် တည်ကြည်ခြင်းသို့ ရောက်ကုန်၏။မာနကိုပယ်ပြီးသော အာသဝေါမရှိသောတာဒိဂုဏ်နှင့်ပြည့်စုံသော ထိုသူ့အား နတ်တို့သည်လည်းချစ်မြတ်နိုးကုန်၏၊၉၄။

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါသိကြားမင်းသည် နတ်ပရိသတ်နှင့်တကွအတူလာ၍ မြတ်စွာဘုရားနှင့်တကွ ရဟန်းသံဃာတို့ကိုနတ်၌ဖြစ်သော အမွှေးနံ့သာ ပန်းမာလာတို့ဖြင့် ပူဇော်၏။ ရဟန်းတို့အလယ်တွင် ရှင်မဟာကစ္စည်းကိုမတွေ့၍ ကျွန်ုပ်၏ အရှင် မမြင်ပါကလား" ဟုမေး၏။ တွေ့လျှင်ခြေကိုကိုင်၍ ဦးတိုက်၏။ထိုအကြောင်းကိုရဟန်းတို့ပြောဆိုကြ၍နတ်ကိုချစ်မြတ်နိုးသောတရားကိုဟောကြားခြင်းဖြစ်၏။

ဤနေရာ၌ တာဒိဂုဏ်ဟူသည်မှာ လောကဓံတရားရှစ်ပါးနှင့်တွေ့ကြုံသော်လည်း ဖောက်ပြန်တုန်လှုပ် ခြင်း မရှိသော ဂုဏ်ဖြစ်၏။ တာဒိသဒ္ဒါ၏ အနက်ရင်းမှာ "ထိုကဲ့သို့သော ထိုသို့သဘောရှိသော"ဖြစ်၏။ တာဒိဂုဏ်မှာ မှာယိုကဲ့သို့သောဂုဏ်၊သီလ-သမာဓိ-ပညာဟူသောဂုဏ်၊သည်းခံခြင်းစသော ဂုဏ်တို့ဖြစ်၏။

## ၆–သာရိပုတ္တ

ပထဝိသမော နော ဝိရုဇ္ဈတိ–
ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော၊
ရဟာဒေါဝ အပေတကဒ္ဒမော–
သံသာရာ န ဘဝန္တိ တာဒိနော၊၉၅။

တာဒိဂုဏ်နှင့် ပြည့်စုံသော အကျင့်ကောင်းရှိသောသူသည် မြေကြီးကဲ့သို့ငှင်း, တံခါးကဲ့သို့ငှင်း, သည်းခံသော စိတ်ရှိသည်ဖြစ်၍ ဆန့်ကျင်မှုမပြု။ ရွံ့ညွန်ကင်းသော ရေအိုင်ကဲ့သို့ တာဒိဂုဏ်ရှင်အားကျင်လည်ခြင်းတို့ မဖြစ်ကုန်၊၉၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတပါးသည် ဘုရားရှင်အား "အရှင်ဘုရား ရှင်သာရိပုတြာသည် ကျွန်ုပ်ကို သင်္ကန်းဖြင့် တိုက်ခတ်သွားပါသည်"ဟု လျှောက်ကြား၏။ ထိုအခါမြတ်စွာဘုရားသည် ရှင်သာရိပုတြာကိုခေါ်၍မေးရာ အရှင်က "မြတ်စွာဘုရား ကျွန်ုပ်သည် ခြေသုတ်ပုဆိုး, မြေစွယ်ကျိုးနှင့် ချိုကျိုး နွားလား, ဒွန်း စဏ္ဍားသို့ မထောင်လွှားပါ"ဟုလျှောက်ကြား၏။ထိုအခါစွပ်စွဲမိသော ရဟန်း ပူပန်ခြင်းဖြစ်ကာ ကန်တော့၏၊ အရှင်လည်းဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီပြီး" အရှင်ဘုရား ကျွန်ုပ်သည် ဤအရှင်၏အပြစ်ကိုသည်းခံပါ၏။ ဤအရှင်လည်း ကျွန်ုပ်၌အပြစ်ရှိသော်သည်းခံပါလော့"ဟုခွင့်လွှတ်ကောင်းပန်၏။ ထိုကြောင့် ဘုရားရှင်သည် ဤတရားကိုဟောကြားခြင်းဖြစ်၏။

---

## ၇–ကောသမ္ဗိဝါသီတိဿ

သန္တံ တဿ မနံ ဟောတိ–
သန္တာ ဝါစာစ ကမ္မစ၊
သမ္မဒညာ ဝိမုတ္တဿ–
ဥပသန္တဿ တာဒိနော၊၉၆။

အကြောင်းအားလျော်စွာ သိ၍ လွတ်မြောက်သော ငြိမ်သက်သော ဖောက်ပြန်ခြင်းသဘောမရှိသောသူ၏ စိတ်လည်းငြိမ်သက်၏။ နှုတ်အမှုအရာသည်ရှင်း, ကိုယ်အမှုအရာသည်ရှင်း–ငြိမ်သက်၏ ၊၉၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသမ္ဗီပြည်မှ ရှင်တိဿသည် ရဟန္တာဖြစ်သော သာမဏေငယ်နှင့်အတူ မြတ်စွာဘုရားထံသို့ လာသည်ရှိသော် လမ်းခရီးအကြား ကျောင်းတကျောင်း၌ တည်းခိုရ၍အိပ်၏။ သာမဏေငယ်သည် ဆရာဥပဇ္ဈာယ်အား (လူသာမဏေနှင့် တမိုးတရံတည်းသောကျောင်း၌ အတူအိပ်သော သဟသေယျ) အာပတ်မှ လွတ်စေရန် ဆရာအိပ်သော ညောင်စောင်းအနီး၌ မအိပ်ဘဲထိုင်နေ၏။ ဆရာသည် အရုဏ်တက်ခါနီး၌ သာမဏေငယ်ကိုနှိုးရန် ယပ်ရိုးဖြင့်– ကြမ်းကိုဆောင့်ရာ မျက်စိကိုခိုက်မိ၍ မျက်စိပျက်သွား၏။ သာမဏေသည် ဆရာနှလုံးမသာမည်စိုး၍ မပြောဘဲလက်တဘက်ဖြင့် မျက်စိကိုအုပ်၍ လက်တဖက်ဖြင့် ဝတ်ကြီး–ဝတ်ငယ်ကိုပြု၏။ ထိုအခါဆရာက "ဟယ်သာမဏေ မလိမ်မာစွာတကား။ လက်နှစ်ဖက်ဖြင့်သာ ကပ်ရာ၏"ဟု ဆိုလေမှ အကြောင်းကိုလျှောက်၏။ ဆရာသည် "သူတော်ကောင်းသာမဏေ ငါကားဝန်လေးသော အမှုကိုပြုပြီ၏။ ငါ၏အပြစ်ကို သည်းခံပါ" ကန်တော့ဝန်ချ၏။ ထို့နောက်ဘုရားရှင်ထံရောက်၍ လျှောက်ကြားရာမှ ဟောကြားသော တရားဖြစ်၏။

---

ဂ–သာရိပုတ္တ

အဿဒ္ဓေါ အကတညူ စ–
သန္ဓိစ္ဆေဒေါ စ ယော နရော၊
ဟတာဝကာသော ဝန္တာသော–
သဝေ ဥတ္တမ ပေါရိသော ၊၉၇။

အကြောင်းသူသည် အပြောဖြင့်သာ ယုံကြည်သူမဟုတ်၊ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူလည်းဖြစ်၏။ ဝဋ္ဋသုံးပါးအစပ်ကို ဖြတ်တောက်ပြီးသူလည်းဖြစ်၏။ အကျိုးပေးခွင့်ကို ဘတ်ဖြတ်ပြီးသူလည်းဖြစ်၏။ အလုံးစုံသော တဏှာကို ဆွေ့အန်ပြီးသူလည်းဖြစ်၏။ ထိုသူသည် စင်စစ်ယောကျ်ားမြတ်ဖြစ်၏။၉၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သုံးကျိပ်သော အရညဝါသီ ရဟန်းတို့ရှေ့မှာ ရှင်သာရိပုတြာကို ခေါ်၍ “သာရိပုတြာ သဒ္ဓါစသော ဣန္ဒြေငါးပါးကို မပွားစေဘဲ အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြု၍ ဆိုသောစကားကို သင်ယုံကြည်သလော”ဟု မေးတော်မူ၏။ ထိုအခါ အရှင်က “မြတ်စွာဘုရားကိုယ်တိုင် မသိသောသူသည် သူတပါးတို့စကားဖြင့် ယုံကြည်ရပါ၏။ ကျွန်ုပ်ကားကိုယ်တိုင်သိမြင်ပြီးဖြစ်၍ သူတပါးတို့၏စကားဖြင့် မယုံကြည်ပါ”ဟု ဖြေဆိုသောကြောင့် ဟောကြားသော တရားဖြစ်၏။

## ၉—ခဒိရ ရေဝတ

ဂါမေ ဝါ ယဒိ ဝါရညေ၊
နိန္နေ ဝါ ယဒိ ဝါ ထလေ၊
ယတ္ထ အရဟန္တော ဝိဟရန္တိ၊
တံ ဘူမိ ရာမဏေယျကံ ၊၉၈။

ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ နိမ့်ရာ၌ဖြစ်စေ၊ ကုန်းမြင့်၌ဖြစ်စေ ရဟန္တာတို့ နေကုန်၏၊ ထိုသူတို့နေရာ မြေအရပ်သည် မွေ့လျော်ဖွယ်ရှိ၊၉၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာ၏ညီတော် ရေဝတသည် ရှားတောအရပ်၌ သွားနေ၏။ ထို့ကြောင့် သူ့ကို ခဒိရ (ရှားတော) ရေဝတဟု ခေါ်ကြ၏။ သူနေသောအရပ်မှာ လွန်စွာသာယာကြည်နူးဖွယ် ကောင်းကြောင်း ရဟန်းတို့ ပြောဆိုချီးမွမ်းကြသောကြောင့် ဟောကြားသော တရားဖြစ်၏။

## ၁၀—အညတရ ဣတ္ထိ

ရမဏီယာနိ အရညာနိ၊ ယတ္ထ န ရမတီ ဇနော၊
ဝီတရာဂါ ရမိဿန္တိ၊ န တေ ကာမ ဂဝေသိနော ၊၉၉။

တောတို့သည် မွေ့လျော်ဖွယ်ရှိကုန်၏။ ယင်းတောတို့၌ ကာမရှာမှီးသူလူအပေါင်းသည်ကား မမွေ့လျော်နိုင်။ ရာဂကင်းသူတို့သာ မွေ့လျော်ကြမည်။ ထိုသူတို့သည် ကာမကို မရှာမှီးကြကုန် ၊၉၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတပါးသည် တော၌ ကမ္မဋ္ဌာန်းစီးဖြန်းနေရာ ပြည့်တန်ဆာမ၏ ဖောက်ပြန်ခြင်းကြောင့် အထိတ်တလန့်ဖြစ်နေ၏။ ထိုအကြောင်းကို မြတ်စွာဘုရား သိမြင်၍ ဟောကြားသောတရားဖြစ်၏။

ခုနစ်ခုမြောက် အရဟန္တဝဂ် ပြီး၏။

# ၈-သဟဿဝဂ်

## ၁-တမ္ဗဒါဌိက စောရဃာတက

သဟဿမပိ စေ ဝါစာ၊ အနတ္ထ ပဒ သံဟိတာ

ဧကံ အတ္ထ ပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ ၊၁၀၀။

အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သောစကား အခွန်း တထောင်ရှိစေကာမူ ကြားနာရသဖြင့် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော တပုဒ်သည်သာ ပို၍မြတ်၏ ၊၁၀၀။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ၅၅-နှစ် ပတ်လုံး ခိုးသူသတ်လုပ်နေသော တမ္ဗဒါဌိကသည် သေကာနီးကာလမှ ရှင်သာရိပုတြာဟောကြားသောအနည်းငယ်မျှသောတရားကို နာကြားရ၍သော တာပတ္တိမဂ်၏ အတွင်း၌ဖြစ်သော အနုလောမ ခန္တီသို့ရောက်လျှင် သေ၍နတ်ပြည်၌ ဖြစ်၏။ ထိုအကြောင်းကိုရဟန်းတို့ ဆွေးနွေးကြခြင်းကြောင့် ဟောကြားသော တရားဖြစ်၏။

## ၂-ဗာဟိယ ဒါရုစီရိယ

သဟဿမပိ စေ ဂါထာ၊ အနတ္ထ ပဒ သံဟိတာ၊
ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပ သမ္မတိ၊ ၁၀၁။

အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သော ဂါထာ တထောင်ပင် ရှိစေကာမူ ကြားရသဖြင့် ငြိမ်းအေးကြောင်းဖြစ်၍ အကျိုးရှိသော တပုဒ်တဂါထာသည် သာ ပို၍မြတ်၏ ၊၁၀၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော်အခါ သုပ္ပါရက သင်္ဘောဆိပ်မှ ဒါရုစီရိယ ပရိဗိုဇ်သည် ယူဇနာ တရာ့နှစ်ဆယ်ခရီးကို တညဉ့် တည်းလာ၍ ဆွမ်းခံဝင်နေသော ဘုရားရှင်၏ခြေကို ဦးတိုက်၍ လက်အုပ်ချီ ကာ "မေဒေသတုဘဂ္ဂဝါဓမ္မံ" စသည်ဖြင့် တရားဟောရန်တောင်း ပန်၏။ ဘုရားရှင်သည် နှစ်ကြိမ်ပယ်တော်မူ၍ သုံးကြိမ်မြောက် တောင်းပန် သည်တွင် တရားဟောတော်မူလျှင် ကိလေသာကုန်၍ ရဟန္တာဖြစ်သွား၏။ "အနည်းငယ်မျှသော ဘုရားရှင်၏စကားသည် များမြတ်သော လောကုတ္တရာ အကျိုးကို ပြီးစေနိုင်သည်" ဟု ချီးမွမ်းသော ရဟန်းတို့အား ဟောကြား သော တရားဖြစ်၏။

---

## ၃-ကုဏ္ဍလ ကေသီ

ယော စ ဂါထာ သတံ ဘာသေ၊ အနတ္ထ ပဒ သံဟိတာ၊
ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ ၊၁၀၂။

အကျိုးမဲ့ ပုဒ်နှင့်သာ ဆိုင်သော ဂါထာတရာကို ရွတ်ဆိုစေကာမူ ကြားနာရသဖြင့် ငြိမ်းအေးကြောင်းဖြစ်သော တရားတပုဒ်ကို ရွတ်ဆိုခြင်း သည်သာ ပို၍မြတ်၏ ။၁၀၂။

ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ၊
ဧကဉ္စ ဇေယျ အတ္တာနံ၊ သ ဝေ သင်္ဂါမ ဇုတ္တမော ၊၁၀၃။

အကြင်သူသည် စစ်မြေပြင်၌ စစ်သည်ဗိုလ်ပါတို့ကို အကြိမ်တသန်း အောင်နိုင်ရာ၏။ အကြင်သူသည်ကား ကိုယ်တွင်းကိလေသာကို တကြိမ်တခါမျှ အောင်နိုင်ရာ၏။ ထိုသူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြဆုံးတ်း ဖြစ်၏ ၊၁၀၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်မြို့သူ ကုဏ္ဍလကေသီ အမျိုးသမီးသည် မိမိလင်ဖြစ်သော ခိုးသူကိုခိုးသူချောက်၌ ပစ်ချသတ်ခဲ့၍ ပရိဗိုဇ် ရဟန်းတို့၏ထံ၌ ရဟန်းပြု၏။ ထို့နောက် အယူဝါဒ တထောင်ကို သင်ယူလျက် အယူဝါဒပြိုင်ရန် လှည့်လည်၏။ ရှင်သာရိပုတြာနှင့် တွေ့ရာတွင် ရဟန်းပြု၍ မကြာမြင့်မီ ရဟန္တာ ထေရီ ဖြစ်သွား၏“ဤထေရီသည် လင်ဖြစ်သောသူခိုးကို အောင်ခဲ့၍ တရားအနည်းငယ် နာကာမျှဖြင့် ရဟန်းကိစ္စပြီးပေပြီ”ဟု ရဟန်းတို့ချီးမွမ်းရာတွင် ဟောကြားသော တရားဖြစ်၏။

---

၄—အနတ္ထ ပုစ္ဆက ဗြဟ္မဏ

အတ္တာ ဟဝေ ဇိတံ သေယျော—
ယာ စာယံ ဣတရာ ပဇာ၊
အတ္တ ဒန္တဿ ပေါသဿ—
နိစ္စံ သညတ စာရိနော ။၁၀၄။

နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ၊
ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။၁၀၅။

မိမိကိုယ်ကို အောင်နိုင်ခြင်းသည် မြတ်၏။မိမိကိုယ်ကို ဆုံးမပြီးသော အမြဲစောင့်စည်းသော အကျင့်ရှိသော ထိုသို့သဘောရှိသော သတ္တဝါ၏ အောင်ခြင်းကို နတ်သည်၎င်း၊ ဂန္ဓဗ္ဗသည်၎င်း၊ဗြဟ္မာနှင့် တကွသော မာရ်နတ်သည်၎င်း ရှုံးအောင် မပြုနိုင်ရာ။၁၀၄—၁၀၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏား တယောက်သည် ဘုရားရှင်ထံလာပြီး“အရှင်ဘုရား အရှင်သည် အကျိုးစီးပွါး အတွက်ကိုသိပါသလော၊ အကျိုးမဲ့အနတ္တကို သိပါသလော” ဟု မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက “ပုဏ္ဏား သင် ဘယ်အလုပ်ဖြင့်အသက်မွေး သနည်း” ဟု မေး၏။“အို ဂေါတမ ကျွန်ုပ်သည် အန်ကစားခြင်းဖြင့် အသက် မွေးပါသည်” ဟု ဖြေဆို၏။ “အို ပုဏ္ဏား ယင်းသို့ အန်ကစားသော အခါ သင်သည် ရှုံးသလော နိုင်သလော” ဟု မေးပြန်၏။ ပုဏ္ဏားက “အို ဂေါ တမ ကျွန်ုပ်သည် တခါတရံရှုံး၍ တခါတရံနိုင်ပါသည်။” ဟု ဖြေကြားရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၅—သာရိပုတ္တ မာတုလ

မာသေ မာသေ သဟဿေန—
ယော ယဇေထ သတံ သမံ၊
ဧကဉ္စ ဘာဝိတတ္တာနံ—
မုဟုတ္တမပိ ပူဇယေ၊
သာယေဝ ပူဇနာ သေယျော—
ယဉ္စေ ဝဿသတံ ဟုတံ။၁၀၆။

အနှစ်တရာပတ်လုံး လတိုင်း—လတိုင်း အသပြာတထောင်အကုန်ခံ၍ ပူဇော်ရာ၏။ ဝိပဿနာ ပွါးသော စိတ်ရှိသောသူတို့အား တကြိမ် တခဏ မျှ ပူဇော်ရာ၏။ ထိုခဏမျှ ပူဇော်ခြင်းသာလျှင် မြတ်၏။ အနှစ်တရာပတ်လုံး ပူဇော်ခြင်းသည် မမြတ်။၁၀၆။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗြဟ္မ ပြည်သို့ရောက်ရန်အတွက် လတိုင်း-လတိုင်း အသပြာ တထောင်အကုန်ခံပြီး တက္ကတွန်းတို့အား ပေးလှူနေသော ဦးရီးကို ရှင်သာရိပုတြာက “ဗြဟ္မပြည် သို့ ရောက်ရန်လမ်းကို သင်လည်းမသိ၊ သင့်ဆရာလည်းမသိ၊ အမှန်တကယ် သိသူကို ငါပြမည်” ဟု ပြောကာ ဘုရားရှင်ထံသို့ ခေါ်ဆောင်လာ၏။ ထို

အခါ မြတ်စွာဘုရားက ရှင်သာရိပုတြာ၏ ဦးရီးပုဏ္ဏားအား ဟောကြားသောတရားဖြစ်၏။

---

## ၆–သာရိပုတ္တ ဘာဂိနေယျ

ယော စ ဝဿသတံ ဇန္တု–
အဂ္ဂိံ ပရိစရေ ဝနေ၊
ဧကဉ္စ ဘာဝိတတ္တာနံ–
မုဟုတ္တမပိ ပူဇယေ၊
သာယေဝ ပူဇနာ သေယျော–
ယဉ္စေ ဝဿသတံ ဟုတံ။၁၀၇။

အကြင်သူသည် အနှစ်တရာပတ်လုံး တောသို့ မီးကို လုပ်ကျွေးပူဇော်ရာ၏။ အကြင်သူသည်ကား ဝိပဿနာ ပွါးသော စိတ်ရှိသူအား တကြိမ်တခါမျှ ပူဇော်ရာ၏။ ထိုခဏမျှ ပူဇော်ခြင်းသည်သာ မြတ်၏။ အနှစ်တရာပတ်လုံး မီးပူဇော်ခြင်းသည် မမြတ်။၁၀၇။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗြဟ္မပြည်သို့ ရောက်ရန်အတွက် လတိုင်း–လတိုင်း သားတကောင်သတ်ပြီး မီးနတ်ကို ပူဇော်နေသော တူတော်ကို ရှင်သာရိပုတြာက "ဗြဟ္မပြည်သို့ သွားရန်လမ်းကို သင်လည်းမသိ၊ သင်၏ဆရာတို့လည်း မသိကြ။ ဗုဒ္ဓထံလိုက်ခဲ့" ဟု ပြောကာ ဘုရားရှင်ထံ ခေါ်ဆောင်လာ၏။ ဘုရားရှင်သည် ရှင်သာရိပုတြာ၏တူကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

---

## ၇–သာရိပုတ္တ သဟာယက

ယံကိဉ္စိ ယိဋ္ဌံ ဝ ဟုတံ ဝ လောကေ–
သံဝစ္ဆရံ ယဇေထ ပုညပေက္ခော၊
သဗ္ဗမ္ပိ တံ န စတုဘာဂမေတိ–
အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။၁၀၈။

လောက၌ ကောင်းမှုကို လိုလား၍ ကုက်သူသည် ယဇ်ကြီး ပူဇော်ခြင်းကိုငှင်း, ယဇ်ငယ် ပူဇော်ခြင်းကိုငှင်း တနှစ်ပတ်လုံး ပူဇော်ရာ၏။ ထိုအလုံးစုံသည် ဖြောင့်မတ်စွာ ကျင့်သူတို့ကို လေးဖို့ တဖို့မျှ မမို၊ ဖြောင့်မတ်စွာကျင့်သူတို့၌ ရှိခိုးခြင်း စေတနာသည်သာ မြတ်၏။ ၁၀၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ပြဟ္မပြည်သို့ ရောက်ရန်အတွက် ယဇ်ပူဇော်သော သူငယ်ချင်းကို ရှင်သာရိပုတြာက "ပြဟ္မပြည်သို့ သွားရာလမ်းကို သင်လည်းမသိ၊ သင့်ဆရာတို့လည်းမသိကြ၊ ဗုဒ္ဓသာသိတော်မူသည်" ဟု ပြောကာ ခေါ်ဆောင်လာ၏။ ဘုရားရှင်သည် ရှင်သာရိပုတြာ၏ သူငယ်ချင်းကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

၈ – အာယုဝဍ္ဍန ကုမာရ

အဘိဝါဒန သီလိဿ၊ နိစ္စံ ဝုဍ္ဍာပစာယိနော၊

စတ္တာရော ဓမ္မာ ဝဍ္ဍန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ၁၀၉။

အမြဲရှိခိုး လေ့ရှိ၍ မိမိထက် ဂုဏ်အသက် သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေ ပြုလေ့ရှိသူအား အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရား လေးပါးတို့သည် တိုးပွါးကုန်၏။ ၁၀၉။

မြတ်စွာဘုရား ဒီဃာလက်တ မြို့ကို အမှီပြု၍ အရညကုဋီ၌ နေတော်မူသောအခါ "ခုနစ်ရက်မျှအသက်ရှင်အံ့သော အာယု ဝဍ္ဍန(ဒီဃာဝု) သတို့သားသည် ဘုရားရှင်၏ ပရိတ်တော်ကို နာရ၍ အသက်တရာ့နှစ်ဆယ်နေရ၏။ အခြား အသက်ရှည်ခြင်းလည်း ရှိပါသေးသလော" ဟု ရဟန်းတို့လျှောက်ကြားရာ၌ ဟောကြားသောတရားဖြစ်၏။

## ၉—သံကိစ္စ သာမဏေရ

ယော စ ဝဿသတံ ဇီဝေ—
ဒုဿီလော အသမာဟိတော၊
ဧကာဟံ ဇီဝိတံ သေယျော—
သီလဝန္တဿ ဈာယိနော၊၁၁၀။

သီလမရှိ၊ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် သီလရှိ၍ ဈာန်ဝင်စားနေသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏။၁၁၀။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းသုံးကျိပ်တို့သည် သံကိစ္စ သာမဏေငယ်နှင့်တကွ တောအုပ်တခု၌ ကမ္မဋ္ဌာန်းစီးဖြန်းနေကြစဉ် ခိုးသားငါးရာတို့သည် ယဇ်ပူဇော်ရန်အတွက် ရဟန်းတပါး ပေးပါဟု တောင်း၏။ ထိုအခါ သံကိစ္စ သာမဏေငယ်လိုက်သွားပြီး တရားဟောရာ ခိုးသားတို့ ရဟန်းပြုကြကုန်၏။ သာမဏေသည် ထိုခိုးသားတို့ကို ဘုရားရှင်ထံသို့ ခေါ်ဆောင်သွားရာမှာ ဟောကြားသောတရားဖြစ်၏။

---

## ၁၀—ခါဏု ကောဏ္ဍည

ယော စ ဝဿသတံ ဇီဝေ—
ဒုပ္ပညော အသမာဟိတော၊
ဧကာဟံ ဇီဝိတံ သေယျော—
ပညဝန္တဿ ဈာယိနော။၁၁၁။

ပညာမရှိ သမာဓိမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် ပညာရှိ၍ ဈာန်ဝင်စားနေသူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် မြတ်၏ ၊၁၁၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တောအုပ်တခုရှိ ကျောက်ဖျာထက်ဝယ် ရှင်ကောဏ္ဍည စျာန်ဝင်စား၍ နေသည်ကို ခိုးသူငါးရာတို့ တွေ့မြင်ကြရာ အလွန်ကြည်ညိုသောကြောင့် အရှင်၏ထံ၌ ရဟန်းပြုကြ၏။ အရှင်သည် ခိုးသူတို့ကို ဘုရားရှင်ထံခေါ်ဆောင်သွားရာမှာ ဟောကြားသော တရားဖြစ်၏။

---

## ၁၁–သပ္ပဒါသ

ယောစ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီန ဝီရိယော၊
ဧကာဟံ ဇီဝိတံသေယျော၊ ဝီရိယမာရဘတော ဒဠှံ၊၁၁၂။

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိပဲ အနှစ်တရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာအားထုတ်သောသူ၏။ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏ ၊၁၁၂။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သပ္ပဒါသသည် သာသနာတော်၌ မမွေ့လျော်နိုင်သည်ဖြစ်၍ သေခြင်းနှင့်လူထွက်ခြင်းတို့တွင် သေခြင်းပင်မြတ်သေးသည်ဟု ကြံ၍ မြွေဟောက်အိုးတွင်ထည့်ကာ လက်နှိုက်သော်လည်း မြွေမကိုက်။ လည်ကိုဖြတ်အံ့ဟု လည်ချောင်းထက်သင်ဓုန်းဓားတင်၍ မိမိသီလကိုဆင်ခြင်ရာတွင် ဖြူစင်သောသီလကိုမြင်၍ ပြန့်နှံ့သောပီတိ ပါမောဇ္ဇဖြင့် ဝိပဿနာကို ရောက်စေ၍ ရဟန္တာဖြစ်သွားရာမှာ ဟောကြားသော တရားဖြစ်၏။

---

## ၁၂–ပဋာစာရာ ထေရီ

ယောစ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ၊၁၁၃။

ဖြစ်ခြင်း–ပျက်ခြင်းကို မမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် ဖြစ်ခြင်း–ပျက်ခြင်းကို မြင်သောသူ၏ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏ ၊၁၁၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပဋာစာရာ (ပဋာစာရီ)အမည်ရှိသော အမျိုးသမီးသည် အမိ၊ အဖ၊ မောင်၊ လင်နှင့် သား နှစ်ယောက်တို့သေပျောက်ခြင်းကြောင့် အဝတ်မကပ် ရူးသွပ်သောအဖြစ်သို့ ရောက်၍ "သားငယ်ကိုစွန်သုတ်၊ ရေမြုပ်၍သားကြီးသေ၊ လင်သက်ဝေမြွေခဲ၊ အိမ်လဲလို့မိနှင့်ဖ၊ မောင်ကစ ဆုံးချေပြီ"ဟု တောက်တီးယွင်းချွတ် ဆိုရွတ် ယောင်မှားလျက် ဘုရားထံသို့ ရောက်လေသော်"နှမပဋာစာရာ သံသရာ၌ သားသမီးသောကကြောင့် ယိုကျသောမျက်ရည်စုသည် လေးခုသောသမုဒ္ဒရာ ထက် များသေး၏" ဟုမိန့်တော်မူလျှင် သောကလွင့်ပါးသွား၏။ "ပဋာ စာရာ သေမင်းနိုပ်စက်သည်ရှိသော် မိဖမောင်ဖွား လင်သားဆွေမျိုးတို့ ကိုးကွယ်ရာမရှိ။ မိမိကြမ္မာငင်ရာသို့ သွားရလိမ့်မည်"ဟု မိန့်တော်မူလျှင် သောတာပန်တည်၍ ရဟန်းပြု၏။ ထို့နောက် ဥဒယဗ္ဗယ ဆင်ခြင်ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၁၃—ကိသာ ဂေါတမီ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ၊ ၁၁၄။

အမြိုက် နိဗ္ဗာန်ကို မမြင်ပဲ အနှစ်တရာပတ်လုံး အသက်ရှည်ရခြင်းထက် အမြိုက်နိဗ္ဗာန်ကိုမြင်သူ၏ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏၊ ၁၁၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကိသာ ဂေါတမီ မည်သော အမျိုးသမီးသည် သားငယ်သေဆုံးသည်ကို "ကုစား ပေးပါလော့"ဟု ဘုရားရှင်ထံလာ၍ လျှောက်၏။ ဘုရားရှင်လည်း"လူမသေ ဘူးသော အမျိုးအိမ်မှ မုန်ညှင်းစေ့တလက်ခုပ်ကို ယူခဲ့"ဟုမိန့်တော်မူသော် အိမ်ခြေ ခုနစ်ကုဋေရှိသော သာဝတ္ထိမြို့ အလုံး၌ မသေဘူးသောအိမ်ကိုရှာ ဖွေမရသောကြောင့် သောကကိုဖြေ၍ သားသေကို စွန့်ပစ်ပြီး ရဟန်းပြု၏။ သူသည်မီးလျှံတောက်သည်ကိုရှင်း၊ ငြိမ်းသည်ကိုရှင်း မြင်၍ ဆင်ခြင်နေ၏။ ဤအတွင်းမှာ ဘုရားရှင်ဟောကြားတော်မူခြင်းဖြစ်၏။

၁၄-ဗဟု ပုတ္တိကာ

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မ မုတ္တမံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မ မုတ္တမံ၊၁၁၅။

မြတ်သောတရားကို မမြင်ပဲ အသက်တရာပတ်လုံး အသက်ရှည်ရခြင်းထက် မြတ်သောတရားကို မြင်သူ၏ တရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏၊၁၁၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားခုနစ်ယောက်နှင့် သမီးခုနစ်ယောက် ရှိသောကြောင့် ဗဟုပုတ္တိကာ အမည်ရှိသော ဒါယိကာမကြီးသည် ဘိက္ခုနီဖြစ်၍ ဟောတော်မူသော တရားကို ဆင်ခြင်အောက်မေ့၍နေစဉ်တွင် ဟောကြားသော တရားဖြစ်၏။

ရှစ်ခုမြောက် သဟဿ ဝဂ်ပြီး၏။

# ၉-ပါပဝဂ်

## ၁-စူဠေက သာဋက

အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ၊
ဒန္ဓံ ဟိ ကရောတော၊ ပုညံ ပါပသ္မိံ ရမတီ မနော ၊၁၁၆။

မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၍ ကောင်းမှုပြုသောအခါ နှေးနှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို လျင်မြန်စွာ ပြုလုပ်ရာ၏ ၊၁၁၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ စူဠေကသာဋကမည်သော ဆင်းရဲသားပုဏ္ဏားသည် တရားတော်ကိုနာစဉ် အလွန်ကြည်ညိုသည်ဖြစ်၍ ကိုယ်တွင်ရှိသော ပုဆိုးဖြင့် ပူဇော်မည်အကြံဖြစ်၏။ လင်မယား နှစ်ယောက်လုံးမှ ခြုံစရာ တထည်သာရှိသောကြောင့် မစ္ဆေရကန့်ကွက်၍ အကြံပျက်ပြန်သည်၊ သန်းခေါင်ယံ၌ ကြံရာတွင်လည်း ပျက်ပြန်၏။ မိုးသောက်ယံရောက်မှ အလှူမြောက်၍ “ငါအောင်ပြီ”ဟု ကြွေးကြော်၏။ ပသေနဒီ ကောသလမင်းကြီး မေးလျှင် အကြောင်းကိုပြောပြ၏။ ထိုအခါမင်းကြီးသည် မြင်းလေးစီး, ရွာကြီးလေးရွာ, အသပြာလေးထောင်

တို့ကို အစပြု၍ လေးခုလေးခုစီ သဗ္ဗစတုက္က ဆုလာဘ်ကို ပေး၏။ ထိုအကြောင်းကို ရဟန်းတို့ပြောကြ၍ ဟောကြားသောတရားဖြစ်၏။

## ၂-သေယျသက

ပါပဉ္စေ ပုရိသော ကယိရာ၊ န နံ ကယိရာ ပုနပ္ပုနံ၊
န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော ၊၁၁၇။

ယောကျ်ားသည် မကောင်းမှုပြုမိစေကာမူ ထိုမကောင်းမှုကိုထပ်ကာ-ထပ်ကာ မပြုမိစေရာ။ ထို၌စိတ်အလိုဆန္ဒ မပြုရာ။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းတည်း ၊၁၁၇။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌နေတော်မူသောအခါ ရှင်ဥဒါယီ၏ တပည့်သေယျသကမည်သော ရဟန်းသည် ကာမနှိပ်စက်၍ လက်ဖြင့် သုက်လွှတ်ခြင်းအမှုကို အဖန်တလဲလဲပြုသောကြောင့် ဘုရားရှင်သည် ထိုရဟန်းအား "ရဟန်း အဘယ်ကြောင့်ဝန်လေးသောအမှုကို ပြုဘိသနည်း။ အချည်းနှီးသောယောကျ်ား သင်သည် မလျောက်ပတ်သော အမှုကို ပြုဘိ၏" စသဖြင့် ကဲ့ရဲ့ပြစ်တင်ပြီး ဟောကြားသောတရားဖြစ်၏။

## ၃-လာဇ ဒေဝ ဓီတာ

ပုညဉ္စေ ပုရိသော ကယိရာ၊ ကယိရာနံ ပုနပ္ပုနံ၊
တမှိ ဆန္ဒံ ကယိရာထ၊ သုခေါ ပုညဿ ဥစ္စယော၊၁၁၈။

လူသည် ကောင်းမှုကိုပြုပြီးသော်လည်း ထိုကောင်းမှုကို ထပ်ကာ- ထပ်ကာ ပြုရာ၏။ ထို၌ စိတ်အလိုဆန္ဒကိုပြုရာ၏၊ ကောင်းမှုကိုပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း၊ ၁၁၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လယ်စောင့်သတို့သမီး တယောက်သည် ရှင်မဟာကဿပကို ပေါက်ပေါက်လှူသောကုသိုလ်ကြောင့် စုတေလျှင် တာဝတိံသာ၌ ယူဇနာ သုံးဆယ် ရှိသော၊ ရွှေဗိမာန်ဝယ် လာဇ ဒေဝဒီတာ အမည်ဖြင့် နတ်သမီးဖြစ်၏။ သူသည် မိမိစည်းစိမ် ထာဝရ တည်စိမ့်သောငှာ ရှင်မဟာကဿပ၏ ကျောင်း ပရိဝုဏ်၌ တံမြက်သုတ်သင်၏။ သို့ရာတွင် အရှင်ကခွင့်မပြုသောကြောင့် ကောင်းကင်မှ နေ၍ ငိုကြွေး၏။ ထိုအကြောင်းကို ဘုရားရှင် သိမြင်တော်မူ၍ ဟောကြားသောတရားဖြစ်၏။

---

၄–အနာထပိဏ္ဍိက သေဋ္ဌိ

ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ၊
ယဒါစ ပစ္စတိ ပါပံ၊အထ ပါပေါ ပါပါနိ ပဿတိ၊ ၁၁၉။

မကောင်းမှု ပြုသူပင် ဖြစ်သော်လည်း မကောင်းမှု အကျိုးမပေးသမျှ ကာလပတ်လုံး ကောင်းမြတ်သောအာရုံကိုတွေ့မြင်နိုင်သေး၏။မကောင်းမှု အကျိုးပေးသောအခါမူကား မကောင်းမှု ပြုသူသည် မကောင်းကျိုးတို့သာ တွေ့မြင်ရတော့၏၊ ၁၁၉။

ဘဒြောပိ ပဿတိ ပါပံ၊ယာဝ ဘဒြံ န ပစ္စတိ၊
ယဒါစ ပစ္စတိ ဘဒြံ၊အထဘဒြော ဘဒြာနိ ပဿတိ၊၁၂၀။

ကောင်းမှု ပြုသူပင်ဖြစ်သော်လည်း ကောင်းမှု အကျိုးမပေးသေးသမျှ ကာလပတ်လုံး မကောင်းသော အာရုံကို တွေ့မြင်နိုင်သေး၏။ ကောင်းမှု အကျိုးပေးသောအခါ၌ မူကား ကောင်းမှုပြုသည် ကောင်းကျိုးတို့ကိုသာတွေ့မြင်ရတော့၏၊ ၁၂၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ အနာထပိဏ် သူဌေးသည်၅၄–ကုဋေသော ဥစ္စာတို့ဖြင့် ကျောင်းဆောက်သည်။ ၁၈–ကုဋေလည်းကမ်းပြို၍ ရှာမရဖြစ်သည်။ထို့ကြောင့်ဘုရားအမှူးရှိသော သံဃာတော်အားလည်း ဆန်ကွဲကိုချက်၍ ပုန်းရည်ဟင်းတခွက်ဖြင့် ပြုနေကြဝတ်ကို မချွတ်ရအောင်သာ လှူဒါန်းရ၏။တနေ့သ၌ တံခါးစောင့် နတ်သည် 'ရှင်သူဌေး သင်သည် အလှူဝတ်ကို လွတ်ပါတော့လော့၊ အလှူရဲ၍ မဲ့သည်

မဟုတ်လော''ဟု သတိပေး၏။ထိုအခါသူဌေးက''ငါ့အိမ်တံခါးဝယ်ယုတ်မာလှသော နင်မနေလင့်၊သွားလော့''ဟု နှင်ထုတ်လိုက်၏။ နတ်သည်ကိုးကွယ်ရာမရသောကြောင့် ၅၄ ကုဋေသောဥစ္စာတို့ကို ကျိကြွေးပြည့်စေ၍ ကန်တော့ဝန်ချ၏။ သူဌေးသည်ဤအကြောင်းကိုမြတ်စွာဘုရားအား လျှောက်ရာတွင်ဟောကြားသောတရားဖြစ်၏။

---

## ၅–အသံယတ ပရိက္ခာရ

မာဝ မညေထ ပါပဿ၊ န မန္တံ အာဂမိဿတိ၊
ဥဒ ဗိန္ဒု နိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ၊
ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိအာစိနံ၊၁၂၁။

အနည်းငယ်သော မကောင်းမှုသည် အကျိုးရောက်လိမ့်မည်မဟုတ်ဟုမကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည်ကျဖန်များသော် ရေအိုး ပြည့်ဘိသကဲ့သို သူမိုက်သည် အနည်းငယ်-အနည်းငယ်မျှသော မကောင်းမှုကို ပြုဖန်များသော် မကောင်းမှုဖြင့် ပြည့်၏။ ၁၂၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတပါးသည် သပိတ်ပရိက္ခရာ အိပ်ရာ နေရာတို့ကို သုံးစွဲသည့် နေရာတွင် ထားခဲ့၍ပျက်စီးကုန်၏။ ရဟန်းတို့က''သင်္ကန်း သပိတ် ပရိက္ခရာတို့ကို သုံးစွဲပြီးကောင်းစွာ သိမ်းဆည်းခြင်းမပြုက အာပတ်သင့်၏''ဟု ဆိုကြ၏။ ထိုအခါ''အနည်းငယ်မျှကျူးလွန်သည်မှာ ကိစ္စမရှိပါ''ဟုပြန်ပြောရာတွင်ဟော ကြားသောတရားဖြစ်၏။

---

## ၆–ဗိဠာလ ပါဒက သေဋ္ဌိ

မာဝ မညေထ ပုညဿ–
န မန္တံ အာဂမိဿတိ၊
ဥဒ ဗိန္ဒု နိပါတေန–
ဥဒ ကုမ္ဘောပိ ပူရတိ၊
ဓီရော ပူရတိ ပုညဿ–
ထောကံ ထောကမ္ပိ အာစိနံ၊၁၂၂။

အနည်းငယ်သော ကောင်းမှုသည် အကျိုးရောက်လိမ့်မည်မဟုတ်ဟု ကောင်းမှုကို မထီမဲ့မြင် မအောက်မေ့ရာ၊ မိုးရေပေါက်သည်ကျဖန်များသော် ရေအိုး ပြည့်သကဲ့သို့ ပညာရှိသည် အနည်းငယ်သော ကောင်းမှုကို ပြုဖန် များ သော် ကောင်း မှု ဖြင့် ပြည့်၏၊၁၂၂။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥပါသကာတို့သည် ဘုရားဗမှူးရှိသော သံဃာတို့ကိုဆွမ်းဖိတ်ပြီး အရပ်ထည်းတွင်လှည့်လည်ကာသဒ္ဓါတတ်အားသမျှကုသိုလ်ပါဝင်ရန်နှိုးဆော်ကြ၏။ဗိဠာလပါဒက အမည်ရှိသောသူဌေးကား "မိမိမလှူနိုင်ဘဲ သူတပါးအားကိုးနှင့် လှူရမည်လော"ဟု အမျက်ထွက်ကာ လှူသင့်သလောက်မလှူချေ။ အလှူခံသူတို့စိတ်ပျက်စေရန် အနည်းတကာ့ အနည်းဆုံးပေးလှူ၏။သို့ရာတွင်အလှူခံတို့ကား စိတ်မပျက်ကြ။ ကောင်းမွန်စွာ ခံယူပြီး သူ့အတွက် ကုသိုလ် ပြုပေးကြ၏။ ထိုအခါမှ နောင်တရကာတောင်းပန်ရာ၌ ဟောကြားသောတရားဖြစ်၏။

---

## ၇-မဟာ ဓန ဝါဏိဇ

ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော၊
ဝိသံ ဇီဝိတုကာမောဝ။ ပါပါနိ ပရိဝဇ္ဇယေ၊၁၂၃။

အဖော်နည်းသော ဥစ္စာများသော ကုန်သည်ကြီးသည် ဘေးရန်ရှိသောခရီးကို ရှောင်ကြဉ်သကဲ့သို့ရင်း၊ အသက်ရှင်လိုသောသူသည် အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့ရင်း၊ ပညာရှိသည် မကောင်းမှုကိုရှောင်ကြဉ်ရာ၏၊ ၁၂၃။

မြတ်စွာဘုရား ဇေဝန်ကျောင်း၌ နေတော်မူသောအခါ လှည်းငါးရာတို့ဖြင့် ကုန်ရောင်းသွားသော မဟာဓနမည်သော ကုန်သည်ကြီးသည် တောအုပ်၌ ခိုးသူငါးရာရှိသည့်သတင်းကြား၍ ရွာငယ်တရွာ၌ တည်းခိုနေသည်ကို ရဟန်းတို့ပြောဆိုကြရာ၌ ဟောကြားသောတရားဖြစ်၏။

## ဂ–ကုက္ကုဋ မိတ္တ နေသာဒ

ပါဏိမှိ စေ ဝဏော နာဿ–
ဟရေယျ ပါဏိနာ ဝိသံ၊
နာဗ္ဗဏံ ဝိသ မန္ဝေတိ–
နတ္ထိ ပါပံ အကုဗ္ဗတော၊၁၂၄။

လက်၌ အနာမရှိလျှင် လက်ဖြင့်အဆိပ်ကိုကိုင်ဆောင်နိုင်၏။အဆိပ်သည်အနာမရှိသော လက်သို့ အစဉ်မလိုက်၊ စေတနာမရှိပဲပြုသူအား မကောင်းမှုကံ မည်သည်မရှိ၊၁၂၄။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ သောတာပန်ဖြစ်သော သူဌေးသမီးတယောက်သည် အရှယ်ရောက်သည်ရှိသော်၊ ကုက္ကုဋ မိတ္တ မုဆိုး၏ မယားဖြစ်၏။ လင်တော်သို့သွားအံ့သောအခါ လေးမြှားပိုက်ကွန်တို့ကို ထုတ်၍ပေးရ၏။ ထို့နောက် ရလာသော အမဲတို့ကို သိမ်းဆည်းသိုမှီးခြင်းပြုရ၏။ ဤအမှုအရာကိုရဟန်းတို့မြင်၍“သောတာပန်တို့သည် ပါဏာတိ ပါတကံကို ပြုကုန်သေး၏လော”ဟုလျှောက်ကြရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ဃ–ကောက သုနခ လုဒ္ဒက

ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ–
သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ၊
တမေဝ ဗာလံ–ပစ္စေတိ ပါပံ
သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော၊၁၂၅။

အကြင် သူမိုက်သည် မပြစ်မှားထိုက်သော စင်ကြယ်၍ ကိလေသာ ကင်းသော ပုဂ္ဂိုလ်အား ပြစ်မှား၏၊ လေညာသို့ပစ်လွှင့်အပ်သော သိမ်မွေ့သော မြူမှုန့်သည်ထိုလွှင့်သူသို့သာ ပြန်ကျလာဘိသကဲ့သို့ မကောင်းမှုသည် ထိုသူမိုက်သို့သာ ရှေးရှုပြန်ကျလာ၏၊၁၂၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောက မည်သောမုဆိုးသည် ဆွမ်းခံကြွသော ရဟန်းတပါးကို ခွေးဖြင့် စူးစူးတိုက်၍ လိုက်သော် သစ်ပင်ထက်သို့တက်ပြေးရ၏။ ထိုအခါအောက်ကနေ၍ တုတ်ဖြင့် ထိုးသော် ရဟန်း၏သင်္ကန်းသည် မုဆိုး၏အပေါ်သို့ လွှားချကျ၏။ ခွေးတို့သည် မုဆိုးကိုရဟန်းထင်၍ ကိုက်၍သတ်ကုန်၏။ ဤအကြောင်းကို ရဟန်းတို့ပြော ဆိုကြရာ၌ ဟောကြားသောတရားဖြစ်၏။

---

## ၁၀–မဏိကာရ ကုလူပက တိဿ

ဂဗ္ဘမေကေ ဥပ္ပဇ္ဇန္တိ
နိရယံ ပါပ ကမ္မိနော၊
သဂ္ဂံ သုဂတိနော ယန္တိ
ပရိနိဗ္ဗန္တိ အနာသဝါ၊၁၂၆။

အချို့သောသူတို့သည် အမိဝမ်းဝယ် ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူ တို့သည် ငရဲ၌ဖြစ်ရကုန်၏။ ကောင်းသောသူတို့သည် နတ်ပြည်သို့ ရောက်ရကုန်၏။ အာသဝေါကင်းသူတို့သည် ပရိနိဗ္ဗာန် စံရကုန်၏၊၁၂၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျောက် တွင်းသမားတယောက်အိမ်၌ ပတ္တမြားကိုကြိုးကြာငှက်မျိုချလိုက်၏။ကျောက် တွင်းသမားသည် ပတ္တမြားကို အိမ်သို့ဆွမ်းခံလာသည့် တိဿအပည်ရှိသော ရဟန်းယူမည်ဟု ယိုးစွပ်လျက် ရဟန်းအား နှောင်ဖွဲ့ကာ ရိုက်နှက်ပြီး စစ် ဆေး၏။ ရှင်တိဿလည်း ကြိုးကြာငှက် သေမည်စိုး၍ ကြိုးကြာ မျိုသည်ဟု မပြော၊ မယားတောင်းပန်၍လည်းမရ၊ ကြိုးကြာသည် အရှင်၏ဖြာဖြာ ယို ထွက်သောသွေးကို သောက်သော်ကြိုးကြာကို ခြေဖြင့်ကျောက်ရာသေသွား၏။ ကြိုးကြာသေကာမှ “ဒါယကာ သင်၏ပတ္တမြားကို ကြိုးကြာငှက်မျိုသည်”ဟု မိန့်တော်မူ၏။ ရဟန်းလည်းမကြာမီပင် ထိုအနာဖြင့် ပရိနိဗ္ဗာန်စံ၏။ ကျောက် တွင်းသမား ငရဲ၌ဖြစ်၏။ ကြိုးကြာသည်လူ့ဝမ်း၌ ပဋိသန္ဓေနေ၏။ တောင်း

ပန်သောမယားသည် နုတ်ပြည့်၌ဖြစ်၏။ ဤကိုရည်ညွှန်း၍ ဟောကြားသော တရားဖြစ်၏။

---

## ၁၁–တယောဇနု

န အန္တလိက္ခေ န သမုဒ္ဒ မဇ္ဈေ—
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော–
ယတ္ထဋ္ဌိတော မုစ္စေယျ ပါပကမ္မာ၊၁၂၇။

မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်ငြား၊ သမုဒြာ အလယ်၌ တည်နေသော်ငြား,တောင်ခေါင်းသို့ဝင်၍ တည်နေသော်ငြား, မကောင်းမှုမှ မလွတ်ရာ၊ အကြင်အရပ်၌ တည်နေသော် မကောင်းမှုမှ လွတ်ရာ၏။ ထိုအရပ်မျိုး မရှိနိုင်သည် သာတည်း၊ ၁၂၇။

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ တရားသဘင်၌ ရဟန်းတဦးက "သာဝတ္ထိပြည့်၌ မီးလောင်သောအိမ်မှ မြက်ကရွတ်သည် မီးတောက်နှင့်တကွလွင့်၍ ကျီးတကောင်၏ဦးခေါင်းဝယ် စွပ်မိ၍ ကျီးသေရှာသည်"ဟုပြော၏။ အခြားတဦးက "သမုဒြာတွင် သင်္ဘောမသွား၍ သူယုတ်စာရေးတံချရာတွင် သင်္ဘောသူကြီး၏မယားကိုကျ၍လည်၌ အိုးဆွဲချပြီး မြှုပ်လိုက်သည်"ဟုပြော၏။ အချို့က "ဘုရားဖူး လာသော ရဟန်းခုနစ်ဦးတို့ လိုဏ်တခု၌ အိပ်နေစဉ် ကျောက်ဖျာကြီးပိတ်သွား၍ ခုနစ်ရက်ပတ်လုံး အာဟာရပြတ်ခဲ့သည်"ဟုဆို၏။ ထိုသို့ပြောဆိုကြရာ၌ဟောကြားသောတရားဖြစ်၏။

---

## ၁၂–သုပ္ပ ဗုဒ္ဓ သကျ

န အန္တလိက္ခေ န သမုဒ္ဒ မဇ္ဈေ
န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ၊
န ဝိဇ္ဇတိ သော ဇဂတိပ္ပဒေသော
ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု၊၁၂၈။

မကောင်းမှု ပြုသူသည် ကောင်းကင်၌ တည်နေသော်ငြား၊ သမုဒ္ဒရာ အလယ်၌ တည်နေသော်ငြား၊ တောင်ခေါင်းသို့ဝင်၍တည်နေသော်ငြား၊ သေမင်းမှ မလွတ်ရာ။ အကြင်အရပ်၌တည်နေသော် သေမင်းသည် မညှဉ်းဆဲနိုင်ရာ။ ထိုအရပ်မျိုးမရှိနိုင်သည်သာတည်း၊ ၁၂၈။

မြတ်စွာဘုရား နိဂြောဓာရုံ ကျောင်း၌နေတော်မူသောအခါ ဒေဝဒတ်၏ခမည်းတော် သုပ္ပဗုဒ္ဓမင်းကြီးသည် ဘုရားရှင်ဆွမ်းခံကြွတော်မူသည်ကို ဆီးတားပိတ်ပင်၍ဘုရားရှင်က "မြေမျိုလိမ့်မည်" မိန့်တော်မူ၏။ ထို့ကြောင့် မင်းကြီးသည် ပြာသာဒ်ဘုံခုနစ်ဆင့်သို့ တက်၍ နေ၏။ ခုနစ်ရက် တိုင်လျှင် ပြာသာဒ်ထက်၌မနေနိုင်ဘဲ အောက်သို့ဆင်းရာတွင် မြေမျိုလေရာမှာ ဟောကြားသောတရားဖြစ်၏။

ကိုးခုမြောက် ပါပဝဂ်ပြီး၏။



# ၁၀-ဒဏ္ဍဝဂ်

## ၁—ဆဗ္ဗဂ္ဂိယ ဘိက္ခု

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေ ဘာယန္တိ မစ္စုနော၊
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ ၊၁၂၉။

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းမှ ကြောက်လန့်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ မသတ်ဖြတ် မညှဉ်းဆဲရာ ၊၁၂၉။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌နေတော်မူသောအခါ ၁၇—ဦးဂိုဏ်းဖြစ်သောသတ္တရသ ဝဂ္ဂိ ရဟန်းတို့ကို ၆-ဦးဂိုဏ်းဖြစ်သော ဆဗ္ဗဂ္ဂိ ရဟန်းတို့ ရိုက်ပုတ်လျက် ညှဉ်းဆဲကလူပြုကုန်၏။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူရာ သိက္ခာပုဒ် ပညတ်ပြီး ဟောကြားသောတရားဖြစ်၏။

---

## ၂-ဆဗ္ဗဂ္ဂိယ

သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ၊
အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ ၊၁၃၀။

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှ ထိတ်လန့်ကုန်၏။ အလုံးစုံသောသတ္တဝါတို့သည် အသက်ကိုချစ်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ မသတ်ဖြတ် မညှဉ်းဆဲရာ၊၁၃၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆဗ္ဗဂ္ဂီ ရဟန်းတို့သည်၊ သတ္တရသဝဂ္ဂီ ရဟန်းတို့အပေါ် မကျေနိုင်ဖြစ်နေကြ၏။ ရိုက်ပုတ်လျှင်လည်း အာပတ်သင့်မည်ကြောင့် မရိုက်ပုတ်နိုင်ကြ။ ထို့ကြောင့် လက်ပြကာ ခြိမ်းခြောက်၏။ ထိုအကြောင်းကို ဘုရားရှင်သိတော်မူရာ ဟောကြားသော တရားဖြစ်၏။

---

## ၃–သမ္ဗဟုလ ကုမာရ

သုခကာမာနိ ဘူတာနိ၊
ယော ဒဏ္ဍေန ဝိဟိံသတိ၊
အတ္တနော သုခမေသာနော၊
ပေစ္စ သော န လဘတေ သုခံ ၊၁၃၁။

အကြင်သူသည် မိမိချမ်းသာကိုရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာကိုအလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်ဖြင့် ညှဉ်းဆဲ၏။ ထိုသူသည် တမလွန်ဘဝ၌ ချမ်း သာကို မရနိုင် ၊၁၃၁။

သုခကာမာနိ ဘူတာနိ–
ယော ဒဏ္ဍေန န ဝိဟိံသတိ၊
အတ္တနော သုခမေသာနော–
ပေစ္စ သော လဘတေ သုခံ၊၁၃၂။

အကြင်သူသည် မိမိချမ်းသာကိုရှာအံ့ဟု မိမိကဲ့သို့ ချမ်းသာအလိုရှိကုန်သော သတ္တဝါတို့ကို တုတ်လှံကန်တို့ဖြင့် မညှင်းဆဲ။ ထိုသူသည် တမလွန်ဘဝ၌ ချမ်းသာကို ရ၏ ၊၁၃၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လူငယ်များစွာတို့သည် ရေမြွေတကောင်ကို ရိုက်ပုတ်နေကြ၏။ ဘုရားရှင်ဆွမ်းခံဝင်သည်နှင့်ကြုံလေရာ "လူငယ်တို့ သင်တို့သည် မိမိချမ်းသာရေးအတွက် အချည်း

နှိုးသက်သက် မြေကိုရိုက်နေကြသည်။ ဤသို့ပြုသဖြင့် ဖြစ်လေရာဘဝတွင် ချမ်းသာမရနိုင်၊ မိမိစိတ် ကြေနပ်မှုအတွက် သူတပါးကို မထိပါးစေသင့်”ဟု ဆိုဆုံးမပြီး ဟောကြားသောတရားဖြစ်၏။

---

## ၄–ကောဏ္ဍဓာန

မာဝေါစ ဖရုသံ ကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျု တံ၊

ဒုက္ခာ ဟိ သာရမ္ဘ ကထာ၊ ပဋိဒဏ္ဍာ ဖုသေယျုတံ ၊၁၃၃။

တစုံတယောက်ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုလင့်။ ဒေါ့ဆိုခံရသူတို့သည် သင့်ကိုပြန်လှန် ဆိုကုန်ရာ၏။ ချုပ်ချယ်သောစကားသည် ဆင်းရဲ၏အကြောင်းတည်း။ အတုံ့အလှည့် ဒဏ်တို့သည် သင့်ထံသို့ ရောက်ကုန်ရာ၏ ၊၁၃၃။

သစေ နေရေသိ အတ္တာနံ၊
ကံသော ဥပဟတော ယထာ၊
ဧသ ပတ္တောသိ နိဗ္ဗာနံ၊
သာရမ္ဘော တေ န ဝိဇ္ဇတိ ၊၁၃၄။

အနားပြတ်သော ကြေးခေါင်းလောင်းသည် အသံမထွက် ငြိမ်သက်သကဲ့သို့ မိမိကိုယ်ကို ငြိမ်သက်တည်ကြည်အောင် စောင့်ရှောက်နေသူသည် နိဗ္ဗာန်သို့ရောက်၏။ ချုပ်ချယ်မှုမရှိ ၊၁၃၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရားရှင်လက်ထက်က နတ်ဖြစ်၍ မာတုဂါမအသွင်ဖြင့် ရဟန်းတပါးကို သူတပါးတို့ မသက်ာစရာ ပြုခဲ့ဘူးသောကြောင့် ရှင်ကောဏ္ဍဓာနအနီး၌ သတို့သမီးကိုအခါခပ်သိမ်း သူတပါးတို့မြင်ရ၍ မသက်ာဖြစ်ကာ ပြောဆိုကြ၏။ အရှင်ကားမမြင်။ ပြောကြဖန်များသဖြင့် သည်းမခံနိုင်သောကြောင့် ဆဲရေးရာ ဟောကြားသောတရားဖြစ်၏။

## ၅–ဥပေါသထိက ဂါထာ

ယထာ ဒဏ္ဍေန ဂေါပါလော၊
ဂါဝေါ ပါဇေတိ ဂေါစရံ၊
ဧဝံ ဇရာ စ မစ္စု စ၊
အာယုံ ပါဇေန္တိ ပါဏိနံ ၊၁၃၅။

နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့မောင်းနှင်သကဲ့သို့ ဤအတူ အိုခြင်းသည်၎င်း, သေခြင်းသည်၎င်း-သတ္တဝါတို့၏ အသက်ကို မောင်းနှင်ကုန်၏ ၊၁၃၅။

မြတ်စွာဘုရား ပုဗ္ဗာရုံကျောင်း၌ နေတော်မူသောအခါ လင်ဆု, သားဆု,နတ်ရွာဆုကို တောင့်တ၍ဥပုသ်စောင့်နေကြသော အမျိုးသမီးငါးရာတို့ကို ဝိသာခါခေါ်လာရာတွင် ဟောကြားသောတရားဖြစ်၏ ၊၁၃၅။

---

## ၆–အဇဂရ ပေတ

အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ၊
သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိ ဍဍ္ဎောဝ တပ္ပတိ ၊၁၃၆။

မကောင်းမှုအကုသိုလ်ကံတို့ကို ပြုသောသူမိုက်သည် ထိုပြုသောအခါ၌ မသိ၊ ပညာမဲ့သူသည် ထိုမိမိပြုသော မကောင်းမှုကံတို့ကြောင့် မီးလောင်သော သူကဲ့သို့ ပူပန်ရ၏၊၁၃၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရားရှင် လက်ထက်က ဂန္ဓကုဋီတိုက်တော်ကို မီးတိုက် ဘူးသောကြောင့် မီးတထိန်ထိန်လောင်လျက် ၂၅–ယူဇနာရှိသော အတ္တဘောဖြင့် ဂိဇ္ဈကုဋ်၌ တောင်ဝှယ်ခံနေရသော စပါးကြီးမြွေပြိတ္တာကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၇-မဟာမောဂ္ဂလ္လာန

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ၊
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ ၊၁၃၇။

''အကြင်သူသည် အပြစ်ဒဏ်ကင်းကြ၍ မပြစ်မှားထိုက်သော သူတို့၌ တုတ်လှံကန်စသည်ဖြင့် ပြစ်မှား၏။ထိုသူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်ပါးတို့တွင် တပါးပါးသောဆင်းရဲခြင်းအကြောင်းသို့ လျင်စွာပင် ရောက်ရ၏၊၁၃၇။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ ဝ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ၊စိတ္တက္ခေပံ ဝ ပါပုဏေ၊၁၃၈။
ရာဇတော ဝါ ဥပသဂ္ဂံ၊အဗ္ဘက္ခာနံ ဝ ဒါရုဏံ၊
ပရိက္ခယံ ဝ ဉာတီနံ၊ ဘောဂါနံ ဝ ပဘင်္ဂုရံ၊၁၃၉။

(၁) ပြင်းထန်သော ဝေဒနာသို့ရင်း (၂) ဥစ္စာဆုံးရှုံးခြင်းသို့ရင်း (၃) ကိုယ်အင်္ဂါ ပျက်စီးခြင်းသို့ရင်း (၄) ကြီးလေးသော အနာစွဲကပ်ခြင်းရင်း (၅) ရူးခြင်း စိတ်ပြန့်လွင့်ခြင်းသို့ရင်း (၆) မင်းဘေးရင်း (၇) ကြမ်းကြုတ်စွာ စွပ်စွဲ ခံရခြင်းသို့ရင်း (၈) ဆွေမျိုးတို့၏ ပျက်စီးခြင်းသို့ရင်း (၉) စည်းစိမ်ဥစ္စာတို့၏ ယိုယွင်းခြင်းသို့ရင်း ရောက်၏၊ ၁၃၈-၁၃၉ ။

အထ ဝါဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော၊
ကာယဿ ဘေဒါ ဒုပ္ပညော၊နိရယံ သောပပဇ္ဇတိ၊၁၄၀။

ထို့ပြင်(၁၀)ထိုပြစ်မှားသူ၏အိမ်တို့ကိုပကတိမီးသည်ရင်း၊ လောင်မီးသည်ရင်း၊ လောင်၏။ ပညာမဲ့သော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသည်မှ နောက် ၌ ငရဲသို့ ရောက်၏၊၁၄၀၊

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိတ္ထိ ငါးရာတို့သည် ခိုးသား ငါးရာတို့ကို တန်စိုးလက်ဆောင်ပေး၍ ကာဠကျောက် ဖျာ၌ သီတင်းသုံးသော ရှင်မဟာမောဂ္ဂလာန်ကို ရိုက်သတ်စေကြ၏။ ထို့ကြောင့် အဇာတသတ်မင်းသည် ထိုတိတ္ထိနှင့် ခိုးသားတို့ကို သတ်ပစ် စေ၏။ ဤအကြောင်းကို ဘုရားရှင်အား ရဟန်းတို့လျှောက်ကြားရာ၌ ဟောကြားသောတရားဖြစ်၏။

## ၇–ဗဟု ဘဏ္ဍိက ဘိက္ခု

န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ-
နာနာသကာ ထဏ္ဍိလသာယိကာ ဝါ၊
ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ-
သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ၊၁၄၁။

အဝတ်မဝတ်ပဲကျင့်ခြင်းတို့သည်၎င်း,ဆံကျစ်အကျင့်ကိုသည်၎င်း,ရွှံ့ညွှန်အလိမ်းလိမ်းကပ်၍ ကျင့်ခြင်းတို့သည်၎င်း, အစာဖြတ်၍ကျင့်ခြင်းတို့သည်၎င်း,မြေ၌အိပ်၍ နေခြင်းတို့သည်၎င်း, မြူမှုန့်အလိမ်းလိမ်းတင်စေလျက် ကျင့်ခြင်းသည်၎င်း,ဆောင့်ကြောင့်ထိုင်၍ ကျင့်ခြင်းသည်၎င်း--ဝိစိကိစ္ဆာမှ မလွတ်မြောက်သော သတ္တဝါကို မစင်ကြယ်စေနိုင်ကုန်။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပစ္စည်းဘဏ္ဍာများပြားသော ရဟန်းတပါးသည် အလိုနည်းမှုဖြစ်စေခြင်းငှာ ဆုံးမတော်မူသည်ကို· အမျက်ထွက်၍ ကိုယ်ဝတ်သင်္ကန်းတို့ကိုချွတ်လျက် သံဃာ့အလယ်၌ နေသောကြောင့် ဆုံးမတော်မူရန် ဟောကြားသောတရားဖြစ်၏။

---

## ၉–သန္တတိ မဟာမတ္တ

အလင်္ကတော စေပိ သမံ စရေယျ-
သန္တော ဒန္တော နိယတော ဗြဟ္မစာရီ၊
သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ-
သော ဗြာဟ္မဏော သော သမဏော သဘိက္ခု၊၁၄၂။

အကြင်သူသည် ကိလေသာငြိမ်း၏။ ဣန္ဒြေကိုဆုံးမပြီးဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏။ မြတ်သော အကျင့်ရှိ၏၊ အလုံးစုံသော သတ္တဝါတို့၌ လက်နက်ကို ပယ်ချထားသည်ဖြစ်၍ မေတ္တာဖြင့်အညီအမျှ ကျင့်၏။ထိုသူသည် အဝတ်တန်ဆာ ဆင်စေကာမူ ဗြာဟ္မဏမည်၏၊ သမဏမည်၏၊ဘိက္ခုမည်၏၊၁၄၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သန္တတိအမတ်ကြီးသည် စစ်တိုက်ရာမှအပြန် ကျောင်းတော်တို့ ဝင်၍ တရားနာရာ

တွင် အရဟတ္တဖိုလ်သို့ရောက်သွား၏။ ထိုအခါ အမတ်ကြီးသည် ထန်းခုနစ်ဆင့်ခန့်မျှ ကောင်းကင်သို့တက်ပြီးပရိနိဗ္ဗာန်ပြု၏။ထိုအမတ်ကြီးမှာအမတ်ကြီးတို့၏ အဆင်တန်ဆာ အပြည့် အစုံနှင့်ဖြစ်၍ ရဟန်း တို့က "ဤ အမတ်ကြီးကို သမဏဟုရင်း၊ ဗြဟ္မဏဟုရင်း၊ဘိက္ခုဟုရင်း ခေါ်ဝေါ်နိုင်ပါမည်လော" ဟု မေးလျှောက်၍ ဟောကြားသောတရားဖြစ်၏။

---

## ၁၀–ပိလောတိက တိဿ

ဟိရိနိသေဓော ပုရိသော-
ကောစိ လောကသ္မိံ ဝိဇ္ဇတိ၊
ယော နိဒ္ဒံ အပဗောဓေတိ-
အဿော ဘဒြော ကသာမိဝ၊၁၄၃။

မြင်းကောင်းသည် ကြိမ်ကိုရှောင်ကြဉ်သကဲ့သို့ အကြင်သူသည် မိမိ၏ အိပ်ပျော်ခြင်းကို နိုးကြားစေ၏။မိစ္ဆာဝိတက်ကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်၏။ ထိုသူမျိုးသည် လောက၌ တယောက်တလေသာရှိ၏၊၁၄၃။

အဿော ယထာ ဘဒြော ကသာ နိဝိဋ္ဌော-
အာတာပိနော သံဝေဂိနော ဘဝါထ။
သဒ္ဓါ သီလေန စ ဝီရိယေန စ
သမာဓိနာ ဓမ္မ ဝိနိစ္ဆယေန စ။
သမ္ပန္န ဝိဇ္ဇာ စရဏာ ပတိဿတာ
ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ၊၁၄၄။

မြင်းကောင်းသည် ကြိမ်ဖြင့် ပုတ်ခတ်သော် လုံ့လရှိသကဲ့သို့ လုံ့လရှိကုန်သည် ထိတ်လန့်ကုန်သည် ဖြစ်ကုန်လော့၊ သဒ္ဓါဖြင့်၎င်း,သီလဖြင့်၎င်း,ဝီရိယဖြင့်၎င်း, သမာဓိဖြင့်၎င်း၊ တရားဆုံးဖြတ်ကြောင်းဉာဏ်ဖြင့်၎င်း ပြည့်စုံသော ဝိဇ္ဇာစရဏ ရှိကုန်သည်ဖြစ်၍ ထင်သော သတိရှိကုန်လျက် အတိုင်းမသိ အလွန် ရှည်လျားသော သံသရာဆင်းရဲကို စွန့်လွှတ်ကြလိမ့်မည်၊၁၄၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဆိုးနွမ်းပိုင်းတထည်နှင့် **တောင်းစား**နေကျဖြစ်သော ခွက်ကို အောက်မေ့၍ပိလော

တိက တိဿ အမည်ရှိသောရဟန်းသည် လူထွက်လိုစိတ်ဖြစ်နေ၏။ သို့ရာတွင် ထိုရဟန်းသည် ကိုယ့်ရှင်ကိုပင် သွန်သင်ဆုံးမ၍ မဂ်ဖိုလ်သို့ရောက်သွား၏။ ဤရဟန်းကိုအကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၁၁–သုခသာမဏေရ

ဥဒကံ ဟိ နယန္တိ နေတ္တိကာ၊
ဥသုကာရော နမယန္တိ တေဇနံ၊
ဒါရုံ နမယန္တိ တစ္ဆကာ၊
အတ္တာနံ ဒမယန္တိ သုဗ္ဗတာ၊ ၁၄၅။

မြောင်းတူးသမားတို့သည် ရေကိုဆောင်ယူကုန်၏။ လေးသမားတို့သည် မြားကို ဖြောင့်ကုန်၏။ သာဂ်ရွေသမားတို့သည် သစ်ကိုလိုဘိုင်းရအောင် ရွေကုန်၏။ သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဥ်ကျေးအောင် ဆုံးမကုန်၏၊ ၁၄၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာ၏တပည့် သုခသာမဏေသည် ရေမြောင်းကိုရင်း, မြားသမားကိုရင်း, လက်သမားကိုရင်း ဥပမာပြု၍ မိမိကိုယ်ကို ဆုံးမလျက် အရဟတ္တဖိုလ်သို့ ရောက်ရာ၌ ဟောကြားသောတရားဖြစ်၏။

ဆယ်ခုမြောက် ဒဏ္ဍဝဂ် ပြီး၏။



# ၁၁-ဇရာဝဂ်

## ၁–ပဥ္စသတ ဥပါသိကာ

ကော နု ဟာသော ကိမာနန္ဒော၊
နိစ္စံ ပဇ္ဇလိတေ သတိ၊
အန္ဓကာရေန ဩနဒ္ဓါ၊
ပဒီပံ န ဂဝေသထ ၊၁၄၆။

အမြဲတောက်လောင်နေပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်ဘိနည်း။ အဘယ့်ကြောင့် နှစ်လိုဝမ်းသာခြင်း ဖြစ်ဘိသနည်း။ မှောင်ထုဖြင့် ပိတ်ဆီးနေသည် ဖြစ်ပါလျက် အဘယ်ကြောင့် ဆီမီးကို မရှာပဲ နေကြသနည်း ၊၁၄၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဝိသာခါသည် သေရည်သောက်ကုန်သော အမျိုးသမီးငါးရာတို့ကို ကျောင်းတော်သို့ ခေါ်ဆောင်ခဲ့၍ ဆိုဆုံးမပါရန် ဘုရားရှင်အား လျှောက်ကြား၏။ သို့ရာတွင် အမျိုးသမီးတို့သည် သေရည်ယစ်ကုန်သောကြောင့် ဘုရားရှင်၏ရှေ့၌ ရယ်မောခြင်း, ကခြင်း, သီခြင်းတို့ကိုပြုကုန်၏။ ဘုရားရှင်သည် ထိုသူတို့ကို အကြောင်းပြု၍ ဤတရားကို ဟောကြားခြင်းဖြစ်၏။

## ၂–သိရိမာ

ယဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ၊
အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ၊ ၁၄၇။

အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူသော (အရိုးတို့ဖြင့်) ထောက်ထားအပ်သော နာကျင်တတ်သော များစွာသောသူတို့ကြံစည်အပ်သော အမာဝရှိသော ကိုယ်ကိုကြည့်လော့၊ ယင်း၏ အစဉ်ထာဝရတည်ခြင်းသည် မရှိတကား၊ ၁၄၇။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ သိရိမာအမည်ရှိသော ပြည့်တန်ဆာမအိမ်၌ရဟန်းရှစ်ပါးတို့ကို နေ့စဉ်ကောင်းမွန်စွာဆွမ်းလုပ်ကျွေး၏။ ရဟန်းတပါးသည် သိရိမာ၏အဆင်း၌ တပ်မက်မောသည်ဖြစ်၍ မစားနိုင် မသောက်နိုင် တမှိုင်မှိုင်တွေတွေဖြစ်နေ၏။ သိရိမာလည်း ထိုခဏ၌ စွဲရောက်လာသောရောဂါဖြင့် သေဆုံးသွား၏။ ဘုရားရှင်သည် သိရိမာသေဆုံး၍ သုံးရက်မြောက်သောနေ့၌ဖူးဖူးယောင်နေသော သိရိမာ၏အကောင်ကို အသုဘရှုရန်ရဟန်းတို့နှင့်တကွသုသာန်သို့ ကြွတော်မူလျှင် ထိုရဟန်းလည်းလိုက်ပါလာ၏။ ဘုရားရှင်သည် "ရဟန်းတို့ ဝိညာဏ်ရှိစဉ်အခါက သိရိမာကိုဥစ္စာတထောင် ပေးမှ တနေ့ရသည်။ ယခုမူကား တချင်ရွေးမျှပေးမည့်သူမရှိ။ အချည်းနှီးယူမည့်သူမရှိတကား" ဟု မိန့်တော်မူပြီး ဟောကြားသော တရားဖြစ်၏။

---

## ၃–ဥတ္တရာ ထေရီ

ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ၊
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိဇီဝိတံ၊ ၁၄၈။

ဤရုပ်သည် ဆွေးမြေ့အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်ရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင်အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးလိမ့်မည်၊ ၁၄၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အသက် ၁၂၀–ရှိသော ဥတ္တရာထေရီသည် သာဝတ္ထိမြို့တွင်း ဆွမ်းခံဝင်ရာ မြတ်စွာ

ဘုရားနှင့် ရင်ဆိုင်တွေ့၍ လမ်းဖယ်ပေးရာ ကိုယ့်ကိုမထိန်းနိုင်ဘဲ လဲကျသွားရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၄-သမ္ဗဟုလ အဓိမာနိက ဘိက္ခု

ယာနိ မာနိ အပတ္ထာနိ၊ အလာဗူ နေ၀ သာရဒေ၊
ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာရတိ ၊၁၄၉။

တန်ဆောင်မုန်းလအခါ၌ စွန့်ပစ်ထားသော ဘူးသီးခြောက်ကဲ့သို့ စွန့်ပစ်ထားအပ်သော စွန့်ပစ်အပ်သော ခိုအဆင်းကဲ့သို့ ဖြူမွဲသော အရိုးတို့ကို မြင်ရ၍ အဘယ်မှာ မွေ့လျော်ဖွယ် ရှိအံ့နည်း ၊၁၄၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကမ္မဋ္ဌာန်းစီးဖြန်း၍ လောကီစျာန်ရရာတွင် ရဟန်းကိစ္စပြီးပြီဟုထင်မှတ်၍ ကျောင်းတော်သို့လာကုန်သော ရဟန်းငါးရာတို့ကို သုသာန်သို့စေလွှတ်တော်မူ၏။ ထိုအခါရဟန်းတို့သည် သေခါစ ဖြစ်သော သူကောင်၌ ရာဂဖြစ်၍ ရဟန်းကိစ္စ မပြီးကြောင်း သိကုန်ရာတွင် ဟောကြားသော တရားဖြစ်၏။

---

## ၅-ဇနပဒ ကလျာဏီ

အဋ္ဌီနံ နဂရံ ကတံ၊ မံသ လောဟိတလေပနံ၊
ယတ္ထ ဇရာစ မစ္စုစ၊ မာနော မက္ခော စ ဩဟိတော ၊၁၅၀။

အရိုးတို့ကို အသားအသွေးတို့ဖြင့် လိမ်းကျံလျက် အတ္တဘော တည်းဟူသောမြို့ကို ဆောက်လုပ်အပ်၏။ယင်းမြို့၌ အိုခြင်း, သေခြင်း, မာန ထောင်လွှားခြင်း, သူ့ကျေးဇူးကိုချေဖျက်ခြင်းသည်သာ တည်ရှိ၏။၁၅၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိမိရုပ်အဆင်း၌ သာယာနှစ်သက်နေသော ဇနပဒကလျာဏီ ရူပနန္ဒာ ထေရီကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၆-မလ္လိကာ ဒေဝီ

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ-
အထော သရီရမ္ပိ ဇရံ ဥပေတိ၊
သတဉ္စ ဓမ္မော နဇရံ ဥပေတိ-
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ၊၁၅၁။

ကောင်းစွာ ဆန်းကြယ်သော မင်းရထားတို့သည် ဆွေးမြေ့ အိုမင်းကြကုန်သေး၏။ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် ဆွေးမြေ့ အိုမင်းခြင်းသို့ ရောက်ရသေး၏။ သူတော်ကောင်းတို့၏ တရားတော်သည်ကား ဆွေးမြေ့အိုမင်းခြင်းသို့ မရောက်နိုင်ဟု သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အချင်းချင်းဆွေးနွေး ပြောကြားကြကုန်၏၊၁၅၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီကောသလမင်းကြီးသည် မလ္လိကာ မိဘုရားကွယ်လွန်သောကြောင့် ပူဆွေးနေ၏။တနေ့၌ဘုရားရှင် ဆွမ်းခံရင်း နန်းတော်သို့ဝင်၏။မင်းကြီးက နန်းတွင်းသို့ဝင်ရန်ပင့်လျှောက်သော်လည်း မဝင်ချေ။ရထားတင်းကုပ်မှာပင် နေလျက် မင်းကြီးအား ဟောကြားသောတရားဖြစ်၏။

## ၇-လာဠုဒါယိ

အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝဇီရတိ၊
မံသာနိ တဿ ဝဍ္ဎန္တိ၊ပညာတဿ န ဝဍ္ဎတိ၊၁၅၂။

အကြား အမြင်နည်းသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းနှီးကြီးထွားလာ၏။ ထိုယောကျ်ားအား အသားတို့သာ တိုးပွားကုန်၏။ ပညာကားမတိုးပွား၊ ၁၅၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မင်္ဂလာအရာ၌ အမင်္ဂလာကိုရင်း၊ အမင်္ဂလာ အရာ၌ မင်္ဂလာကိုရင်း ဟောပြောခြင်း

စသည်ဖြင့် အရာဌာနကို မသိတတ်သော လာဋုဒါယီအမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၈—ဥဒါန

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ၊
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ၊ ၁၅၃။

အဖန်ဖန် ပဋိသန္ဓေနေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူကို ရှာသောငါသည် မရသေးသဖြင့် ဘဝများစွာ သံသရာ ပတ်လုံးကျင်လည်ခဲ့ရလေပြီ၊ ၁၅၃။

ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ၊
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ၊
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ၊ ၁၅ .။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်လက်သမား ငါသည်သင့်ကို ယခုမြင်အပ်ပြီ။ ခန္ဓာအိမ်ကိုနောင်တဖန် သင်ဆောက်လုပ်ရတော့မည်မဟုတ်။ သင်၏အခြင်ရနယ်ဒွားလုံးတို့ကို ချိုးဖျက်အပ်ပြီ။ အိမ်အထွတ်ကို ဖျက်ဆီးအပ်ပြီ။ စိတ်သည်ပြုပြင်ခြင်းကင်းရာသို့ ရောက်ပြီ။ တဏှာတို့ ကုန်ရာကိုရပြီ။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ဗောဓိပင်နှင့် ရွှေပလ္လင်ဝယ် သဗ္ဗညု အဖြစ်သို့ရောက်တော်မူစဉ်က ဥဒါန်းကျူးရင့်ခဲ့ခြင်းကို ရှင်အာနန္ဒာမေးလျှောက်၍ ထိုဥဒါန်းကို ပြန်လည် ဟောကြားခြင်းဖြစ်၏။

## ၉ မဟာဓန သေဋ္ဌိ

အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊
ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ၊ ၁၅၅။

အရွယ်ရှိခိုက် မြတ်သောအကျင့်ကို မကျင့်လိုက်မိ၊ဥစ္စာကိုလည်းမရလိုက်မိသောကြောင့်ငါးကုန်ခန်းသော ညွန့်အိုင်၌အတောင်ကျွတ်သော ကြိုးကြာအိုတို့ကဲ့သို့ကြံမှိုင်၍သာနေကြရကုန်၏၊၁၅၅။

အစရိတွာ ဗြဟ္မစရိယံ၊အလဒ္ဓါ ယောဗ္ဗနေ ဓနံ၊
သေန္တိ စပါတိ ခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ၊၁၅၆။

အရွယ်ရှိခိုက် မြတ်သော အကျင့်ကို မကျင့်လိုက်မိ၊ ဥစ္စာ ကိုလည်းမရလိုက်မိသောကြောင့် လောကမှလွတ်ပြီးနောက် အချိန်ကုန်သောမြားကဲ့သို့ ရှေးဖြစ်ဟောင်းတို့ကို ညည်းတွားအောက်မေ့၍သာ နေကြ ရကုန်၏၊၁၅၆။

မြတ်စွာဘုရား ဗာရာဏသီပြည် မိဂဒါဝုန် တော၌ နေတော်မူသောအခါ ငယ်စဉ်ကာလ၌ ကခြင်း၊သီခြင်း၊တီးမှုတ်ခြင်းအတတ်ကိုသာ သင်လျက်မိဖတို့လွန်လျှင် သေသောက်ကြူးတို့နှင့်ပေါင်းဖော်၍ ဥစ္စာပြုန်းတီး ပျက်စီးသဖြင့်ခွက်လက်စွဲ၍ တောင်းစားရသော မဟာဓနသူဌေးသားကိုအကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။ ယခုအခါ ကျောင်းများတွင် သင်ကြားသော"ရှေးသရောခါ၊ ပြည်ဗာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးအားလျှင်" အစရှိသောလင်္ကာမှာ ဤဝတ္ထုပင်ဖြစ်၏။

တဆယ့်တခုမြောက် ဇရာဝဂ် ပြီး၏။

# ၁၂-အတ္တဝဂ်

## ၁–ဗောဓိရာဇ ကုမာရ

အတ္တာနဉ္စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ၊
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော၊ ၁၅၇။

မိမိကိုယ်ကို ချစ်အပ်၏ဟု သိပါမူထိုမိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ပညာရှိသည် အရွယ်သုံးပါးတို့တွင် တပါးပါးသော အရွယ်၌ သုတ်သင်ရာ၏။ ၁၅၇။

မြတ်စွာဘုရား ဘေသကဠ အမည်ရှိသော တောအုပ်၌ နေတော်မူသောအခါ ရှေးဘဝက ကျွန်းတခုဝယ် ငှက်ဥတို့ကို စားဘူးသော အကုသိုလ်ကြောင့် သားသမီးမရနိုင်သော ဗောဓိမင်းသားကိုဆုံးမရန် ဟောကြားသော တရားဖြစ်၏။

---

## ၂–ဥပနန္ဒ သကျပုတ္တ

အတ္တာနမေဝ ပဌမံ–
ပဋိရူပေ နိဝေသယေ၊
အထညမနုသာသေယျ–
န ကိလိဿေယျ ပဏ္ဍိတော၊ ၁၅၈။

ရှေးဦးစွာသာလျှင် မိမိကိုယ်ကို သင့်လျော်သော အကျင့်၌ တည်စေရာ၏။ ထို့နောက်မှ သူတပါးကို ဆုံးမရာ၏။ ပညာရှိသည် သူတပါးကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ၊ ၁၅၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ "ပစ္စည်းလေးပါး၌ အလို–အပို မထားရာ၊ ခေါင်းပါး ရောင့်ရဲရမည်"ဟု ပဥ္စင်းငယ်သာမဏေငယ်များကို ဟောကြားပြီးလျှင်မိမိချည်းသာ များစွာသောပစ္စည်းပေါပြည်းထပ်မျှ ရအောင်ယူသော ဥပနန္ဒအမည်ရှိသော သကျပုတ္တရဟန်းကို ဆုံးမရန် ဟောကြားသောတရား ဖြစ်၏။

---

၃–ပဓာနိက တိဿ

အတ္တာနဉ္စေ တထာ ကယိရာ
ယထာည မနုသာသတိ၊
သုဒန္တော ဝတ ဒမေထ
အတ္တာဟိ ကိရ ဒုဒ္ဒမော၊ ၁၅၉။

သူတပါးကို ဆုံးမသော နည်းအတိုင်း မိမိကိုယ်တိုင် လိုက်နာပြုကျင့်ရာ၏။မိမိကိုယ်တိုင် ယဉ်ကျေးပြီးသော်သာ ဆုံးမရာ၏။ မိမိကိုတ်တိုင် ယဉ်ကျေးအောင် ဆုံးမ ရခြင်းသည် ခဲယဉ်းလှစွာတကား၊ ၁၅၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သူတပါးတို့အား "ညဉ့်သုံးယံ ကာလပတ်လုံး စင်္ကြံသွား၍ ကမ္မဋ္ဌာန်းကိုနှလုံးသွင်းအပ်၏" ဟုနှိုးဆော်၍ မိမိမူကား ညဉ့်သုံးယံ ပတ်လုံး အိပ်၍နေသောပဓာနိကတိဿ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၄-ကုမာရကဿပ မာတာ

အတ္တာ ဟိ အတ္တနော နာထော
ကော ဟိ နာထော ပရော သိယာ၊
အတ္တနာ ဟိ သုဒန္တေန
နာထံ လဘတိ ဒုလ္လဘံ။ ၁၆၀။

မိမိသည်သာ မိမိ၏ ကိုးကွယ်ရာ ဖြစ်၏၊ သူတပါးသည် မိမိ၏ ကိုးကွယ်ရာ အဘယ်မှာ ဖြစ်အံ့နည်း၊ မိမိ ကောင်းစွာ ယဉ်ကျေးသဖြင့် ရရောက်နိုင်ခဲသော ကိုးကွယ်ရာကို ရနိုင်၏။ ၁၆၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှင်ကုမာရကဿပ၏ မယ်တော် ဖြစ်သော ဘိက္ခုနီသည် ၁၂ နှစ်ပတ်လုံး သားနှင့် ကွေကွင်းခြင်းကြောင့် ဖြစ်သော ဒုက္ခဖြင့် ငိုကြွေးလျက်သာ နေ၏။ အရှင်သည် ဆွမ်းခံသွား၍ မယ်တော်ကို တွေ့၍ "သင်သည် ချစ်ခြင်းတခုကိုမျှ မဖြတ်နိုင်ပါတကား" ဟု ဆို၏။ ထိုအခါ မယ်တော် ဘိက္ခုနီသည် "ငါ ကား သားကို ချစ်၍ ၁၂-နှစ် တိုင်အောင် ရင်ပတ်စည်တီး ကြီးသော ဆင်းရဲသို့ ရောက်နေ ရ၏၊ သားမှုကား ကြမ်းကြုတ်လှသည် တကား" ဟု သား၌ ချစ်ခြင်းဝန်းအတွင် ရဟန္တာ အဖြစ်သို့ ရောက်သွား၏။ ဤအကြောင်းကို ရဟန်းတို့ ပြောပြသည်၌ ဟောကြားသော တရား ဖြစ်၏။

---

## ၅-မဟာကာလ ဥပါသက

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ၊
အဘိမန္ထတိ ဒုမ္မေဓံ၊ ဝဇိရံ ဝသ္မမယံ မဏိံ၊ ၁၆၁။

ကျောက်မှ ဖြစ်သော ဝိန်သည် ကျောက်ကိုထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိ ပြုအပ်သော မိမိမှ ဖြစ်သော မကောင်းမှုသည် မိမိဖြစ်ရာ ပညာမဲ့သူကို ဖျက်ဆီး၏။ ၁၆၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ရှေးဘဝက မင်းခဝါးပြင်၌ အပြစ်မဲ့သူ တယောက်ကို သူခိုး ဟု သတ်ခဲ့ဘူး၏။ ထို

မကောင်းမှုကြောင့် ကျောင်းမှ တရားနာရ၍ အပြန် ခိုးသူတို့ချထား ခဲ့သော ဥစ္စာထုပ်၏ အနီး၌ သူခိုးဟု ယိုးစွပ်လျက် ရိုက်သတ်၍ သေသော မဟာကာလဥပါသကာကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၆–ဒေဝ ဒတ္တ

ယဿ အစ္စန္တ ဒုဿီလျံ–
မာလုဝါ သာလမိဝေါတ္ထတံ၊
ကရောတိ သော တထတ္တာနံ–
ယထာနံ ဣစ္ဆတီ ဒိသော ၊၁၆၂။

မာလောန္နွယ်သည် မှိုတွယ်ရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ်သကဲ့သို့ စင်စစ်သီလမရှိသူ၏ အပြစ်တည်းဟူသော တဏှာအလွှမ်းမိုးခံရသူသည် ရန်သူအလိုရှိတိုင်း မိမိကိုယ်တိုင်ပင် ပြုလုပ်၏ ၊၁၆၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ကို သတ်ရန် လုံ့လပြုသော ဒေဝဒတ်၏ များစွာပျက်စီးခြင်းသို့ ရောက်သည်ကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၇–သံဃဘေဒ ပရိသက္ကန

သုကရာနိ အသာဓူနိ၊ အတ္တနော အဟိတာနိစ၊
ယံ ဝေ ဟိတဉ္စ သာဓုဉ္စ၊ တံ ဝေ ပရမ ဒုက္ကရံ ၊၁၆၃။

အပြစ်ရှိ၍ မိမိ၏အကျိုးစီးပွားမရှိကုန်သော အမှုတို့ကို ပြုလွယ်ကုန်၏။ အပြစ်ကင်း၍ အကျိုးစီးပွားရှိသောအမှုကို အလွန်ပြုနိုင်ခဲ၏ ၊၁၆၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်သည် သံဃဘေဒကံကို ပြုကိသည်ဟု ရဟန်းတို့လျှောက်၍ ဟောကြားသော တရားဖြစ်၏။

## ၈-ကာလ

ယော သာသနံ အရဟတံ၊ အရိယာနံ ဓမ္မဇီဝိနံ၊
ပဋိက္ကောသတိ ဒုမ္မေဓော၊ ဒိဋ္ဌိံ နိဿာယ ပါပိကံ၊
ဖလာနိ ကဋ္ဌကဿေဝ၊ အတ္တဃာတာယ ဖလ္လတိ ၊၁၆၄။

ပညာမဲ့သူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ ပူဇော်အထူးကိုခံထိုက်ကုန်သော တရားသဖြင့်အသက်မွေးကုန်သော အရိယာတို့၏အဆုံးအမကို တားမြစ်ကုန်၏။ ဝါးသီးတို့သည် ဝါးပင်ကိုသတ်ရန် သီးကုန်သကဲ့သို့ ထိုအယူသည် မိမိကို သတ်ရန်ဖြစ်၏ ၊၁၆၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကာလအမည်ရှိသောရဟန်း၏ အလုပ် အကျွေးဖြစ်သော ဒါယိကာမကြီးကို တရားဟောတော်မူစဉ် ကာလရဟန်းသည် မိမိအားပူဇော်သကာယုတ်မည်စိုးသောကြောင့် "အရှင်ဘုရား ဤဒါယိကာမကြီးသည် နုန့်နှေးလှ၏။ ခန္ဓာစသည်နှင့် စပ်သောတရားကို ဟောတော်မမူပါလင့်"ဟု တားမြစ်၏။ ဘုရားရှင်သည် ကာလရဟန်းကို အကြောင်းပြု၍ ဤတရားဟောကြားခြင်းဖြစ်၏။

---

## ၉-စူဠ ကာလ ဥပါသက

အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တနာ သံကိလိဿတိ၊
အတ္တနာ အကတံ ပါပံ၊ အတ္တနာဝ ဝိသုဇ္ဈတိ၊
သုဒ္ဓီ အသုဒ္ဓိ ပစ္စတ္တံ၊ နာညော အညံ ဝိသောဓယေ ၊၁၆၅။

မကောင်းမှုကို မိမိပြုခဲ့လျှင် မိမိသည်ပင် ညစ်နွမ်းရ၏။ မကောင်းမှုကိုမိမိမပြုခဲ့လျှင် မိမိသည်ပင်စင်ကြယ်၏။ စင်ကြယ်သောကုသိုလ်နှင့် မစင်ကြယ်သောအကုသိုလ်သည် တခြားစီသာဖြစ်၏။ သူတယောက်သည် အခြားသူတယောက်ကို မသုတ်သင်နိုင် ၊၁၆၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကျောင်းမှ တရားနာ၍ပြန်သွားသော စူဠ ကာလ ဥပါသကာကို ခိုးသူတို့ပစ်ထားခဲ့သော ဥစ္စာထုပ်အနီး၌ ဥစ္စာရှင်တို့တွေ့၍ ခိုးသူဟုယိုးစွပ်လျက် ချည်နှောင်၍ ယူသွားလေသော် ရေခပ်သောအမျိုးသမီးတို့က ခိုးသူမဟုတ်ကြောင်းပြော၍ လွတ်လေ၏။ ဤအကြောင်းကို ဘုရားရှင်အားလျှောက်၍ ဟောကြားသောတရား ဖြစ်၏။

---

## ၁၀—အတ္တဒတ္ထ

အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ၊
အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထ ပသုတော သိယာ ၊၁၆၆။

သူတပါး၏ များစွာသော အကျိုးစီးပွားအတွက်ကြောင့် မိမိ၏အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ မိမိအကျိုးစီးပွားကိုသိ၍ မိမိ၏အကျိုးစီးပွားကို တိုးပွားအောင် လေ့ကျက် အားထုတ်ရာ၏ ၁၆၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်သည် လေးလလွန်သဖြင့် ပရိနိဗ္ဗာန်စံတော်မူအံ့ဟု အာယုသင်္ခါရလွှတ်တော်မူသည်ရှိသော် ရဟန်းတို့သည် သံဝေဂဖြစ်၍ ဘုရားရှင်ထံသို့လာကုန်၏။ အတ္တဒတ္ထအမည်ရှိသော ရဟန်းကား သက်တော်ထင်ရှား ဘုရားရှင်ရှိခိုက် အမြိုက်ကိုရအောင်ယူမည်ဟု ကြံစည်လျက် ရဟန်းတရားကိုသာ အားထုတ်နေ၏။ ဘုရားရှင်ထံသို့ မသွားမလာကြောင်းကိုရဟန်းတို့ ဘုရားရှင်အား လျှောက်ကြားကြသော် ခေါ်၍မေးလျှင် စိတ်အကြံကို လျှောက်ရာ၌ ဟော ကြားသော တရားဖြစ်၏။

တဆယ့်နှစ်ခုမြောက် အတ္တဝဂ် ပြီး၏။



# ၁၃ - လောကဝဂ်

## ၁-ဒဟရ ဘိက္ခု

ဟီနံ ဓမ္မံ န သေဝေယျ—
ပမာဒေန န သံဝသေ၊
မိစ္ဆာ ဒိဋ္ဌိံ န သေဝေယျ—
န သိယာ လောကဝဍ္ဎနော၊၁၆၇။

အယုတ်တရားကို မမှီဝဲရာ။ မေ့မေ့-လျော့လျော့ မနေရာ။ မှားသောအယူကို မယူရာ။ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ ၊၁၆၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥပ္ပင်းငယ် တပါးသည် ဝိသာခါဒါယိကာမအိမ်သို့ ဆွမ်းဘုဉ်းပေးသွား၏။ ဝိသာခါ၏ မြေးဖြစ်သော သတို့သမီးသည်လည်း ဖွားအေအရာ၌ တည်၍ ဆွမ်းလုပ်ကျွေး၏။ သူသည် ရေအိုး၌ မိမိမျက်နှာရိပ်ကိုမြင်၍ ပြုံး၏။ ပဉ္စင်းငယ်လည်း ပြုံး၏။ ထိုအခါ သတို့သမီးက "ဦးခေါင်းပြတ်ပြီးသူက ပြုံးသေးသလော" ဟု ဆို၏။ ပဉ္စင်းငယ်သည် အမျက်ထွက်၍ "နင်လည်းဦးခေါင်းပြတ်မ၊ နင့်အမိလည်း ဦးခေါင်းပြတ်မပင်တည်း"ဟု ဆဲရေး၏။ သတို့သမီးသည် ငို၍ဝိသာခါအားပြော၏။ ထိုစဉ်တွင် မြတ်စွာဘုရားကြွလာပြီး ပဉ္စင်းငယ်အားဆုံးမရန် ဟောကြားသောတရားဖြစ်၏။

## ၂–သုဒ္ဓေါဒန

ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ ၊၁၆၈။

ဆွမ်းခံဝတ်၌ မမေ့မလျော့ရာ၊ ကောင်းစွာကျင့်အပ်သော အကျင့်တရားကို ကျင့်ရာ၏။ တရားကိုကျင့်သူသည် ဤလောက၌၎င်း, တမလွန်လောက၌၎င်း ချမ်းသာစွာ နေရ၏ ၊၁၆၈။

ဓမ္မံ စရေ သုစရိတံ၊န နံ ဒုစ္စရိတံ စရေ၊
ဓမ္မစာရီ သုခံ သေတိ၊အသ္မိံ လောကေ ပရမှိစ၊၁၆၉၊

သုစရိုက်တရားကို ကျင့်ရာ၏။ဒုစရိုက်တရားကိုမကျင့်ရာ။တရားကို ကျင့်သူသည် ဤလောက၌၎င်း၊တမလွန်လောက၌၎င်း ချမ်းသာစွာနေရ၏။၁၆၉။

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ရဟန္တာ ပေါင်း နှစ်သောင်းနှင့်တကွ ကပိလဝတ်ပြည်သို့ အိမ်စဉ်အတိုင်း ဆွမ်းခံဝင် တော်မူရာတွင် သုဒ္ဓေါဒနမင်းကြီးသည်လျှင် မြန်စွာနန်းထက်ကဆင်း၍ လာ ပြီးသော် ဘုရားကို ရှိခိုးလျက် "အရှင် ဘုရား ကျွန်ုပ်တို့ အသဗ္ဗိန္နခတ္တိယ မင်းမျိုးသည် တောင်းစားရိုးမရှိ။ ကြီးဘိဂုဏ်အင် ဆင်များ မြင်းများ,ရွှေ ရထားဖြင့် သွားနေကြဖြစ်လျက် မရှုံ့မရှက် အိုးခွက်လက်စွဲ မျက်နှာမဲ့နှင့် ပြုခဲ့သည့်အမှုကို ပြုတော်မူဘိသည်"ဟု လျှောက်ရာတွင် ဟောကြားသော တရားဖြစ်၏။

---

## ၃ ပဉ္စသတ ဝိပဿက ဘိက္ခု

ယထာ ပုဗ္ဗုဠကံ ပဿေ၊ယထာ ပဿေ မရီစိကံ၊
ဧဝံ လောကံ အဝေက္ခန္တံ၊မစ္စုရာဇာ န ပဿတိ၊၁၇၀။

ရေပြင်ကို ရှုမြင်သကဲ့၎င်း, တံလျှပ်ကို ရှုမြင်သကဲ့သို့၎င်း ဤအတူ လောကကို ကြည့်ရှုသူကို သေမင်းမမြင်နိုင်၊၁၇၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါကမ္ဗဒ္ဓာန်း စီးဖြန်းသော ရဟန်းငါးရာတို့သည် မိုးရွာတုန်းကာလ ရေပွက်ကိုမြင်၍ "ဤ ရေပွက်ကဲ့သို့ အတ္တဘောသည်လည်း ဖြစ်၍ပျက်၏"ဟု နှလုံး သွင်းကြရာတွင် ဟောကြားသောတရားဖြစ်၏။

## ၄ အဘယ ရာဇကုမာရ

ဧထ ပဿထိမံ လောကံ၊ စိတ္တံ ရာဇ ရထူပမံ။
ယတ္ထ ဗာလာ ဝိသီဒန္တိ၊နတ္ထိ သင်္ဂေါ ဝိဇာနတံ၊၁၇၁။

လာကြကုန်လော့၊ ဆန်းကြယ်သော မင်းရထားလျှင် ဥပမာရှိသော ဆန်း ကြယ်သောဤလောကကို ရှုကြကုန်လော့၊ယင်းလောက၌ သူမိုက်တို့သည် နစ်မြုပ်ကြ ကုန်၏။ပညာရှိတို့အား ကပ်ငြိတွယ်တာမှုမရှိ၊ ၁၇၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ ကချေ သည်မတယောက်သေရာတွင် သောကဖြစ်နေသော အဘယမင်းသားကိုဆုံးမ ရန် ဟောကြားသောတရားဖြစ်၏။

## ၅ သမ္မဇ္ဇန

ယောစ ပုဗ္ဗေ ပမဇ္ဇိတွာ၊ပစ္ဆာ သော နပ္ပမဇ္ဇတိ၊
သောမံ လောကံ ပဘာသေတိ၊အဗ္ဘာမုတ္တောဝစန္ဒိမာ၊ ၁၇၂။

ရှေးအခါက မေ့လျော့ခဲ့၍ နောင်အခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကိုထွန်းလင်းတောက်ပစေ၏၊၁၇၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သမ္မဇ္ဇန အမည်ရှိသော ရဟန်းသည် ဘာဝနာကို အားမထုတ်ဘဲ ကျောင်းပရိဝုဏ် ကိုသာတံမြက်လှည်းနေ၏။ ရှင်ရေဝတ ဆုံးမရာတွင်မှ ဘာဝနာပွား၍ရဟန္တာ အဖြစ်သို့ရောက်သွား၏ ။ ဤအကြောင်းကို ဘုရားရှင်သိမြင်၍ ဟောကြား သောတရားဖြစ်၏။

## ၆—အင်္ဂုလိမာလ

ယဿ ပါပံ ကတံ ကမ္မံ၊ ကုသလေန ပိဓီယတိ၊
သောမံ လောကံ ပဘာသေတိ၊ အဗ္ဘာမုတ္တောဝစန္ဒိမာ၊၁၇၃။

မိမိပြုခဲ့သော မကောင်းမှု အကုသိုလ်ကံကို ကုသိုလ်ဖြင့် ဖုံးအုပ်သူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အင်္ဂုလိမာလ ပရိနိဗ္ဗာန်ယူသည်ရှိသော် "အင်္ဂုလိမာလသည် များစွာသော လူတို့ကို သတ်၍ အဘယ်သို့ ပရိနိဗ္ဗာန်ပြုမည်နည်း" မေးကြရာတွင် ဟောကြားသော တရားဖြစ်၏။

---

## ၇—ပေသကာရဓီတာ

အန္ဓဘူတော အယံ လောကော —
တနုကေတ္ထ ဝိပဿတိ၊
သကုဏော ဇာလမုတ္တောဝ—
အပ္ပော သဂ္ဂါယ ဂစ္ဆတိ၊၁၇၄။

ဤလောကသည် အကန်းအတိသာဖြစ်၏။ ဤလောက၌ အနည်းငယ်မျှသော သူသည်သာ မြင်နိုင်၏။ ပိုက်ကွန်မှလွတ်သော ငှက်သည်နည်းသကဲ့သို့ လူအနည်းငယ်မျှသာနတ်ပြည်သို့ရောက်နိုင်၏၊၁၇၄။

မြတ်စွာဘုရား အဂ္ဂါဠဝ စေတီ၌ နေတော်မူသော အခါ အာဠဝီပြည်သားတို့သည် ဘုရားရှင်ကိုပင့်၍ ဆွမ်းလုပ်ကျွေးကုန်၏။ ဘုရားရှင်သည် ဆွမ်းစားပြီးသော အဆုံး၌ အနုမောဒနာမပြုဘဲ မရဏာနုဿတိကိုပွါးလေ့ရှိသော ရက်ကန်းသည် သမီးငယ်တယောက်ကိုငံ့လင့်တော်မူ၍ ဆိတ်ဆိတ်နေ၏။ သတို့သမီးလည်းအိမ်မှ ရက်ဖောက်ရောက်၍လာပြီးလျှင် "ရက်ဖောက်တောင်းကို အဖထံသို့ပို့ချေဦးအံ့၊ ပြန်မှတရားတော်ကိုနာအံ့" ဟုကြံ၍ သွား

မည်ရှိရာတွင် ဘုရားရှင်သည် သတို့သမီး သွားသည်ရှိသော် ဂတိ မမြဲသော ပုထုဇဉ် အဖြစ်ဖြင့် တေရလတ္တံ့သည်ကိုမြင်တော်မူ၍ လည်ဆန့်၍ ချမ်းမြေ့ ကြည်လင်သော မျက်စိဖြင့် သတို့သမီးကိုကြည့်တော်မူလျှင် သတို့သမီးသည် အလိုကိုသိ၍ရှေ့တော်သို့လာပြီး ရှိခိုး၏။ ထိုအခါဘုရားရှင်က မေး၏။

"သတို့သမီးငယ် သင်ဘယ်က လာသနည်း"
"တမည့်တော်မ မသိပါ"
"အဘယ်သို့ သွားမည်နည်း"
"မသိပါဘုရား"
"သင်မသိသလော"
"တပည့်တော်မ သိပါသည်၊"
"သင် သိ၏လော"
"မသိပါဘုရား။"

ပရိသတ်တို့သည် သတို့သမီးငယ်ကို ကဲ့ရဲ့ကြ၏။ ထိုအခါဘုရားရှင်က "သင်ဖြေသော စကားလေးခွန်းကို အသေအချာ လျှောက်ဦးလော့" ဟု မိန့်တော်မူ၏။ "အရှင်ဘုရားဘယ်ဘဝမှလာသည်ကိုလည်းမသိပါ၊ဘယ်ဘဝသို့ သွားရမည်လည်း မသိပါ၊ သေရမည်ဟု ကေန်သိပါ၏။ ဘယ်အခါကာလ၌ သေမည်မသိပါ" ဟုလျှောက်၏။ ထိုအခါ ဘုရားရှင်လည်း ကောင်းချီးပေး တော်မူ၍ဤတရား ဟောကြားခြင်း၏။

---

ဂ—တိံသ ဘိက္ခု

ဟံသာ ဒိစ္စ ပထေ ယန္တိ—
အာကာသေ ယန္တိ ဣဒ္ဓိယာ၊
နီယန္တိ ဓီရာ လောကမှာ—
ဇေတွာ မာရံ သဝါဟိနိံ၊၁၇၅။

ဟသ်ာတို့သည် ကောင်းကင်ခရီး၌သွားကုန်၏၊တန်ခိုးရှင်တို့သည်ကောင်းကင်၌ သွားကုန်၏။ ပညာရှိတို့သည် စစ်သည်ဗိုလ်ပါနှင့် တကွသော မာရ်မင်းကို အောင်၍ လောကမှ ထွက်မြောက်ကုန်၏၊၁၇၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အာဂန္တု ရဟန်းသုံးကျိပ်တို့သည် ဘုရားရှင်ထံမှ သာရဏီယ စကားကိုနာကြား၍ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြ၍ ကောင်းကင်၌သွားကြသည်ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၉-စိဉ္စ မာဏဝိကာ

ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော၊
ဝိတိဏ္ဏ ပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ ၊၁၇၆၊

သစ္စာ တရားတပါးကိုလွန်၍ မုသားစကားကို ဆိုလေ့ရှိသော နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း မရှိသောသူအား မပြုနိုင်သည့် မကောင်းမှုအကုသိုလ် မည်သည် မရှိ ၊၁၇၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကိုယ်ဝန်ဆောင် အဟန် သဏ္ဌာန်ပြု၍ ဘုရားရှင်ကို မိလင်ဖြစ်ကြောင်းနှင့် စွပ်စွဲသော စိဉ္စ မာဏဝိကာ မိန်းမယုတ်ကို မြေမျိုလေသည်ဟု ပြောကြသော ရဟန်းတို့အား ဟောကြားသောတရားဖြစ်၏။

---

## ၁၀-အသဒိသ ဒါန

န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ၊
ဓီရော စ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ ၊၁၇၇။

စေးနှဲ ဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကုန်၊ သူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကုန်၊ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏၊ ထို့ကြောင့် ပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏ ၊၁၇၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသလမင်းကြီးလှူသော အသဒိသဒါန၌ ဝန်တိုစိတ်ရှိ၍ နိုင်ငံမှနှင်ထုတ်ခြင်းခံရသော ကာဠ အမတ်ကိုရင်း, ဝမ်းမြောက်ဝမ်းသာဖြစ်၍ ခုနစ်ရက်ပတ်လုံး မင်းစည်းစိမ်ခံစားရသော ဇုဏှအမတ်ကိုရင်း အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၁၁–အနာထ ပိဏ္ဍိကပုတ္တ ကာလ

ပထဗျာ ဧက ရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ၊
သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိ ဖလံ ဝရံ ၊၁၇၈။

မြေတပြင်လုံး၌ ဧကရာဇ်မင်းဖြစ်သည်ထက်ရင်း, နတ်ပြည် ဗြဟ္မာ့ပြည်သို့ရောက်ရသည်ထက်ရင်း, တလောကလုံးကို အစိုးရသည်ထက်ရင်း သောတာပန်ဖြစ်ရခြင်းသည် မြတ်၏ ၊၁၇၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနာထပိဏ်သူဌေးသည် ကာလမည်သော မိမိသားကို မြတ်စွာဘုရားထံသို့ မသွားလိုသောကြောင့် "အသပြာတထောင်ပေးမည်၊ မြတ်စွာဘုရားထံသွား၍ ဂါထာတပုဒ်ကိုသင်ချေ"ဟု စေလွှတ်လိုက်၏။ သူဌေးသားသည် ဂါထာကို သင်ရာတွင် သောတာပန်ဖြစ်၍ အိမ်သို့ရောက်လျှင် အဖပေးသောအသပြာတထောင်ကို မယူဘဲနေ၏။ သူဌေးသည် ဤအကြောင်းကို ဘုရားရှင်အား လျှောက်ရာ ဟောကြားသောတရားဖြစ်၏။

တဆယ့်သုံးခုမြောက် လောကဝဂ်ပြီး၏။



# ၁၄–ဗုဒ္ဓဝဂ်

## ၁–မာရဓီတရ

ယဿ ဇိတံ နာဝ ဇီယတိ—
ဇိတံ ယဿ နောယာတိ ကောစိ လောကေ၊
တံဗုဒ္ဓ မန္တရ ဂေါစရံ—
အပဒံ ကေန ပဒေန နေဿထ ၊၁၇၉။

အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တဖန်အောင် ဖွယ်မလို။ လောက၌ အကြင်မြတ်စွာဘုရား၏ အောင်ပြီးသော ကိလေသာနောက်သို့ ကိလေသာတစုံတခုမျှ အစဉ်မလိုက်တော့ချေ။ အပိုင်းအခြားမရှိ ကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ် ရှိတော်မူသော ရာဂစသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာ ဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း ၊၁၇၉။

ယဿ ဇာလိနီ ဝိသတ္တိကာ၊
တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ၊
တံ ဗုဒ္ဓ မနန္တ ဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ ၊၁၈၀။

အကြင်မြတ်စွာဘုရားအား ဟာစိုးသော လောကသို့ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိတတ်သောတဏှာမရှိ။ အပိုင်းအခြားမရှိကျက်စားနိုင်သည့် သဗ္ဗညုတဉာဏ်ရှိတော်မူသော ရာဂစသောခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့ခေါ်ဆောင်နိုင်ကုန်အံ့နည်း ၊၁၈၀။

မြတ်စွာဘုရား အဇပါလ ညောင်ပင်ရင်း၌ နေတော်မူသောအခါ တဏှာ,အရတိ, ရာဂါ အမည်ရှိကုန်သော မာရ်မင်းသမီးသုံးရောက်တို့သည် အထူးထူးအပြားပြားသော မာတုဂါမအဟန် ဖန်ဆင်းကုန်လျက် ဘုရားရှင်ကို ကာမဂုဏ်ဖြင့် ဖြားယောင်းပြောဆိုလာကုန်၏။ ဘုရားရှင်သည် ထိုနတ်သမီးတို့၏အမူအရာကို ကြည့်၍ ဟောကြားသော တရားဖြစ်၏။

## ၂-ဒေဝေါရောဟန

ယေ ဈာန ပသုတာ ဓီရာ၊ နေက္ခမ္မူပသမေရတာ၊
ဒေဝါပိ တေသံ ပိဟယန္တိ၊ သမ္ဗုဒ္ဓါနံ သတီမတံ ၊၁၈၁။

အကြင် ပညာရှိတို့သည် သမထဈာန်၌ လေ့ကျက်အားထုတ်ကုန်၏၊ ကာမမှ ထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာသိကုန်သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ဗြဟ္မာ တို့သည်လည်း ချစ်မြတ်နိုးကုန်၏ ၊၁၈၁။

မြတ်စွာဘုရားသည် သာဝတ္ထိပြည် တောင်တံခါးအနီး ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်စိုက်အပ်အောသရက်ပင်ရင်း၌ တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေမီးအစရှိသော တန်ခိုးပြာဋိဟာကို ပြတော်မူပြီးသည့် အဆုံး၌ နှစ်လှမ်းသုံးဖဝါးဖြင့် တာဝတိံသာသို့ တက်တော်မူ၏။ ပင်လယ်ကသစ်ပင်၏အရင်း ဝယ် ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာထက်၌ မယ်တော်ဖြစ်ဘူးသော သန္တုသိတနတ်သားကို အကြီးအမှူးပြု၍ တသောင်းသော စကြဝဠာမှ လာကုန်သော နတ်ဗြဟ္မာတို့အား အဘိဓမ္မာ ဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောတော်မူ၏။ ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသော ရွှေစောင်းတန်း, ငွေစောင်းတန်း, ပတ္တမြားစောင်းတန်းဟု ဆိုအပ်သော စောင်းတန်းသုံးသွယ်ဖြင့် နတ်-ဗြဟ္မာအပေါင်း ခြံရံအပ်သည်ဖြစ်၍ ခြောက်သွယ်သော

ရောင်ခြည်တော်ကို လွှတ်လျက် ဘုရား၏တင့်တယ်ခြင်းဖြင့် သက်သာနဂိုရ် ပြည်သို့ ဆင်းတော်မူရာ ရှင်သာရိပုတြာသည် ဤသို့သောအံ့ဘွယ် တင့်တယ် တော်မူခြင်းကိုမြင်လျှင် "န မေ ဒိဋ္ဌေ ဣတော ပုဗ္ဗေ" အစရှိသောဂါထာ ဖြင့် ချီးမွမ်းတော်မူရာတွင် ဟောကြားသော တရားဖြစ်၏။

---

### ၃—ဧရက ပတ္တ နာဂရာဇ

ကိစ္ဆော မနုဿ ပဋိလာဘော၊ ကိစ္ဆံ မစ္စာန ဇီဝိတံ၊
ကိစ္ဆံ သဒ္ဓမ္မဿဝနံ၊ ကိစ္ဆော ဗုဒ္ဓါန မုပ္ပါဒေါ၊ ၁၈၂။

လူ့အဖြစ်ကိုရခြင်းသည် ခဲယဉ်း၏။သတ္တဝါတို့၏အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်းတရားကို ကြားရခြင်းသည်ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်ခြင်းသည် ခဲယဉ်း၏၊၁၈၂။

မြတ်စွာဘုရား ဗာရာဏသီကို အမှီပြု၍ ကုက္ကုဋ္ဌခုနစ်ပင်၏အနီး၌ နေတော်မူသောအခါ ကဿပဘုရားရှင်လက်ထက် ရဟန်းဖြစ်သောအခါ အာပတ်၌ကုက္ကုစ္စဖြင့် စုတေ၍ နဂါးအဖြစ်သို့ရောက်သော ဧရကပတ္တနဂါး မင်းသည် လူ့ပြည်၌ ဘုရားပွင့်လျှင် သိအောင်ဟု မိမိသမီးကို ပါးပျဉ်းပေါ်၌ ထားပြီးသော် "ကိံ သုအဓိပတီရာဇာ" အစရှိသော သီချင်းကိုဆို၍ လခွဲတကြိမ် ကစေ၏ "ဤသီချင်း၏ အဖြေဖြစ်သော သီချင်းကို သိဆိုနိုင်သော ယောကျ်ား အား နဂါးပြည်နှင့်တကွ ငါ့သမီးကိုပေးမည်"ဟူ၍လည်း ကြွေးကြော်၏။ ဘုရားရှင်သည် ဥတ္တရ လုလင်ကိုခေါ်၍ "ဆဒ္ဒါရာ ဓိပတီရာဇာ" စသော သီ ချင်းကိုပေး၍"နဂါးအထံသို့သွားဆိုချေ"ဟု စေလွှတ်လိုက်၏။ထိုသီချင်းတို့ကို ဥတ္တရ လုလင်သီသည်ရှိသော် နဂါးမင်းကြီး အလွန်ဝမ်းမြောက်၍ "သဗ္ဗညု ဘုရား ပွင့်လေပြီတကား"ဟု မြူးတူးရွှင်လန်းလျက် ဘုရားရှင်ထံသို့လာပြီး "အရှင်ဘုရား ကျွန်ုပ်သည် ကဿပဘုရားသာသနာတော်၌ အနှစ်နှစ်သောင်း ကာလပတ်လုံး ရဟန်းတရားကို အားထုတ်ပါလျက် အနည်းငယ်လောကုက္ကုစ္စ အကုသိုလ်ဖြင့် နဂါးအဖြစ်သို့ရောက်ချေသည်"ဟု လျှောက်၍ ဟောကြား သောတရားဖြစ်၏။

## ၄—အာနန္ဒ ပဥှာ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ၊
သစိတ္တ ပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ ၊၁၈၃။

မကောင်းမှုကို မပြုရာ၊ ကုသိုလ်နှင့် ပြည့်စုံစေရာ၏။ 'မိမိစိတ်ကိုဖြူစင်စေရာ၏၊ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း ၊၁၈၃။

ခန္တီ ပရမံ တပေါ တိတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ၊
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ ပရံ ဝိဟေဌယန္တော ၊၁၈၄။

တိတိက္ခာ အမည်ရှိသော သည်းခံမှုသည် မြတ်သောအကျင့်တည်း။ နိဗ္ဗာန်ကို လွန်မြတ်၏ဟု ဘုရားရှင်တို့ဟောတော်မူကုန်၏။ ရဟန်းဟူသည် သူတပါးကို မညှဉ်းဆဲ။ သူတပါးကိုညှဉ်းဆဲသူသည် ရဟန်းမဟုတ် ၊၁၈၄။

အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော၊
မတ္တညုတာ စ ဘတ္တသ္မိံ၊
ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊
ဧတံ ဗုဒ္ဓါန သာသနံ ၊၁၈၅။

သူတပါးကို မကဲ့ရဲ့ မစွပ်စွဲ မညှဉ်းဆဲရာ၊ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ရာ၏။ စားဖွယ်၌ အတိုင်းအရှည်ကို သိရာ၏။ ဆိတ်ငြိမ်သော ကျောင်းအိပ်ရာနေရာသို့ ကပ်ရောက်နေထိုင်ရာ၏။ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တ သိက္ခာကို ပွားများအားထုတ်ရာ၏။ ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမပေတည်း ၊၁၈၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ရှေးရှေး ဘုရားရှင်တို့သည် ဩဝါဒပါတိမောက်ကို အဘယ်သို့ပြလေကုန်ပါသနည်း" ဟု ရှင်အာနန္ဒာမေးလျှောက်၍ ဟောကြားသော တရားဖြစ်၏။

## ၅–အနဘိရတိ ဘိက္ခု

န ကဟာပဏ ဝဿေန၊ တိတ္တိ ကာမေသု ဝိဇ္ဇတိ၊
အပ္ပဿာဒါ ဒုခါ ကာမာ၊ ဣတိ ဝိညာယ ပဏ္ဍိတော ၊၁၈၆

အပိ ဒိဗ္ဗေသု ကာမေသု၊
ရတိံ သော နာဓိ ဂစ္ဆတိ၊
တဏှာက္ခယ ရတော ဟောတိ၊
သမ္မာ သမ္ဗုဒ္ဓ သာဝကော ၊၁၈၇။

အသပြာမိုး ရွာသွန်းပေးသဖြင့်လည်း ကာမတို့၌ ရောင့်ရဲတင်းတိမ်မှုမရှိ။ ကာမတို့သည် သာယာဘွယ်သဘောမရှိကုန်၊ ဆင်းရဲကုန်၏ဟု သိ၍ မြတ်စွာဘုရားတပည့် ဖြစ်သော ပညာရှိသည် နတ်၌ဖြစ်သော ကာမတို့၌သော်လည်း မမွေ့လျော်၊ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်၏ ၊၁၈၆–၁၈၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိန့်၏။ အမွေဖြစ်သော အသပြာတရာကို အမှီပြု၍ သာသနာတော်၌ မမွေ့လျော် လည်တမြော်မြော်ရှိသော ရဟန်းငယ်တဦးကို ဟောကြားသောတရားဖြစ်၏။

---

## ၆–အဂ္ဂိဒတ္တ ပြာဟ္မဏ

ဗဟုံ ဝေ သရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိ စ၊
အာရာမ ရုက္ခ စေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ ၊၁၈၈။

ကြောက်၍ ထိတ်လန့်ကုန်သောများစွာသော လူတို့သည် တောင်တို့ကိုရင်း၊ တောတို့ကိုရင်း၊ အရံတို့ကိုရင်း၊ သစ်ပင်တို့ကိုရင်း၊ စေတီတို့ကိုရင်း ကိုးကွယ်ကြကုန်၏ ၊၁၈၈။

နေတံ ခေါ သရဏံ ခေမံ၊ နေတံ သရဏ မုတ္တမံ၊
နေတံ သရဏ မာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ ၊၁၈၉။

ဤတောတောင်စသည်တို့ကို ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်းမဟုတ်။ မြတ်သောကိုးကွယ်ခြင်းမဟုတ်၊ ဤသို့ ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင် ၊၁၈၉။

ယော စ ဗုဒ္ဓဉ္စ ဓမ္မဉ္စ၊ သံဃဉ္စသရဏံ ဂတော၊
စတ္တာရိ အရိယ သစ္စာနိ၊ သမ္မပ္ပညာယ ပဿတိ ၊၁၉၀။
ဒုက္ခံ ဒုက္ခ သမုပ္ပါဒံ၊ ဒုက္ခဿ စ အတိက္ကမံ၊
အရိယံ စဋ္ဌင်္ဂိကံ မဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ ၊၁၉၁။

အကြင်သူသည် မြတ်စွာဘုရားကိုရှင်း, တရားကိုရှင်း, သံဃာကိုရှင်း-ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူသော အရိယသစ္စာ လေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏ ၊၁၉၀-၁၉၁။

ဧတံ ခေါ သရဏံ ခေမံ ဧတံ သရဏ မုတ္တမံ ၊
ဧတံ သရဏ မာဂမ္မ၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ ၊၁၉၂။

ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ မြတ်သောကိုးကွယ်ဆည်းကပ်ခြင်းမည်၏။ ဤရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏ ၊၁၉၂။

မြတ်စွာဘုရား အင်္ဂတိုင်းနှင့် မာဂဓတိုင်း၏အကြား တခုသောသဲစု၌ နေတော်မူသောအခါ တပည့်တို့အား "တောတောင်ကို ကိုးကွယ် ကုန်လော့၊ သစ်ပင်ကို ကိုးကွယ်ကုန်လော့" စသည်ဖြင့်ဆုံးမလေ့ရှိသော အဂ္ဂိဒတ္တ ရသေ့ကိုအကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၇—အာနန္ဒ ပဉှာ

ဒုလ္လဘော ပုရိသာ ဇညော၊န သော သဗ္ဗတ္ထ ဇာယတိ၊
ယတ္ထ သော ဇာယတိဓီရော၊ တံ ကုလံ သုခ မေဓတိ၊ ၁၉၃။

ယောကျ်ား အာဇာနည်သည်ပေါ်ပေါက်နိုင်ခဲ၏။ ထိုသူသည် ခပ်သိမ်းသော အမျိုးအနွယ်တို့၌မဖြစ်၊ ပညာရှိသောအာဇာနည်ဖြစ်သောအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ရောက်၏၊၁၉၃။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌နေတော်မူသောအခါ "ယောကျ်ား အာဇာနည်သည် အဘယ်အမျိုး၌ဖြစ်နိုင်သနည်း" ဟု ရှင်အာနန္ဒာ လျှောက်သော ပြဿနာကို ဖြေကြားသောတရားဖြစ်၏၊

## ၈—သမ္ဗဟုလ ဘိက္ခု

သုခေါ ဗုဒ္ဓါန မုပ္ပါဒေါ၊ သုခါ သဒ္ဓမ္မ ဒေသနာ၊
သုခါ သံဃဿ သာမဂ္ဂီ၊သမဂ္ဂါနံ တပေါသုခေါ၊၁၉၄။

ဘုရားရှင်တို့ပွင့်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏၊ သူတော်ကောင်းတရား ဟောကြားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းဖြစ်၏။ သံဃာ၏ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။ စိတ်ဓာတ်ညီညွတ်သူတို့၏အကျင့်သည် ချမ်းသာခြင်း၏အကြောင်းဖြစ်၏။၁၉၄။

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ "ကာမဂုဏ်သည်ချမ်းသာ၏၊ မင်းစည်းစိမ်သည် ချမ်းသာ၏" စသည်ဖြင့် ပြောဆိုကြသောရဟန်းများစွာတို့အား ဟောကြားသော ချမ်းသာတရားဖြစ်၏။

---

## ၉—ကဿပ စေတိယ

ပူဇာရဟေ ပူဇယတော၊ဗုဒ္ဓေ ယဒိ ဝသာဝကေ၊
ပပဉ္စ သမတိက္ကန္တေ၊ တိဏ္ဏ သောက ပရိဒ္ဒဝေ၊၁၉၅။

တေ တာဒိသေ ပူဇယတော-
နိဗ္ဗုတေ အကုတော ဘယေ၊
န သက္ကာ ပုညံ သင်္ခါတုံ-
ဣမေတ္တမပိ ကေနစိ၊၁၉၆။

ပူဇော်ထိုက်ကုန်သော တဏှာ မာန ဒိဋ္ဌိဟူသော သံသရာ နယ်ချဲ့ တရားတို့ကို လွန်မြောက် ပြီးကုန်သော စိုးရိမ် ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက် ကုန်ပြီး သော ကိလေသာ ငြိမ်းအေးပြီးကုန်သော တစုံတခုဘေးရန်မရှိကုန်သော ဘုရားရှင်တို့ကိုရင်း၊ တပည့်သားတို့ကိုရင်း ပူဇော်သူ၏ ကောင်းမှုကို ဤမျှရှိ၏ဟု တစုံ တယောက်သော သူသည်လည်း ရေတွက်ရန်မတတ်နိုင်။၁၉၅--၁၉၆။

မြတ်စွာဘုရား သာဝတ္ထိပြည်မှ ဗာရာဏသီသို့ အသွားခရီး အကြား တောဒေယျရွာအနီး ဒေဝဌာနဉ်နေတော်မူသောအခါ လယ်ထွန်သောပုဏ္ဏား တယောက်သည် ထိုနေရာဌာနကိုရှိခိုးနေ၍ "ပုဏ္ဏား ဤအဆောက်အဦကား အဘယ်နည်း"ဟုမေးတော်မူ၏။ ထိုအခါပုဏ္ဏားက "အရှင်ဘုရား ကျွန်ုပ်တို့၏ ရှေးဟောင်းစေတီဖြစ်ပါသည်"ဟုဆို၏။ မြတ်စွာဘုရားက "ကဿပဘုရားရှင်၏ စေတီဖြစ်၍ ရှိခိုးပူဇော်ထိုက်၏"ဟု မိန့်တော်မူကာ ဟောကြားသောတရား ဖြစ်၏။

တဆယ့် လေးခုမြောက် ဗုဒ္ဓဝင်ပြီး၏။

# ၁၅-သုခဝဂ်

## ၁—ဉာတိ ကလဟ

သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော၊
ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော၊၁၉၇။

ရန်ပြုတတ်သူတို့ အလယ်၌ ရန်မပြုကြကုန်ပဲ အလွန်ချမ်းသာစွာငါတို့ အသက်မွေးနိုင်ကုန်၏။ ရန်ပြုသူတို့အလယ်၌ ရန်မရှိကုန်ပဲ ငါတို့နေနိုင်ကြကုန်၏၊၁၉၇။

သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ၊
အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ၊၁၉၈။

ကိလေသာ အနှိပ်စက် ခံရသောသူတို့အလယ်၌ ကိလေသာအနှိပ်စက်မခံကုန်ပဲ အလွန်ချမ်းသာစွာငါတို့ အသက်မွေးနိုင်ကုန်၏။ ကိလေသာအနှိပ်စက်ခံရသော သူတို့ အလယ်၌ ကိလေသာ အနှိပ်စက်မခံရကုန်ပဲ ငါတို့နေနိုင်ကြကုန်၏၊ ၁၉၈။

သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ၊
ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ၊၁၉၉။

ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သောသူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင် ကုန်၏။ ကာမဂုဏ်ကို

ကြောင့်ကြစိုက်ကြကုန်သော လူတို့အလယ်၌ ကာမဂုဏ်ကို ကြောင့်ကြမစိုက်ကြကုန်ပဲ ငါတို့နေနိုင်ကြကုန်၏၊ ၁၉၉။

မြတ်စွာဘုရား သက္ကတိုင်း၌ နေတော်မူသောအခါ ကပိလဝတ်နှင့် ကောလိယမြို့အကြား ရောဟိဏီမြစ်တွင် ရေလုယက်ကြကုန်သော လယ်လုပ်သားတို့၏ ငြင်းခုံခြင်းကို အစပြု၍ ခိုက်ရန်ကြီးစွာဖြစ်ကုန်သော ဆွေတော်မျိုးတော်တို့ကိုဆုံးမရန် ဟောကြားသောတရားဖြစ်၏။

---

## ၂—မာရ

သုသုခံ ဝတ ဇီဝါမ—
ယေသံ နော နတ္ထိ ကိဉ္စနံ၊
ပီတိ ဘက္ခာ ဘဝိဿာမ—
ဒေဝါ အာဘဿရာ ယထာ၊ ၂၀၀။

စိုးရိမ် ကြောင့်ကြဖွယ်ရာ တစုံတရာမျှမရှိပဲ အလွန်ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကုန်၏၊ အာဘဿရာဗြဟ္မာတို့ကဲ့သို့ နှစ်သက်ဝမ်းမြောက်မှု ပီတိတည်းဟူသော အစာကို အားထား၍နေကြကုန်အံ့၊ ၂၀၀။

မြတ်စွာဘုရား ပဥ္စသာလ ပုဏ္ဏားရွာ၌ ဆွမ်းခံဝင်ရာ မာရ်နတ် လှည့်ပတ်သောကြောင့် တစိုး တစိသောဆွမ်းကိုမျှ မရ၊မာရ်နတ်လည်း လမ်းခရီး၌ ကြိုဆီး၍ "အရှင်ဘုရား ဆွမ်းမရသောကြောင့် ပင်ပန်းတော် မူသလောဟု" လျှောက်ရာတွင် ဟောကြားသော တရားဖြစ်၏။

---

## ၃—ကောသလ ရညော

ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော၊
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယ ပရာဇယံ၊ ၂၀၁။

အနိုင်ရသူသည် ရန်ကိုတိုးပွားစေ၏။ ရှုံးသောသူသည်ဆင်းရဲစွာနေရ၏။ ငြိမ်းပြီးသောသူသည် အနိုင် အရှုံးကိုစွန့်၍ ချမ်းသာစွာနေရ၏၊ ၂၀၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါကောသလ မင်းကြီးသည် အဇာတသတ်မင်းနှင့် စစ်တိုက်ရာဝယ် စစ်ရှုံး၍ နှလုံးမသာ မယာရှိနေကြောင်း ရဟန်းတို့ပြောကြရာ၌ ဟောကြားသောတရားဖြစ်၏။

---

## ၄–အညတရ ကုလ ဒါရိကာ

နတ္ထိ ရာဂသမော အဂ္ဂိ၊နတ္ထိ ဒေါသ သမော ကလိ၊
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊နတ္ထိ သန္တိ ပရံ သုခံ၊၂၀၂။

ရာဂနှင့်တူသောမီး မရှိ၊ဒေါသနှင့်တူသော အပြစ်မရှိ၊ခန္ဓာနှင့်တူသော ဆင်းရဲ မရှိ ၊နိဗ္ဗာန်နှင့်တူသော ချမ်းသာမရှိ ၊၂၀၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သတို့သမီး တယောက် ထိမ်းမြားမင်္ဂလာပြုသောနေ့၌ သံဃာနှင့်တကွ မြတ်စွာဘုရားကို ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ထိုအခါ သတို့သားနှင့် သတို့သမီးတို့သည် အချင်း ချင်း တယောက်နှင့်တယောက် စိန်းစိန်းကြည့်လျက် ကိလေသာ၏အစွမ်းဖြင့် ကြံကြ၏။ ထို့ကြောင့် ဘုရားရှင်သည် ထိုသူတို့အား ဆုံးမရန် ဤတရားကို ဟောကြားခြင်းဖြစ်၏။

---

## ၅–ဧက ဥပါသက

ဇိဃစ္ဆာ ပရမာ ရောဂါ၊ သင်္ခါရ ပရမာ ဒုခါ၊
ဧတံ ဉတွာ ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ ၊၂၀၃။

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံး အနာရောဂါမည်၏။ သင်္ခါရ တရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာ တည်း။ ဤသို့ ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု၏ ၊၂၀၃။

မြတ်စွာဘုရား အာဠဝီပြည်၌ နေတော်မူသောအခါ နွားပျောက်ရှာ သောဥပါသကာ တယောက်သည် နွားကိုရှာတွေ့၍ အိမ်သို့ပြန်ပြီးခြဲ၌သွင်း၏။

ထို့နောက် ရေမိုးချိုးပြီး ထမင်းစားရန်ဖြစ်၏။ နွားပျောက်ရှာရသည့်အတွက် စားချိန်လွန်ကာ လွန်စွာဆာလောင်မွတ်သိပ်နေ၏။ သို့ရာတွင် ထမင်းမစားဘဲ တရားနာရန် ကျောင်းတော်သို့သွား၏။ ဘုရားရှင်သည် ထိုသူအား တစုံတရာစားသောက်ရန်တိုက်တွန်းပြီး ဟောကြားသောတရားဖြစ်၏။

---

## ၆—ပသေနဒီ ကောသလ

အာရောဂျ ပရမာ လာဘာ၊ သန္တုဋ္ဌိ ပရမံ ဓနံ၊
ဝိဿာသော ပရမာ ဉာတိ၊ နိဗ္ဗာနံ ပရမံ သုခံ ၊၂၀၄။

အနာရောဂါကင်းခြင်းသည် မြတ်သောလာဘ်တည်း။ ရောင့်ရဲခြင်းသည် မြတ်သောဥစ္စာတည်း။ ချင်ကျွမ်းဝင်ခြင်းသည် မြတ်သောဆွေမျိုးတည်း။ နိဗ္ဗာန်သည် မြတ်သောချမ်းသာတည်း ၊၂၀၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအား ဤသို့လျှောက်ကြား၏ "အရှင်ဘုရား ကျွန်ုပ်သည် ရှေးအခါက ဆန်တစိတ်ချက်ထမင်းကိုစား၍ မနေသာ မထိုင်သာ ရောဂါဥပဒ်များ၏။ ယခုမူကား အရှင်ဘုရား၏ ဩဝါဒဖြင့် တကွမ်းစားမျှ လောက်သော ဆန်ကို ချက်သောအစာဖြင့် ရောင့်ရဲမျှတသောကြောင့် ရောဂါငြိမ်းပေသည်။ ရှေးအခါက တူတော်အဇာတသတ်မင်းနှင့် စစ်ဖက်ရသည်။ သမီးတော် ဝဇိရာကုမာရီနှင့်တကွ ကာသိကရွာကို တူတော်အားပေးလိုက်ရာတွင်မှ စစ်ငြိမ်းပေသည်။ ဆွေတော်မျိုးတော်ဖြစ်သော ဝါသဘခတ္တိယာ မင်းသမီးကိုရ၍ ဘုရားတပည့်သံဃာတို့နှင့် အကျွမ်းတဝင်ဖြစ်ပေသည်" ဟု လျှောက်ရာ၌ ဟောကြားသော တရားဖြစ်၏။

---

## ၇—တိဿ

ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿ စ ၊
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မ ပီတိ ရသံ ပိဝံ ၊၂၀၅။

တရားတည်းဟူသော နှစ်သိမ့်မှုပီတိအရသာကို သောက်သူသည် ဆိတ်ငြိမ်ရာ၌ ရသောအရသာကိုရင်း, အပူငြိမ်းရာ နိဗ္ဗာန်၏အရသာကိုရင်း, သောက်ရသောကြောင့် ပူပန်ခြင်းကင်း၏။ မကောင်းမှုမှလည်း ကင်း၏ ။၂၀၅။

မြတ်စွာဘုရား ဝေသာလီပြည်၌ နေတော်မူသောအခါ "လေးလလွန်သဖြင့် ပရိနိဗ္ဗာန်စံတော်မူအံ့"ဟု အာယုသင်္ခါရ လွှတ်တော်မူသည်ကို ကြား၍ "သက်တော်ထင်ရှား ဘုရားရှင်ရှိခိုက် မဂ်ဉာဏ်-ဖိုလ်ဉာဏ်ကို ရလိုက်အောင် ကျင့်အံ့"ဟု အားထုတ်သော တိဿရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၈—သက္က

သာဟု ဒဿန မရိယာနံ၊ သန္နိဝါသော သဒါသုခေါ၊
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ ။၂၀၆။

သူတော်ကောင်းတို့ကို တွေ့မြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းတို့နှင့် ပေါင်းဖော်ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့ကို မတွေ့မမြင်ရခြင်းသည် အမြဲပင်ချမ်းသာ၏ ။၂၀၆။

လာဗ သင်္ဂတ စာရိ ဟိ၊
ဒီဃ မဒ္ဓါန သောစတိ၊
ဒုက္ခော ဗာလေဟိ သံဝါသော၊
အမိတ္တေနေဝ သဗ္ဗဒါ၊
ဓီရော စ သုခ သံဝါသော၊
ဉာတီနံဝ သမာဂမော ။၂၀၇။

သူမိုက်နှင့်ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ သူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့်အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူနေရခြင်းသည် ဆွေမျိုးတို့နှင့်အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏ ။၂၀၇။

တသ္မာ ဟိ—
ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊
ဓောရယှ သီလံ ဝတဝန္တ မရိယံ၊
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊
ဘဇေထ နက္ခတ္တ ပထံဝ စန္ဒိမာ၊၂၀၀။

ထို့ကြောင့်သာလျှင် တည်ကြည်ခြင်းလည်းရှိသော, ပညာလည်းရှိသော, အကြားအမြင်လည်းရှိသော, ဝန်ကိုလည်းဆောင်လေ့ရှိသော, သီလအကျင့်လည်း ရှိသော မြတ်သော ထိုသို့သောပညာရှိသူတော်ကောင်းကို လသည် နက္ခတ်သွားရာ လမ်းကို ချည်းကပ်သကဲ့သို့ မှီဝဲဆည်းကပ်ရာ၏၊၂၀၀။

မြတ်စွာဘုရား ဝေဠုဝန်ရွာ၌ နေတော်မူ၍ အာယုသင်္ခါရ လွှတ်တော် မူပြီးနောက် ဝမ်းသွေးသွန်သောအနာ ကပ်ရောက်၏။ သိကြားမင်းသည် သူနာပြုစုရန် မထင်ရှားသောအသွင်ဖြင့်လာ၍ ခြေတော်ကို ဆုတ်နယ်၍ "သိကြားမင်း နတ်တို့ဟူသည်ကား ယူဇနာတရာကပင် လူတို့အနံ့အသက်ကို မခံနိုင်၊ စက်ဆုပ်၏။ ငါ့အား အလုပ်အကျွေးရဟန်း များစွာရှိ၏။ နတ်ရွာသို့ ပြန်လေလော့" ဟု မိန့်တော်မူ၏။ ထိုအခါသိကြားက "အရှင်ဘုရား သီလ တည်း ဟူသော ဂုဏ်ရနံ့သည် ဖြင့်မိုရ်တောင်ထက်ကပင် မွှေးကြိုင်ပါသည်။ ကျွန်ုပ်ပြုပါအံ့" ဟု လျှောက်ပြီး သူနာပြုရာ၌ဟောကြားသောတရားဖြစ်၏။

တဆဲ့ငါးခုမြောက် သုခဝဂ် ပြီး၏။

# ၁၆-ပိယဝဂ်

## ၁ − တယော ဇန

အယောဂေ ယုဉ္ဇမတ္တာနံ—
ယောဂသ္မိဉ္စ အယောဇယံ၊
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ—
ပိဟေတတ္တာနုယောဂိနံ၊ ၂၀၉။

မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ပဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်ဖွယ်အာရုံ အာမဂုဏ်ကို စွဲလမ်း သူသည် ကိုယ်တိုင် အားထုတ်သူတို့၏ (အကျိုးစီးပွါးကို) လိုလားတောင့်တ၏၊ ၂၀၉။

မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ၊
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပ္ပိယာနဉ္စ ဒဿနံ၊ ၂၁၀။

ချစ်သူ တို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသူတို့နှင့်လည်း တရံ တဆစ်မျှ မပေါင်းဖော်လင့်၊ ချစ်သူတို့ကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏၊ မုန်းသူတို့ကို မြင်ရ ခြင်းသည်လည်း ဆင်းရဲ၏၊ ၂၁၀။

တဿ္မာ ပိယံ န ကယိရာထ–
ပိယာပါယော ဟိ ပါပကော၊
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ–
ယေသံ နတ္ထိ ပိယာပ္ပိယံ၊ ၂၁၁။

ထို့ကြောင့် ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည်မကောင်းသည်သာတည်း။ ချစ်ခြင်း–မုန်းခြင်းမရှိသူတို့အား အနှောင်အဖွဲ့တို့ မရှိကုန်။ ၂၁၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဂဟပတိ တပေမဖြင့် ချစ်ခင်လေးမြတ်ကုန်သော သားအဖ, သားအမိ, ရဟန်း သုံးဦးတို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၂–အညတရ ကုဋုမ္ဗိက

ပိယတော ဇာယတီ သောကော–
ပိယတော ဇာယတီ ဘယံ၊
ပိယတော ဝိပ္ပမုတ္တဿ–
နတ္ထိ သောကော ကုတော ဘယံ၊ ၂၁၂။

ချစ်ခင်ခြင်းကြောင့် စိုးရိမ်ရ၏။ ချစ်ခင်ခြင်းကြောင့် ကြောက်ရွံ့ရ၏။ ချစ်ခင်ခြင်းမှ ကင်းလွတ်သူအား အဘယ်မှာ စိုးရိမ်ကြောက်ရွံ့ခြင်း ရှိတော့အံ့နည်း၊ ၂၁၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားသေသောကြောင့် သောကနှိပ်စက်သည်ဖြစ်၍ ငိုကြွေး မြည်တမ်းသော သူကြွယ်တယောက်ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၃–ဝိသာခါ

ပေမတော ဇာယတီ သောကော–
ပေမတောဇာယတီဘယံ၊
ပေမတော ဝိပ္ပမုတ္တဿ–
နတ္ထိ သောကော ကုတော ဘယံ၊ ၂၁၃။

မြတ်နိုးခြင်းကြောင့် စိုးရိမ်ရ၏၊ မြတ်နိုးခြင်းကြောင့် ကြောက်ရွံ့ရ၏။ မြတ်နိုးခြင်းမှ ကင်းလွတ်သူအား အဘယ်မှာ စိုးရိမ်ကြောက်ရွံ့ခြင်း ရှိတော့အံ့နည်း၊ ၂၁၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မြေးသေ၍ ငိုကြွေးနေသော ဝိသာခါ ဒါယိကာမကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၄–လိစ္ဆဝီ

ရတိယာ ဇာယတီ သောကော–
ရတိယာ ဇာယတီ ဘယံ၊
ရတိယာ ဝိပ္ပမုတ္တဿ–
နတ္ထိ သောကော ကုတော ဘယံ၊ ၂၁၄။

မွေ့လျော်ခြင်းကြောင့် စိုးရိမ်ရ၏။ မွေ့လျော်ခြင်းကြောင့် ကြောက်ရွံ့ရ၏။ မွေ့လျော်ခြင်းမှ ကင်းလွတ်သူအား အဘယ်မှာ စိုးရိမ် ကြောက်ရွံ့ခြင်း ရှိတော့အံ့နည်း၊ ၂၁၄။

မြတ်စွာဘုရား ဝေသာလီပြည် ကူဋာဂါရကျောင်း၌ နေတော်မူသော အခါ ပြည့်တန်ဆာမတယောက်ကြောင့် လိစ္ဆဝီမင်းတို့၏ သေကျေပျက်စီး ရခြင်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

## ၅–အနိတ္ထိဂန္ဓကုမာရ

ကာမတော ဇာယတီ သောကော–
ကာမတော ဇာယတီ ဘယံ၊
ကာမတော ဝိပ္ပမုတ္တဿ–
နတ္ထိ သောကော ကုတော ဘယံ၊ ၂၁၅။

ကာမကြောင့်စိုးရိမ်ရ၏။ ကာမကြောင့်ကြောက်ရွံ့ရ၏။ ကာမမှကင်းလွတ်သူအားအဘယ်မှာ စိုးရိမ် ကြောက်ရွံ့ခြင်း ရှိတော့အံ့နည်း၊ ၂၁၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါသာဝတ္ထိမြို့၌ အနိတ္ထိဂန္ဓသတို့သားသည် ဖွားမြင်သည်မှစ၍ မိန်းမကို မမြင်လို မနီးလို၊ အရွယ် ရောက်သောအခါ ရွှေရုပ်နှင့် တူသော အမျိုးသမီးကိုရ၍ အလွန်ချစ်မြတ်နိုး၏။ ထိုသတို့သမီး သေဆုံးလေ၍ သတို့သားသည် သောကနှိပ်စက်သဖြင့် မစားနိုင် မသောက်နိုင်ဖြစ်နေ၍ ဟောကြားသောတရားဖြစ်၏။

---

## ၆ - အညတရ ဗြာဟ္မဏ

တဏှာယ ဇာယတီ သောကော—
တဏှာယ ဇာယတီ ဘယံ၊
တဏှာယ ဝိပ္ပမုတ္တဿ—
နတ္ထိ သောကော ကုတော ဘယံ၊ ၂၁၆။

တဏှာကြောင့် စိုးရိမ်ရ၏၊တဏှာကြောင့် ကြောက်ရွံ့ရ၏။တဏှာမှကင်းလွတ်သူအား အဘယ်မှာ စိုးရိမ် ကြောက်ရွံ့မှု ရှိတော့အံ့နည်း၊ ၂၁၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရိတ်သိမ်းခါနီးဖြစ်နေသော လယ်ကို တန့်မျှမကျန်ရအောင် ရေဖျက်ဆီးခြင်းကြောင့် သောက နှိပ်စက်ခြင်း ခံနေရသော ပုဏ္ဏားကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၇ - ပဥ္စသတ ဒါရက

သီလ ဒဿန သမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ၊
အတ္တနော ကမ္မ ကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ၊ ၂၁၇။

သီလနှင့်လည်းပြည့်စုံ၊ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၍တရား၌တည်ကာအမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်ကိစ္စကိုလည်း ပြုတတ်သူကိုလူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပအား မှီ၍လှုသော သူငယ်ငါးရာတို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၈—ကေ အနာဂါမိ

ဆန္ဒဇာတော အနက္ခာတေ—
မနသာစ ဖုဋ္ဌော သိယာ၊
ကာမေသု စ အပ္ပဋိဗဒ္ဓ စိတ္တော—
ဥဒ္ဓံ သောတောတိ ဝုစ္စတိ၊ ၂၁၈။

နိဗ္ဗာန်ကို လွန်စွာလိုလားသည်ဖြစ်၍ စိတ်ဖြင့် ထိတွေ့ကာ ကာမတို့၌ ကပ်ငြိခြင်းမရှိသူကို အထက်သို့ ဆန်တက်မည့်သူဟုဆိုအပ်၏၊ ၂၁၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အနာဂါမ်ရဟန်းတပါးကို တပည့်တို့က "အရှင်ဘုရား တရားအထူးကို ရပါပြီလော" ဟုမေးကြ၏။ သို့ရာတွင် မထေရ်က "အရဟတ္တဖိုလ်သို့ရောက်မှပြောအံ့" ဟု ဆိတ်ဆိတ်နေ၏။ မကြာမီ စုတေ၍ သုဒ္ဓါဝါသ ဘုံ၌ဖြစ်၏။ ထိုအခါ တပည့်တို့က အချည်းနှီးသောသေခြင်းဟု ယူဆကြ၍ ဟောကြားသောတရားဖြစ်၏။

---

## ၉—နန္ဒိယ

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိံ မာဂတံ၊
ဉာတိ မိတ္တာ သုဟဇ္ဇာစ၊ အဘိနန္ဒတိ အာဂတံ၊ ၂၁၉။

ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာပြန်ရောက်လာသူကို ဆွေမျိုး, မိတ်ဆွေ, ချစ်ကျွမ်းဝင်သူတို့သည် ပြန်လာပြီဟု နှစ်သက်ဝမ်းမြောက်ကုန်၏၊ ၁၁၉။

တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ၊
ပုညာနိ ပဋိဂဏှန္တိ၊ ပိယံ ဉာတီဝ အာဂတံ၊ ၂၂၀။

ဤနည်းတူစွာလျှင် ဤလောကမှ တမလွန်လောကသို့ သွားသော ကောင်းမှု ရှိသူကိုလည်း ဆွေမျိုးတို့သည် ပြန်ရောက်လာသော ချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏၊ ၁၂၀။

မြတ်စွာဘုရား မိဂဒါဝုန်တော၌ နေ့တော်မူသော အခါ ကျောင်းတကာဖြစ်သော နန္ဒိယ ဥပါသကာ၏ ယူဇနာတရာမြင့်ပြီး ရတနာ ခုနစ်ပါးတို့ဖြင့်ပြီးသော ဘုံပြာသာဒ်ပေါ်ကလာသည်ကို ရှင်မောဂ္ဂလာန် နတ်ပြည်သို့ ကြွရာမှာ တွေ့မြင်ခဲ့၍ "အရှင်ဘုရား ကောင်းမှုရှိသူတို့အား မသေမီပင် နတ်ပြည်၌ဘုံဗိမာန်ပေါ်ကပါသလော" ဟုလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက "မောဂ္ဂလာန် နန္ဒိယ ဗိမာန်ကို ကိုယ်တိုင် မြင်ခဲ့ပြီ မဟုတ်တုံလော" ဟု မိန့်တော်မူကာ ဟောကြားသောတရားဖြစ်၏။

တဆယ့်ခြောက်ခုမြောက် ပိယဝဂ် ပြီး၏။

# ၁၇-ကောဓဝဂ်

## ၁-ရောဟိနီ ခတ္တိယကညာ

ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ-
သံယောဇနံ သဗ္ဗမတိက္ကမေယျ၊
တံ နာမ ရူပသ္မိ မသဇ္ဇ မာနံ-
အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။ ၂၂၁။

အမျက်ဒေါသကို စွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်ဟူသမျှကို ကျော်လွန်ရာ၏။ နာမ်-ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့ မကျရောက်ကုန်။ ၂၂၁။

မြတ်စွာဘုရား နိဂြောဓာရုံကျောင်း၌ နေတော်မူသောအခါ ရှင်အနုရုဒ္ဓါ၏ နှမတော် ရောဟိနီ အမည်ရှိသော မင်းသမီးသည် နူနာစွဲ၍ ရှက်သောကြောင့် မောင်တော်၏ထံ မလာဝံ့ဖြစ်နေသည်ကို ခေါ်၍ "စရပ်ဆောက်လုပ်ခြင်း ကုသိုလ်ကို ပြုလော့" ဟုတိုက်တွန်း၏။ ထို့ကြောင့် ရောဟိနီသည် စရပ်ဆောက်လုပ်ပြီးလျှင် ဘုရားအမှူးရှိသော သံဃာတော်ကိုပင့်၍ ဆွမ်းလုပ်ကျွေး၏။ ဘုရားရှင်သည် ရောဟိနီကို ခေါ်တော်မူ၍ "သင်သည်

ရှေးအခါက ဗာရာဏသီမင်းကြီး၏ မိဘုရားဖြစ်သောအခါ မောင်းမငယ် တယောက်ကို အမျက်ထွက်၍ ယားစေတတ်သော အမှုဖြင့် ပြု၍ နှိပ်စက်ခဲ့ ဘူးသည်။ ထို့ကြောင့် ယခုအခါ ဤရောဂါ စွဲကပ်ခြင်းဖြစ်သည်။ မာန ဒေါသကို ပယ်အပ်၏ ” ဟု မိန့်တော်မူပြီး ဟောကြားသော တရားဖြစ်၏။

## ၂-အညတရ ဘိက္ခု

ယော ဝေ ဥပ္ပတိတံ ကောဓံ-
ရထံ ဘန္တံဝ ဝါရယေ၊
တမဟံ သာရထိံ ဗြူမိ-
ရသ္မိဂ္ဂါဟော ဣတရော ဇနော။ ၂၂၂။

လိမ္မာသော ရထားထိန်းသည် ယျင်မြန်စွာပြေးသွားသော ရထားကို လမ်းမလွဲ အောင် စောင့်ရှောက်နိုင်သကဲ့သို့ ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားမြစ်နိုင်သူ ကို ရထားထိန်းဟု ငါဆို၏။ ဤမှတပါး ပြကတေ့ရထားထိန်းသည် ရထားကြိုးကိုင် သာမည်၏။ ၂၂၂။

မြတ်စွာဘုရား အဂ္ဂါဠဝစေတီ၌ နေတော်မူသောအခါ ရဟန်းတပါး သည် ကျောင်းဆောက်ရန်အတွက် နှစ်သက်ဖွယ်ရှိသော သစ်ပင်ကို ခုတ်လှဲ ရန် အားထုတ်၏။ ထိုအခါ ရုက္ခစိုးနတ်သည် “ဗိမာန်ကိုမဖျက်ဆီးပါလင့်” ဟု တောင်းပန်၏။ သို့ရာတွင် မရသောကြောင့် သနားအောင် သားငယ် ကိုပြ၍ တောင်းပန်ရာတွင် မြှောက်ချီထားသောဓားကို မထိန်းနိုင်၍ သား ငယ်လက်ကို ခုတ်မိသွား၏။ ရုက္ခစိုးသည် ရဟန်းကိုသတ်လိုလျက် မြတ်စွာ ဘုရားအား လာပြီးလျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

## ၃-ဥတ္တရာ ဥပါသိကာ

အက္ကောဓေန ဇိနေ ကောဓံ-
အသာဓုံ သာဓုနာ ဇိနေ၊
ဇိနေ ကဒရိယံ ဒါနေန-
သစ္စေ နာလိကဝါဒိနံ။ ၂၂၃။

အမျက်ထွက်သူကို မေတ္တာဖြင့် အောင်ရာ၏။ မကောင်းသော သဘောရှိသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏။ မဟုတ်မမှန်ပြောသူကို အဟုတ်အမှန် ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ၂၂၃။

မြတ်စွာဘုရား ဝေဠုဝန် ကျောင်း၌နေတော်မူသောအခါ ပုဏ္ဏသူဌေး၏သမီး ဥတ္တရာသည် မိစ္ဆာအယူရှိသောသူနှင့် သင့်မြတ်သည်ဖြစ်၍ဥပုသ်စောင့်ခြင်း, ဒါနပြုခြင်းကို မရသောကြောင့် အသပြာ တသောင်း ငါးထောင်ဖြင့် သိရိမာအမည်ရှိသော ပြည့်တန်ဆာကို ၁၅ ရက်အတွက် ငှါး၍ လင်၏ထံ၌နေစေပြီး မိမိသည် ဥပုသ်သီတင်း ဆောက်တည်၍ ဘုရား အမှူးရှိသော သံဃာအား ပေးလှူလျက်နေ၏။ သိရိမာသည် မိမိကိုယ်ကို အရှင်ကဲ့သို့ယူဆ၍ ဥတ္တရာကို ငြူစူသောကြောင့် ကျိုက်ကျိုက်ဆူသော ဆီပူဖြင့် လောင်း၏။ သို့ရာတွင် ဥတ္တရာ၏မေတ္တာကြောင့် ဆီပူသည် စန္ဒကူးကဲ့သို့ အေးမြ၏။ သိရိမာလည်း ဤအံ့ဖွယ် သရဲကိုမြင်၍ တောင်းပန်ဝန်ချ၏။ ဘုရားရှင်ထံမှာ တောင်းပန်ဝန်ချလော့ဟု ဆို၍ ဘုရားရှင်ကြွလာသောအခါမှာ အကြောင်းကိုလျှောက်၍ တောင်းပန်ဝန်ချသောကြောင့် ဟောကြားသောတရားဖြစ်၏။

---

## ၄–မဟာမောဂ္ဂလ္လာန ပဉှာ

သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော၊
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။ ၂၂၄။

မှန်သောစကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးဖြင့် နတ်ပြည်သို့ ရောက်ရာ၏။ ၂၂၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မောဂ္ဂလာန် နတ်ပြည်သို့ ဒေသစာရီကြွရာတွင် နတ်သမီး နတ်သားတို့ဘုံဗိမာန်နှင့် စံနေကြောင်းကို မြင်ခဲ့သောကြောင့် "အရှင်ဘုရား မှန်သောစကားကို ဆိုကာမျှဖြင့်, အမျက်ကို ငြိမ်းစေကာမျှဖြင့်, အနည်းငယ်ပေးလှူကာမျှဖြင့် နတ်ပြည်သို့ ရောက်ပါသလော" ဟု မေးလျှောက်၏။ ထိုအခါ ဘုရားရှင်က "မောဂ္ဂလာန် သင်ကိုယ်တိုင် မြင်ခဲ့ပြီမဟုတ်လော" ဟု မိန့်တော်မူပြီး ဟောကြားသောတရားဖြစ်၏။

## ၅-ဗုဒ္ဓပိတုဗြာဟ္မဏ

အဟိံသကာ ယေ မုနယော-
နိစ္စံ ကာယေန သံဝုတာ၊
တေ ယန္တိ အစ္စုတံ ဌာနံ-
ယတ္ထ ဂန္တွာ န သောစရေ။ ၂၂၅။

သူတပါးတို့ကို မညှဉ်းဆဲတတ်။ ကာယ ဒွါရ စသည်တို့ဖြင့် အမြဲစောင့်စည်းတတ်သော မုနိသည် စိုးရိမ်ခြင်းကင်းရာ သေခြင်းကင်းရာ အရပ်သို့ ရောက်ကြကုန်၏။ ၂၂၅။

မြတ်စွာဘုရား သာကေတမြို့၌ နေတော်မူသောအခါ ပုဏ္ဏားကြီးသို့ခင်ပွန်းတို့သည် ဘုရားရှင်ကို တွေ့မြင်ကတည်းကပင် "ချစ်သား ဘယ်အရပ်သို့ သွားနေသနည်း၊ မိဖတို့ အိုမင်းမစွမ်းရှိပြီ။ ကြည့်ပါဦးလော့" ဟုလျှောက်၍ စုံပက်မြတ်နိုးစွာ ဝါတွင်းသုံးလပတ်လုံး လုပ်ကျွေး၏။ ဘုရားရှင်ကို သူတပါးတို့ ဖိတ်မန့်သည်ရှိသော် ထိုပုဏ္ဏားကို ပန်ကြား၍ ဖိတ်မန့်ရကုန်၏။ မြတ်စွာဘုရား ဥမည်းတော် မယ်တော်ဟု တွင်၏။ ဘဝငါးရာပတ်လုံးမိဖနှင့်ထိုမျှလောက် ပတ်လုံး မိထွေး ဖထွေး ဖြစ်ဘူးကုန်၏။ ဘုရားရှင်၏တရားကို မပြတ်နာကြားရ၍ အရဟတ္တဖိုလ်သို့ ရောက်ကာ ပရိနိဗ္ဗာန် ပြုကုန်၏။ အဘယ်ဘုံသို့ ရောက်ကုန်သနည်းဟု ရဟန်းတို့မေးလျှောက်ရာတွင် ဟောကြားသောတရား ဖြစ်၏။

---

## ၆-ပုဏ္ဏာ ဒါသိ

သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနု သိက္ခိနံ၊
နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ ၊ ၂၂၆။

အခါခပ်သိမ်း နိုးကြားထကြွကုန်သည်ဖြစ်၍ နေ့ညဉ့်ပတ်လုံး သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စိတ်ညွတ်ကြသူတို့အား အာသဝေါတရားတို့ ချုပ်ငြိမ်းကွယ်ပျောက်ကုန်၏ ၊ ၂၂၆။

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်၌ နေတော်မူသောအခါ နေရာခင်းခွင့် သမုတိရသော မလ္လမင်းသား ရှင်ဒဗ္ဗသည် လက်ညှိုးကို မီးထွန်းလျက် ရဟန်းတို့ကို လက်ညှိုးမီးရောင်ဖြင့် မိမိနှစ်သက်ရာသို့ဆောင်၍ နေရာခင်း၏။ ရာဇဂြိုဟ်သူဌေး၏ကျွန်မ ပုဏ္ဏာလည်း စပါးထောင်းရာမှမြင်၍ "ငါ့မှာဒုက္ခနှိပ်စက်သောကြောင့် မအိပ်ရ၊ ဤအရှင်တို့မှာ ညဉ့်နက်သန်းခေါင် အဘယ်ကိစ္စရှိ၍ နေကြလေသနည်း"ဟု ကြံစည်အောက်မေ့၏။ နံနက်အထ၌လည်း ဆန်ကွဲကိုရေဆွတ်၍ မုံ့လက်ကောက်လုပ်ပြီးလျှင် ရေခပ်ယင်းစားရန် ခါးပိုက်၌ထည့်၍ ရေဆိပ်သို့လာ၏။ ဘုရားရှင်ဆွမ်းခံဝင်သည်နှင့် ရင်ဆိုင်တွေ့သော် ရိုသေစွာ မုံ့လက်ကောက်ကို လှူ၏။ ဘုရားရှင်လည်း သပိတ်နှင့်ခံတော်မူ၍ ထိုအရပ်၌ပင် ဘုဉ်းပေးတော်မူ၍ "ပုဏ္ဏာ သင်ယမန်နေ့ညက ငါ့တပည့်သားတို့ကိုမြင်သဖြင့် အဘယ်သို့အကြံဖြစ်သနည်း" မေးတော်မူ၏။ ထိုအခါပုဏ္ဏာသည် မိမိအောက်မေ့သည့်အတိုင်း လျှောက်သော် "ငါ၏တပည့်သားတို့သည် အခါခပ်သိမ်း နိုးကြားခြင်းနှင့် ယှဉ်ကုန်၏"ဟု မိန့်တော်မူကာ ဟောကြားသောတရားဖြစ်၏။

## ၇–အတုလ ဥပါသက

ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ၊
နိန္ဒန္တိ တုဏှိမာသီနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ၊
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော ၊၂၂၇။

အိုအတုလ ဤကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ ပြောသူကိုလည်း ကဲ့ရဲ့ကုန်၏။ ဤလောက၌ ကဲ့ရဲ့လွတ်သူမရှိ ၊၂၂၇။

န စာဟု န စ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ၊
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော၊ ၂၂၈။

လုံးဝ အကဲ့ရဲ့ခံရသူ, လုံးဝ အချီးမွမ်းခံရသူမည်သည် ရှေးကလည်းမရှိခဲ့စဘူး၊ နောင်အခါလည်း ရှိလိမ့်မည်မဟုတ်၊ ယခုအခါလည်းမရှိ ၊၂၂၈။

ယံ စေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေ သုဝေ၊
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာသီလ သမာဟိတံ ၊၂၂၉။
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကောတံနိန္ဒိတု မရဟတိ၊
ဒေဝါပိနံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော ၊၂၃၀။

အကျင့် မကျိုး မပြတ်သော ဖောက်ခွဲနိုင်သည့်ပညာရှိသော ပညာဂုဏ်,သီလဂုဏ်, သမာဓိဂုဏ်ရှိသူကို ပညာရှိတို့သည် ဟုတ်မှန်စွာသိ၍ နေ့တိုင်း နေ့တိုင်း ချီးမွမ်းခဲ့ပါမူ ဇမ္ဗူရာဇ်ရွှေစင်နိက္ခနှင့်တူသူကို အဘယ်သူကဲ့ရဲ့နိုင်ပါအံ့နည်း။ ထိုလူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏။ ဗြဟ္မာသည်လည်း ချီးမွမ်း၏ ၊၂၂၉-၂၃၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ရေဝတကိုလည်း စကားမပြောတုဏှိဘောနေတိသည်ဟု ကဲ့ရဲ့သော၊ ရှင်သာရိပုတြာ ကိုလည်း အဘိဓမ္မာကိုများစွာဟောလွန်းသည်ဟု ကဲ့ရဲ့သော၊ ရှင်အာနန္ဒာကိုလည်းစကားနည်းလွန်းသည်ဟု ကဲ့ရဲ့သောအတုလဥပါသကာကို ဆုံးမတော်မူခြင်းငှာ ဟောကြားသောတရားဖြစ်၏။

---

## ဂ—ဆဗ္ဗဂ္ဂိယ

ကာယပ္ပကောပံ ရက္ခေယျ—
ကာယေန သံဝုတော သိယာ၊
ကာယ ဒုစ္စရိတံ ဟိတွာ—
ကာယေန သုစရိတံ စရေ ၊၂၃၁။

ကိုယ်အမူအရာ ပျက်စီးမှုကို စောင့်ရှောက်ရာ၏။ ကာယဒွါရဖြင့် တားမြစ်ပိတ်ပင်ရာ၏။ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယဒုစရိုက်ကို ကျင့်ရာ၏ ၊၂၃၁။

ဝစီပကောပံ ရက္ခေယျ—
ဝါစာယ သံဝုတော သိယာ၊
ဝစီ ဒုစ္စရိတံ ဟိတွာ၊—
ဝါစာယ သုစရိတံ စရေ ၊၂၃၂။

နှုတ်အမူအရာပျက်စီးမှုကို စောင့်ရှောက်ရာ၏၊ ဝစီဒွါရဖြင့် တားမြစ်ပိတ်ပင်ရာ၏ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်ရာ၏ ၊၂၃၂။

မနောပကောပံ ရက္ခေယျ
မနသာ သံဝုတော သိယာ၊
မနော ဒုစ္စရိတံ ဟိတွာ၊
မနသာ သုစရိတံ စရေ၊ ၂၃၃။

စိတ်အမူအရာပျက်စီးမှုကို စောင့်ရှောက်ရာ၏၊ မနောဒွါရဖြင့် တားမြစ်ပိတ်ပင်ရာ၏၊ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်ရာ၏၊ ၂၃၃။

ကာယေန သံဝုတာ ဓီရာ၊
အထော ဝါစာယ သံဝုတာ၊
မနသာ သံဝုတာ ဓီရာ၊
တေ ဝေ သုပရိ သံဝုတာ၊ ၂၃၄။

ပညာရှိတို့သည် ကိုယ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်, နှုတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်, စိတ်ဖြင့်ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင် ကုန်၏။ ပညာရှိတို့သည်သာ တားမြစ်ပိတ်ပင်သူတို့မည်ကုန်၏ ၊၂၃၄။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ တောင်ဝှေးတဖက်တချောင်းထောက်၍ သစ်သားဖိနပ်ကိုစီးပြီး စင်္ကြံသွားကုန်သော ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ဆုံးမရန် ဟောကြားသော တရားဖြစ်၏။

တဆယ့်ခုနစ်ခုမြောက် ကောဓဝဂ်ပြီး၏။



## ၁၈-မလဝဂ်

### ၁-ဂေါဃာတက ပုတ္တ

ပဏ္ဍုပလာသောဝ ဒါနိသိ—
ယမ ပုရိသာပိ စ တေ ဥပဋ္ဌိတာ၊
ဥယျောဂ မုခေ စ တိဋ္ဌသိ—
ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ၊ ၂၃၅။

သင်သည် ယခုအခါဖျော့တော့သောဖက်ရွက်လျော်ကဲ့သို့ဖြစ်ခဲ့ပြီ၊သေမင်းတမန် တို့သည်လည်း သင်၏အနီး၌ တည်ကုန်ပြီ၊ဆုတ်ယုတ်ပျက်စီးခြင်း၏အစ၌လည်း တည် ခဲ့ပြီ၊ သင့်အား ရိက္ခာလည်း မရှိ၊ ၂၃၅။

သော ကရောဟိ ဒီပမတ္တနော—
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ၊
နိဒ္ဓန္တ မလော အနင်္ဂဏော—
ဒိဗ္ဗံ အရိယ ဘူမိံ ဥပေဟိသိ၊ ၂၃၆။

သင်တို့သည်မိမိ၏ မှီရာကျွန်းနှင့်တူသော ကောင်းမှုကိုပြုလော့။ လျင်စွာ အားထုတ်၍ပညာရှိသူဖြစ်လေလော့၊ အညစ်အကြေးကိုပယ်ထုတ်၍ကိလေသာမရှိခဲ့မူအရိယာ တို့နေရာ ;သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်လိမ့်မည်၊ ၂၃၆။

ဥပနီတ ဝယော စ ဒါနိသိ—
သမ္မယာတောသိ ယမဿ သန္တိကံ၊
ဝါသော တေ နတ္ထိ အန္တရာ—
ပါထေယျမ္ပိ စ တေ နဝိဇ္ဇတိ၊ ၂၃၇။

သင်သည် ယခုအခါအရွယ်လွန်လေပြီ၊ သေမင်း၏အထံသို့ သွားချိန်ရောက်ခဲ့ပြီ။ သင့်အား ခရီးအကြား၌ ရပ်နားနေခွင့်မရှိ၊ သင့်အားရိက္ခာလည်းမရှိ၊ ၂၃၇။

သော ကရောဟိ ဒီပမတ္တနော-
ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ၊
နိဒ္ဓန္တမလော အနင်္ဂဏော-
န ပုနံ ဇာတိဇရံ ဥပေဟိသိ၊ ၂၃၈။

သင်သည် မိမိမှီရာ ကျွန်းနှင့်တူသော ကောင်းမှုကိုပြုလော့။လျင်စွာအားထုတ်၍ ပညာရှိသူ ဖြစ်လေလော့။ အညစ်အကြေးကိုပယ်ထုတ်၍ ကိလေသာမရှိခဲ့မူ တဖန် မွေးခြင်း အိုခြင်းရောက်မည်မဟုတ်၊ ၂၃၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေတော်မူသောအခါ သာဝတ္ထိပြည်တွင် နွားသတ်၍အသက်မွေးသူ၏သားသည် အဖနာမကျန်းရှိသောအခါ နွားကဲ့သို့အော်လျက် ကြောက်မက်ဖွယ်ဖြစ်သည်ကိုမြင်၍ တက္ကသိုလ်ပြည်သို့ ထွက်ပြေး၏။ထိုတွင်ရွှေပန်းထိမ် အတတ်ကိုသင်ပြီး သားမယားမွေးမြူနေ၏။ ထိုရွှေပန်းထိမ်၏ သားသမီးတို့သည် အရွယ် ရောက်သော အခါ သာဝတ္ထိပြည်သို့လာ၍ နေကြ၏။သဒ္ဓါတရားနှင့်ပြည့်စုံကုန်၏။ ဘုရား အမျိုးရှိသော သံဃာကိုပင့်၍ဆွမ်းလုပ်ကျွေးပြီး အိုမင်းမစွမ်းရှိသောအဖကို ခေါ်၍ တရားနာစေ၏။ ထိုအခါ ဘုရားရှင်သည် အနုမောဒနာတရား ဟောကြားခြင်းဖြစ်၏။

---

## ၂–အညတရ ဗြာဟ္မဏ

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေခဏေ၊
ကမ္မာရော ရဇတဿေဝ၊နိဒ္ဓမေ မလမတ္တနော၊ ၂၃၉။

ပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်သကဲ့သို့ ပညာရှိသည် အစဉ်သဖြင့် မိမိ၏အညစ်အကြေးကို အနည်းငယ်အနည်းငယ် အခွင့်ရတိုင်း ထုတ်ပယ်ရာ၏၊ ၂၃၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းတို့ ဆွမ်းခံဝင်အံ့သောငှာ သင်္ကန်းရုံရာ အရပ်၌ မြတ်သုတ်သင်ခြင်း, သဲဖြူးခြင်း ခြင်း, မဏ္ဍပ်ဆောက်ခြင်း အမှုကိုပြုသော ပုဏ္ဏားတယောက်သည်စရပ် သာဓု ခေါ်သောနေ့၌ ဘုရားအမှူးရှိသော သံဃာကိုပင့်၍ဆွမ်းကျွေး၏။ ထိုအခါ ဘုရားရှင် ဟောကြားသော အနုမောဒနာတရားဖြစ်၏။

---

## ၃—တိဿ

အယသာဝ မလံ သမုဋ္ဌိတံ—
တတုဋ္ဌာယ တမေဝ ခါဒတိ၊
ဧဝံ အတိဓောနစာရိနံ-
သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ၊ ၂၄၀။

သံချေးသည် သံမှာပင်ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင်စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သူကို မိမိကျင့်မှုတို့သည် ဒုဂ္ဂတိ ဘဝသို့ ဆောင်ကုန်၏၊ ၂၄၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိဿ အမည်ရှိသော ရဟန်းသည် နှမက ကပ်သော သင်္ကန်းကို နက်ဖြန် ရုံအံ့ဟု ခေါက်၍သင်္ကန်းတန်း၌ တင်ထား၏။ သို့ရာတွင် ထိုညဉ့်၌ရောက်သောရောဂါ ဖြင့် သေသွား၏။ သင်္ကန်း၌တပ်သောတဏှာကြောင့် ထိုသင်္ကန်း၌ သန်းဖြစ်၏။ ရဟန်းတို့ သင်္ကန်း ဝေဘန်အံ့သောကာလ သင်္ကန်းပေါ်၌ ပြေးသွား၍ "ငါ့ သင်္ကန်းကို မလုယက်ကုန်လင့်"ဟု မြည်တမ်း၏။ ဤအဖြစ်ကို ဘုရားရှင်သိမြင် တော်မူ၍ "ခုနစ်ရက်လွန်မှ သင်္ကန်းကို ဝေဘန်ကြလော့"ဟု မိန့်တော်မူ၏။ ခုနစ်ရက်လွန်လျှင် သန်းဘဝမှစုတေ၍ တုသိတာဘုံ၌ နတ်ဖြစ်၏။ "အဘယ်

ကြောင့် ခုနစ်ရက်လွန်မှ ဝေဘန်ရပါသနည်း”ဟု ရဟန်းတို့ လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၄-လာဠုဒါယီ

အသဇ္ဈာယ မလာ မန္တာ-
အနုဋ္ဌာန မလာ ဃရာ၊
မလံ ဝဏ္ဏဿ ကောသဇ္ဇံ-
ပမာဒေါ ရက္ခတော မလံ၊၂၄၁။

မန္တာန်တို့သည် မရွက်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် အညစ်အကြေးရှိကုန်၏။အိမ်တို့သည် ကြောင့်ကြတစိုက် မပြုပြင်ခြင်းလျှင် အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် **အ**ဆင်း၏ အညစ်အကြေးမည်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ အညစ်အကြေးမည်၏။၂၄၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်လာဠုဒါယီသည် ရှင်သာရိပုတြာ, ရှင်မောဂ္ဂလာန်တို့ကို ငြူစူ၍ မိမိကိုယ်ကို တရားဟောတတ်ဟန် ပြောဆို၏။ သို့ရာတွင် တရားဟောကာနီး၌ ဟောစရာတရား တစုံတခုမျှ ရှာမရ၍ အရှက်ကြီးကွဲရ၏။ ဤကြောင်းကို ရဟန်းတို့လျှောက်ကြသောကြောင့် ဟောကြားသောတရားဖြစ်၏။

---

## ၅-အညတရ ကုလပုတ္တ

မလိတ္ထိယာ ဒုစ္စရိတံ-
မစ္ဆေရံ ဒဒတော မလံ၊
မလာ ဝေ ပါပကာ ဓမ္မာ-
အသ္မိံ လောကေ ပရမှိစ။၂၄၂။

လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏အညစ်အကြေးမည်၏။ နှမြောဝန်တိုခြင်းသည် ပေးလှူသူ၏ အညစ်အကြေးမည်၏။ ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤလောက၌၎င်း, တမလွန်လောက၌၎င်း ဧကန်ပျက်စီးကြောင်း အညစ်အကြေးမည်၏။ ၂၄၂။

တတော မလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ၊
ဧတံ မလံ ပဟန္တွာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ။ ၂၄၃။

ထိုအညစ်အကြေးတို့ထက်အလွန်ကဲဆုံး အညစ်အကြေးကား အဝိဇ္ဇာပင်တည်း။ ရဟန်းတို့ ဤ အဝိဇ္ဇာ အညစ်အကြေးကို သတ်၍ အညစ်အကြေး ကင်းစေကုန်လော့။ ၂၄၃။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အမျိုးကောင်းသားတယောက်သည် မိမိမယား လွန်ကျူး၍ ကျင့်သည်ကို နှလုံးမသာမယာရှိ၍ ရတနာသုံးပါးအထံသို့ မဆည်းကပ်နိုင်ဖြစ်နေ၏။ တနေ့သ၌ ဘုရားရှင်ထံ ချဉ်းကပ်ပြီး အကြောင်းကို လျှောက်ရာမှာ ဟောကြားသော တရားဖြစ်၏။

---

## ၆ – စူဠသာရိ ဘိက္ခု

သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ၊
ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။ ၂၄၄။

အရှက် မရှိသူသည် ရဲတင်းသော ကျီးနှင့် တူသဖြင့်၎င်း, သူတပါးဂုဏ်ကိုဖျက်ဆီးသဖြင့်၎င်း, သူတပါးပြုသည်ကို မိမိပြုယောင်ဆောင်သဖြင့်၎င်း, ကြမ်းကြုတ်သဖြင့်၎င်း, ညစ်ညူးသောအကျင့်ဖြင့်၎င်း, အသက်မွေးမှုပြုသောကြောင့် အသက်မွေးလွယ်ကူ၏။ ၂၄၄။

ဟိရီမတာစဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ၊
အလီနေနာပ္ပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။ ၂၄၅။

အရှက်ရှိသူသည် အမြဲစင်ကြယ်မှုကို ရှာသဖြင့်၄င်း, မတွန့်တိုသဖြင့်၄င်း, မကြမ်းကြုတ်သဖြင့်၄င်း, စင်ကြယ်သော အသက်မွေးမှုဖြင့်၄င်း, သင့်-မသင့်ကို မြော်မြင်သဖြင့်၄င်း–အသက်မွေးမှုပြုသောကြောင့် အသက်မွေးခဲယဉ်း၏။ ၂၄၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆေးကုခြင်းစသော ၂၁-ပါးသော အနေသနဖြင့် ပစ္စည်းရှာမှီး၍ အသက်မွေးလေ့ရှိသော စူဠသာရိ အမည်ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၇—ပဉ္စ ဥပါသက

ယော ပါဏ မတိပါတေတိ၊ မုသာ ဝါဒဉ္စ ဘာသတိ၊
လောကေ အဒိန္န မာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။ ၂၄၆။

သုရာမေရယ ပါနဉ္စ–
ယော နရော အနုယုဉ္ဇတိ၊
ဣဓေဝ မေသော လောကသ္မိံ–
မူလံ ခဏတိ အတ္တနော။ ၂၄၇။

လောက၌ အကြင်သူသည် သူ့အသက်ကို သတ်၏။ မဟုတ်မမှန်သောစကားကိုလည်း ပြောဆို၏။ ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ခိုးယူ၏။ သူတပါးမယားကိုလည်း သွားလာ၏။ သေရည် သေရက်ကိုလည်း သောက်စား၏။ ထိုသူသည် ဤဘဝ၌ပင် မိမိ၏အခြေအမြစ်ကို တူးဖို ဖျက်ဆီးသည်မည်၏။ ၂၄၆၊ ၂၄၇။

ဧဝံ ဘော ပုရိသ ဇာနာဟိ–
ပါပ ဓမ္မာ အသညတာ၊
မာ တံ လောဘော အဓမ္မော စ–
စိရံ ဒုက္ခာယ ရန္ဓယုံ။ ၂၄၈။

အို ယောကျာ်း ကိုယ်စသည်ကို စောင့်စည်းမှု ကင်းဝေးသူတို့သည် ယုတ်ညံ့သော သဘောရှိကုန်၏ဟု သိလေလော့၊ လောဘသည်၎င်း, ဒေါသည်၎င်း သင့်ကိုကြာမြင့်စွာ ဆင်းရဲစေရန် မပြုလုပ်ပါစေလင့်။ ၂၄၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ငါးပါးသီလကို တပါးစီ စောင့်ထိန်းကြကုန်သော ဥပါသကာ ငါးယောက်တို့သည် "ပါဏာတိ ပါတာ ဝေရမဏီသည် ခဲယဉ်း၏။ အဒိန္နာဒါနာ ဝေရမဏီသည် ခဲယဉ်း၏" စသဖြင့် ငြင်းခုံကြ၍ ဘုရားရှင်ထံမှောက် ရောက်လေသော် ငါးပါးလုံးပင် စောင့်ထိန်းရန် ခဲယဉ်းကြောင်း မိန့်တော်မူပြီး ဟောကြားသော တရားဖြစ်၏။

---

## ၈—တိဿ ဒဟရ

ဒဒါတိ ဝေ ယထာ သဒ္ဓ -
ယထာ ပသာဒနံ ဇနော၊
တတ္ထ ယော စမင်္ကု ဘဝတိ—
ပရေသံ ပါနဘောဇနေ၊
န သော ဒိဝါ ဝါ ရတ္တိံ ဝါ–
သမာဓိ မဓိ ဂစ္ဆတိ။ ၂၄၉။

လူအပေါင်းသည် တစုံတယောက်အား ယုံကြည်သည့်အလျောက် ကြည်ညိုသည့်အလျောက် ပေးကမ်းလှူဒါန်း၏။ စားသောက်ဖွယ် စသည်ကို သူတပါးတို့ပေးလှူရာ၌ မျက်နှာမသာသူသည် နေ့အခါ၌၎င်း, ညဉ့်အခါ၌၎င်း စိတ်၏ တည်ကြည်မှုကို မရ။ ၂၄၉။

ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ၊
သဝေ ဒိဝါ ဝါ ရတ္တိံ ဝါ၊ သမာဓိ မဓိ ဂစ္ဆတိ၊ ၂၅၀။

အကြင်သူသည် ဤမျက်နှာမသာမှုသဘောကို အကြွင်းမဲ့ ဖြတ်၏။ အမြစ်ပြုတ် ပယ်နုတ်ပြီးဖြစ်၏။ ထိုသူသည် နေ့အခါ၌၎င်း, ညဉ့်အခါ၌၎င်း စိတ်၏တည်ကြည်မှုကို ကေန်ရ၏။ ၂၅၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သူတပါးတို့ အလှူဒါနပြုသည်ကို ကဲ့ရဲ့ရှုတ်ချတတ်သော တိဿအမည်ရှိသော ပဉ္စင်းငယ်ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၉-ပဉ္စ ဥပါသက

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော၊
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာ သမာ နဒီ။ ၂၅၁။

ရာဂနှင့်တူသော မီးမရှိ၊ ဒေါသနှင့်တူသော ဖမ်းယူ တတ်သူမရှိ၊ မောဟနှင့်တူသော ပိုက်ကွန်မရှိ၊ တဏှာနှင့်တူသော မြစ်မရှိ။ ၂၅၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တရားနာစဉ် ငိုက်မျဉ်းလျက်, လက်ဖြင့် မြေကိုခြစ်လျက်, သစ်ခက်ကို လှုပ်လျက်, ကောင်းကင်ကို ကြည့်လျက်, အရိုအသေပြုလျက် တရားနာကုန်သော ဥပါသကာ ငါးယောက်တို့အား အခြားမရှိဘဲ ဘဝငါးရာပတ်လုံး မြွေဘဝ, တီဘဝ, မျောက်ဘဝ, နက္ခတ်ကြည့်ပုဏ္ဏားဘဝ, ဗေဒသုံးပုံဆောင် ပုဏ္ဏားဘဝတို့၌ ဖြစ်ခဲ့ဘူးကြကြောင်းကို အတိတ်ဆောင်တော်မူပြီးဟောကြားသောတရားဖြစ်၏။

---

## ၁၀—မေဏ္ဍက သေဋ္ဌိ

သုဒဿံ ဝဇ္ဇ မညေသံ-
အတ္တနော ပန ဒုဒ္ဒသံ၊
ပရေသံ ဟိ သော ဝဇ္ဇာနိ-
ဩပုနာတိ ယထာ ဘုသံ၊
အတ္တနော ပန ဆာဒေတိ-
ကလိံဝ ကိတဝါ သဌော၊ ၂၅၂။

သူတပါးတို့၏ အပြစ်ကို မြင်လွယ်၏။ မိမိအပြစ်ကိုကား မြင်နိုင်ခဲ၏။ ထိုသူသည် ဖွဲကိုလွှင့်သကဲ့သို့ သူတပါးတို့၏ အပြစ်ကိုလွှင့်၏။ စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကိုဖုံးလွှမ်းသကဲ့သို့ မိမိအပြစ်ကိုမူကား ဖုံးလွှမ်း၏၊ ၂၅၂။

မြတ်စွာဘုရားသည် မေဏ္ဍကသူဌေး, သူဌေးကတော် စန္ဒပဒုမဒေဝီ, သား ဓနဉ္စယ, ချွေးမ သုမနဒေဝီ, ကျွန် ပုဏ္ဏ ဤကောင်းမှုရှိသူ ငါးယောက်တို့ သောတာပန်ဖြစ်အံ့သော အကြောင်းကို မြင်တော်မူ၍ ဘဒ္ဒိယမြို့ မှလေးတော၌ နေတော်မူ၏။ ထိုအခါ မေဏ္ဍကသူဌေးသည် ဘုရားရှင်ထံချဉ်းကပ်၍ "အရှင်ဘုရား တိတ္ထိတို့သည် ရှင်ပင်ဘုရား၏ အပြစ်တို့ကိုပြောကြပြီး ရှင်ပင်ဘုရားထံသို့ ကျွန်ုပ်လာခြင်းကို တားမြစ်ကြပါသည်"ဟု လျှောက်သည်ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၁၁-ဥဇ္ဈာန သညိ

ပရ ဝဇ္ဇာ နုပဿိဿ-
နိစ္စံ ဥဇ္ဈာန သညိနော၊
အာသဝါ တဿ ဝဍ္ဎန္တိ-
အာရာ သော အာသဝက္ခယာ၊ ၂၅၃။

သူတပါး အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့တတ်သူအား အာသဝေါတရားတို့ တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေး၏၊ ၂၅၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သူတပါးတို့အား ကဲ့ရဲ့လေ့ရှိသော ရဟန်းတဦးကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၁၂-သုဘဒ္ဒ ပရိဗ္ဗာဇက

အကာသေဝ ပဒံ နတ္ထိ-
သမဏော နတ္ထိ ဗာဟိရေ၊
ပပဉ္စာ ဘိရတာ ပဇာ-
နိပ္ပပဉ္စာ တထာဂတာ၊၂၅၄၊

ကောင်းကင်၌ ခြေရာမရှိ၊သာသနာပြင်ပ၌ သမဏ မရှိ၊သတ္တဝါတို့သည်သံသရာ ချဲ့တတ်သော ပပဉ္စတရား၌ မွေ့လျော်ကုန်၏။တထာဂတတို့သည် ပပဉ္စတရားမှကင်းကုန်၏၊၂၅၄

အာကာသေဝ ပဒံ နတ္ထိ-
သမဏော နတ္ထိ ဗာဟိရေ၊
သင်္ခါရာ သဿတာ နတ္ထိ-
နတ္ထိ ဗုဒ္ဓါန မိဉ္ဇိတံ၊၂၅၅။

ကောင်းကင်၌ ခြေရာမရှိ။သာသနာပ၌ သမဏမရှိ။ မြဲသော သင်္ခါရ တရားတို့ မရှိကုန်။ဗုဒ္ဓတို့အားတုန်လှုပ်ခြင်းမရှိ၊၂၅၅။

မြတ်စွာဘုရား ကုသိနာရုံပြည် မလ္လမင်းတို့ အင်ကြင်းပင်စုံ ရဂုံဥယျာဉ်ဝယ် ရတနာညောင်စောင်း၌ လျောင်းစက်တော်မူ၍ ပရိနိဗ္ဗာန် စံကာနီးကာလ၌ သုဘဒ် ပရိဗိုဇ် မေးလျှောက်သော ပြဿနာကို ဖြေဆိုတော်မူရန် ဟောကြားသောတရားဖြစ်၏။

တဆယ့်ရှစ်ခုမြောက် မလဝဂ်ပြီး၏။

## ၁၉ – ဓမ္မဋ္ဌဝဂ္ဂ

### ၁–ဝိနိစ္ဆယ မဟာမတ္တ

န တေန ဟောတိ ဓမ္မဋ္ဌော–
ယေနတ္ထံ သာဟသာ နယေ၊
ယော စ အတ္ထံ အနတ္ထဉ္စ–
ဥဘော နိစ္ဆေယျ ပဏ္ဍိတော၊ ၂၅၆။

ဆုံးဖြတ်အပ်သော သဘောကို နိုင်ထက် စီးနင်း ဆုံးဖြတ်ခြင်းကြောင့် တရား၌ တည်သူ တရားသူကြီးမဟုတ်။ ပညာရှိသည် ဟုတ်မှန်သောအကြောင်းကိုလည်းကောင်း၊ မဟုတ်မမှန်သောအကြောင်းကိုလည်းကောင်း ဆုံးဖြတ်ရာ၏၊ ၂၅၆။

အသာဟသေန ဓမ္မေန–
သမေန နယတီ ပရေ၊
ဓမ္မဿ ဂုတ္တော မေဓာဝီ–
ဓမ္မဋ္ဌောတိ ပဝုစ္စတိ၊ ၂၅၇။

မချွတ် မယွင်း တရားနှင့်အညီ သူတပါးတို့ကို ရှုံးခြင်း၊ နိုင်ခြင်းသို့ ရောက်စေသော ပညာရှိကို တရားစောင့်သော တရားဌတည်သူ တရားသူကြီးဟုဆိုအပ်၏၊၂၅၇။

မြတ်စွာဘုရား ဇေတဝန် ကျောင်း၌ နေတော်မူသောအခါ တံစိုးစား၍ မဖြောင့်မသား တရားစီရင်ကုန်သော အမတ်တို့ကို အကြောင်းပြု၍ ဟောကြားသော ဓမ္မဋ္ဌတရားဖြစ်၏။

---

## ၂–ဆဗ္ဗဂ္ဂိယ

န တေန ပဏ္ဍိတော ဟောတိ–
ယာဝတာ ဗဟု ဘာသတိ၊
ခေမီ အဝေရီ အဘယော–
ပဏ္ဍိတောတိ ပဝုစ္စတိ၊၂၅၈။

စကားများစွာပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးမရှိ,ရန်မလာ,ကြောက်ရွံ့မှုကင်းကွာသူကို ပညာရှိဟူ၍ဆိုအပ်၏၊၂၅၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိမိကိုယ်ကို ပညာရှိလူလိမ္မာဟု ဝင့်ဝါပြောကြားလေ့ရှိကုန်သော ဆဗ္ဗဂ္ဂိရဟန်းများကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၃–ဧကုဒါန ခီဏာသဝ

န တာဝတာ ဓမ္မဓရော–
ယာဝတာ ဗဟု ဘာသတိ၊
ယောစ အပ္ပမ္ပိ သုတွာန–
ဓမ္မံ ကာယေန ပဿတိ၊
သဝေ ဓမ္မဓရော ဟောတိ–
ယော ဓမ္မံ နပ္ပမဇ္ဇတိ၊၂၅၉။

စကားများစွာ ပြောကာမျှဖြင့် တရားကို ဆောင်သူမမည်၊ အကြင် သူသည် အနည်းငယ်သော တရားစကား ကြားရုံမျှဖြင့်လည်း မင်္ဂဉာဏ်ဖြင့်မြင်၏။ ထိုတရား၌ မမေ့မလျော့သူသာ စင်စစ်တရားဆောင်သူမည်၏၊ ၂၅၉။

မြတ်စွာတရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကေုဒါန အမည်ရှိသော ရဟန္တာနေသည့် တောအုပ်၌ အခြံအရံငါးရာစီရှိသော ပိဋကတ် သုံးပုံဆောင် ရဟန်းနှစ်ပါး တရား ဟောသောအခါ နတ်တို့ သာဓုမခေါ်၊ ရှင်ကေုဒါန ဥဒါန်းဂါထာတပုဒ် ကြူးရင့်သောအခါမှ နတ်တို့ သာဓုခေါ်သည်ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၄—လကုဏ္ဍက ဘဒ္ဒိယ

န တေန ထေရော သော ဟောတိ-
ယေနဿ ပလိတံ သိရော၊
ပရိပက္ကော ဝယော တဿ-
မောဃဇိဏ္ဏောတိ ဝုစ္စတိ၊ ၂၆၀။

ထိုရဟန်း၏ ဦးခေါင်းသည် ဖွေးဖွေးဖြူ၏၊ ထိုဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ်မမည်၊ ထိုရဟန်း၏ အရွယ်ရင့်အိုမှုကို အချည်းနှီးရင့်အိုမှုဟု ဆိုအပ်၏ ၊ ၂၆၀။

ယမှိ သစ္စဉ္စ ဓမ္မော စ-
အဟိံသာ သံယမော ဒမော၊
သဝေ ဝန္တမလော ဓီရော-
ထေရော ဣတိ ပဝုစ္စတိ ၊ ၂၆၁။

ကြင်သူ၌ သစ္စာလည်းရှိ၏။ တရားလည်းရှိ၏။ ညှဉ်းဆဲမှုမရှိ၊ သီလစောင့်ခြင်း ရှိ၏၊ ဣန္ဒြေကိုလည်းဆုံးမ၏၊ ကိလေသာ ထွေးအန်ပြီးသော ထိုပညာရှိကိုသာ မထေရ် ဟု ဆိုအပ်၏ ၊ ၂၆၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အလုံးအရပ်ငယ်သောကြောင့် လကုဏ္ဍက သဒ္ဒါဖြင့် အထူးပြု၍ လကုဏ္ဍက ဘဒ္ဒိယ ဟုတွင်သော ရဟန္တာကို သာမဏေငယ်ထင်မှတ်ကြသော ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၅–သမ္ဗဟုလ ဘိက္ခု

န ဝါက္ကရဏ မတ္တေန–
ဝဏ္ဏ ပေါက္ခရတာယ ဝါ၊
သာဓု ရူပေါ နရော ဟောတိ–
ဣဿုကီ မစ္ဆရီ သဌော ၊၂၆၂။

ငြူစူတတ် ဝန်တိုတတ် စဉ်းလဲတတ်သူသည် ကောင်းသောစကားကို ပြောတတ်ကာမျှဖြင့်ရင်း, ရုပ်အဆင်းလှကာမျှဖြင့်ရင်း, သဘောကောင်းသူမမည် ၊၂၆၂။

ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ၊
သ ဝန္တ ဒေါသော မေဓာဝီ၊ သာဓုရူပေါတိ ဝုစ္စတိ ၊၂၆၃။

အကြင်သူသည် ငြူစူခြင်း, ဝန်တိုခြင်း, စဉ်းလဲခြင်းဟူသော ထိုသဘောကို အကြွင်းမဲ့ဖြတ်၏။ အမြင်ဖြတ်ပယ်နှုတ်ပြီးဖြစ်၏။ ကိလေသာအမြစ်ထွေးအန်ပြီးဖြစ်သော ထိုပညာရှိကို သဘောကောင်းသူဟု ဆိုအပ်၏ ၊၂၆၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌နေတော်မူသောအခါ သူတပါး၏ ပရိသတ်များကို ငြူစူကုန်သော ရဟန်းများကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၆-ဟတ္ထက

န မုဏ္ဍကေန သမဏော-
အဗ္ဗတော အလိကံ ဘဏံ၊
ဣစ္ဆာ လောဘ သမာပန္နော-
သမဏော ကိံ ဘဝိဿတိ ၊၂၆၄။

ဦးပြည်းခေါင်းတုံးကာမျှဖြင့် သမဏမဖြစ်၊ အကျင့်လည်းမရှိသော ချွတ်ယွင်းသော စကားကိုလည်းပြောတတ်သော လိုချင်မက်မောမှုနှင့် ပြည့်စုံသောသူသည်အဘယ်မှာ သမဏ ဖြစ်ပါမည်နည်း ၊၂၆၄။

ယော စ သမေတိ ပါပါနိ-
အဏုံ ထူလာနိ သဗ္ဗသော၊
သမိတတ္တာ ဟိ ပါပါနံ-
သမဏောတိ ပဝုစ္စတိ ၊၂၆၅၊

အကြင်သူသည် အသေး-အကြီးဖြစ်သော မကောင်းမှုတို့ကို အချင်းခပ်သိမ်း ငြိမ်းစေ၏၊ ထိုသူကိုမကောင်းမှုအလုံးစုံကို ငြိမ်းစေတတ်သောကြောင့် သမဏ ဟု ဆိုအပ်၏ ၊၂၆၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါတိတ္ထိတို့နှင့် အယူဝါဒပြိုင်သော ဟတ္ထက ရဟန်းသည် အကြောင်းတပါးဖြင့် အကြောင်းတပါးကို ဖုံးလွှမ်းခြင်း, မုသားဆိုခြင်းပြုလျက်နေသည်ကို ကြားသိတော်မူ၍ ထိုရဟန်းအားဆုံးမရန် ဟောကြားသောတရားဖြစ်၏။

---

## ၇-အညတရ ဗြာဟ္မဏ

န တေန ဘိက္ခု သော ဟောတိ-
ယာဝတာ ဘိက္ခတေ ပရေ၊
ဝိဿံ ဓမ္မံ သမာဒါယ-
ဘိက္ခု ဟောတိ န တာဝတာ ၊၂၆၆။

သူတပါးတို့ထံ တောင်းစားကာမျှဖြင့် ဘိက္ခုမဖြစ်။ တရားနှင့်မညီညွတ်သော အကျင့်ကိုယူ၍ ကျင့်ကာမျှဖြင့် ဘိက္ခုမဖြစ်၊ ၂၆၆။

ယောဓ ပုညဉ္စ ပါပဉ္စ၊
ဗာဟေတွာ ဗြဟ္မစရိယဝါ၊
သင်္ခါယ လောကေ စရတိ၊
သ ဝေ ဘိက္ခူတိ ဝုစ္စတိ၊ ၂၆၇။

ဤသာသနာတော်၌ အကြင်သူသည်မြတ်သော အကျင့်ရှိသည်ဖြစ်၍ ကောင်းမှု မကောင်းမှုကို နှုတ်ပယ်လျက် ခန္ဓာငါးပါးဟူသော လောကကိုဉာဏ်ဖြင့်ဆင်ခြင်၍ကျင့်၏၊ ထိုသူကို ဘိက္ခုဟု ဆိုအပ်၏၊ ၂၆၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဏ္ဏားတယောက်သည် တက္ကတွန်းတို့ထံ ရဟန်းပြု၍ ဘုရားရှင်ကို "ကျွန်ုပ်သည်လည်း ဆွမ်းခံ၍အသက်မွေးပါသည်။ ထို့ကြောင့် ကျွန်ုပ်ကိုလည်း ဘိက္ခုဟုခေါ်ပါ" ဟု လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၈ – တိတ္ထိယ

န မောနေန မုနီ ဟောတိ၊ မူဠှရူပေါ အဝိဒ္ဒသု၊
ယော စ တုလံဝ ပဂ္ဂယှ၊ ဝရမာဒါယ ပဏ္ဍိတော၊ ၂၆၈။

ပါပါနိ ပရိဝဇ္ဇေတိ၊
သ မုနိ တေန သော မုနိ၊
ယော မုနာတိ ဥဘော လောကေ၊
မုနိ တေန ပဝုစ္စတိ၊ ၂၆၉။

အသိပညာမရှိပါပဲ တွေဝေသောသဘောရှိသူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမမည်။ အကြင်ပညာရှိသည် ချိန်ခွင်ကိုကိုင်၍ ချိန်စက်သကဲ့သို့ ကောင်းမှုတည်းဟူ

သော အမြတ်တရားကိုယူ၍ မကောင်းမှုကို ကြဉ်ရှောင်၏၊ ထို့ကြောင့် ထိုပညာရှိသည် မုနိမည်၏။ ထို့ကြောင့်မုနိဟု ဆိုအပ်၏၊ ၂၆၈-၂၆၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆွမ်းလှူသောအခါစသည်တို့၌ ရဟန်းတို့ အနုမောဒနာပြုသည်ရှိသော် တိတ္ထိတို့သည် “ငါတို့ကားမုနိပီပီ ဆိတ်ဆိတ်နေ၏။ စကားမပြော၊ တရားမဟောနေကုန်သည်”ဟု ဆိုကြ၏၊ ထိုအကြောင်းကို ကြားတော်မူ၍ ဟောကြားသော တရားဖြစ်၏။

---

## ၉—ဗာဠိသိက

န တေန အရိယော ဟောတိ—
ယေန ပါဏာနိ ဟိံသတိ၊
အဟိံသာ သဗ္ဗပါဏာနံ—
အရိယောတိ ပဝုစ္စတိ။ ၂၇၀။

အကြင်ကြောင့် သတ္တဝါတို့ကို ညှဉ်းဆဲ၏။ ထို့ကြောင့် အရိယာ မဖြစ်၊ သတ္တဝါတို့ကို မညှဉ်းဆဲခြင်းကြောင့် အရိယာဟူ၍ ဆိုအပ်၏။ ၂၇၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သံဃာ အပေါင်းခြံရံလျက် ဆွမ်းခံထွက်တော်မူ၏။ အထွက်တွင် ငါးများနေသူတဦးကို တွေ့၍ “သင့် အမည်ကား အသူနည်း” ဟု မေးတော်မူ၏။ ထိုအခါ ငါးများသူဟု ခေါ်သော ဗာဠိသိက က “ကျွန်ုပ်ကား အရိယမည်ပါသည်” ဟု လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၁၀—သမ္ဗဟုလ ဘိက္ခု

န သီလဗ္ဗတ မတ္တေန၊ ဗဟု သစ္စေန ဝါ ပန၊
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။ ၂၇၁။

ဖုသာမိ နေက္ခမ္မ သုခံ–
အ ပုထုဇ္ဇန သေဝိတံ၊
ဘိက္ခု ဝိဿာသ မာပါဒိ–
အပ္ပတ္တော အာသဝက္ခယံ။ ၂၇၂။

သီလ အကျင့် ရှိကာမျှဖြင့်ငင်း, အကြားအမြင် များကာမျှဖြင့်ငင်း, သမာဓိ ရကာမျှဖြင့်ငင်း, ဆိတ်ငြိမ်၍ နေကာမျှဖြင့်ငင်း ရဟန်းသည် အာသဝေါကုန်ခန်းခြင်းသို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမ် ဖိုလ်ချမ်းသာကို ရပေ၏ဟူ၍ သက်သာရာသို့ မရောက်ပါစေလင့်။ ၂၇၁ - ၂၇၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သီလရှိကုန်သော, ဓုတင်ဆောက်တည်ကုန်သော, ဗဟုသုတများကုန်သော, တောကျောင်း၌နေကုန်သော, အနာဂါမ် ဖြစ်ကုန်သော ရဟန်းတို့သည် "အရဟတ္တ ဖိုလ်ကား ခက်ခဲသည်မဟုတ်၊ ယူလိုသော် ခဏ၌ ရအံ့သည် မချွတ်ပြီ" ဟုဆိုကြရာတွင် ဟောကြားသောတရားဖြစ်၏။

တဆယ့်ကိုးခုမြောက် ဓမ္မဋ္ဌဝဂ်ပြီး၏။

# ၂၀ - မဂ္ဂဝဂ်

## ၁-ပဉ္စသတဘိက္ခု

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ၊
ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။ ၂၇၃။

လမ်းစဉ်တို့တွင် အင်္ဂါရှစ်ပါးရှိသော လမ်းစဉ်သည် မြတ်၏။ သစ္စာတို့တွင် အရိယသစ္စာလေးပါးသည် မြတ်၏။ သဘောတရားတို့တွင် ရာဂကင်းရာသည် မြတ်၏။ ခြေနှစ်ချောင်းရှိသူတို့တွင် မျက်စိအမြင်ရှိသူသည် မြတ်၏။ ၂၇၃။

ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ၊
ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။ ၂၇၄။

ဤလမ်းစဉ်သည်သာလျှင် အမြင်စင်ကြယ်ရန်အတွက်ဖြစ်၏။ ဤမှတပါးမရှိ၊ ထို့ကြောင့် သင်တို့သည် ဤလမ်းစဉ်အတိုင်း သွားကြလော့၊ ဤလမ်းစဉ်သည် မာရ်မင်း မမြင်နိုင်သော လမ်းစဉ်ဖြစ်၏။ ၂၇၄။

တေဥ္ပ တုမှေ ပဋ္ဌပန္နာ–
ဒုက္ခဿန္တံ ကရိဿထ၊
အက္ခာတော ဝေါ မယာမဂ္ဂေါ–
အညာယ သလ္လကန္တနံ။ ၂၇၅။

သင်တို့သည် ဤလမ်းစဉ်အတိုင်းသွားသော် ဆင်းရဲအဆုံးကို ပြုကြရလိမ့်မည်။ ငါသည် ဆူးငြောင့်ကင်းသောလမ်းကို သိ၍ သင်တို့အား ညွှန်ပြအပ်ပြီ။ ၂၇၅။

တုမှေဟိ ကိစ္စမာတပ္ပံ–
အက္ခာတာရော တထာဂတာ၊
ပဋိပန္နာ ပမောက္ခန္တိ–
ဈာယိနော မာရဗန္ဓနာ။ ၂၇၆။

သင်တို့သည် ကိုယ်တိုင်အားထုတ်ကြလော့၊ တထာဂတတို့သည် ညွှန်ကြားရုံမျှ ဖြစ်ကုန်၏။ ကျင့်ကြ၍ ဈာန်ဝင်စားသူတို့သာလျှင် မာရ်အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏၊ ၂၇၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ "ဤမည်သော လမ်းခရီးကား ကောင်း၏။ ဤမည်သော လမ်းခရီးကား မကောင်း" စသည်ဖြင့် ဝေဖန်ပြောကြားနေသော ရဟန်းများအား ဟောကြားသော တရားဖြစ်၏။

---

## ၂–လက္ခဏတ္တယ

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ–
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ–
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ၂၇၇။

အကြင်အခါ သင်္ခါရအားလုံးတို့ အမြဲမရှိကုန်ဟု ပညာဖြင့် ရှုမြင်နိုင်၏။ထိုအခါ ဒုက္ခတို့၌ ငြီးငွေ့၏။ယင်းသည် စင်ကြယ်ခြင်းအကြောင်းတည်း၊၂၇၇။

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ–
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ–
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။၂၇၈။

အကြင်အခါ သင်္ခါရ အားလုံးတို့ ဆင်းရဲကုန်၏ဟု ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ဒုက္ခတို့၌ ငြီးငွေ့၏။ ယင်းသည် စင်ကြယ်ခြင်း အကြောင်းတည်း၊၂၇၈။

သဗ္ဗေ ဓမ္မာ အနတ္တာတိ–
ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ–
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။၂၇၉။

အကြင်အခါ သဘာဝတရားအားလုံးတို့ အနတ္တဖြစ်ကုန်၏ဟု ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ဒုက္ခတို့၌ ငြီးငွေ့၏။ ယင်းသည် စင်ကြယ်ခြင်း အကြောင်းတည်း၊၂၇၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အနိစ္စ, ဒုက္ခ, အနတ္တ သဘောတရားကို ဆင်ခြင်သုံးသပ်နေကြသော ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၃–ပဓာန ကမ္မိက တိဿ

ဥဋ္ဌာန ကာလမှိ အနုဋ္ဌဟာနော–
ယုဝါ ဗလီ အာလသိယံ ဥပေတော၊
သံသန္န သင်္ကပ္ပမနော ကုသီတော–
ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။၂၈၀။

ပျို့ချစ်နှုထွား ခွန်အားနှင့်ပြည့်စုံသော်လည်း ထကြွသင့်သော အခါ၌ ထကြွလုံ့လမရှိ၍ ပျင်းရိ ထိုင်းမှိုင်းလျက် စိတ်ဓာတ်ကြံများ၍ ထိုပျင်းရိသူသည် ပညာဖြင့် ရယူနိုင်သော လမ်းစဉ်ကို မရနိုင်။ ၂၈၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သာဝတ္ထိမြို့မှ အမျိုးသား ငါးရာတို့သည် ရဟန်းပြု၍ ကမ္မဋ္ဌာန်းစီးဖြန်းရန် တောကျောင်းသို့ဝင်ကြ၏။ တိဿအမည်ရှိသည့် ပျင်းရိသော ရဟန်းကား ဇေတဝန်ကျောင်းမှာပင် နေရစ်၏။ တောကျောင်းနေသောရဟန်းတို့ ရဟန္တာဖြစ်၍ ဘုရားရှင်ထံ ပြန်လာကြ၏။ ဘုရားရှင်သည် ထိုရဟန်းတို့အား ချီးမွမ်းတော်မူ၏။ ပျင်းရိသော တိဿရဟန်းသည် ထိုအခါတွင်မှ အားကျ၍ မဂ်—ဖိုလ် ရလိုသောကြောင့် တညလုံး စင်္ကြံသွား၍ တရေး အားထုတ်ရာတွင် ကျောက်ဖျာပေါ်လဲ၍ ပေါင်ကျိုးသွားမှာ ဟောကြားသော တရားဖြစ်၏။

---

## ၄—သုကရ ပေတ

ဝါစာနုရက္ခီ မနသာ သုသံဝုတော—
ကာယေန စ နာကုသလံ ကယိရာ၊
ဧတေ တယော ကမ္မပထေ ဝိသောဓယေ—
အာရာဓယေ မဂ္ဂမိသိပ္ပ ဝေဒိတံ။ ၂၈၁။

ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်ကိုအစဉ်စောင့်ရှောက်ရာ၏။ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာ စောင့်စည်းရာ၏။ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ၊ ထိုကမ္မပထ တရားသုံးပါးတို့ကို သုတ်သင်ပြီးလျှင် မြတ်စွာဘုရား ဟောကြားအပ်သော မဂ်ကို ပြီးစေရာ၏။ ၂၈၁။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ကဿပဘုရား သာသနာ၌ ရဟန်းနှစ်ပါးကွဲအောင် ကုန်းတိုက်ခဲ့ဘူးသော မကောင်း

မှုကြောင့် ဂိဇ္ဈကုဋ်တောင်၌ ဝက်ပြိတ္တာဖြစ်၍ ခံနေရသည်ကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၅—ပေါဋ္ဌိလ

ယောဂါ ဝေ ဇာယတီ ဘူရိ—
အယောဂါ ဘူရိ သင်္ခယော၊
ဧတံ ဒွေဓာပထံ ဉတွာ-
ဘဝါယ ဝိဘဝါယ စ၊
တထာတ္တာနံ နိဝေသေယျ—
ယထာ ဘူရိ ပဝဍ္ဎတိ။ ၂၈၂။

ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှုလုံ့လကြောင့် ပညာပွား၏။ အားထုတ်မှုလုံ့လ မရှိခြင်းကြောင့် ပညာကုန်ခန်း၏။ ပညာပွါးခြင်း - ပညာဆုတ်ယုတ်ခြင်း၏ ဤလမ်းနှစ်သွယ်ကိုသိ၍ အကြင်လမ်းဖြင့် ပညာကိုးပွါး၏။ ထိုလမ်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။ ၂၈၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရဟန်းငါးရာတို့အား စာပို့ချသော ပိဋကတ်သုံးပုံဆောင် ရှင်ပေါဋ္ဌိလကို "တုစ္ဆပေါဋ္ဌိလ, မောဃပေါဋ္ဌိလ" ဟု ခေါ်တော်မူရာတွင် ထိုအရှင်သည် ထိတ်လန့်ခြင်းဖြစ်ပြီး ဂိုဏ်းသံဃာကို စွန့်ခွာ၍ တောကျောင်းဝင်ပြီးလျှင် ရဟန္တာ သာမဏေငယ်၌ လက်အုပ်ချီ၍ ကမ္မဋ္ဌာန်း တောင်း၏။ သာမဏေငယ်လည်း မာန်ကျအောင်ပြုပြီးလျှင် "ခြောက်ပေါက်ရှိသော တောင်ပို့၌ တပေါက်ဖြင့် ဖွတ်ဝင်သွားသည်ရှိသော် အပေါက်ငါးပေါက်တို့ကိုပိတ်၍ဝင်သောအပေါက်မှ ထွက်လာသောဖွတ်ကို ဖမ်းလော့" ဟု ကမ္မဋ္ဌာန်းနည်းကို ပေး၏။ ရှင်ပေါဋ္ဌိလလည်း ပရိယတ်ဉာဏ်ကြီးသူ ဖြစ်ခြင်းကြောင့် ထိုမျှလောက်ကိုသိ၍ အားထုတ်ရာတွင် ဘုရားရှင်ဟောကြားသောတရားဖြစ်၏။

## ၆–သမ္ဗဟုလ မဟလ္လကဘိက္ခု

ဝန္နံ ဆိန္ဒထ မာ ရုက္ခံ–
ဝနတော ဇာယတေ ဘယံ၊
ဆေတွာ ဝနဉ္စ ဝနထဉ္စ–
နိဗ္ဗနာ ဟောထ ဘိက္ခဝေါ။ ၂၀၃။

ရဟန်းတို့ တောကို ခုတ်ဖြတ်ကုန်လော့။ သစ်ပင်ကို မခုတ်ဖြတ်ကုန်လင့်။တော ကြောင့်ဘေးဖြစ်၏။ တောကြီး တောငယ်ကို ခုတ်ဖြတ်၍ တောမှ ထွက်မြောက်ကြ လော့၊ ၂၀၃။

ယာဝ ဟိ ဝနထော န ဆိဇ္ဇတိ–
အဏုမတ္တောပိ နရဿ နာရိသု၊
ပဋိဗဒ္ဓမနော ဝ တာဝ သော–
ဝစ္ဆော ခီရပကောဝ မာတရိ။ ၂၀၄။

နို့မခွဲသေးသော နွားငယ်သည် အမိသို့ကပ်သကဲ့သို့ ယောကျ်ားအား မိန်းမ၌ အနည်းငယ်မျှသော တောမပြတ်သေးသမျှ ထိုသူသည် ကပ်ငြိသော စိတ်ရှိသည်ဖြစ်၍ သာလျှင် သံသရာသို့ ကပ်ရောက်၏။ ၂၀၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အလုပ် အကျွေး ဒါယကာမသေ၍ ငိုကြွေးကုန်သော တောထွက်ရဟန်းကြီး ငါးရာ တို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၇–သုဝဏ္ဏကာရ

ဥစ္ဆိန္ဒ သိနေဟ မတ္တနော–
ကုမုဒံ သာရဒိကံဝ ပါဏိနာ၊
သန္တိမဂ္ဂမေဝ ဗြူဟယ–
နိဗ္ဗာနံ သုဂတေန ဒေသိတံ။ ၂၀၅။

တန်ဆောင်မုန်းလ၌ ပွင့်သော ကုမုဒြာ ကြာပန်းကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းကို ဖြတ်လော့၊ သုဂတသည် နိဗ္ဗာန်ကို ဟောကြားအံ့။ ငြိမ်းအေးကြောင်း အဋ္ဌင်္ဂိက မဂ်ကိုသာလျှင် ပွါးများလော့။ ၂၈၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာသည် မိမိသဒ္ဓိဝိဟာရိက တပည့်တဦးအား အသုဘကမ္မဋ္ဌာန်းပေး၍ စီးဖြန်းစေ၏။ သို့ရာတွင် တရားအထူးမရသောကြောင့် ဘုရားရှင်ကိုလျှောက်၏။ ဘုရားရှင်သည် ဘဝငါးရာ ရွှေပန်းထိမ်သည် ဖြစ်ခဲ့ဘူးသည်ကိုမြင်၍ ပဒုမာကြာပွင့်ကိုပေးပြီး "လောဟိတံ–လောဟိတံ" ဟု စီးဖြန်းစေရာတွင် သမာပတ်ရှစ်ပါး, အဘိညာဏ်ခြောက်ပါးကိုရ၏။ ကြာပွင့်ညှိုးနွမ်းသည်ကို မြင်၍ အနိစ္စလက္ခဏာရှုရာတွင် ဟောကြားသောတရားဖြစ်၏။

## ၈–မဟာဓနဝါဏိဇ

ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တ ဂိမှိသု၊
ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ ၊ ၂၈၆။

ဤအရပ်၌ မိုးအခါပတ်လုံး ငါနေမည်၊ ဤအရပ်၌ ဆောင်းအခါ, နွေအခါ, တို့ ပတ်လုံး ငါနေမည်ဟု သူမိုက်သည် အထူးထူးအထွေထွေ ကြံစည်၏။ အသက်အန္တရာယ်ကိုမူကား မသိချေ ၊ ၂၈၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဗာရာဏသီပြည်မှ သာဝတ္ထိသို့ အထည်အလိပ်ရောင်းရန်လာသော မဟာဓန ကုန်သည်သည် ကုန်မစွံသောကြောင့် သာဝတ္ထိတွင်ပင် ဆောင်း, နွေ, မိုးနေအံ့ဟု ကြံ၏။ ဘုရားရှင်သည် ဆွမ်းခံကြွစဉ် ထိုကုန်သည်၏အကြံကို သိတော်မူ၍ ပြုံးတော်မူ၏။ အကြောင်းကို ရှင်အာနန္ဒာမေးလျှောက်ရာတွင် "အာနန္ဒာ ဤမဟာဓနကုန်သည်သည် ခုနစ်ရက်လည်လျှင် သေမည်ဖြစ်လျက် အန္တရာယ်

ကိုမသိ၊ ဆောင်း,နွေ,မိုး ဤမှာနေအံ့ဟု ကြံလေသည်''ဟု မိန့်ကြား၏။ ရှင်အာနန္ဒာလည်း ထိုအကြောင်းကို ကုန်သည်အားပြောပြ၏။ ကုန်သည်လည်း အထိတ်တလန့်ဖြစ်ကာ ဘုရားအမှူးရှိသော သံဃာကိုပင့်၍ ဆွမ်းကျွေး၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးသောအခါ ဤတရားကိုဟောကြား၏။

---

## ၉ – ကိသာ ဂေါတမီ

တံ ပုတ္တ ပသု သမ္မတ္တံ၊ ဗျာသတ္တ မနသံ နရံ၊
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ ၊ ၂၈၇။

သားသမီး ကျွဲနွား ဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက်၊ ကာမဂုဏ်တို့၌ မရသေးသည်ကို တောင့်တ ရပြီးသည်ကိုတွယ်တာကပ်ငြိစိတ်ရှိသူကို ကြီးစွာသော ရေအယဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးဟိုက်ယူသကဲ့သို့ သေမင်းသိမ်းယူသွား၏ ၊ ၂၈၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားငယ်သေသည်ကို ကုသပေးပါဟု လျှောက်လာသော ကိသာဂေါတမီကို ဆုံးမရန် ဟောကြားသောတရားဖြစ်၏။

---

## ၁၀ – ပဋာစာရာ

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ၊
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ ၊ ၂၈၈။

သေမင်းနှိပ်စက်ခံရသူအား စောင့်ရှောက်ရန်အတွက် သားသမီးတို့မရှိကုန်။ အမိ-အဖတို့လည်း မရှိကုန်။ အဆွေခင်ပွန်းတို့လည်း မရှိကုန်။ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူလည်း မရှိ ၊ ၂၈၈။

တေ မတ္တဝသံ ဥတွာ၊ ပဏ္ဍိတော သီလ သံဝုတော၊
နိဗ္ဗာန ဂမနံ မဂ္ဂံ ခိပ္ပမေဝ ဝိသောဓယေ ၊ ၂၈၉။

ဤအကြောင်းထူးကို သိ၍ ပညာရှိသည် သီလကိုစောင့်စည်းလျက် နိဗ္ဗာန်ရောက်ကြောင်းမဂ်ကို လျင်စွာသာလျှင် သုတ်သင်ရာ၏ ၊ ၂၈၉။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သားငယ်နှစ်ယောက်၊ လင်၊ အမိ၊ အဖ၊ မောင်တို့ သေဆုံးခြင်းကြောင့် အဝတ်မကပ် ရူးသွပ်ခြင်းသို့ရောက်သော ပဋာစာရီကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

နှစ်ဆယ်ခုမြောက် မဂ္ဂဝဂ်ပြီး၏။



# ၂၁-ပကိဏ္ဏကဝဂ်

## ၁—အတ္တနော ပုဗ္ဗကမ္မ

မတ္တာ သုခ ပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ၊
စဇေ မတ္တာ သုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ ။ ၂၉၀။

အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကိုရလိမ့်မည်ဟု မြင်ခဲ့မူ ကြီးကျယ်ပြန့်ပြောသော ချမ်းသာကိုမြင်သော ပညာရှိသည် အနည်းငယ်သော ချမ်း သာကို စွန့်လွှတ်ရာ၏၊ ၂၉၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကပ်ကြီးသုံးပါးဆိုက်ရောက်သော ဝေသာလီသို့ တရားဟောရန်ကြွတော်မူ၏။ မရေတွက်နိုင်သော ပူဇော်သကာတို့ဖြင့် လူ နတ် ဗြဟ္မာတို့ ပူဇော်ခြင်းကို ရဟန်းတို့ အံ့သြချီးမွမ်းကြ၏။ ထိုအခါ ဘုရားရှင်က“ရဟန်းတို့ ငါသည် ရှေးသခ်ပါလ ပုဏ္ဏားဖြစ်စဉ်ကာလ အနည်းငယ်ပြုသော ကုသိုလ်ကြောင့် အကျိုးများစွာဖြစ်လာ၏”ဟု အတိတ်ကိုဆောင်ကာ ဟောကြားသော တရားဖြစ်၏။

## ၂–ကက္ကုဋဏ္ဍ ခါဒိကာ

ပရဒုက္ခူပဓာနေန၊ အတ္တနော သုခမိစ္ဆတိ၊
ဝေရ သံသဂ္ဂ သံသဋ္ဌော၊ ဝေရာ သော န ပရိမုစ္စတိ ၊၂၉၁။

သူတပါးအား ဆင်းရဲကိုဖြစ်စေလျက် မိမိ၏ချမ်းသာကို အလိုရှိသူသည် ရန်ရန်ချင်း ရောနှောသောအားဖြင့် ရောနှောသည်ဖြစ်၍ ရန်မှမလွတ်နိုင်၊၂၉၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လူမ–ကြက်မဖြစ်သောဘဝ, ကြက်မ–ကြောင်မဖြစ်သောဘဝ, သစ်မ–သမင်မ ဖြစ်သောဘဝ, လူမ–ဘီလူးမ ဖြစ်သောဘဝတို့၌ တယောက်၏အသားကို တယောက်စား၍ ရန်ငြိုးဖွဲ့လျက်လာကြသော လူမိန်းမနှင့်ဘီလူးမကို ဟောကြားသောတရားဖြစ်၏။

---

## ၃–ဘဒ္ဒိယာနံ ဘိက္ခူနံ

ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကရီယတိ၊
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ၊၂၉၂။

ပြုသင့်ပြုထိုက်သောအမှုကို စွန့်ပစ်၍ မပြုသင့်မပြုထိုက်သော အမှုကိုမူကား ပြုလုပ်ကာ မာနထောင်လွှားလျက် မေ့လျော့သူတို့အား အာသဝေါတရားတို့ တိုးပွားကုန်၏၊၂၉၂။

ယေသဉ္စ သုသမာရဒ္ဓါ–
နိစ္စံ ကာယဂတာ သတိ၊
အကိစ္စံ တေ န သေဝန္တိ–
ကိစ္စေ သာတစ္စကာရိနော၊
သတာနံ သမ္ပဇာနာနံ–
အတ္ထံ ဂစ္ဆန္တိ အာသဝါ၊၂၉၃။

အကြင်သူတို့ကား ကာယဂတာသတိကို အမြဲကောင်းစွာ အားထုတ်ကြ၏။ ထိုသူတို့သည် မပြုသင့်သောအမှုကို မပြု မမှီဝဲကုန်၊ ပြုသင့်သောအမှု၌ မပြတ်ပြုလုပ်ကြ၏။ သတိရှိသူ ကောင်းစွာအပြားအားဖြင့် သိမှု သမ္ပဇဉ်ဉာဏ်ရှိသူတို့အား အာသဝေါတရားတို့ ချုပ်ခြင်းသို့ ရောက်ကုန်၏၊ ၂၉၃။

မြတ်စွာဘုရား ဘဒ္ဒိယမြို့ကို အမှီပြု၍ မုလေးတော၌နေတော်မူသော အခါ ဖိနပ်ကိုမလှလှကြောင်း တန်ဆာဆင်ကြသော ဘဒ္ဒိယ ရဟန်းတို့ကို ဆုံးမတော်မူရန် ဟောကြားသောတရားဖြစ်၏။

---

## ၄—လကုဏ္ဍကဘဒ္ဒိယ

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ၊
ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော၊ ၂၉၄။

ပုဏ္ဏားသည် အမိကိုရင်း, အဖကိုရင်း-သတ်ပြီးလျှင် ရေမြေ အရှင် ဘုရင်မင်း မြတ်နှစ်ပါးတို့ကိုရင်း, အခွန်သိမ်း အမတ်နှင့်တကွ တိုင်းပြည်ကိုရင်း သတ်ခြင်းကြောင့် ဆင်းရဲကင်းလျက်သွားရ၏၊ ၂၉၄။

မာတရံ ပိတရံ ဟန္တွာ—
ရာဇာနော ဒွေ စ သောတ္ထိယေ၊
ဝေယဂ္ဃပဉ္စမံ ဟန္တွာ—
အနီဃော ယာတိ ဗြာဟ္မဏော၊ ၂၉၅။

ပုဏ္ဏားသည် အမိကိုရင်း, အဖကိုရင်းသတ်ပြီးလျှင် မင်း ပုဏ္ဏား နှစ်ပါးတို့ကိုရင်း သတ်သောကြောင့် ကျားရဲရှိသောခရီးလျှင် ငါးခုမြောက် အတားအဆီးကို ပယ်ဖျက်ကာ ဆင်းရဲကင်းလျက်သွား၏၊ ၂၉၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အာဂန္တုရဟန်းတို့သည် ဘုရားရှင်ထံ၌ ရှိသေစွာခစားနေကြ၏။ ထိုအခါဘုရားရှင်သည် အာဂန္တုရဟန်းတို့၏ စရိုက်ကိုသိတော်မူ၍ အနီး၌ရှိသော လကုဏ္ဍကဘဒ္ဒိယ

ကို ပြတော်မူ၍ "ဤရဟန်းသည် အမိ အဖကိုသတ်၍ ဆင်းရဲကင်း၏" ဟု ဥပစာ စကားဖြင့် ဟောကြားသောတရားဖြစ်၏။

---

## ၅—ဒါရု သာကဋိက ပုတ္တ

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊သဒါ ဂေါတမ သာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊နိစ္စံ ဗုဒ္ဓဂတာ သတိ၊၂၉၆။

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိ ရှိသူ ဂေါတမ၏တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရ၏၊၂၉၆။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊နိစ္စံ ဓမ္မဂတာသတိ၊၂၉၇။

နေ့ရော ညဉ့်ပါ ,အမြဲ မပြတ် တရားဂုဏ်ကို အာရုံ ပြု၍ ဖြစ်သော သတိရှိသူ ဂေါတမ၏တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာနိုးကြားသောအားဖြင့် နိုးကြား ကုန်ရ၏၊၂၉၇။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊သဒါ ဂေါတမ သာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊နိစ္စံ သံဃ ဂတာသတိ၊၂၉၈။

နေ့ရော ညဉ့်ပါ အမြဲမပြတ် သံဃဂုဏ်ကိုအာရုံပြု၍ဖြစ်သော သတိရှိသူဂေါတမ တပည့်တို့သည်အခါခပ်သိမ်းကောင်းစွာနိုးကြားသောအားဖြင့် နိုးကြားရကုန်၏၊၂၉၈။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ၊
ယေသံ ဒိဝါစ ရတ္တောစ၊နိစ္စံ ကာယဂတာ သတိ၊၂၉၉။

နေ့ရောညဉ့်ပါ အမြဲမပြတ် သုံးဆယ်နှစ်ကောဋ္ဌာသကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမ တပည့်တို့သည် အခါခပ်သိမ်းကောင်းစွာနိုးကြားသော အားဖြင့် နိုးကြားကုန်၏၊ ၂၉၉။

သုပ္ပ ဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော၊ ၃၀၀။

နေ့ရောညဉ့်ပါ မညှဉ်းဆဲမှု ကရုဏာ ဘာဝနာ၌မွေ့လျော်စိတ်ရှိသူ ဂေါတမ တပည့်တို့သည်အခါခပ်သိမ်းကောင်းစွာနိုးကြားသောအားဖြင့်နိုးကြားရကုန်၏၊ ၃၀၀။

သု ဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမ သာဝကာ၊
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော၊ ၃၀၁။

နေ့ရော ညဉ့်ပါ မေတ္တာဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဂေါတမတပည့်တို့သည် အခါခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြားရကုန်၏၊ ၃၀၁။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်မြို့ အပသုသာန်၌အိပ်ပျော်သော လူညီးသမားသားကို ဘီလူးစားမည် ရှိရာတွင် “နမော ဗုဒ္ဓါယ”ဟု ယောင်ယမ်းကာမျှဖြင့် ဘီလူး မစားစံ့ဘဲ မင်း၏ စားတော်ခွက်ကိုယူ၍ သူငယ်ကိုကောင်းစွာကျွေးမွေး၏။ ဘီလူးတို့အာနုဘော်ဖြင့် မင်းကြီးတယောက်သာ မြင်ရအောင် ရွှေခွက်၌ အက္ခရာကိုလည်း ရေးထားခဲ့၏။ မိုးသောက်သောအခါ နန်းတော်မှ ရွှေခွက်ပျောက်၍ လိုက်လံရှာသော် သုသာန်၌ ရွှေခွက်ကိုရ၍ သူငယ်ကို ချည်နှောင်လျက် မင်းထံသို့ပို့၏။ မင်းလည်းရွှေခွက်၌ အက္ခရာကိုမြင်လျှင် ဘီလူးတို့ ယူကြောင်းသိ၍ သူငယ်ကို ဘုရားရှင်ထံ ခေါ်သွား၍ အကြောင်းကို လျှောက်ရာတွင် ဟောကြားသော တရားဖြစ်၏။

## ၆—ဝဇ္ဇိပုတ္တက ဘိက္ခု

ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ-
ဒုရာဝါသာ ဃရာ ဒုခါ၊
ဒုက္ခော သမာန သံဝါသော
ဒုက္ခာနု ပတိ တဒ္ဓဂူ၊
တသ္မာ န စဒ္ဓဂူ သိယာ-
န စ ဒုက္ခာ နုပတိတော သိယာ၊၃၀၂။

စည်းစိမ်ဥစ္စာကို စွန့်လွှတ်၍ ရဟန်းပြုနိုင်ခဲ၏။ သူတော်အကျင့်၌ မွေ့လျော်နိုင်ခဲ၏။အိမ်၌ မပြည့်မစုံနေရခြင်းသည် ဆင်းရဲ၏။ သဘောမတူသူတို့နှင့် နေရခြင်းသည် ဆင်းရဲ၏။ သံသရာခရီးသွားရခြင်းသည် ဆင်းရဲသို့ကျတတ်၏။ ထို့ကြောင့် သံသရာခရီးသွား မဖြစ်ရာ။ဆင်းရဲသို့ကျရောက်သူ မဖြစ်ရာ၊၃၀၂။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်ကျောင်း၌ နေတော်မူသောအခါ ဝဇ္ဇီမင်းတို့ပွဲသဘင်ခံရာမှ တီးမှုတ်သံကိုကြား၍ ရဟန်းအဖြစ်၌ငြီးငွေ့သော ဝဇ္ဇီပုတ္တကရဟန်းတပါးကို ဆုံးမရန် ဟောကြားသော တရားဖြစ်၏။

---

## ၇—စိတ္တ ဂဟပတိ

သဒ္ဓေါ သီလေနသမ္ပန္နော-
ယသော ဘောဂ သမပ္ပိတော၊
ယံ ယံ ပဒေသံ ဘဇတိ-
ယတ္ထ တတ္ထေဝ ပူဇိတော၊၃၀၃။

သဒ္ဓါတရားလည်းရှိ,သီလနှင့်လည်း ပြည့်စုံ, အခြံ- အရံ-စည်းစိမ် ဥစ္စာနှင့်လည်း ပြည့်စုံသူသည် ရောက်လေရာရာ အရပ်တို့၌ အပူဇော်ခံရ၏၊၃၀၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သွားလေရာရာ လာဘ်လာဘ လွန်စွာပေါများသော စိတ္တသူကြွယ်ကိုအကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၈–စူဠ သုဘဒ္ဒါ

ဒူရေ သန္တော ပကာသေန္တိ
ဟိမဝန္တောဝ ပဗ္ဗတော၊
အသန္တေတ္ထ န ဒိဿန္တိ–
ရတ္တိံ ခိတ္တာ ယထာ သရာ၊၃၀၄။

ဟိမဝန္တာတောင်သည် အဝေး၌တည်သော်လည်း ထင်ရှား သကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင်နေသော်လည်းထင်ရှားကုန်၏။ ညဉ့်အခါ ပစ်လိုက်သောမြှားတို့သည် မထင်ရှားကုန်သကဲ့သို့ သူယုတ်မာတို့သည် အနီး၌ ရှိနေ ကြကုန်သော်လည်း မထင်ရှားကုန်၊၃၀၄။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌နေတော်မူသောအခါအနာထပိဏ်သူဌေးသမီးစူဠသုဘဒ္ဒါသည်သာဝတ္ထိပြည်မှယူဇနာတရာ့နှစ်ဆယ်ကွာသော ဥဂ္ဂမြို့မှ“ဘုရားအမှူးရှိသော သံဃာသည် ကြွလာစေသတည်း”ဟု ဓိဋ္ဌာန်၍ မြတ်လေးပန်း ရှစ်ဆုပ်ကို မြှောက်၏။ ပန်းတို့သည် တရား ဟောနေသော ဘုရားရှင်အပေါ်၌ ပန်းဗိတာန်ဖြစ်၏။ ထိုနေ့ အနာထပိဏ်သူဌေးလည်း ဆွမ်းပင့်သော် “စူဠသုဘဒ္ဒါပင့်ဖိတ်အပ်ပြီ”ဟု မိန့်တော်မူရာ “အရှင်ဘုရား စူဠသုဘဒ္ဒါသည် ဥဂ္ဂမြို့၌ နေသည် မဟုတ်ပါလော” ဟု လျှောက် ၍တွင် ဟောကြားသောတရားဖြစ်၏။

---

## ၉ ဧက ဝိဟာရိ

ဧကာသနံ ဧကသေယျံ–
ဧကော စရ မတန္ဒိတော၊
ဧကော ဒမယ မတ္တာနံ–
ဝနန္တေ ရမိတော သိယာ၊၃၀၅။

မပျင်း မရှိမူ၍ တယောက်တည်းနေ၊ တယောက်တည်းအိပ်၊ တယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမပြီးလျှင် တယောက်တည်းတော၌မွေ့လျော် ရာ၏၊၃၀၅။

မြတ်စွာဘုရားဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တယောက် တည်းသာ နေလေ့၊ ထိုင်လေ့၊ သွားလေ့၊ အိပ်လေ့ ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

နှစ်ဆယ့်တခုမြောက် ပကိဏ္ဏကဝဂ် ပြီး၏။

# ၂၂-နိရယဝဂ်

## ၁-သုန္ဒရီပရိဗ္ဗာဇိကာ

အဘူတဝါဒီ နိရယံ ဥပေတိ-
ယော ဝါပိ ကတွာန ကရောမိစာဟ၊
ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ-
နိဟီနကမ္မာ မနုဇာ ပရတ္ထ။၃၀၆။

မဟုတ်မမှန် ပြောဆိုသူသည်လည်း ငရဲသို့ရောက်ရ၏။ ပြုလုပ်လျက် မပြုလုပ်ဟု ပြောဆိုသူလည်း ငရဲသို့ရောက်ရ၏။ ထိုသူနှစ်ယောက်တို့သည်လည်း ယုတ်သော အမှု ရှိကုန်သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ တူကုန်၏။၃၀၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တတ္တိတို့သည် လာဘ်ပူဇော်သကာကြောင့် ဘုရားရှင်အား ငြူစူ၍ အဆင်းသဏ္ဍာန် တင့်တယ်သော သုန္ဒရီပရိဗိုဇ်မကို ဘုရားရှင်နှင့် အတူတကွ ဂန္ဓကုဋိတိုက်တွင် အိပ်ရလေကြောင်း ပြောဆိုစေ၍ နှစ်ရက် သုံးရက်ရှိလျှင် သေသောက်ကျူး တို့အား တံစိုးလက်ဆောင်ပေး၍ ပရိဗိုဇ်မကို သတ်စေ၏။ အလောင်းကို ဇေတဝန်ကျောင်းတွင် အမှိုက်ဖုံးထားပြီးသော် ပရိဗိုဇ်မ ပျောက်သည်ဟု

အုတ်အုတ် ကျက်ကျက်ပြု၏။ ထို့နောက် ကျောင်းတွင်း၌ တွေ့သည်ဆို၍ ဘုရားရှင်၏ ကျေးဇူးမဲ့ကို ပြောဆိုကုန်၏။ ဤအကြောင်းကို ရဟန်းတို့ လျှောက်၍ ဟောကြားသောတရားဖြစ်၏။

---

## ၂–ဒုစ္စရိတ ဖလ ပီဠိတ

ကာသာဝ ကဏ္ဍာ ဗဟဝေါ–
ပါပဓမ္မာ အသညတာ၊
ပါပါ ပါပေဟိ ကမ္မေဟိ–
နိရယံ တေ ဥပပဇ္ဇရေ။၃၀၇။

ယုတ်မာသော သဘောရှိကုန်သည်ဖြစ်၍ မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ပတ်ကြကုန်သော များစွာသော ထိုသူယုတ်တို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။၃၀၇။

ကဿပ ဘုရားရှင်၏ သာသနာ၌ ယုတ်မာသော ရဟန်း သာမဏေတို့သည် ဂိဇ္ဈကုဋ်တောင်၌ ရဟန်း သာမဏေ၏ အသွင်ဖြင့် ပြောင်ပြောင်တောက်လောင်သော သပိတ်သင်္ကန်းတို့ဖြင့် မကောင်းကျိုးခံစားနေရသော ပြိတ္တာတို့ဖြစ်နေကြ၏။ ဘုရားရှင်သည် ထိုပြိတ္တာတို့ကို အကြောင်းပြု၍ဟော ကြားသော တရားဖြစ်၏။

---

## ၃–ဝဂ္ဂုမုဒါ တီရိယ ဘိက္ခု

သေယျော အယောဂုဠော ဘုတ္တော–
တတ္တော အဂ္ဂိ သိခူပမော၊
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော–
ရဋ္ဌ ပိဏ္ဍ မသညတော။၃၀၈။

သီလလည်းမရှိ။ ကိုယ်-နှုတ်-နှလုံး-ကိုလည်း မစောင့်စည်းပဲ ပြည်သူတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို စားရခြင်းထက် မီးလျှံကဲ့သို့ ပူလောင်သောသံတွေခဲကို စားရခြင်းက သာ၍ကောင်းသေး၏။၃၀၈။

မြတ်စွာဘုရား ဝေသာလီပြည် မဟာဝုန်ကျောင်း၌ နေတော်မူသောအခါ ဈာန်–မဂ်–ဖိုလ်တည်းဟူသော ဥတ္တရိမနုဿ ဓမ္မကို ပြောဆိုကြသော ဝဂ္ဂုမုဒါ မြစ်နားသား ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၄-ခေမက သေဋ္ဌိပုတ္တ

စတ္တာရိ ဌာနာနိ နရော ပမတ္တော–
အာပဇ္ဇတိ ပရဒါရူပ သေဝီ၊
အပုညလာဘံ န နိကာမ သေယျံ–
နိန္ဒံ တတိယံ နိရယံ စတုတ္ထံ။ ၃၀၉။

သတိမထားပဲ သူတပါးမယားကို မှီဝဲသူသည် အကုသိုလ်ရခြင်း, အလိုရှိတိုင်း ချမ်းသာစွာမအိပ်ရခြင်း, သူတပါးတို့ အကဲ့ရဲ့ခံရခြင်း, ငရဲခံရခြင်း, ဤလေးပါးသော ဆင်းရဲခြင်း၏ အကြောင်းတို့သို့ ရောက်ရ၏။၃၀၉။

အပုည လာဘောစ ဂတီစ ပါပိကာ–
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ၊
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ–
တသ္မာ နရော ပရဒါရံ န သေဝေ။၃၁၀။

မကောင်းမှုကိုလည်း ရ၏။ ယုတ်သော လားရာဂတိလည်းရှိ၏။ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား၏ ကြောက်ရွံ့ထိတ်လန့်သော မိန်းမနှင့် မွေ့လျော်ပျော်ပါးရ

ခြင်းသည် အနည်းငယ်မျှသာ ဖြစ်၏။ မင်းသည် ကြီးလေးသော အပြစ်ဒဏ် ကိုလည်း ပေး၏။ ထို့ကြောင့် လူသည် သူတပါးမယားကိုမမှီဝဲရာ။ ၃၁၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိစ္ဆာစာရ ပရဒါရကံကို များစွာပြုလေ့ရှိသော အနာထပိဏ်သူဌေး၏တူ ခေမက မည်သော သူဌေးသားကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၅—ဒုဗ္ဗစ ဘိက္ခု

ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါ နုကန္တတိ၊
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာ ယုပ ကဍ္ဎတိ။ ၃၁၁။

မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် လက်ကိုသာလျှင် ခွဲရှစေသကဲ့သို့ မကောင်းသဖြင့် ကျင့်သုံးအပ်သော ရဟန်းအဖြစ်သည် ငရဲသို့ဆွဲချ၏။ ၃၁၁။

ယံကိဉ္စိ သိထိလံ ကမ္မံ၊ သံကိလိဋ္ဌဉ္စ ယံဝတံ၊
သင်္ကဿရံ ဗြဟ္မစရိယံ၊ န တံ ဟောတိ မဟပ္ဖလံ။ ၃၁၂။

ရောရဲစွာပြုအပ်သော အမှုကိစ္စတစုံတခုသည်၎င်း၊ ညစ်နွမ်းသောအကျင့်သည်၎င်း၊ ယုံမှားတွေးတောဖွယ်ဖြစ်သော ရဟန်းအကျင့်သည်၎င်း၊ အကျိုးမကြီး။ ၃၁၂။

ကယိရာ စေ ကယိရာထေနံ=
ဒဠှမေနံ ပရက္ကမေ၊
သိထိလော ဟိ ပရိဗ္ဗာဇော=
ဘိယျော အာကိရတေ ရဇံ။ ၃၁၃။

အမှုကိစ္စကို ပြုလုပ်ခဲ့မူ ထိုကိစ္စကိုပြုလုပ်ရာ၏။ ထိုအမှုကိစ္စကို မြဲမြံစွာ အားထုတ်ရာ၏။ ရောရဲစွာပြုအပ်သော ရဟန်းအဖြစ်သည် ကိလေသာမြူကို ထပ်လောင်း ကြဲဖြန့်တတ်၏။ ၃၁၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ သိတင်းသုံးဖော်တို့ ဆိုဆုံးမသည်ကို မနာယူဘဲ သမန်းမြက်ကို နှုတ်သည့် အပြောရခက်သော ရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၆–ဣဿာ ပကတ ဣတ္ထိ

အကတံ ဒုက္ကဋံ သေယျော–
ပစ္ဆာ တပ္ပတိ ဒုက္ကဋံ၊
ကတဉ္စ သုကတံ သေယျော–
ယံ ကတွာ နာနုတပ္ပတိ။၃၁၄။

မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏။ ကောင်းမှုကိုပြုခြင်းသည်ကား မြတ်၏။ ယင်းကိုပြုခြင်းကြောင့် နောင်တတဖန် မပူပန်ရ။၃၁၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မိန်းမတယောက်သည် မိမိလင်နှင့် ယဉ်ပါးသော ကျွန်မကို နားနှာခေါင်းတို့ကို ဖြတ်ပြီး အိမ်တွင်းမှာ ချည်ထားခဲ့၍ တံခါးပိတ်ပြီးသော် လင်နှင့် တကွ ကျောင်းသို့လာပြီး တရားနာနေ၏။ ကျွန်သည် ကျောင်းသို့လာ၍ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ရာ၌ ဟောကြားသောတရားဖြစ်၏။

---

## ၇–သမ္ဗဟုလ ဘိက္ခု

နဂရံ ယထာ ပစ္စန္တံ–
ဂုတ္တံ သန္တရဗာဟိရံ၊
ဧဝံ ဂေါပေထ အတ္တာနံ–
ခဏော ဝေါ မာ ဥပစ္စဂါ၊
ခဏာတီတာ ဟိ သောစန္တိ–
နိရယမှိ သမပ္ပိတာ၊၃၁၅။

တိုင်းပြည်အစွန်ဖြစ်သောမြို့ကိုအတွင်းအပြင်နှင့်တကွ သုံ့ခြုံစေသကဲ့သို့ ထို့အတူ မိမိကိုယ်ကို စောင့်ရှောက်ကုန်လော့၊ သင်တို့ကို အခွင့်အခါကောင်းသည် မလွန်စေလင့်။ အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ကြရကုန်၏ ၊ ၃၁၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ များစွာသော အာဂန္တုရဟန်းတို့ကို "ချမ်းသာစွာ နေကြရပါ၏လော"ဟု မေးတော်မူ၏။ ထိုအခါရဟန်းတို့က "အရှင်ဘုရား ဆွမ်းခံရွာ၌ ခိုးသူဓါးပြဘေးကြောင့် စောင်းရန်းသစ်တပ်လုပ်ကြ၍ ဆွမ်းပန်းကိုအားမထုတ်နိုင်၍ မချမ်းသာကြပါသေး"ဟု လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

## ၄-နိဂဏ္ဌ

အလဇ္ဇိတာယေ လဇ္ဇန္တိ၊ လဇ္ဇိတာယေ န လဇ္ဇရေ၊
မိစ္ဆာ ဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ ၊ ၃၁၆။

ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၍ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော ၊ အယူမှားသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏ ၊ ၃၁၆။

အဘယေ ဘယ ဒဿိနော–
ဘယေ စာဘယဒဿိနော၊
မိစ္ဆာ ဒိဋ္ဌိ သမာဒါနာ၊
သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ ၊ ၃၁၇။

ကြောက်ဖွယ်မဟုတ်သည်၌ ကြောက်ဖွယ်ဟု ရှုလေ့ရှိကုန်၍ ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိကုန်သော အယူမှားသော သတ္တဝါတို့သည် ဒုဂ္ဂတိ ဘဝသို့ ရောက်ရကုန်၏ ၊ ၃၁၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လုံးဝ အဝတ်မဝတ်သော အစေလ တက္ကတွန်းနှင့် ရှေ့အဖို့ကသာ အဝတ်ဝတ်သော နိဂဏ္ဌတက္ကတွန်းတို့ကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၉—တိတ္ထိယ သာဝက

အဝဇ္ဇေ ဝဇ္ဇ မတိနော၊ ဝဇ္ဇေ စာဝဇ္ဇ ဒဿိနော၊
မိစ္ဆာ ဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ၊၃၁၈။

အပြစ်မဟုတ်သည်၌ အပြစ်ဟုအယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော အယူမှားသောသတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ရောက်ရကုန်၏၊၃၁၈။

ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော၊
သမ္မာ ဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ၊၃၁၉။

အပြစ်ကိုအပြစ်ဟု, အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြသောကြောင့် အယူမှန်ရှိသော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တိတ္ထိတပည့်တို့ကို သွန်သင်ဆုံးမရန် ဟောကြားသောတရားဖြစ်၏။

နှစ်ဆယ့်နှစ်ခုမြောက် နိရယဝဂ် ပြီး၏။

[redacted]

# ၂၃-နာဂဝဂ်

## ၁-အတ္တဒန္တ

အဟံ နာဂေါဝ သင်္ဂါမေ–
စာပတော ပတိတံ သရံ၊
အတိဝါကျံ တိတိက္ခိဿံ–
ဒုဿီလော ဟိ ဗဟုဇ္ဇနော ။၃၂၀။

ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှကျရောက်လာသောမြားကို မတုန်မလှုပ်ခံသကဲ့သို့ ငါသည် လွန်ကျူးစော်ကားသောစကားကို သည်းခံအံ့၊ လူအများသည် သီလမရှိသည်သာတည်း ။၃၂၀။

ဒန္တံ နယန္တိ သမိတိံ–
ဒန္တံ ရာဇာဘိရူဟတိ၊
ဒန္တော သေဋ္ဌော မနုဿေသု
ယောတိဝါကျံ တိတိက္ခတိ ။၃၂၁။

ယဉ်ကျေးပြီးသော ဆင်မြင်းစသည်ကိုသာ ပွဲသဘင်သို့ဆောင်ကုန်၏။ ယဉ်ကျေးပြီးသော ဆင်မြင်းစသည်ကိုသာ မင်းသည်စီး၏။ လွန်ကျူးစော်ကားသောစကားကို သည်းခံနိုင်သူသည် ယဉ်ကျေး၍ လူတို့တွင်မြတ်၏ ။၃၂၁။

ဝရမဿတရာ ဒန္တာ၊ အာဇာနီယာစ သိန္ဓဝါ၊
ကုဉ္ဇရာစ မဟာနာဂါ၊ အတ္တ ဒန္တော တတောဝရံ ၊၃၂၂။

အဿတိုရ်မြင်းတို့သည်၎င်း, အာဇာနည်မြင်းတို့သည်၎င်း, သိန္ဓောမြင်းတို့သည်၎င်း, ဆင်ပြောင်ကြီးတို့သည်၎င်း-ယဉ်ကျေးကုန်မှသာလျှင် မြတ်ကုန်၏။ ကိုယ်စိတ်နှစ်ပါးကို ဆုံးမယဉ်ကျေးပြီးသူသည် ထို့ထက်မြတ်၏၊၃၂၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ကို ရန်ငြိုးဖွဲ့သော မာဂဏ္ဍီမိဘုရား တံစိုးပေး၍ တိတ္ထိတို့သည် ဘုရားရှင်ကို အစဉ်လိုက်၍ဆဲရေးကြ၏။ ထိုအခါ ရှင်အာနန္ဒာက "အရှင်ဘုရား တခြားတိုင်းပြည်သို့ကြွတော်မူပါ။ ဤပြည်မှာ ဆဲရေးလှသည်"ဟု လျှောက်ရာ၌ ဟောကြားသော ဒေသနာဖြစ်၏။

---

## ၂-ဟတ္ထာစရိယ ပုဗ္ဗက ဘိက္ခု

န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ၊
ယထာတ္တနာ သုဒန္တေန၊ ဒန္တောဒန္တေန ဂစ္ဆတိ၊၃၂၃။

ဤယာဉ် တို့ဖြင့် မရောက်ဘူးသေးသော နိဗ္ဗာန်အရပ်သို့ မရောက်နိုင်သည်သာတည်း၊ ဣန္ဒြေတို့ကို ဆုံးမသဖြင့်၎င်း, မိမိစိတ်ကို ကောင်းစွာဆုံးမသဖြင့်၎င်း ယဉ်ကျေးပြီးသူသည်သာ ရောက်နိုင်၏၊၃၂၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဆင်ဆရာလုပ်ခဲ့ဘူးသော ရဟန်းကြီးတပါးသည် ရေဝတီမြစ်နား၌ ဆင်ကိုဆုံးမနေသော ဆင်ဆရာတယောက်ကိုမြင်၍ "ဤအရပ်၌ထိုးလျှင် ယဉ်ကျေး၏"ဟု ဆို၏။ ဆိုတိုင်းပြုရာတွင်မှ ဆင်ယဉ်ကျေး၏။ ထိုအကြောင်းကို ရဟန်းတို့ လျှောက်ကြားရာမှာ ဟောကြားသောတရားဖြစ်၏။

## ၃–ပရိ ဇိဏ္ဏ ဗြာဟ္မဏ ဝတ္ထု

ဓနုပါလော နာမ ကုဉ္ဇရော–
ကဋုကဘေဒနော ဒုန္နိဝါရယော၊
ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ–
သုမရတိ နာဂဝနဿ ကုဉ္ဇရော ၊၃၂၄။

ပြင်းထန်စွာ အမုန်ယစ်၍ နှိပ်နင်းရန်ခဲယဉ်းသော ဓနပါလမည်သောဆင်သည် နှောင်ဖွဲ့ခြင်းခံရသဖြင့် အစာမစားနိုင်၊ ဆင်သည် ဆင်တောဦသာ မွေ့လျော်ပျော်ပိုက်၏ ၊၃၂၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဥစ္စာ ရှစ်သိန်းရှိသော ပုဏ္ဏားအိုတယောက်သည် သားလေးယောက်တို့အား ဥစ္စာ နှစ်သိန်းစီပေး၍ ဥစ္စာကုန်သောအခါ သားသမီးတို့ပြန်၍မကြည့်။ ဝတ်ရမဲ့ စားရမဲ့ ခွက်လက်စွဲ၍ တောင်းစားရရှာ၏။ ထိုပုဏ္ဏားသည် ဘုရားရှင်ထံ လာပြီး မိမိအဖြစ်သနစ်ကို လျှောက်၏။ ဘုရားရှင်လည်း ပုဏ္ဏားတို့ အစည်း အဝေးသဘင်၌ "သူတို့ကိုမွေးရခြင်းကြောင့် ကျေနပ်ပါသည်။" ဟု ကြွေး ကြော်လော့ဟု သင်ပေးလိုက်၏။ ပုဏ္ဏားလည်း မိန့်တော်မူတိုင်း ကြွေးကြော် လေသော် သားလေးယောက်တို့သည် ထိတ်လန့်၍ အဖ ပုဏ္ဏားကို ရိုသေစွာ လုပ်ကျွေးပြုစုကြ၏။ သားအကြီး မင်္ဂလာပြုသောနေ့၌ သံဃာတော်ငါးရာ နှင့်တကွ ဘုရားရှင်ကိုပင့်၍ ဆွမ်းကျွေးရာ မိဖတို့အား လုပ်ကျွေးသင့်သော အဖြစ်ကို မာတုပေါသကဇာတ်ဖြင့် အတိတ်ဆောင်ပြီး ဟောကြားသော တရားဖြစ်၏။

---

## ၄–ပသေနဒီ ကောသလ

မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ–
နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ၊
မဟာဝရာဟောဝ နိဝါပ ပုဋ္ဌော–
ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။၃၂၅။

ငိုက်မျဉ်းလျက် မျောက်မျဉ်းအိပ်ကာ အစားကြီးလျက် ကျွေးမွေးထားသော ဝက်ကြီးကဲ့သို့ တလူးလူး တလည်းလည်း အိပ်လေ့ရှိသည့် ပညာနုံ့သူသည် အဖန် တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေနေရ၏။၃၂၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တစိတ် ချက်ထမင်းကို စား၍ တရားနာစဉ် တလူး လည်းလည်း ငိုက်မျဉ်းသော ပသေနဒီကောသလမင်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၅-သာနု သာမဏေရ

ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ—
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ၊
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော-
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။၃၂၆။

ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိတိုင်း ကောင်း နိုးရာရာ လှည့်လည်ကျက်စားခဲ့လေပြီ။ ချွန်းကိုင်သောဆင်ထိန်းကသည် အမုန် ယစ်သော ဆင်ကို နှိမ်ဘိသကဲ့သို့ ငါသည် ယခု ထိုစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် နှိပ် ပေအံ့။၃၂၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အကျင့်သီ လ, ဝတ်ကြီးဝတ်ငယ်နှင့်ပြည့်စုံသော သာနု သာမဏေသည် "မိမိပြုသော ကုသိုလ် ငါ့အမိအဖ ရပါစေသတည်း"ဟု အမျှဝေ၏။ထိုအခါ အခြားမဲ့ ဘဝ က သာနုသာမဏေ၏ အမိဖြစ်ခဲ့ဘူးသော ဘီလူးမသည် "သာဓု-သာဓု"ခေါ် ၍ သာမဏေကို ကြည့်ရှုစောင်မ၏။ သာမဏေသည် တရံသောအခါ ကာမ ဝိတက် နှိပ်စက်သည်ဖြစ်၍ လူထွက်အံ့ဟု မိမိအိမ်သို့လာ၏။ ဘီလူးမသည် သာမဏေ၏အကြံကိုသိ၍ သာမဏေကို ပူးဝင်နှိပ်စက် ညှဉ်းဆဲလျက် ခြိမ်း

ချောက်၏။ သာမဏေသည် သတိရကာ ဝိတက်ကို ဖျောက်၍ ဘုရားရှင်ထံ သွား၍ အကြောင်းကိုလျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၆–ပါဝေယျက ဟတ္ထိ

အပ္ပမာဒရတာ ဟောထ၊ သစိတ္တ မနု ရက္ခထ၊
ဒုဂ္ဂါ ဥဒ္ဓရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။ ၃၂၇။

မမေ့ မလျော့သော အပ္ပမာဒတရား၌ မွေ့လျော်ကြကုန်လော့။ မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့။ ညွန်၌ ကျွံနစ်သော ဆင်သည် မိမိကိုယ်ကို ညွန်ပျောင်းမှ ထုတ်သကဲ့သို့ သင်တို့သည် ကိလေသာ ညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်ကြကုန်လော့။ ၃၂၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသလ မင်းကြီး၏ ပါဝေယျက မည်သော ဆင် အို၍ အားနည်းသောကြောင့် အိုင်တခု၌ ညွန်ပျောင်းကျွံ၍ မနှုတ်နိုင်ဖြစ်နေ၏။ ထိုအခါ စစ်သည် ဗိုလ်ထုကိုပြလျက် တိုက်မောင်းတိုက်စည်ကို တီးကာမျှဖြင့် အားတက်၍ ညွန်မှ မိမိကိုယ်ကို နှုတ်လေ၏။ ဤအကြောင်းကို ရဟန်းတို့လျှောက်ကြားရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၇–သမ္ဗဟုလဘိက္ခု

သစေ လဘေထ နိပကံ သဟာယံ–
သဒ္ဓိံ စရံ သာဓု ဝိဟာရိ ဓီရံ၊
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ–
စရေယျ တေနတ္တမနော သတိမာ။ ၃၂၈။

ပညာရှင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် အဆွေခင်ပွန်းကို အကယ်၍ ရခဲ့မူ ထိုအဆွေခင်ပွန်းနှင့် အတူတကွ ဘေးရန်အားလုံးတို့ကို နှိပ်နင်းလျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာ ကျင့်ရာ၏။၃၂၈။

နော စေ လဘေထ နိပကံ သဟာယံ–
သဒ္ဓိံ စရံ သာဓု ဝိဟာရိ ဓီရံ၊
ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ–
ဧကော စရေ မာတင်္ဂ ရညေဝ နာဂေါ။၃၂၉။

ပညာရှင့်၍ ကောင်းစွာနေထိုင်လေ့ရှိသော တည်ကြည်သော အတူကျင့်ဖော် အဆွေခင်ပွန်းကို အကယ်၍မရခဲ့မူ မင်းသည် နိုင်ပြီးသော တိုင်းပြည်ကို စွန့်၍ထွက်သကဲ့သို့ရင်း, မာတင်္ဂ ဆင်မင်းသည် တော၌ တစီးတည်း လှည့်လည်သကဲ့သို့ရင်း တယောက်တည်း ကျင့်ရာ၏။၃၂၉။

ဧကဿ စရိတံ သေယျော–
နတ္ထိ ဗာလေ သဟာယတာ၊
ဧကော စရေ န စ ပါပါနိ ကယိရာ–
အပ္ပေါဿုက္ကော မာတင်္ဂရညေဝ နာဂေါ။၃၃၀။

တယောက်တည်း ကျင့်ခြင်းသည် မြတ်၏။ လူမိုက်၌ အဆွေခင်ပွန်းအဖြစ်မျိုးသည်မရှိ၊ မာတင်္ဂဆင်မင်းသည်တော၌ တကောင်တည်း ကြောင့်ကြမဲ့လှည့်လည်သကဲ့သို့ တယောက်တည်း ကြောင့်ကြမဲ့ ကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြုရာ။၃၃၀။

မြတ်စွာဘုရားသည် ကောသမ္ဗီပြည်သား ရဟန်းတို့ အဓိကရဏ်းဖြစ်ကြသည်ကို ဆုံးမ၍ မရသောကြောင့် ငြီးငွေ့တော်မူလျက် ကိုယ်တော်တပါးတည်း ပလလဲဆင်၏ အလုပ် အကျွေးကိုခံလျက် ပါလိလေယျ တောအုပ်၌ နေတော်မူ၏။ ထိုအခါ ရှင်အာနန္ဒာသည် ရဟန်းငါးရာနှင့်လာ၍ ရိုသေစွာ ရှိခိုးပြီးလျှင် "ရှင်ပင်ဘုရားသည် ဤတောအုပ်ကြီး၌ မျက်သစ်ရေ ဒန်ပူ ကမ်းလှမ်းသူမရှိဘဲ တကိုယ်တော်တည်း နေရသဖြင့် ပြုနိုင်ခဲသော အမှုကို ပြုတော်မူသည်" ဟု လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

## ၈–မာဂ

အတ္ထမှိ ဇာတမှိ သုခါ သဟာယာ–
တုဋ္ဌီ သုခါ ယာ ဣတရီတရေန၊
ပုညံ သုခံ ဇီဝိတ သင်္ခယမှိ–
သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။၃၃၁။

အဆွေခင်ပွန်းရှိခြင်းသည် အရေးကိစ္စပေါ်ပေါက်လာသောအခါ ချမ်းသာ၏။ ရရသမျှသော ပစ္စည်းဥစ္စာဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ ကုသိုလ်ကောင်းမှုရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏။ ဆင်းရဲအလုံးစုံကို ပယ်ခြင်းသည် ချမ်းသာ၏။၃၃၁။

သုခါ မေတ္တေယျတာ လောကေ–
အထော ပေတ္တေယျတာ သုခါ၊
သုခါ သာမညတာ လောကေ–
အထော ဗြဟ္မညတာ သုခါ။၃၃၂။

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ထို့ပြင် အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ လောက၌ ရဟန်းတို့ကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ မကောင်းမှုမှအပပြုပြီးသူတို့ကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။၃၃၂။

သုခံ ယာဝဇရာ သီလံ–
သုခါ သဒ္ဓါ ပတိဋ္ဌိတာ၊
သုခေါ ပညာယ ပဋိလာဘော–
ပါပါနံ အကရဏံ သုခံ၊၃၃၃။

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့ခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုပြင်ခြင်းသည် ချမ်းသာ၏၊၃၃၃။

မြတ်စွာဘုရား ဟိမဝန္တာတော အရညကုဋီ၌ နေတော်မူသောအခါ မာရ်နတ်သည် ဘုရားရှင်ကိုကပ်၍ "အလုံးစုံသော လောက၌ တရားသဖြင့် မင်းပြုတော်မူပါ"ဟု လျှောက်ရာတွင် ဟောကြားသောတရားဖြစ်၏။

နှစ်ဆယ့်သုံးခုမြောက် နာဂဝဂ် ပြီး၏။

# ၂၄-တဏှာဝဂ်

## ၁—ကပိလ မစ္ဆ

မနုဇဿ ပမတ္တစာရိနော–
တဏှာ ဝဍ္ဎတိ မာလုဝါ ဝိယ၊
သော ပ္လဝတီ ဟုရာ ဟုရံ–
ဖလ မိစ္ဆံ ဝ ဝနသ္မိ ဝါနရော၊၃၃၄။

မေ့မေ့လျော့လျော့ ကျင့်သော သတ္တဝါအား မာလောနွယ်ကဲ့သို့ တဏှာ တိုးပွား၏။ သစ်သီးကိုအလိုရှိသော မျောက်သည်၊ တောတွင်း၌ တပင်မှ တပင် ခုန်လွှား ကူးသန်းသကဲ့သို့ ထိုတဏှာတိုးပွါးသူသည် တဘဝမှ တဘဝ သို့ပြေးသွားရာ၏၊ ၃၃၄။

ယံ ဧသာ သဟတေဇမ္မိ–
တဏှာ လောကေ ဝိသတ္တိကာ၊
သောကာ တဿ ပဝဍ္ဎန္တိ–
အဘိဝဋ္ဌံ ဝ ဗီရဏံ၊ ၃၃၅။

ပြိတ်မြွက်သည် မိုးရွာသောအခါကြီးပွါးသကဲ့သို့ လောက၌ ဇပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာ ညှဉ်းခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့ကြီးပွါးကုန်၏၊၃၃၅။

ယော စေတံ သဟတေ ဇမ္မိံ—
တဏှံ လောကေ ဒုရစ္စယံ၊
သောကာ တမှာ ပပတန္တိ—
ဥဒ ဗိန္ဒုဝ ပေါက္ခရာ၊၃၃၆။

ရေပေါက်သည် ကြာရွက်မှလျှောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော ထိုတဏှာကို ညှဉ်းဆဲနိုင်ခဲ့မူ ဆိုသူ့မှ စိုးရိမ်ကြောင့်ကြမှုတို့သည် လျှောကျကုန်၏၊၃၃၆။

တံ ဝေါ ဝဒါမိ ဘဒ္ဒံ ဝေါ၊ယာဝန္တေတ္ထ သမာဂတာ၊
တဏှာယ မူလံ ခဏထ၊ ဥသီရတ္ထောဝ ဗီရဏံ၊
မာ ဝေါ နဠံဝ သောတောဝ၊မာရော ဘဉ္ဇိ ပုနပ္ပုနံ၊၃၃၇။

ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသောစကားကို ပြောကြားအံ့။ပန်းရင်းခေါ်သောပြိတ်မြွက်၏ အမြစ်ကို အလိုရှိသူသည် ပြိတ်မြွက်ပင်ကို တူးရသကဲ့သို့ တဏှာ၏ အမြစ်အရင်းကိုတူးပစ်ကြကုန်လော့၊ ရေအလျဉ်သည် ကျူပင်ကိုဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည်သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်၊၃၃၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကောသလမင်းကြီးသည် အစိရဝတီမြစ်တွင် ထူးဆန်းသော ငါးကြီး တကောင်ရ၏။ ဘုရားရှင်ထံ ယူခဲ့၍ "ဤငါးသည်အဘယ်ကြောင့်အဆင်းလှသနည်း၊ အဘယ့်ကြောင့် ခံတွင်း၌ပုပ်သနည်း" ဟု လျှောက်၏။ထိုအခါ ဘုရားရှင်က "မင်းကြီး ဤငါးသည် ကဿပဘုရားရှင် လက်ထက်၌ ပိဋကတ်သုံးပုံဆောင်သည့်ကပိလ အမည်ရှိသော ရဟန်းဖြစ်၍ လဇ္ဇီပေသလ ရဟန်းတို့ကို ငေါက်ငမ်း၏။ ဘုရားဟောမဟုတ်သည်ကို ဘုရားဟောလုပ်၍ မအပ်သည်ကို အအပ်ပြု၍ ဖြေဆိုဘူးသောကြောင့် ကြာမြင့်စွာ အဝီစိ၌ခံခဲ့ရပြီးယခုအခါ ငါးအဖြစ်သို့ရောက်နေခြင်းဖြစ်သည်" ဟု အတိတ်ကိုဆောင်ကာ ဟောကြားသောတရားဖြစ်၏။

သရိတာနိ သိနေဟိတာနိ စ–
သောမနဿာနိ ဘဝန္တိ ဇန္တုနော၊
တေ သာတသိတာ သုခေသိနော–
တေ ဝေ ဇာတိဇရူပဂါ နရာ၊၃၄၁။

သတ္တဝါတို့အား အောက်မေ့ခြင်း ချစ်ခြင်း ဝမ်းမြောက်ခြင်းတို့သည်ဖြစ်ကုန်၏။ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ဖွယ်၌ မှီကုန်လျက် ကာမချမ်းသာကို ရှာမှီးကုန်သည်ဖြစ်၍ ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မုချကပ်ရောက်ကြရကုန်၏၊၃၄၁။

တသိဏာယ ပုရက္ခတာ ပဇာ–
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော၊
သံယောဇန သင်္ဂ သတ္တကာ–
ဒုက္ခ မုပေန္တိ ပုနပ္ပုနံ စိရာယ၊ ၃၄၂။

တဏှာဖြင့်ရှုံ ဝန်းဝိုင်းခြံရံအပ်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌ မိသောယုန်ကဲ့သို့ ကြောက်ရွံ့ထိပ်လန့်နေကြရကုန်၏၊ သံယောဇဉ်အစေးဖြင့် ကပ်ငြိကုန်သော သူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး အဖန်တလဲလဲ ပဋိသန္ဓေနေခြင်းစသော ဆင်းရဲသို့ကပ်ရောက်ကြရကုန်၏၊၃၄၂။

တသိဏာယ ပုရက္ခတာ ပဇာ–
ပရိသပ္ပန္တိ သသောဝ ဗန္ဓိတော၊
တသ္မာ တသိဏံ ဝိနောဒယေ–
အာကင်္ခန္တ ဝိရာဂ မတ္တနော၊၃၄၃။

တဏှာဖြင့် ဝန်းဝိုင်းခြံရံအပ်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌မိသော ယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့်နေကြရကုန်၏။ ထို့ကြောင့်မိမိ၏ ရာဂကင်းခြင်းကို တောင့်တသူသည် တဏှာကိုပယ်ဖျောက်ရာ၏၊၃၄၃။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ရာတွင် ဝက်မငယ်တကောင်ကိုမြင်၍ ပြုံးတော်မူရာ ရှင်အာနန္ဒာ မေးလျှောက်သော် “အာနန္ဒာ ဤဝက်မငယ်သည် ကကုသန်

ဘုရားလက်ထက်က ကြက်မဖြစ်ခဲ့ဘူးသည်။ ကြက်မဘဝမှ စုတေ၍ ဗာရာဏသီပြည်မှာ ဥပရိမင်းသမီးဖြစ်သည်၊ ထိုမင်းသမီးသည် ကိုယ်လက် သုတ်သင်ရာ ပိုးလောက်အစုကိုမြင်၍ ပုဠုဝက သညာဖြင့် ပဌမဈာန်ကိုရ၍ ဗြဟ္မာ့ဘုံ၌ ဖြစ်၏။ ဗြဟ္မာ့ဘုံမှစုတေသော် ဗာရာဏသီပြည်၌ သူဌေးသမီးဖြစ်သည်။ သူဌေးသမီးမှ စုတေ၍ ယခုဝက်မယ်ဖြစ်ရသည်" ဟု မိန့်တော်မူ၍ဤတရား ဟောကြားခြင်းဖြစ်၏။

---

## ၃-ဝိဗ္ဘန္တဘိက္ခု

ယော နိဗ္ဗနထော ဝနာဓိ မုတ္တော-
ဝန မုတ္တော ဝနမေဝ ဓာဝတိ၊
တံ ပုဂ္ဂလမေထ ပဿထ-
မုတ္တော ဗန္ဓနမေဝ ဓာဝတိ၊၃၄၄။

အကြင်သူသည် လူ့အဖြစ်၌နေခြင်းဟူသော တောကိုစွန့်၍ အကျင့်တည်းဟူသော တောသို့သက်ဝင်ခဲ့၏။ အိမ်ရာထောင်မှုတဏှာတောမှ လွတ်ပြီးလျက် အိမ်ရာထောင်မှု တဏှာတောသို့ပြေးဝင်ပြန်၏။ လာကြကုန်လော့ ထိုသူ့ကိုရှုကြလော့။ အိမ်ရာထောင်မှု အနှောင်အဖွဲ့မှ လွတ်ပြီးလျက် အိမ်ရာထောင်မှုအနှောင်အဖွဲ့သို့သာလျှင် ပြေးဝင်၏၊၃၄၄။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်မဟာကဿပ၏တပည့် ပဉ္စင်းငယ်သည် ဈာန်သမာပတ်ရပြီးမှ ဦးရီးသမီး၌ တပ်နှစ်သက်၍ လူထွက်၏။ ခိုးသူတို့နှင့်တကွ ခိုးမှုပြုရာတွင် မင်းစိုးတို့ဖမ်းမိ၍ သတ်ရန် တောင်တံခါးဖြင့် ထုတ်၍သွားသည်ကို ဆွမ်းခံဝင်လာသောရှင်မဟာကဿပ မြင်၍ "ရှေးကလေ့ကျက်သောတရားကို နှလုံးသွင်းလော့"ဟု ဆုံးမရာတွင် နှလုံးသွင်း၍ ဈာန်သမာပတ်ရ၏။ လုပ်တိုင်းသို့ရောက်၍ တံကျင် လျှိုအံ့သည်တွင် မကြောက်မရွံ့ အံ့ဖွယ်သရဲရှိ၍ မင်းကြီးအား လျှောက်ရာတွင် လွတ်စေ၏။ ဘုရားရှင်သည် ထိုလူထွက်ကိုအကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

## ၄-ဗန္ဓနာဂါရ

န တံ ဒဠှံ ဗန္ဓန မာဟု ဓီရာ-
ယဒါယသံ ဒါရုဇ ပဗ္ဗဇဉ္စ၊
သာရတ္တ ရတ္တာ မဏိကုဏ္ဍလေသု-
ပုတ္တေသု ဒါရေသု စ ယာ အပေက္ခာ ၊၃၄၅။

ဧတံ ဒဠှံ ဗန္ဓနမာဟု ဓီရာ-
ဩဟာရိနံ သိထိလံ ဒုပ္ပမုဉ္စံ၊
ဧတမ္ပိ ဆေတွာန ပရိဗ္ဗဇန္တိ-
အနပေက္ခိနော ကာမသုခံ ပဟာယ ၊၃၄၆။

သံဖြင့်ပြုလုပ်သော အနှောင်အဖွဲ့၊ သစ်သားဖြင့်ပြုလုပ်သော အနှောင်အဖွဲ့၊ မြက်လျှော်တို့ဖြင့်ပြုလုပ်သော အနှောင်အဖွဲ့မျိုးကိုခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ မဆိုကြကုန်။ ပတ္တမြား နားတောင်းစသော ရတနာတို့ဖြင့်၎င်း၊ သားမယားတို့၌၎င်း အလွန်တပ်နှစ်သက်သော ငဲ့ကွက်မှုတဏှာ အနှောင်အဖွဲ့မျိုးကိုသာလျှင် ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကြကုန်၏။ ပညာရှိတို့သည် ယုတ်နိမ့်ရာသို့ ဆောင်တတ်သဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်နိုင်ရန် ခဲယဉ်းသော ဤတဏှာတည်းဟူသော အနှောင်အဖွဲ့ကို ရှန်းဖြတ်၍ မငဲ့ကွက်ပဲ ကာမချမ်းသာကိုစွန့်လျက် တောထွက်ကြ၏ ၊၃၄၅-၃၄၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ နှောင်အိမ်၌ သွင်းထားသူတို့ကို ရဟန်းတို့ဆွမ်းခံရာတွင် မြင်ခဲ့ကြ၍ ဘုရားရှင်အား လျှောက်ကြရာတွင် ဟောကြားသော တရားဖြစ်၏။

---

## ၅-ခေမာ ထေရီ

ယေ ရာဂရတ္တာ နုပတန္တိ သောတံ-
သယံ ကတံ မက္ကဋကောဝ ဇာလံ၊
ဧတမ္ပိ ဆေတွာန ဝဇန္တိ ဓီရာ-
အနပေက္ခိနော သဗ္ဗဒုက္ခံ ပဟာယ ၊၃၄၇။

ပင့်ကူသည် မိမိပြုသောပိုက်ကွန်၌ အိပ်သကဲ့သို့ သတ္တဝါတို့သည် ပြင်းစွာတပ်မက်ကုန်သည်ဖြစ်၍ မိမိတို့ပြုသော တဏှာအယဉ်သို့ကျကုန်၏။ ပညာရှိတို့သည် ဤတဏှာကိုဖြတ်၍ မငဲ့ကွက်ပဲ ဆင်းရဲ ခပ်သိမ်းကို စွန့်လျက်သွားကုန်၏ ၊၃၄၇။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဗိမ္ဗိသာရမင်း၏ အဂ္ဂမဟေသီဖြစ်သော ခေမာမိဘုရားသည် အဆင်းလှသည့်အတွက် မာန်ရစ်သောကြောင့် ဟောကြားသောတရားဖြစ်၏။

---

## ၆–ဥဂ္ဂသေန

မုဉ္စ ပုရေ မုဉ္စ ပစ္ဆတော–
မဇ္ဈေ မုဉ္စ ဘဝဿ ပါရဂူ၊
သဗ္ဗတ္ထ ဝိမုတ္တ မာနသော–
န ပုနံ ဇာတိဇရံ ဥပေဟိသိ ၊၃၄၈။

လွန်လေပြီးသောခန္ဓာ၌ တဏှာကို စွန့်ကြလော့၊ နောင်ဖြစ်ပေါ်မည့် ခန္ဓာ၌ တဏှာကိုစွန့်လော့၊ အလယ်၌ဖြစ်သော ပစ္စုပ္ပန်ခန္ဓာ၌တဏှာကိုစွန့်လော့၊ အလုံးစုံခန္ဓာ၌ တဏှာမှလွတ်သောစိတ်ရှိလျက် ဘဝသုံးပါး၏အဆုံးသို့ ရောက်သည်ဖြစ်၍ တဖန် အိုခြင်း·နာခြင်းသို့ မကပ်လေလင့် ၊၃၄၈။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်ရာတွင် ဥဂ္ဂသေန အမည်ရှိသော ကျွမ်းသမား ကျွမ်းပြနေသည်ကို တွေ့မြင်တော်မူ၏။ ထိုသူသည် ပြည်သူတို့အား အံ့ဩဖွယ်ကို ပြအံ့ဟု အတောင်ခြောက်ဆယ်မြင့်သောတိုင်မှ ကောင်းကင်သို့ခုန်၍ ၁၄–ကြိမ်ကျွမ်းထိုးပြီးမှ တိုင်ထက်၌တည်၏။ ဘုရားရှင်သည် ထိုကျွမ်းသမားကို အကြောင်းပြု၍ ဤတရားကို ဟောကြားခြင်းဖြစ်၏။

## ၇–စူဠဓနုဂ္ဂဟ ပဏ္ဍိတ

ဝိတက္က မထိတဿ ဇန္တုနော–
တိဗ္ဗရာဂဿ သုဘာနုပဿိနော၊
ဘိယျော တဏှာ ပဝဍ္ဎတိ–
ဧသခေါ ဒဠှံ ကရောတိ ဗန္ဓနံ၊၃၄၉။

ဝိတက်နှိပ်စက်အပ်သော ထက်သောရာဂရှိသော တင့်တယ်၏ဟု အဖန်ဖန်ရှုသော သတ္တဝါအား တဏှာသည် အလွန်တိုးပွါး၏။ ဤသူသည် မာရ်၏အနှောင်အဖွဲ့ကို ခိုင်မြဲအောင်ပြု၏၊၃၄၉။

ဝိတက္ကူ ပသမေ စ ယော ရတော–
အသုဘံ ဘာဝယတေ သဒါ သတော၊
ဧသ ခေါ ဗျန္တိ ကာဟိတိ–
ဧသ ဆေစ္ဆတိ မာရ ဗန္ဓနံ၊၃၅၀။

အကြင်သူသည် ဝိတက်ငြိမ်းခြင်း၌သာ မွေ့လျော်၏။ သတိရှိသည်ဖြစ်၍ အခါခပ်သိမ်း အသုဘအာရုံကိုပွါး၏။ ဤသူသည် မာရ်၏အနှောင်အဖွဲ့ကို ကင်းအောင်ပြု၏။ မာရ်၏ အနှောင်အဖွဲ့ကို ဖြတ်၏၊၃၅၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မာတုဂါမဖြားယောင်းသောကြောင့် သာသနာ၌မပျော်မွေ့ ငြီးငွေ့သောရဟန်းတပါးကို ခေါ်တော်မူ၍ “ရဟန်း သင်သည်လွန်လေပြီးသောအခါ စူဠဓနုဂ္ဂဟမည်သော လေးသမားဖြစ်သောကာလက တက္ကသိုလ်မှအပြန် ခိုးသူကြီးနှင့်လုံးထွေးရာတွင် ခိုးသူကိုဓါးရိုးကမ်း၍ သင့်ကိုသတ်စေသူကား အခြားမဟုတ် ဤမာတုဂါမပင်တည်း”ဟု စူဠဓနုဂ္ဂဟဇာတ်ကိုဆောင်၍ ဟောကြားသောတရားဖြစ်၏။

## ၈-မာရ

နိဋ္ဌင်္ဂတော အသန္တာသီ-
ဝီတ တဏှော အနင်္ဂဏော။
အစ္ဆိန္ဒိ ဘဝသလ္လာနိ-
အန္တိမောယံ သမုဿယော ၊၃၅၁။

ပြီးဆုံးခြင်းသို့ ရောက်ပြီးသူသည် ထိတ်လန့်ခြင်းမရှိ တဏှာကင်း၏။ ကိလေသာကင်း၏။ ဘဝသို့ရောက်ကြောင်းငြောင့်တံသင်းတို့ကို ဖြတ်ပြီးဖြစ်၏၊ ဤခန္ဓာကိုယ်သည် အဆုံးစွန်ဖြစ်၏ ၊၃၅၁။

ဝီတ တဏှော အနာဒါနော-
နိရုတ္တိ ပဒ ကောဝိဒေါ၊
အက္ခရာနံ သန္နိ ပါတံ-
ဇညာ ပုဗ္ဗာ ပရာ နိ စ၊
သဝေ အန္တိမ သာရီရော-
မဟာပညော မဟာပုရိသောတိ ဝုစ္စတိ ၊၃၅၂။

တဏှာကင်းသော ၌လမ်းခြင်းမရှိသော,နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော,အက္ခရာတို့၏ အပေါင်းကိုလည်း သိသော, အဆုံးစွန်ဖြစ်သည့် ကိုယ်ခန္ဓာရှိသော ထိုသူကို ပညာကြီးသူယောကျ်ားမြတ်ဟု ခေါ်အပ်၏ ၊၃၅၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ မာရ်နတ်မင်းသည် ဆင်ပြောင်ကြီးဟန် ဖန်ဆင်း၍ ရှင်ရာဟုလာကို ခြိမ်းခြောက်၏။ ထိုအခါမြတ်စွာဘုရားသည် မာရ်နတ်၏အဖြစ်ကို သိတော်မူ၍ ဟောကြားသော တရားဖြစ်၏။

---

## ၉-ဥပကာ ဇီဝက

သဗ္ဗာဘိဘူ သဗ္ဗ ဝိဒူဟမသ္မိ-
သဗ္ဗေသု ဓမ္မေသု အနူပလိတ္တော၊
သဗ္ဗဉ္ဇဟော တဏှက္ခယေ ဝိမုတ္တော-
သယံ အဘိညာယ ကမုဒ္ဒိသေယျံ ၊၃၅၃။

ငါသည် တရားအလုံးစုံတို့ကို နှိမ်နင်း၍ တည်၏။ တရားသဘောအလုံးစုံကိုသိ၏။ တရားသဘော အလုံးစုံတို့၌ ကပ်ငြိတွယ်တာခြင်းမရှိ၊ တေဘူမ္မကတရားအလုံးစုံကိုစွန့်၏။ တဏှာကုန်ခန်းရာ၌ လွတ်မြောက်၏။ ကိုယ်တိုင် ထူးသောဉာဏ်ဖြင့်သိ၍ အဘယ်သူကို ညွှန်ပြရအံ့နည်း။၃၅၃။

မြတ်စွာဘုရား သဗ္ဗညု အဖြစ်သို့ ရောက်တော်မူ၍ သတ္တာသတ္တဟ အလွန်တွင် ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရား ဟောကြားရန် မိဂဒါဝုန် တောသို့ ကြွတော်မူရာ လမ်းခရီး၌ ဥပကတက္ကတွန်းက "ငါ့ရှင် သင်ကား ဘယ်သူ့ကိုရည်၍ ရဟန်းပြုသနည်း၊ သင့်ဆရာကား အသူနည်း၊ ဘယ်သူ့တရားကို သင် နှစ်သက်သနည်း" ဟု မေးရာတွင် ဖြေကြားသောတရားဖြစ်၏။

---

## ၁၀ – သက္ကပဥှ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ–
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ၊
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ–
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။၃၅၄။

တရားအလှူသည် အလှူအားလုံးကို အောင်၏။ တရားအရသာသည် အရသာအားလုံးကို အောင်၏။ တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်း အားလုံးကိုအောင်၏။ တဏှာကုန်ရာသည် ဆင်းရဲအလုံးစုံကို အောင်၏။၃၅၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ နတ်ပရိသတ်နှင့်တကွ သိကြားမင်းသည် ဘုရားရှင်ထံချဉ်းကပ်၍ "ဒါနတွင် အဘယ်ဒါနသည် လွန်ကဲပါသနည်း၊အရသာတွင် အဘယ်အရသာ လွန်ကဲပါသနည်း၊ မွေ့လျော်ခြင်းတွင် အဘယ်မွေ့ကျော်ခြင်းလွန်ကဲပါသနည်း၊ဆင်းရဲခပ်သိမ်းကို အောင်နိုင်ခြင်းကား အတယ်ပါနည်း" ဟု မေးလျှောက်ရာတွင် ဖြေကြားသောတရားဖြစ်၏။

## ၁၁–အပုတ္တကသေဋ္ဌိ

ဟနန္တိ ဘောဂါ ဒုမ္မေဓံ–
နော စ ပါရဂဝေသိနော၊
ဘောဂတဏှာယ ဒုမ္မေဓော–
ဟန္တိ အညေဝ အတ္တနံ။၃၅၅။

စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏။ တဖက်ကမ်းကို ရှာမှီးသူကိုကား မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာ၌ တပ်မက်ခြင်းဖြင့် သူတပါးတို့ကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကို ဖျက်ဆီးတတ်၏။၃၅၅။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ အလှူ တရား နှစ်မြောစုံမက်တတ်သော သူဌေးကြီးတဦးသေဆုံး၍ အမွေခံမရှိသော ကြောင့် ဥစ္စာများစွာ မင်းဘဏ္ဍာဖြစ်လေပြီဟု ကောသလမင်းကြီးလျှောက် ရာတွင် ဟောကြားသောတရားဖြစ်၏။

---

## ၁၂–အင်္ကုရ

တိဏ ဒေါသာနိ ခေတ္တာနိ–
ရာဂ ဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတရာဂေသု–
ဒိန္နံ ဟောတိ မဟပ္ဖလံ။၃၅၆။

လယ်ယာကို မြက်ပေါင်းတို့ ဖျက်ဆီးကုန်၏။ ဤသတ္တဝါအပေါင်းကိုကားရာဂ သည် ဖျက်ဆီး၏။ ထို့ကြောင့် ရာဂကင်းသူတို့၌ လှူခြင်းသည် အကျိုးကြီး၏။၃၅၆။

တိဏ္ဏ ဒေါသာနိ ခေတ္တာနိ–
ဒေါသ ဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတ ဒေါသေသု–
ဒိန္နံ ဟောတိ မဟပ္ဖလံ။၃၅၇။

လယ်ယာတို့ကို မြက်ပေါင်းတို့ ဖျက်ဆီးကုန်၏။ ဤသတ္တဝါ အပေါင်းကိုကား ဒေါသသည် ဖျက်ဆီး၏။ ထို့ကြောင့် ဒေါသကင်းသူတို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။၃၅၇။

တိဏ္ဏ ဒေါသာနိ ခေတ္တာနိ–
မောဟ ဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတ မောဟေသု–
ဒိန္နံ ဟောတိ မဟပ္ဖလံ။၃၅၈။

လယ်ယာတို့ကို မြက်ပေါင်းတို့ ဖျက်ဆီးကုန်၏။ ဤသတ္တဝါအပေါင်းကိုကား မောဟသည် ဖျက်ဆီး၏။ ထို့ကြောင့် မောဟကင်းသူတို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။၃၅၈။

တိဏ္ဏ ဒေါသာနိ ခေတ္တာနိ–
ဣစ္ဆာ ဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝိဂတိစ္ဆေသု–
ဒိန္နံ ဟောတိ မဟပ္ဖလံ။၃၅၉။

လယ်ယာတို့ကို မြက်ပေါင်းတို့ ဖျက်ဆီးကုန်၏၊ ဤသတ္တဝါ အပေါင်းကိုကား အလိုရမက်သည် ဖျက်ဆီး၏၊ ထို့ကြောင့် အလိုရမက်ကင်းသူတို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။၃၅၉။

တိဏ္ဏ ဒေါသာနိ ခေတ္တာနိ–
တဏှာ ဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတ တဏှေသု–
ဒိန္နံ ဟောတိ မဟပ္ဖလံ။

လယ်ယာတို့ကို မြက်ပေါင်းတို့ဖျက်ဆီးကုန်၏။ ဤသတ္တဝါ အပေါင်းကိုကား တဏှာသည် ဖျက်ဆီး၏။ ထို့ကြောင့် တဏှာကင်းသူတို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

(ဤဂါထာ:ကာမြန်မာမူမှာရှိ၏။နိုင်ငံခြားမူများနှင့်အဋ္ဌကထာ၌လည်းမပါ။ ထို့ကြောင့် အမှတ်မဖော်ဘဲ အလွတ်ထားခြင်းဖြစ်သည်။)

မြတ်စွာဘုရား တာဝတိံသာ နတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ အဘိဓမ္မာတရား ဟောကြားသောအခါ သာသနာပကာလဝယ် အလှူကြီးပေးသော အင်္ကုရနတ်သားသည် တန်ခိုးကြီးသော နတ်တို့၏ အာနုဘော်ကို မခံနိုင်၍ ၁၂– ယူဇနာ အရပ်က တရားတော်ကိုနာရ၏။ ရှင်အနုရုဒ္ဓါအားဆွမ်းတယောက်မျှလှူသောကန္ဒကနတ်သားက သက္ကသိတနတ်သားနှင့် အတူ လက်ျာဒူးတော်ပါး၌ တရားနာနိုင်သည်ကိုမြင်၍ ဟောကြားသော တရားဖြစ်၏။

နှစ်ဆယ့်လေးခုမြောက် တဏှာဝဂ်ပြီး၏။



# ၂၅ ဘိက္ခုဝဂ်

## ၁–ပဌ ဘိက္ခု

စက္ခုနာ သံဝရော သာဓု–
သာဓု သောတေန သံဝရော၊
ဃာနေန သံဝရော သာဓု–
သာဓု ဇိဝှာယ သံဝရော၊၃၆၀။

စက္ခုဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ သောတဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ဃာနဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ဇိဝှာဒွါရ၌စောင့်စည်းခြင်းသည်ကောင်း၏၊၃၆၀။

ကာယေန သံဝရော သာဓု–
သာဓု ဝါစာယ သံဝရော၊
မနသာ သံဝရော သာဓု–
သာဓု သဗ္ဗတ္ထ သံဝရော၊
သဗ္ဗတ္ထ သံဝုတော ဘိက္ခု–
သဗ္ဗ ဒုက္ခာ ပမုစ္စတိ၊၃၆၁။

ကာယဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ ဝစီဒွါရ၌စောင့်စည်းခြင်းသည် ကောင်း၏။ မနောဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ ဒွါရ အလုံးစုံတို့၌စောင့်စည်းခြင်းသည်ကောင်း၏။ ဒွါရအလုံးစုံတို့၌ စောင့်စည်းသော ရဟန်းသည်ဆင်းရဲအားလုံး၌ လွတ်မြောက်နိုင်၏၊ ၃၆၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသော အခါ "စက္ခုအစရှိသော ခြောက်ဒွါရတို့တွင် အဘယ်ဒွါရသည် စောင့်နိုင် ခဲသနည်း" ဟု ရဟန်းငါးပါးတို့ လျှောက်၍ ဟောကြားသောတရားဖြစ်၏။

---

## ၂=ဟံသ ဃာတက ဘိက္ခု

ဟတ္ထ သံယတော ပါဒ သံယတော—
ဝါစာ သံယတော သံယတုတ္တမော၊
အဇ္ဈတ္တရတော သမာဟိတော=
ဧကော သန္တုသိတော တမာဟု ဘိက္ခုံ၊၃၆၂။

အကြင်သူသည် လက်ကိုစောင့်စည်း၏။ ခြေကို စောင့်စည်း၏။ နှုတ်ကိုမစောင့်စည်း၏။တကိုယ်လုံးကို စောင့်စည်း၏။ ကမ္မဋ္ဌာန်း၌ မွေ့လျော်ကာ စိတ်တည်ကြည်၏။ တယောက်တည်းနေ၍ ရောက်ရဲနိုင်၏။ ထိုသူကို ဘိက္ခုဟု ဆိုကုန်၏၊၃၆၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဟင်္သာကို သတ်ပစ်သော ရဟန်းနှစ်ပါးကို အကြောင်းပြု၍ ဟောကြားသော တရားဖြစ်၏။

---

## ၃–ကောကာလိက

ယော မုခ သံယတော ဘိက္ခု—
မန္တ ဘာဏီ အနုဒ္ဓတော။
အတ္ထံ ဓမ္မဉ္စ ဒီပေတိ=
မဓုရံ တဿ ဘာသိတံ၊၃၆၃။

အကြင်ရဟန်းသည် နှုတ်ကိုစောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပြန့်လွင့်သောစိတ်ရှိ၏။ အနက်အဓိပ္ပာယ်ကိုလည်း ပါဠိကိုလည်း ဟောပြတတ်၏။ ထိုရဟန်းဟောကြားသော စကားသည် ချိုမြိန်၏။ ၃၆၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာ, ရှင်မောဂ္ဂလာန်တို့ကို ဆဲရေး၍ မြေမျိုသော ကောကာလိကမည်သော ရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၄–ဓမ္မာရာမ

ဓမ္မာရာမော ဓမ္မရတော၊ ဓမ္မံ အနုဝိစိန္တယံ၊
ဓမ္မံ အနုဿရံ ဘိက္ခု၊ သဒ္ဓမ္မာ န ပရိဟာယတိ၊ ၃၆၄။

တရားလျှင် မွေ့လျော်ရာရှိသော, တရား၌ မွေ့လျော်တတ်သော, တရားကို အဖန်ဖန် ကြံစည်တတ်သော, တရားကို အဖန်ဖန် အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်၊ ၃၆၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်သက်တော်ထင်ရှားရှိခိုက် တရားတွေ့မြင်အောင်အားထုတ်အံ့ဟု တပါးသော ရဟန်းတို့နှင့် စကားမပြောဘဲ တရားအားထုတ်သော ဓမ္မာရာမ ရဟန်းကို အကြောင်းပြု၍ ဟောကြားသောတရားဖြစ်၏။

---

## ၅–ဝိပက္ခ သေဝက ဘိက္ခု

သလာဘံ နာတိမညေယျ–
နာညေသံ ပိဟယံ စရေ၊
အညေသံ ပိဟယံ ဘိက္ခု–
သမာဓိံ နာဓိဂစ္ဆတိ၊ ၃၆၅။

မိမိရမည့် လာဘ်လာဘကိုစက်ဆုပ်ဖွယ် မဖြစ်စေရာ၊ သူတပါးတို့၏လာဘ်လာဘကို မနှစ်သက် မတောင့်တရာ၊ သူတပါးတို့၏ လာဘ်လာဘကိုနှစ်သက်တောင့်တသော ရဟန်းသည် သမာဓိမရနိုင်၊၃၆၅။

အပ္ပလာဘောပိ စေ ဘိက္ခု-

သလာဘံ နာတိမညတိ၊

တံ ဝေ ဒေဝါ ပသံသန္တိ-

သုဒ္ဓါဇီဝိံ အတန္ဒိတံ၊၃၆၆။

ရဟန်းသည် လာဘ်လာဘနည်းသော်လည်း မိမိလာဘ်လာဘကို အကယ်၍စက်ဆုပ်ဖွယ်မဖြစ်စေခဲ့မူ အသက်မွေးစင်ကြယ်၍ မပျင်းမရိ လုံ့လရှိသော ထိုရဟန်းကို ကောင်းကင်နတ်တို့ ချီးမွမ်းကုန်၏၊၃၆၆။

မြတ်စွာဘုရား ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ဒေဝဒတ်၏ အသင်းအပင်းဖြစ်သော ရဟန်းနှင့် အပေါင်း အဖော်ပြုသော ရဟန်းကို အကြောင်းပြု၍ဟောကြားသောတရားဖြစ်၏။

---

၆—ပဥ္စဂ္ဂ ဒါယက ဗြာဟ္မဏ

သဗ္ဗသော နာမ ရူပသ္မိံ-

ယဿ နတ္ထိ မမာယိတံ၊

အသတာစ န သောစတိ-

သဝေ ဘိက္ခူတိ ဝုစ္စတိ၊၃၆၇။

အကြင်သူအား နာမ်— ရုပ် တရား အားလုံး၌ မြတ်နိုးစွဲလမ်းမှုမရှိ၊နာမ်-ရုပ်ပျက်စီးသော်လည်း မစိုးရိမ်၊ထိုသူကို စင်စစ် ဘိက္ခုဟုဆိုအပ်၏။၃၆၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ လယ်ဦး၊ တလင်းဦး၊ နယ်ဦး၊ ထမင်းအိုးသို့ထည့်ဦး၊ ထမင်းပွဲသို့ချဦး–ဤအဦးငါးပါးကို လှူလေ့ရှိသောကြောင့် ပဉ္စဂ္ဂအမည်ရှိသောပုဏ္ဏားအားအနာဂါမိတည်အံ့ သည်ကိုမြင်တော်မူ၍ ထိုပုဏ္ဏားအိမ်သို့ကြွ၍ ဆွမ်းရပ်၏။ပုဏ္ဏားလည်း ထမင်းစားဆဲဖြစ်၍ ထက်ဝက်စားပြီးသော ထမင်းကိုလှူပြီး၍ လောက၌ အတုမရှိသောဂုဏ်နှင့်ပြည့်စုံသော အသမ္မာနမင်းမျိုးဖြစ်လျက် ထက်ဝက်စားပြီးသော ထမင်းကိုအလှူခံတော်မူပေသည်ဟု ကြည်ညို၍ "အရှင်တို့သည် သာဝကတို့ အား ဘိက္ခုဟုခေါ်ကုန်၏၊ အကောင်းကားအဘယ်နည်း" ဟု လျှောက်၍ ဟောကြားသောတရားဖြစ်၏။

---

## ၇–သမ္ဗဟုလ ဘိက္ခု

မေတ္တာ ဝိဟာရီ ယော ဘိက္ခု–
ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ–
သင်္ခါ ရူပသမံ သုခံ၊၃၆၈။

မေတ္တာတရားကို ပွါးများလေ့ရှိသော၊ဗုဒ္ဓသာသနာ၌ ကြည်ညိုသောရဟန်းသည် သင်္ခါရတို့၏ငြိမ်းရာ ငြိမ်းချမ်းသော နိဗ္ဗာန်ကိုရနိုင်၏၊၃၆၈။

သိဉ္စ ဘိက္ခု ဣမံ နာဝံ–
သိတ္တာ တေ လဟုမေဿတိ၊
ဆေတွာ ရာဂဉ္စ ဒေါသဉ္စ–
တတော နိဗ္ဗာန မေဟိသိ၊၃၆၉။

ရဟန်း ဤလှေမှ ပက်ထုတ်လော့၊ ဤသို့ပက်ထုတ်လျှင် သင်၏လှေသည် လျင်စွာ သွားနိုင်မည်၊ ရာဂ၊ ဒေါသကို ပယ်ဖြတ်နိုင်လျှင် နိဗ္ဗာန်သို့ရောက်မည်၊၃၆၉။

ပဉ္စဆိန္ဒေ ပဉ္စဇဟေ–
ပဉ္စ စုတ္တရိ ဘာဝယေ၊
ပဉ္စ သင်္ဂါတိဂေါ ဘိက္ခု–
ဩဃ တိဏ္ဏောတိ ဝုစ္စတိ ။၃၇၀။

ငါးပါးကိုဖြတ်ရာ၏၊ ငါးပါးကိုစွန့်ရာ၏၊ ငါးပါးတို့ကို လွန်စွာပွါးရာ၏၊ ငြိတွယ်ခြင်းငါးပါးမှ လွန်မြောက်သောရဟန်းကို ဩဃကူးမြောက်ပြီးသူဟု ဆိုအပ်၏ ။၃၇၀။

ဈာယ ဘိက္ခု မာ ပမာဒေါ–
မာတေ ကာမဂုဏေ ရမေဿု စိတ္တံ၊
မာ လောဟဂုဠံ ဂိလီ ပမတ္တော–
မာ ကန္ဒိ ဒုက္ခမိဒန္တိ ဒယှမာနော ။၃၇၁။

ရဟန်း ဝင်စားလော့၊ မမေ့မလျော့လင့်၊ သင်၏စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်စေလင့်၊ မေ့လျော့၍ သံတွေခဲကိုမမျိုလင့်၊ လောင်သည်ရှိသော် ဤသို့အလောင် ခံရခြင်းသည် ဆင်းရဲလေစွဟု မငိုကြွေးလင့် ။၃၇၁။

နတ္ထိ ဈာနံ အပညဿ၊ ပညာ နတ္ထိ အဈာယတော၊
ယမှိ ဈာနဉ္စ ပညာစ၊ သဝေ နိဗ္ဗာန သန္တိကေ ။၃၇၂။

ပညာမရှိသူအား ဈာန်မရှိ၊ ဈာန်မရှိသူအား ပညာမရှိ၊ အကြင်သူ၌ ဈာန်သည်၎င်း, ပညာသည်၎င်းရှိ၏၊ ထိုသူသည် စင်စစ်နိဗ္ဗာန်နှင့်နီး၏ ။၃၇၂။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော၊
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော ။၃၇၃။

ဆိတ်ငြိမ်ရာအရပ်သို့ဝင်သော စိတ်ငြိမ်သက်သောရဟန်းကား လူတို့နှင့်မထိုက်သော ဝိပဿနာတရား၌ မွေ့လျော်၏ ။၃၇၃။

ယတော ယတော သမ္မသတိ ၊ခန္ဓာနံ ဥဒယဗ္ဗယံ၊
လဘတီ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ ။၃၇၄။

ခန္ဓာတို့၏ ဖြစ်ခြင်း-ပျက်ခြင်းကို သုံးသပ်ဆင်ခြင်းတိုင်း-ဆင်ခြင်တိုင်း ပီတိ, ပါမောဇ္ဇကိုရ၏။ ယင်းသည် ပညာရှိတို့အတွက် အမြိုက်နိဗ္ဗာန်တည်း ၊၃၇၄။

တတြာယမာဒိ ဘဝတိ၊ ဣဓ ပညဿ ဘိက္ခုနော၊
ဣန္ဒြိယဂုတ္တိ သန္တုဋ္ဌိ၊ ပါတိမောက္ခေ စ သံဝရော ၊၃၇၅။

ဤသာသနာ၌ ဣန္ဒြေစောင့်ထိန်းခြင်း, ရောင့်ရဲခြင်း, ပါတိမောက္ခ၌စောင့်စည်းခြင်းသည် ပညာရှိရဟန်းအတွက် ထိုနိဗ္ဗာန်ရောက်ကြောင်း၌ အစအဦးဖြစ်၏ ၊၃၇၅။

မိတ္တေ ဘဇဿု ကလျာဏေ-
သုဒ္ဓါဇီဝေ အတန္ဒိတေ၊
ပဋိသန္ထာရ ဝုတျဿ-
အာစာရ ကုသလော သိယာ၊
တတော ပါမောဇ္ဇ ဗဟုလော-
ဒုက္ခဿန္တံ ကရိဿတိ ၊၃၇၆။

အသက်မွေးစင်ကြယ်၍ မပျင်းရိသော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့၊ ပဋိသန္ထာရနှင့် ပြည့်စုံစေရာ၏၊ ကျင့်ဝတ်သီလ၌ လိမ္မာရာ၏၊ ထို့ကြောင့်ဝမ်းမြောက်မှုများသည်ဖြစ်၍ ဆင်းရဲအဆုံးကို ပြုလိမ့်မည် ၊၃၇၆။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်ကောဏ္ဍကဏ္ဏသောဏ၏အမိ ဒါယိကာမကြီးသည် ညဉ့်အခါအရှင်၏တရားကိုကြားနာစဉ်ခိုးသူတို့အိမ်ကိုဖေါက်ထွင်း၍ရွှေငွေဘဏ္ဍာတို့ကိုဖွင့်၍ယူနေကြောင်း ကျွန်မလာ၍ပြော၏။ထိုအခါဒါယိကာမကြီးက "ခိုးသူတို့ယူလိုတိုင်းယူစေ၊ တရားနာပျက်အောင် မပြောလာလင့်"ဟု တားမြစ်၏၊ ထိုစကားကို ခိုးသူတို့ကြားသိလေရာ အလွန်ကြည်ညိုသွားပြီး ရှင်သောဏထံတွင် ရဟန်းပြုကြ၏။ ထိုရဟန်းတို့သည် အရှင်၏ထံမှ ကမ္မဋ္ဌာန်းသင်ယူပြီး တောကျောင်း သစ်ပင်ရင်းတို့၌ ကမ္မဋ္ဌာန်းစီးဖြန်းနေကြစဉ် ဘုရားရှင်ဟောကြားသော တရားဖြစ်၏။

## ၈—ပဥ္စသတ ဘိက္ခု

ဝဿိကာ ဝိယ ပုပ္ဖာနိ၊ မဒ္ဒဝါနိ ပမုဉ္စတိ၊
ဧဝံ ရာဂဉ္စ ဒေါသဉ္စ၊ ဝိပ္ပမုဉ္စေထ ဘိက္ခဝေါ၊၃၇၇။

ရဟန်းတို့ မုလေးပန်းပင်တို့သည် ရင့်ရော်ညှိုးနွမ်းကုန်သော ပန်းပွင့်တို့ကို စွန့်လွှတ်ဘိသကဲ့သို့ ဤအတူ သင်တို့သည် ရာဂကိုရင်း, ဒေါသကိုရင်း စွန့်လွှတ်ကြလော့ ၊၃၇၇။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ကမ္မဋ္ဌာန်းစီးဖြန်းသောရဟန်းငါးရာတို့သည် မုလေးပန်းတို့ကြွေကျသည်ကိုမြင်၍ "ငါတို့လည်း ဤအတူ ကိလေသာတို့မှ လွတ်ကုန်အံ့" ဟု အောက်မေ့ကြရာ၌ ဟောကြားသော တရားဖြစ်၏။

---

## ၉—သန္တကာယ

သန္တကာယော သန္တဝါစာ—
သန္တဝါ သုသမာ ဟိတော၊
ဝန္တ လောကာမိသော ဘိက္ခု—
ဥပသန္တော တိ ဝုစ္စတိ ၊၃၇၈။

ကောင်းစွာတည်ကြည်သည်ဖြစ်၍ ငြိမ်သက်သောကိုယ်, ငြိမ်သက်သောနှုတ်, ငြိမ်သက်သောစိတ်ရှိသော လောကအာမိသ ထွေးအန်သောရဟန်းကို ဥပသန္တဟုဆိုအပ်၏ ၊၃၇၈။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သန္တကာယအမည်ရှိသောရဟန်းကို အကြောင်းပြု၍ဟောကြားသောတရားဖြစ်၏။

## ၁၀ – နဂ်လ ကုလ

အတ္တနာ စောဒ ယတ္တာနံ–
ပဋိမံ သေထ အတ္တနာ၊
သော အတ္တ ဂုတ္တော သတိမာ–
သုခံ ဘိက္ခုဝိဟာဟိသိ ၊၃၇၉။

ရဟန်း မိမိကိုယ်တိုင် စောကြော စစ်ဆေးလေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် ဆင်ခြင်လေလော့၊ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည်ဖြစ်၍ သတိရှိသော သင်သည် ချမ်းသာစွာ နေရလိမ့်မည်၊၃၇၉။

အတ္တာ ဟိ အတ္တနော နာထော–
(ကော ဟိ နာထော ပရော သိယာ)
အတ္တာ ဟိ အတ္တနော ဂတိ၊
တသ္မာ သံယမ မတ္တာနံ–
အဿံ ဘဒြံ ဝ ဝါဏိဇော ၊၃၈၀။

မိမိသာလျှင် မိမိကိုးကွယ်ရာဖြစ်၏ (သူတပါးအဘယ်မှာ ကိုးကွယ်ရာဖြစ်နိုင်အံ့နည်း၊) မိမိသာလျှင် မိမိ၏လားရာဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် မြင်းကို စောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို စောင့်ရှောက်လော့၊၃၈၀။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပုဆိုးနွမ်း တထည်နှင့် တံပြာတချောင်းကို အောက်မေ့၍ လူထွက်အံ့ဟု အဖန်ဖန်ကြံ စည်ခြင်းကို ဆုံးမ၍ ရဟန္တာအဖြစ်သို့ရောက်သော ရှင်နင်္ဂလကို အကြောင်း ပြု၍ဟောကြားသောတရားဖြစ်၏။

(ဤတွင် ဒုတိဂါထာ၌ လက်သဲကွင်း အတွင်းရှိစကားမှာ နိုင်ငံခြား မူများ၌ မပါဝင်ချေ။)

## ၁၁–ဝက္ကလိ

ပါမောဇ္ဇ ဗဟုလော ဘိက္ခု–
ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ–
သင်္ခါရူပသမံ သုခံ ၊၃၈၁။

ဗုဒ္ဓသာသနာ၌ ကြည်ညိုမြတ်နိုး၍ ဝမ်းမြောက်ခြင်းများသော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာ ငြိမ်းချမ်းသော နိဗ္ဗာန်ကို ရရာ၏ ၊၃၈၁။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ဘုရားရှင်ကိုကြည်ညိုသောစိတ်ဖြင့် စိန်းစိန်းရှုကြည့်လျက်သာလျှင် ဘာဝနာကမ္မဋ္ဌာန်းကို အားမထုတ်ဘဲနေသော ရှင်ဝက္ကလိကို "တရားကိုမြင်လျှင် ငါ့ကိုမြင်၏" ဟု မောင်းမဲတော်မူ၍ ဝါဆိုအံ့သောနေ့၌ ကျောင်းမှ နှင်ထုတ် လိုက်၏။ ရှင်ဝက္ကလိသည် လွန်စွာဝမ်းနည်းလှသဖြင့် တောင်ထိပ်မှ ခုန်ချတော့အံ့ဟု ဂိဇ္ဈကုဋ်တောင်သို့ တက်၏။ဘုရားရှင်သည် ထိုအကြောင်းကို သိမြင်တော်မူ၍ ရှင်ဝက္ကလိအား ဟောကြားသော တရားဖြစ်၏။

---

## ၁၂–သုမန သာမဏေရ

ယော ဟဝေ ဒဟရော ဘိက္ခု–
ယုဉ္ဇတိ ဗုဒ္ဓ သာသနေ၊
သောမံ လောကံ ပဘာသေတိ–
အဗ္ဘာ မုတ္တောဝ စန္ဒိမာ၊၃၈၂။

အကြင်ရဟန်းသည် ငယ်ရွယ်သော်လည်း ဗုဒ္ဓသာသနာ၌ စင်စစ်ကြိုးစား အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှလွတ်သော လမင်းကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏၊ ၃၈၂။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ တရားသဘင်၌ အနုဝတတ်အိုင်မှပဏ္ဏကမည်သော နဂါးမင်းကို ဆုံးမ၍ အနုဝတတ်ရေကို ဆောင်ယူခဲ့သော ခုနစ်နှစ်အရွယ်ရှိသောသုမနသာမဏေ၏ အာနုဘော်ကို ချီးမွမ်းကြသော ရဟန်းတို့အား ဟောကြားသောတရားဖြစ်၏။

နှစ်ဆယ်ငါးခုမြောက် ဘိက္ခုဝဂ်ပြီး၏။

# ၂၆-ဗြာဟ္မဏ ဝဂ်

## ၁—ပသာဒ ဗဟုလ ဗြာဟ္မဏ

ဆိန္ဒ သောတံ ပရက္ကမ္မ—
ကာမေ ပနုဒ ဗြာဟ္မဏ၊
သင်္ခါရာနံ ခယံ ဉတွာ—
အကတညူသိ ဗြာဟ္မဏ၊၃၈၃။

ဗြာဟ္မဏ အယဉ်ကိုဖြတ်လော့၊လုံ့လပြု၍ ကာမတို့ကို ပယ်လော့၊ သင်္ခါရတို့၏ ကုန်ရာကိုသိ၍ မပြုပြင်အပ်သောနိဗ္ဗာန်ကို သိလော့၊ဗြာဟ္မဏဖြစ်လော့၊ ၃၈၃။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ပသာဒ ဗဟုလအမည်ရှိသောပုဏ္ဏားသည် ရဟန်းတို့ကိုတို့ကိုမြင်လျှင် ဗြာဟ္မဏဟုခေါ်ဝေါ်၏။ထို့ကြောင့်ဘုရားရှင်သည်ထိုဗြာဟ္မဏအား ဤတရားကို ဟောကြားခြင်းဖြစ်၏။

## ၂—သမ္ဗဟုလ ဘိက္ခု

ယဒါ ဒွယေသု ဓမ္မေသု-
ပါရဂူ ဟောတိဗြာဟ္မဏော၊
အထဿ သဗ္ဗေ သံယောဂါ-
အတ္ထံ ဂစ္ဆန္တိ ဇာနတော၊၃၈၄။

ဗြာဟ္မဏသည် သမထ-ဝိပဿနာ တရားနှစ်ပါးတို့၌ ပါရဂူဖြစ်၏။ ထိုအခါ အမှန်တရားကို သိသူအား ကာမယောဂ အလုံးစုံ အကုန်ချုပ်ကုန်၏၊၃၈၄။

မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတြာသည်များစွာသော အာဂန္တုရဟန်းတို့၏ ဥပနိဿယကိုသိ၍ ဘုရားရှင်အား"အရှင်ဘုရား နှစ်ပါးတည်းသောဒွယတရားသည် အဘယ် ပါနည်း"ဟု လျှောက်ရာ၌ ဟောကြားသောတရားဖြစ်၏။

---

## ၃—မာရ

ယဿ ပါရံ အပါရံ ဝါ၊ပါရာပါရံ န ဝိဇ္ဇတိ၊
ဝီတဒ္ဒရံ ဝိသံယုတ္တံ၊တမဟံ ဗြူမိ ဗြာဟ္မဏံ၊၃၈၅။

